# ပါရာဇိကဏ်ပါဠိတော်
# နိဿယသစ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနော မယှံ ဇယံ ဒေတု။

## ဝေရဉ္ဇကဏ္ဍ

၁။ ယေန သမယေန၊ အကြင်အခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မသေနာပတိနော၊ ဓမ္မသေနာပတိဖြစ်တော်မူသော။ ဝါ၊ တရားစစ်သူကြီး ဖြစ်တော်မူသော။ အာယသ္မတော သာရိပုတ္တဿ၊ အရှင်သာရိပုတ္တရာအား။ ဝိနယပညတ္တိ ယာစနဟေတုဘူတော၊ ဝိနည်းပညတ်တော်ကိုတောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော။ ဝါ၊ ဝိနည်း ပိဋကတ်တော်ကို ပညတ်တော်မူခြင်းငှာ လျှောက်ထားတောင်းပန်ခြင်း၏အကြောင်းဖြစ်၍ဖြစ်သော။ ပရိဝိတက္ကော၊ အကြံအစည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာလေပြီ။

တေန သမယေန၊ မြတ်စွာဘုရား၏ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာအား ဝိနည်းပညတ်တော်ကို တောင်းပန်ခြင်း၏ အကြောင်း ဖြစ်၍ဖြစ်သော အကြံအစည်ဖြစ်ပေါ်လာရာ ထိုအခါ၌။ ဘဂဝါ၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည် ဘုန်းခြောက်လီနှင့် စုံညီပြည့်ဝတော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဝေရဉ္ဇာယံ၊ ဝေရဉ္ဇာပြည်၌။ ဝါ၊ ဝေရဉ္ဇာမြို့၏အနီး၌။ နဠေရုပုစိမန္ဒမူလေ၊ နဠေရုအမည်ရှိသော ဘီလူးသည် သိမ်းဆည်းအုပ်ချုပ်အပ်သော တမာပင်၏အနီး၌။ ဝါ၊ တမာပင်၏အောက်၌။ မဟတာ၊ အရေအတွက်အားဖြင့်များသော။ ဝါ၊ ဂုဏ်အားဖြင့် မြင့်မြတ်သော။ ဘိက္ခုသံဃေန၊ ရဟန်းတို့၏အပေါင်းနှင့်။ ပဉ္စမတ္တေဟိ၊ သင်္ချာငါးလီ အတိုင်း အရှည် ရှိကုန်သော။ ဘိက္ခုသတေဟိ၊ ရဟန်းတို့၏ အရာတို့နှင့်။ တစ်နည်း။ ။ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ ငါးရာအတိုင်းအရှည်ရှိသောရဟန်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ \\ ဝိဟရတိ၊ ရပ်,သွား,ထိုင်,လျောင်း လှည့်ကာ ပြောင်း၍ ကိန်းအောင်းမွေ့လျော် စံနေတော်မူ၏။

---

အမှာ။ ။ဤပါရာဇိကဏ်ပါဠိတော်နိဿယသစ်၌ ပုဒ်ရေနံပါတ်များသည် ဆဋ္ဌမူ ပါဠိတော်၌ရှိသော ပုဒ်ရေနံပါတ်များဖြစ်ပါသည်။

တစ်နည်း။ ။ယေန၊ သမယေန၊ ၌။ ဓမ္မသေနာပတိနော၊ သော။ အာယသ္မတော သာရိပုတ္တဿ၊ အား။ ဝိနယပညတ္တိ ယာစနဟေတုဘူတော၊ သော။ ဝါ၊ သော။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ဖြို။ ဗုဒ္ဓေါ၊ သစ္စာ လေးပါး တရားတို့ကို ကိုယ်တော်တိုင်လည်း သိတော်မူတတ်, တစ်ပါးသော သတ္တဝါတို့ကိုလည်း သိစေတော်မူတတ်သော။ ဘဂဝါ၊ သည်။ တေနသမယေန၊ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာအား ဝိနည်းပညတ်တော်ကို တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော အကြံ အစည် ဖြစ်ပေါ်လာရာ ထိုအခါကာလကြောင့်။ တံသမယံ၊ ဝိနည်းပညတ်ကို တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အကြံအစည် ဖြစ်ပေါ်လာရာ ထိုအခါကာလကို။ အပေက္ခမာနော၊ ရှုငဲ့တော်မူလျက်။ ဝေရဉ္ဇာယံ၊ အခွန်အတုတ်ကို အလွန်ယူသဖြင့် လူအပေါင်းအား နှိပ်စက်ခြင်း မရှိသည်ဖြစ်၍ ကင်းသော အညစ်အကြေးရှိရာမြို့၌။ ဝါ၊ အဦး အစ ရန်ဖြစ်ရာမြို့၌။ ဝါ၊ မြို့တွင်းသို့ ဝင်လာတိုင်း ဝင်လာတိုင်းသော သူတို့ကို ကချေသဘင် ခံဖွယ်သောဇဉ် ဆင်ရန် အဝတ်တန်ဆာ အစရှိသော အထူးထူးသော အဆောက်အဦတို့ဖြင့် နှစ်သက်စေတတ်သောမြို့၌။ ဝါ၊ ဆန့်ကျင်ဘက် ရန်သူတို့ကို နှိပ်စက် ဖြိုဖျက်နိုင်သောမြို့၌။ ဝါ၊ ဝေရဉ္ဇရှင်ရသေ့၏ သင်္ခမ်းကျောင်းရာတွင် တည်ထောင် ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့် ဝေရဉ္ဇ အမည်ရှိသောမြို့၌။ နဠေရုပုစိမန္ဒမူလေ၊ နဠေရုခေါ် ဘီလူးကျော်သည် ပျော်မွေ့နှစ်ခြိုက် သိမ်းပိုက်အုပ်စိုး တမာပင်၏ အနီး၌။ ဝါ၊ နဠေရုခေါ် ဘီလူးကျော်သည် ပျော်မွေ့နှစ်ခြိုက် သိမ်းပိုက်စောင့်ရှောက် တမာပင်၏အောက်၌။ မဟတာ၊ အယုတ်ဆုံး သောတာပန်ဖြစ်သည်၏အဖြစ်ကြောင့် ဂုဏ်အားဖြင့် မြတ်သော။ ဝါ၊ ငါးရာ အရေအတွက်ရှိသည်၏အဖြစ်ကြောင့် သင်္ချာအားဖြင့် များသော။ ဘိက္ခုသံဃေန၊ နှင့်။ ပဉ္စမတ္တေဟိ၊ ကုန်သော။ ဘိက္ခုသတေဟိ၊ တို့နှင့်။ တစ်နည်း။ ။ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဌိတောပိ၊ ရပ်တော်မူလျက်လည်းကောင်း။ ဂစ္ဆန္တောပိ၊ ကြွသွားတော်မူလျက်လည်းကောင်း။ နိသိန္နောပိ၊ ထိုင်နေတော်မူလျက်လည်းကောင်း။ သယာနောပိ၊ လျောင်းစက်တော်မူလျက်လည်းကောင်း။ ဝိဟရတိ၊ တစ်ပါးသော ဣရိယာပုထ်ကြောင့် ဖြစ်သော ကျင်နာမှုကို တစ်ပါးသော ဣရိယာပုထ်ဖြင့်ဖြတ်၍ အတ္တဘောတော်ကို မလဲ မပြို မယိမ်းမယိုင်ရအောင် ဆောင်တော်မူ၏။

တစ်နည်း။ ။ဘဂဝါ၊ မာရဘင်ခေါ် ပလ္လင်တော်ဝယ် ငါးဘော်မာရ်စုတ်၊ တရားယုတ်ကို ဖျက်ဖြုတ်ချိုးဖွဲ့တော်မူတတ်သော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ တစ်နည်း။ ဗုဒ္ဓေါ၊ အတ္တကိလမထာနုယောဂ ကာမသုခလ္လိကာနုယောဂ အားဖြင့် နှစ်ပါးကုန်သော အယုတ်တရားတို့ကို ပယ်ထုတ်တော်မူတတ်သော။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝေရဉ္ဇာယံ [၁]၊ ၌။ ဝါ၊ တိုင်းနိုင်ငံသူများဗိုလ်လူကို တောင်းယူခွန်ဆက် မင်းဒဏ်ချက်ဟု နှိပ်စက်ထန်ပြင်း ညစ်ကြေးကင်း၍ မြူဒမ္မးရှင်းရာ ဝေရဉ္ဇာမည် မင်းနေပြည်၌။ ဝါ၊ ဘုရားလောင်းမြတ် ဒေဝဒတ်တို့ ရှေးကပ်ကမ္ဘာ ငါးပဉ္စကာ ဦးစွာပထမ ရန်စဖြစ်ရာ ဝေရဉ္ဇာမည် မင်းနေပြည်၌။ ဝါ၊ ဝင်လာဝင်လာ လူများစွာကို ပျူငှာစုံလင် ပွဲကြီးယင်၍ ပျော်ရွှင်ခြိမ့်ခြိမ့် ဘဝင်ငြိမ့်အောင် နှစ်သိမ့်စေရာ ဝေရဉ္ဇာမည် မင်းနေပြည်၌။ ဝါ၊ မြို့တွင်းဝင်လာ လူများစွာအား တန်ဆာကချေ အဆွေထွေကို ပေးဝေမပျက် စဉ်အဆက်က နှစ်သက်စေရာ ဝေရဉ္ဇာမည် မင်းနေပြည်၌။ ဝါ၊ ရွှေငွေ စိန်ကျောက် ထိန်ထိန်တောက်လျက် အိမ်ရောက်ခိုလာ လူများစွာကို အာသာစုံမက် မပစ်ရက်ဘဲ နှစ်သက်ဖွယ် လက်မလယ်အောင် သွယ်သွယ်များလှ ကျွေးမွေးကြသဖြင့် ရှင်ပျစေရာ ဝေရဉ္ဇာမည် မင်းနေပြည်၌။ ဝါ၊ ရန်သူ့ရဲမက် ခဲအခက်ကို ခွဲဖျက်နှိမ်နင်း အောင်ပွဲကျင်း၍ ဖြစ်ထွန်းခဲ့ရာ ဝေရဉ္ဇာမည်

---

၁။ ဤဝေရဉ္ဇာယံ- ဟူသော သံဝဏ္ဏနာတမ္ဗပုဒ်၌ ဆိုအပ်ခဲ့ပြီးသော အတ္ထယောဇနာနည်းတို့တွင် ပထမအတ္ထဝိကပ်၌ ဗလိကရဂ္ဂဟဏေန ဇနဿ ပီဠာဘာဝတော နိဒ္ဒေါသတ္တာ ဝိဂတော ရဇော အဿာတိ ဝေရဉ္ဇာ။ ။အဓိပ္ပာယ်ကား- အခွန်အတုတ်ကို အလွန်ယူသဖြင့် လူအပေါင်းအား နှိပ်စက်ခြင်းမရှိသည်ဖြစ်၍ ကင်းသော အညစ်အကြေးရှိရာမြို့ဟုဆိုလိုသည်။

ဒုတိယ အတ္ထဝိကပ်၌ သေရိဝါဏိဇဇာတကေ ဒေဝဒတ္တဿ ဝေရုပ္ပန္နပဒေသေ ကတတ္တာ။ ။ဝေရံ ဧတ္ထ ဇာတန္တိ ဝေရဉ္ဇာ။ ။အဓိပ္ပာယ်ကား- ဤကမ္ဘာမှ ရှေး ငါးကမ္ဘာထက်၌ ဘုရားအလောင်းတော်နှင့် ဒေဝဒတ် အလောင်းတို့သည် သေရိဝတိုင်း အရိဋ္ဌပူရပြည်၌ ရွှံကုန်ရောင်းသည်ကို အစွဲပြု၍ အဦးအစ ရန်ဖြစ်ခဲ့ကြသည်၊ ထိုရန်စ၍ဖြစ်ရာ အရပ်၌ တည်ထောင် ဖန်ဆင်းအပ်သည်ဖြစ်၍ ရန်ဖြစ်ခဲ့ရာ မြို့ဟုဆိုလိုသည်။

တတိယ စတုတ္ထ ပဉ္စမ အတ္ထဝိကပ်တို့၌ ပဝိဋ္ဌပဝိဋ္ဌေ နဋသမဇ္ဇာဒီဟိ ခါဒနီယဘောဇနီယာလင်္ကာရာဒီဟိပိ ဝိဝိဓေဟိ ဥပကရဏေဟိ ရဉ္စနတော....ဝိဝိဓေဟိ ရဉ္စယတီတိဝေရဉ္ဇာ....အဓိပ္ပါယ်ကား မြို့တွင်းသို့ဝင်လာတိုင်း ဝင်လာတိုင်းသော သူတို့ကို ကချေသဘင် ခဲဖွယ်ဘောဇဉ် ဆင်မြန်းရန် အဝတ်တန်ဆာ အစရှိသော အထူးထူးသောအဆောက်အဦတို့ဖြင့် နှစ်သက်စေတတ်သောမြို့ဟု ဆိုသည်။

ဆဋ္ဌအတ္ထဝိကပ်၌ ပဋိပက္ခေ အဘိဘဝိတွာ ကတဘာဝတော ဝေရံ အဘိဘဝိတွာ ဇာတာတိ ဝေရဉ္ဇာ။ ။အဓိပ္ပါယ်ကား ဆန့်ကျင်ဘက်ရန်သူတို့ကို နှိပ်စက်ဖျက်ဆီး၍ တည်ထောင်အပ်သည်၏ အဖြစ်ကြောင့် ဆန့်ကျင်ဘက် ရန်သူတို့ကို နှိပ်စက်ဖြိုဖျက်နိုင်သောမြို့-ဟု ဆိုလိုသည်။

သတ္တမ အတ္ထဝိကပ်၌ ဝေရဉ္ဇဿနာမ ဣသိနော အဿမဋ္ဌာနေ ကတတ္တာ ဝေရဉ္ဇာ၊ အဓိပ္ပါယ်ကား ဝေရဉ္ဇာရှင်ရသေ့၏ ကျောင်းသင်္ခမ်းရာ၌ တည်ထောင် ဖန်ဆင်းအပ်သည်၏အဖြစ်ကြောင့် ဝေရဉ္ဇာမြို့ဟု ဆိုလိုသည်။

မင်းနေပြည်၌။ ဝါ၊ ဝေရဉ်တုန်းဟော့ ရှင်ရသော့၏ ပျော်မွေ့ကိန်းအောင်း သိမ်းကျောင်းဝယ် ကောင်းစွာဖန်ဆင်း သာဘာလင်း၍ ပျော်ခင်းစံရာ ဝေရဉ္ဇာမည် မင်းနေပြည်၌။ ဝိဟရတိ၊ နေတော်မူသည်ရှိသော်။ ယေန သမယေန၊ ၌။ ဓမ္မသေနာပတိနော၊ သော။ ဝါ၊ သော။ အာယသ္မတော သာရိပုတ္တဿ၊ အား။ ဝိနယပညတ္တိယာစနဟေတုဘူတော၊ သော။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ပြီ။ တေနသမယေန၊ ကြောင့်။ ထေရဿ၊ ၏။ တံသိက္ခာပဒပညတ္တိယာစနဟေတုဘူတပရိဝိတက္ကသမယံ၊ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းငှာ တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အကြံအစည်ဖြစ်ပေါ်လာရာ ထိုအခါကာလကို။ အပေက္ခမာနော၊ လျက်။ ဝေရဉ္ဇာယံ၊ ၌။ ဝါ၊ ၌။ နဠေရုပုစိမန္ဒမူလေ[2]၊ ကျူတော၌ပေါက် တမာပင်အောက်၌။ ဝါ၊ အခေါင်း၌ပေါက် တမာပင်အောက်၌။ ဝါ၊ ကြီးကျယ်သောအခေါင်းရှိသည်၏အဖြစ်ကြောင့် နဠေရုအမည်ရှိသော တမာပင်၏အောက်၌။ ဝါ၊ အခေါင်းကြီးစွာ ရှိခဲ့ပါ၍ သညာတစ်ခု နဠေရုဟု ခေါ်မှုမည်တွင် တမာပင်အောက်၌။ မဟတာ၊ သော။ ဝါ၊ သော။ ဘိက္ခုသံဃေန၊ နှင့်။ ပဉ္စမတ္တေဟိ၊ ကုန်သော။ ဘိက္ခုသတေဟိ၊ တို့နှင့်။ တစ်နည်း။ ။ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဟရတိ၊ လျှောင်းထိုင်ရပ်သွား လေးပါးဣရိယာ မျှတစွာဖြင့် သာယာရွှင်ပျော် စံနေတော်မူ၏။

ဝေရဉ္ဇော၊ ဝေရဉ္ဇအမည်ရှိသော။ ဝါ၊ ဝေရဉ္ဇာပြည်၌ ဖြစ်ထွန်းသော။ ဝါ၊ ဝေရဉ္ဇာပြည်၌ မွေးဖွားသော။ ဝါ၊ ဝေရဉ္ဇာပြည်လျှင် နေရာရှိသော။ ဝါ၊ ဝေရဉ္ဇာပြည်၌ နေတတ်သော။ ဝါ၊ ဝေရဉ္ဇာပြည်သား ဖြစ်သော။ ဗြာဟ္မဏော၊ ဇာတိဗြာဟ္မဏသည်။ ဝါ၊ ဇာတ်ပုဏ္ဏားသည်။ ဝါ၊ ဥဒယပုဏ္ဏားသည်။ သမဏော ခလု ဘော ဂေါတမော (ပ) ဒဿနံ ဟောတီတိ၊ ဟူ၍။

---

၂။ နဠေရုပုစိမန္ဒမူလေ=ဟူသော သံဝဏ္ဏေတဗ္ဗ၌ အဋ္ဌယောဇနာနည်းတို့တွင် ပဌမအဋ္ဌဝိကပ်၌ နဠေရုနာ ယက္ခေန အဓိဝတ္ထော ပုစိမန္ဒော နဠေရုပုစိမန္ဒော။ နဠေရုဿ ဝါ ပုစိမန္ဒော နဠေရုပုစိမန္ဒော-ဟုမဖွင့်လေဘဲ တတိယာတပ္ပုရိသ်နှင့် ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်ပြုရမည်။

ဒုတိယအဋ္ဌဝိကပ်၌ နဠဝနေ ရုဟတ္တာ ဇာတတ္တာ ဝါ နဠေရုနဠဝနေ ကိရ သော ပုစိမန္ဒရုက္ခော ဇာတော။

တတိယ အဋ္ဌဝိကပ်၌ အထဝါ နဠေရုဟတ္တာ ဇာတတ္တာ နဠေရု သုသိရ မေတ္တ နဠသဒ္ဒေန ဝုစ္စတိ တသ္မာ ရုက္ခသုသိရေ ဇာတတ္တာ နဠေရု စ သော ပုစိမန္ဒော စာတိ-နဠေရုပုစိမန္ဒောတိ ဝုစ္စတိ။

စတုတ္ထအဋ္ဌဝိကပ်၌ ဥရုသဒ္ဒေါ ဧတ္ထ မဟန္တပရိယာယော နဠသဒ္ဒေါ သုသိရ ပရိယာယော တသ္မာ မဟန္တေန သုသိရေန သမန္နာဂတော ပုစိမန္ဒော နဠေရု ပုစိမန္ဒောတိ ဝုစ္စတိ။ (သာရတ္ထ)

အဿောသိခေါ၊ ကြားရလေသည် သာလျှင် တည်း။ ဝါ၊ သောတဒွါရ ကရိုဏ်းပြလျက် ကြားသိရလေသည်သာလျှင်တည်း။

တစ်နည်း။ ။ဝေရဉ္ဇော၊ သော။ ဗြာဟ္မဏော၊ သည်။ အဿောသိခေါ၊ တည်း။ ကိံ၊ သို့။ အဿောသိ၊ နည်း။ သမဏော ခလု (ပ) ဣတိ၊ ဟူ၍။ အဿောသိခေါ၊ တည်း။

တစ်နည်း။ ။ဝေရဉ္ဇော၊ သော။ ဗြာဟ္မဏော၊ သည်။ အဿောသိခေါ၊ တည်း။ ကိံ၊ သို့။ အဿောသိ၊ နည်း။ ဘော၊ အိုအချင်းတို့။ ဝါ၊ အိုလူရော နတ်ပါ သတ္တဝါအပေါင်းတို့။ ဂေါတမော၊ ဂေါတမ အနွယ်ရှိတော်မူသော။ ဝါ၊ ဂေါတမအနွယ်၌ ဖြစ်တော်မူသော။ သကျပုတ္တော၊ သာကီဝင်မင်းတို့၏ သားဖြစ်တော်မူသော။ ဝါ၊ တိုင်းမှ ထွက်စေ တောမှာ နေလည်း မျိုးဆွေချင်းဆက် ဇာတ်မပျက်ရ စွမ်းနိုင်ကြဟု မြွက်ဟ ချီးမွမ်း ဥဒါန်းစဉ်လာ သညာမည်သင်း သာကီဝင်မင်း၏ နိုးရင်းဥက္ကာ၌ သားတော်မြတ် ဖြစ်တော်မူသော။ သကျကုလာ၊ သာကီဝင်မင်းမျိုးမှ။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိတော၊ ရှင်လန်းကြည်ဖြူ ရဟန်းပြုတော်မူသော။ ဝါ၊ တစ်စုံတစ်ခုသော ပျက်စီးဆုံးရှုံးမှုသည် မနှိပ်စက်အပ်ပါဘဲလျက် မကုန်မခန်းနိုင်သော သာကီဝင်မင်းမျိုးအပေါင်းကို စွန့်ပစ်ခွာ၍ သဒ္ဓါတရား သက်သက်ဖြင့် ရဟန်းပြုတော်မူသော။ သမဏော၊ သည်။ ဝေရဉ္ဇာယံ၊ ၌။ နဠေရုပုစိမန္ဒမူလေ၊ ၌။ မဟတာ၊ သော။ ဘိက္ခုသံဃေန၊ နှင့်။ ပဉ္စမတ္တေဟိ၊ ကုန်သော။ ဘိက္ခုသတေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဟရတိ ခလု၊ နေတော်မူသတဲ့။

(ပထမဝါဒ)[၁] တံ ခေါ ပန ဘဝန္တံ ဂေါတမံ တဿ ခေါ ပန ဘဝတော ဂေါတမဿ၊ ထိုအရှင်ဂေါတမ၏။ ဧဝံ၊ ဤသို့ ကတ္တိပိ သော-အစရှိသော အားဖြင့်။ ကလျာဏော၊ ကောင်းသော။ ဝါ၊ ကောင်းသော ဂုဏ်နှင့်ပြည့်စုံ

---

၁။ ပထမဝါဒ ကမ္မပ္ပဝစနီယ အဓိပ္ပာယ်ကား—

ကမ္မံ ပဝစနီယံ ယေသန္တိ ကမ္မပ္ပဝစနီယာ။ (ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ ဉာသ)

ယေသံ ဥပသဂ္ဂနိပါတာနံ၊ အကြင် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည်။ ကမ္မံ၊ ကြိယာကို။ ပဝစနီယံ။ ဟောအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေဥပသဂ္ဂနိပါတာ၊ တို့သည်။ ကမ္မပ္ပဝစနီယာ၊ မည်ကုန်၏။

တစ်နည်း။ ။ယေသံ ဥပသဂ္ဂနိပါတာနံ၊ တို့အား။ ပဝစနီယံ၊ အပြားအားဖြင့် ဟောအပ်သော။ ကမ္မံ၊ ကြိယာသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ တေ ဥပသဂ္ဂနိပါတာ၊ တို့သည်။ ကမ္မပ္ပဝစနီယာ၊ မည်ကုန်၏။

တစ်နည်း။ ။ကမ္မံ ပဝစနီယံ ယေဟီတိ ကမ္မပ္ပဝစနီယာ။ ယေဟိ ဥပသဂ္ဂနိပါတေဟိ၊ တို့သည်။ ကမ္မံ၊ သကမ္မကကြိယာကို။ ဝါ၊ ကံကို။ ပဝစနီယံ၊ အပြားအားဖြင့် ဟောအပ်၏။ ဣတိတသ္မာ၊ ကြောင့်။ တေ ဥပသဂ္ဂနိပါတာ၊ တို့သည်။ ကမ္မပ္ပဝစနီယာ၊ မည်ကုန်၏။

သော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသံသည်။ ဝါ၊ နတ်လူတို့၏ ချီးမွမ်းသံသည်။ အဘိ၊ နတ်နှင့်တကွသော လူကို ဖွဲ့၍။ ဝါ၊ နှံ့၍။ ဝါ၊ အလုံးစုံသော လောကကိုနှံ့၍။ ဥဂ္ဂတော၊ တက်၏။ (ရူပသိဒ္ဓိနိဿယ)

တစ်နည်း။ ။တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ ၏။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ ကို။ အဘိတဝိတွာ၊ လွှမ်းမိုး၍။ ဥဂ္ဂတော၊ တက်၏။ (ဋီကာ)

တစ်နည်း။ ။တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊၏။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ အဗ္ဘုဂ္ဂတော၊ မဆန့်ဘဝင် ပျံ့နှံ့၍ တက်၏။ (နိဿယသစ်)

---

ဤဝိဂြိုဟ်နှစ်မျိုး၌ တတိယာကဏ္ဍားနှင့် ဆဋ္ဌီကဏ္ဍားမျှသာဖြစ်၍ အထူးမရှိပေ၊ ဤဝိဂြိုဟ်အရ ကြိယာကိုဟောသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် ကမ္မပ္ပဝစနီယ မည်ကုန်၏ဟု ဆိုလိုသည်၊ ဥပသာရပုဒ်,နိပါတ်ပုဒ်တို့သည် ကြိယာသံဇါလျှင်ပါ, ကြိယာသံမပါခဲ့သော် အမြဲတမ်း တစ်ပါးတခြားသော ကြိယာတို့ကို ကင်မျှောင်၍ နေရလေသည်၊ အဘိ၊ လွှမ်းမိုး၍။ အနု၊ အမှတ်ပြု၍၊ ဤကဲ့သို့ အနက်ပေးခြင်း သည် (ကြိယာယံ) ပါသည်ဟု ဆိုလိုသည်။

အဗ္ဘုဂ္ဂတော၊ တက်လေပြီ၊ အနုပဗ္ဗဇိ ၊ သု၊ ရဟန်းပြုကြလေကုန်ပြီ။ ကြိယာသံ မပါ၍။ ဂမနကြိယာ စသော ကြိယာတို့သို့ ကပ်ချောင်၍ နေရ၏။

ပင်ကိုက ကြိယာကို ဟောနေသည့် အရိုးခံ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် ကမ္မပ္ပဝစနီယမည်ကုန်၏။ (ဆရာတော် ဦးဗုဓ်)

ကမ္မပ္ပဝစနီယမည်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ယှဉ်ရာ ပုဒ်နှောင်မှာ ဒုတိယာဝိဘတ်သက်ရမည်၊ ဒုတိယာဝိဘတ်သက်ပြီးသော် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်ကိုရှာရမည်၊ ဥပသာရပုဒ်,နိပါတ်ပုဒ်တို့၏ အနက်ကိုရှာ၍တွေ့ပြီး ခဲ့သော် ရှေ့ပုဒ်, နောက်ပုဒ်တို့၏ အစပ်ကို ကြည့်ရှုပြီးလျှင် ၎င်းသက်ပြီးသော ဒုတိယာ, ဆဋ္ဌီ, သတ္တမီ စသော အနက်တို့တွင် သင့်လျော်ရာ တစ်နက်နက်ကို ဝါကျကိုရှု၍ပေးရမည်။

တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။ တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ ၏။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိ သဒ္ဒေါ၊ သည်။ သဒေဝကံ၊ သော။ လောကံ၊ ကို။ အဘိ အဇ္ဈောတ္ထရိတွာ၊ လွှမ်းမိုး၍။ ဥဂ္ဂတော၊ တက်၏။ ဂေါတမံ ၌ အဘိနှင့် ယှဉ်ခြင်းကြောင့် ဒုတိယာ ဝိဘတ်သက်ရလေသည်။ အဘိ-သည် သူ၏အဇ္ဈောတ္ထရနအနက်ကိုပင်ဟောသည်။

တက်၏ ဆိုရာ၊ အဘယ်သည် တက်သနည်းဟု မေးရန်ရှိ၍ အသံသည် တက်၏ ဟုလိုသော်၊ အဘယ်သူ၏အသံသည် တက်သနည်းဟု မေးရန်ရှိ၍ ''သမ္မန်တောင်း သော်'' ဘုရား၏အသံတော်သည် တက်၏ဟု သမ္မန်ပေးရလေသည်၊ ဤကဲ့သို့ ဂမု ဓာတ်မှနေ၍ စစ်ခဲ့သော် ဘုရားဒြပ်နှင့် အသံတော်သည် သာမိ,သံ ၏ အဖြစ်ဖြင့် စပ်သွယ်နေခြင်းကြောင့် ဂေါတမံ-၌ ၏ဟုသမ္မန်အနက်ပေးရလေသည်။

တစ်နည်း။ ။တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ ၏။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ အဗ္ဘုဂ္ဂတော၊ နှံ့ရှိတက်၏။ (သဒ္ဒါကြီးနိဿယ)

တစ်နည်း။ ။တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ ၏။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ အဗ္ဘုဂ္ဂတော၊ နတ်နှင့်တကွ လောကဥဿုံ အလုံးစုံကို လွှမ်းခြုံ၍တက်လေပြီ။ (ဘာသာဋီကာ)

(ဒုတိယဝါဒ) ² တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ ၏။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ အဗ္ဘုဂ္ဂတော၊ တက်၏။ (မောဂ္ဂလာန်)

တစ်နည်း။ ။တံ ခေါ ပန ဘဝန္တံ ဂေါတမံ အဘိ၊ ၏။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ ဥဂ္ဂတော၊ တက်၏။

တစ်နည်း။ ။တံ ခေါ ပန ဘဝန္တံ ဂေါတမံ ၊ ၏။ ဝိသယေ၊ အရာ၌။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ ဥဂ္ဂတော၊ တက်၏။ (ဂဏ္ဌိသစ်)

---

ဆိုလိုရင်းကား အဘိနှင့်ယှဉ်ခြင်းကြောင့် ဂေါတမံ-၌ ဒုတိယာ ဝိဘတ်သက်သည်၊ ၎င်းဒုတိယာဝိဘတ်သည် အဘိ-ဟူသော ဥပသာရပုဒ်၏ အနက်နှင့်လည်း မပတ်သက်၊ (အဘိ- ဥပသာရပုဒ် သက်သက်နှင့်တော့ ပတ်သက်၏ ဟူလို၊) ၏-ဟူသော သမ္ဗန်အနက်နှင့်လည်း မပတ်သက်၊ ထို့အတူ အဘိ၏ အဓ္ဓောဇ္ဈရုန အနက်သည်လည်း ဒုတိယာဝိဘတ်နှင့်လည်း မသက်ဆိုင်၊ သမ္ဗန်အနက်နှင့်လည်း မသက်ဆိုင်၊ ထို့အတူ ဂေါတမံ-၌ ၏-ဟုဆိုအပ်သော သမ္ဗန် အနက်ကလည်း ဒုတိယာဝိဘတ်နှင့်လည်း မပတ်သက်၊ အဘိ-၏ အနက်နှင့်လည်း မသက်ဆိုင်။ သာမိ သံ-ဖြစ်နေခြင်းကြောင့်သာ ၏-ဟု သမ္ဗန်အနက်ပေးရသည်ဟု ဆိုလိုသည်၊

အကျဉ်းချုပ်ကား- ဒုတိယာဝိဘတ် သက်ခြင်းသည်လည်း တစ်ပါး တခြား၊ ဥပသာရပုဒ်,နိပါတ်ပုဒ်တို့၏ အနက်သည်လည်း တစ်ပါးတခြား၊ ဒုတိယာဝိဘတ်၏ ကံ,ဆင်္ဂီ,သဏ္ဍမိ စသောအနက်တို့ကို ဟောခြင်းသည်လည်း တစ်ပါးတခြားဗီဟု ဆိုလိုသည်။

ရှေးဦးစွာ ဒုတိယာဝိဘတ်သက်ရမည်၊ ထို့နောက် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်ကို ရှာရမည်၊ ထို့နောက် ဒုတိယာဝိဘတ်ကို ရှေ့နောက်ယောက်ဆ၍ အနက်သမ္ဗန်ရမည်ဟု အဓိပ္ပာယ်ရလေသည်။

ဤနည်းသည် ဟိုငဲ့ရ, သည်ငဲ့ရ, ဟိုတစ်မျိုးစစ်ရ, သည်တစ်မျိုးစစ်ရနှင့် ရှုပ်ထွေးလွန်းလှ၏၊ အဋ္ဌကထာအဖွင့်တို့နှင့်လည်း ညီညွတ်သည့်အရာ၌သာ နည်းနှင့် မညီညွတ်သည့် အရာတွေ ကများလှ၏။ ဤကား- ရူပသိဒ္ဓိ, သဒ္ဒနီတိ,ချာသ, ပုဒ်စစ်ဆရာတော်တို့၏ပါဠိမဟာပါဒပေတည်း။

၁။ ဒုတိယဝါဒ။ ။မူလဋီကာတွင် နိယျာနိကာ ဓမ္မာဟူသောပုဒ်၌ အနိယပဋ္ဌည်းသည် ကတ္တားအနက်ကို ဟောသကဲ့သို့ ဤကမ္မပ္ပဝစနီယာ ဟူသောပုဒ်၌ ကမ္မသဒ္ဒါပဒ ပ-ပုဗ္ဗ, ဝစ-ဓာတ် တဝန္တုပစ္စည်းဖြင့် ဖွင့်ပြခြင်းကြောင့် အနီယပစ္စည်းသည် အတိတ်-ကတ္တားအနက်ကို ဟော၏။

တစ်နည်း။ ။ခေါ်ပနှ၊ စင်စစ်။ တံဘဝန္တံ ဂေါတမံ၊ ၏။ အဘိဝိသယေ၊ အရာ၌။ ဧဝံ၊ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ ဥဂ္ဂတော၊ ၏။ (မအူနိဿယ)

တံဘဝန္တံ ဂေါတမံ၊ ထိုအရှင်ဂေါတမ၏။ ဝိသယေ၊ အရာ၌။ ကလျာဏော၊ ဂုဏ်အားဖြင့်ကောင်းသော။ ဝါ၊ ကောင်းသောဂုဏ်နှင့်ပြည့်စုံသော။ ဝါ၊ ကောင်းသောဂုဏ်ရှိသော။ ကိတ္တိသဒ္ဒေါ၊ ချီးမွမ်းအံ့ဩကျော်စောသံသည်။ ဝါ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့အား ပြောကြားသိစေအပ်သောအသံသည်။ ဧဝံ၊ ဤသို့ဤပုံ။ အဗ္ဘုဂ္ဂတော ခလု၊ ဘဝဂ်မဆန့် ပျံ့နှံ့လွှမ်းမိုး၍တက်သတဲ့။ ကိံ၊ သို့။ အဗ္ဘုဂ္ဂတော၊ နည်း။

## အရဟံဂုဏ်တော်

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ကပ္ပသတသဟဿာဓိကာနိ၊ ကမ္ဘာတစ်သိန်းအလွန်ရှိကုန်သော။ စတ္တာရိ အသင်္ချေယျာနိ၊ လေးသင်္ချေတို့ ကာလပတ်လုံး။ ပါရမိယော၊ ဘုရားဖြစ်ကြောင်း ကောင်းမြတ်သောပါရမီတော်တို့ကို။ ပူရေတွာ၊ ပြည့်ကျင့်တော်မူပြီး၍။ ဗောဓိမဏ္ဍေ၊ ဗောဓိမဏ္ဍိုင်၌။ ဗောဓိရုက္ခမူလေ၊ ဗောဓိပင်၏အနီး၌။ ဝါ၊ အောက်၌။ မာရဘဂ်သခါတေ၊ မာရဘင်ဟုခေါ်ဆိုပညတ်သမုတ်အပ်သော။ အပ္ပရာဇိတပလ္လင်္ကေ၊ အပ္ပရာဇိတ

---

ကမ္မံ ကြိယံ ပဝုတ္တဝန္တော၊ ကမ္မပ္ပဝေစနီယာ။ ။ယေ နိပါတာ ပသဂ္ဂါ၊ အကြင် နိပါတ်ပုဒ်, ဥပသာရပုဒ် တို့သည်။ ကမ္မံ၊ ကြိယာကို။ ပဝုတ္တဝန္တော၊ ဟောခဲ့ဖူးကုန်ပြီ။ ဌတိတသ္မာ၊ ကြောင့်။ တေ နိပါတာ ပသဂ္ဂါ၊ တို့သည်။ ကမ္မပ္ပဝစနီယာ၊ မည်ကုန်၏။ (မောဂ္ဂလာန်, သက္ကတ, ရူပသိဒ္ဓိ ဘာသာဋီကာ)

ကြိယာကို ရှေးကဟောခဲ့ဖူး၍ ယခုအခိုက်အတန့်၌ ကြိယာကိုမဟောခဲ့သော် ၎င်း ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် ကမ္မပ္ပဝစနီယမည်သတဲ့။

(ကြိယာကို ဟောနေလျှင် ဥပသာရပုဒ်,နိပါတ်ပုဒ်ရိုးရိုးတဲ့၊ ယခု အခိုက်အတန့် ကြိယာကို မဟောမှ ကမ္မပ္ပဝစနီယ-တဲ့။)

အဗ္ဘုဂ္ဂတော၌ အဘိ သည် ပျံ့နှံ့ဟု- ကြိယာအနက်ကို ဟောနေခဲ့သော် ကမ္မပ္ပဝစနီယမမည်နိုင်၊ ကမ္မပ္ပဝစနီယ မမည်ခဲ့သော် ဘယ်နည်းနှင့်မျှ ဒုတိယာဝိဘတ်မသက်နိုင်ဟု ဆိုလိုသည်။

တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ ၏။ ဧဝံ။ သို့။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊ သည်။ သဒ္ဒေဝကာ၊ သော။ လောကာ၊ ကို။ အဗ္ဘုဂ္ဂတော၊ တက်၏။ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် အဘိဘဝိတွာ, အဇ္ဈောတ္ထရိတွာ- စသည်ဖြင့် ကြိယာ၌ ကပ်ကပ်ပြီး ပါလာသရွေ့, ကြိယာကို ထွန်းပြနေသရွေ့ ကမ္မပ္ပဝနီယ မမည်နိုင်၊ အနက်မရှိမှ ပဒပူရဏမျှဖြစ်မှ ကမ္မပ္ပဝစနီယမည်သည်၊ ၎င်း ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် ဒုတိယာဝိဘတ် သက်ရှုံ့မျှလောက်သာ အကျိုးရှိ၏ဟု ဆိုလိုသည်။

ပလ္လင်တော်၌။ ပဉ္စ၊ ကိလေသမာရ်, အဘိသင်္ခါရမာရ်, ခန္ဓမာရ်, မစ္စုမာရ်၊ ဒေဝပုတ္တမာရ်အားဖြင့် ငါးပါးကုန်သော။ မာရေ၊ မာရ်တို့ကို။ ဘဉ္ဇိတွာ, ချိုးဖဲ့ဖျက်ဆီးတော်မူပြီး၍။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့။ ပတွာ၊ ရောက်တော်မူပြီး၍။ မဂ္ဂေန၊ လေးပါးသောမဂ်ဖြင့်။ ဝါ၊ အရဟတ္တမဂ်ဖြင့်။ သဝါသနေ၊ ဝါသနာနှင့်တကွ ဖြစ်ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ဝိဒ္ဓံသေတွာ၊ ချိုးဖဲ့ဖျက်ဆီးတော်မူပြီး၍။ ဝါ၊ မူခြင်းကြောင့်။ သဗ္ဗကိလေသေဟိ၊ အလုံးစုံသော ကိလေသာတို့မှ။ ယသ္မာ၊ ကြောင့်။ အာရကာ၊ ဝေးတော်မူ၏။ ဝါ၊ လွန်စွာဝေးသည်ထက် ဝေးသောစခန်း၌ တည်တော်မူ၏။ ဣတိတသ္မာ အာရကတ္တာပိ၊ ထိုသို့အလုံးစုံသော ကိလေသာတို့မှ ဝေးတော်မူသည်၏အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ ဝါ၊ ထိုသို့အလုံးစုံသောကိလေသာတို့မှ လွန်စွာဝေးသည်ထက် ဝေးသောစခန်း၌ တည်တော်မူသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အရဟံ၊ အရဟံမည်တော်မူ၏။

တစ်နည်း။ ။ယောဘဂဝါ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ ပါရမိယော ပူရေတွာ ဗောဓိမဏ္ဍေ ဗောဓိရုက္ခမူလေ မာရဘင်္ဂသင်္ခါတေ အပ္ပရာဇိတပလ္လင်္ကေ ပဉ္စမာရေ ဘဉ္ဇိတွာ သမ္မာသမ္ဗောဓိံ ပတ္တော- ဟူ၍။ ကိလေသာရယော၊ တစ်ထောင့်ငါးရာ ကိလေသာစက် ရဲရန်မက်တို့ကို။ မဂ္ဂေန၊ အရဟတ္တမဂ် ဓားသန်လျက်ဖြင့်။ ယသ္မာ၊ အကြင်ကြောင့်။ ဟနိ၊ ချိုးဖျက်ခုတ်ထွင် ငုတ်မထင်အောင် သုတ်သင်ရှင်းလင်းတော်မူခဲ့ပြီ။ အရီနံ၊ တစ်ထောင့်ငါးရာ ကိလေသာစက် ရဲရန်မက်တို့၏။ ဝါ၊ တို့ကို။ ဣတိတသ္မာ ဟတတ္တာပိ၊ ထိုသို့အရဟတ္တမဂ် ဓားသံလျက်ဖြင့် ချိုး ဖျက် ခုတ် ထွင် ငုတ်မထင်အောင် သုတ်သင်ရှင်းလင်းတော်မူအပ်ကုန်ပြီးသည်၏ အဖြစ်တည်းဟူသော အကြောင်း

---

အနုဘဝတိ-ခံစား၏ စသည်ဖြင့် အနု-အဘိ စသည်တို့သည် ဥပသာရ အနိုက်အတန့်၊ ဥပသာရအမည်ရစဉ်က ဓာတ်နှင့်တွဲ၍ ကြိယာကို ဟောခဲ့ဖူးကုန်၏။ ယခုသော် ဓာတ်နှင့်မတွဲရသဖြင့် ဥပသာရအမည်ကိုမရ၊ ကမ္မပ္ပဝစနီယ ဟူသော အမည်သစ်ကိုသာရသောကြောင့် ကြိယာအနက်ကိုလည်း မဟောရတော့ချေ။

အတီတေတိ ဧတေန ဥပသဂ္ဂတာ ဒဿယံ အတ္ထာဒယော ကြိယာဇောတကာ တသ္မာ သမ္ပတိ ကမ္မပ္ပဝစနီယတာ ဒဿယံ န ကြိယံ ပတိပါဒယန္တီတိ ပတိပါဒိတံ။

(ကဝိရာဇဋီကာ)

သက္ကတကျမ်းတို့၌ ကမ္မပ္ပဝစနီယ ပြယုဂ်များကို အနုပဗ္ဗဇိံသု အဇ္ဈုပ္ပဂတော စသည်ဖြင့် သဒ္ဒါကျမ်းတို့ ပြယုဂ်ကဲ့သို့ ကြိယာနှင့်တွဲဖက်၍ မထုတ်ဘဲ (ရုက္ခမဘိ ဝိဇ္ဇောတတေ ဝိဇ္ဇု) စသည်ဖြင့် အဘိစသော ကမ္မပ္ပဝစနီယနှင့် ကြိယာကိုခွဲခြား၍ ထုတ်ကြ၏၊ ကြိယာနှင့် မတွဲရသော် ဓာတ်နက်ကို မထွန်းပြနိုင်သောကြောင့် (ဓာတွတ္ထံ ဥပေစ္စ သဇ္ဇန္တိ) ဟူသော ဝိဂြိုဟ်အရ ဥပသာရအမည်ကို မရနိုင်ကြ

ကြောင့်လည်း။ ဝါ၊ ထိုသို့အရဟတ္တမဂ် (ဖ) မူတတ်သည်၏အဖြစ်တည်းဟူသောအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အရဟံ၊ မူ၏။

တစ်နည်း။ ။ယောဘဂဝါ၊ (ပ)မူ၍။ ဗောဓိမဏ္ဍေ၊ ၌။ ဝီရိယပါဒေဟိ၊ ဝီရိယတည်းဟူသော · ခြေတော်တို့ဖြင့်။ သီလပထဝိယံ၊ သီလတည်းဟူသော မြေအပြင်၌။ ပတိဋ္ဌာယ၊ တည်မတ်စွာရပ်တည်တော်မူ၍။ သဒ္ဓါဟတ္ထေန၊ သဒ္ဓါတရားတည်းဟူသော လက် ဖြင့်။ ကမ္မက္ခယကရံ၊ လောကီကုသိုလ်အကုသိုလ်ကံတို့၏ကုန်ခြင်းကိုပြုတတ်သော။ ဉာဏဖရသုံ၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသောပုဆိန်ကို။ ဂဟေတွာ၊ မြဲမြံစွာဆွဲကိုင်တော်မူ၍။ သံသာရစက္ကဿ၊ အစမထင်သောကာလပတ်လုံး မပြတ်မစဲဖြစ်၍နေသော သံသရာစက်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အရေ၊ အကန့်တို့ကို။ ယသ္မာ၊ ကြောင့်။ ဟနိ၊ ချိုးဖဲ့ဖျက်ဆီးတော်မူခဲ့လေပြီ။ အရိနံ၊ သံသရာစက်၏အကန့်တို့၏။ ဝါ၊ တို့ကို။ ဣတိတသ္မာ ဟတတ္တာပိ၊ ထိုသို့အရဟတ္တမဂ်ဉာဏ်တည်းဟူသော ပုဆိန်ဖြင့် ချိုးဖဲ့သုတ်သင်အပ်ကုန်ပြီးသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့် လည်း။ ဝါ၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော အကြောင်းကြောင့်လည်း။ ဝါ၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော ပုဆိန်ကိုမြဲမြံစွာကိုင်၍ ချိုးဖဲ့ဖျက်ဆီးတော်မူပြီးသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အရဟံ၊ မူ၏။

တစ်နည်း။ ။ယောဘဂဝါ ။ပ။ ပတွာ၊ မူ၍။ အဂ္ဂဒက္ခိဏေယျတ္တာ၊ အလှူခံထိုက်သော ပုဂ္ဂိုလ်တို့တွင် အထွတ် အမြတ် ပုဂ္ဂိုလ် မည်သည့်အတွက်။ စီဝရာဒိပစ္စယေ၊ သင်္ကန်းအစရှိသော ပစ္စည်းလေးပါးတို့ကိုလည်းကောင်း။ ပူဇာဝိသေသဉ္စ၊ ပူဇော်အထူးကိုလည်းကောင်း။ ယသ္မာ၊ ကြောင့်။ ပဋိဂ္ဂဟိတုံ၊ ခံယူတော်မူခြင်းငှာ။ အရဟတိ၊ ထိုက်တော်မူ၏။ ဣတိတသ္မာ စီဝရာဒိပစ္စယ ပူဇာဝိသေသာရဟတ္တာပိ၊ ထိုသို့အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်ဖြစ်တော်

---

တော့ဘဲ ကမ္မံ ကြိယံ ပဝုတ္တံ ငန္တော- ဟူသော ဝိဂ္ဂြိုဟ်အရ ' ကမ္မပ္ပဝစနီယ ဟူသော အမည်သစ်ကိုသာ ရတော့၏။

ဤစား—မောဂ္ဂလာန်-သက္ကတ-ဘာသာဋီကာ ဆရာတို့၏ ဒုတိယ ဝါဒတည်း၊ ၎င်းဝါဒသည် တထစ်ချနည်းဖြစ်၏၊ သက္ကတနှင့်ညီ၏၊ အဋ္ဌကထာ အဖွင့်တို့နှင့် လည်း ညီ၏၊ အရှုပ်အထွေးမရှိ၊ ရှင်းလင်းလွယ်ကူလှ၏။

ဗာလာဝတာရ ဆရာတော်သည် (သဒ္ဒဝကံ လောကံ အစ္စောဂ္ဂတ္တရိတ္ဓာ ဂတော-ကို ထောက်၍ အဘိ၏ကံသည် သဒ္ဒဝကံ လောကံဖြစ်၏၊ ဤသို့ အဘိ၌ ကံရှိပြီးသား ဖြစ်ခြင်းကြောင့် ဘာမျှမဆိုင်သော ဝေါတမံ-၌ ဘယ်နည်းနှင့်မျှ ဒုတိယာဝိဘတ် မသက်နိုင်ဟု ဆုံးဖြတ်၍ ၎င်း တံ ဘဝန္တံ ဝေါတမံ—စသော ဥဒါဟရဏ်ကို ဤ ကမ္မပ္ပဝစနီယ ယုတ္တေ-သုတ်၌ မထုတ်ဘဲ ကွစိ ဒုတိယာ ဆဋ္ဌီနံ မှတ္တေသုတ်၌ ထုတ်ပြလေသည်။ (ဗာလာဝတာရဆရာ့စကားဝါဒ)

မှုသည့်အတွက် သက်န်းအစရှိသော ပစ္စည်းလေးပါးပူဇော်အထူးကို ခံတော်မူထိုက်သည်၏အဖြစ်တည်းဟူသောအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အရဟံ၊ မည်၏။

တစ်နည်း။ ။ယောဘဂဝါ ။ပ။ ပတ္တော၊ မည်၍။ လောကေ၊ ၌။ ကေစိ၊ အချို့ကုန်သော။ ပဏ္ဍိတမာနိနော၊ ငါသာလျှင်ပညာရှိ၏ဟု အောက်မေ့မှတ်ထင်လေ့ရှိကြကုန်သော။ ဗာလာ၊ လူမိုက်တို့သည်။ အသိလောကဘယေန၊ အကျော်အစောမဲ့အံ့သည်မှ ကြောက်သည့်အတွက်။ ရဟော၊ ဆိတ်ကွယ်ရာအရပ်၌။ ပါပံ၊ မကောင်းမှုကို။ ကရောန္တိယထာ၊ ပြုကြကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ယသ္မာ၊ ကြောင့်။ ကဒါစိ၊ တရံတဆစ်၌။ အသိလောကဘယေန၊ အကျော်(ပ)အတွက်။ ရဟော၊ ၌။ ပါပံ၊ ကို။ န ကရောတိ၊ ပြုတော်မမူတတ်။ ပါပကရဏေ၊ မကောင်းမှုကိုပြုရာ၌။ ဣတိတသ္မာ ရဟာဘာဝတောပိ၊ ထိုသို့ဆိတ်ကွယ်ရာအရပ်၌ပြုတော်မမူသည်၏အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အရဟံ၊ မည်၏။

သော ဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သ ဝါသနာ ကိလေသာမှ လေးဖြာမိုက်မဂ် စိန်သန်လျက်ဖြင့် ချိုးဖျက်မကူ ဝေးတော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ တစ်ထောင့်ငါးရာ ကိလေသာ စက် ရဲရန်မက်ကို လေးချက်မဂ်ရှိန် ဝရဇိန်ဖြင့် ပယ်နှိမ်ခုတ်ထွင် ငုတ်မထင် အောင် သုတ်သင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ခန္ဓာ အာယတန ဓာတ် စက်ရဟတ်၏ မပြတ်ဖြစ်ပျက် လည်ကာသက်သည့် ဆယ်ချက် အကန့် အလည်တန့်ကို ပယ်ဟန့်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ လောဘ, ဒေါသ, မောဟကာဓါ မိစ္ဆာဒိဋ္ဌိ အဟိရိက နောတ္တပ္ပနှင့် ထိန မာန ဥဒ္ဓစ္စဟူ ဒသကိလေ ရန်ညစ်တော့ကို လေးခထွမဂ်ခပါင်း လက်နက် ကောင်းဖြင့် ခထောင်းထောင်းဖျက်ဖြုန်း သတ်ဖြတ်မှုန်း၍ ပတ်ကုန်းရန်သူ မပြုဝံ့ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ဗောဓိမဏ္ဍိုင် ကျွန်းဗဟိုဝယ် ဗိုလ်ဝီရိယ ခြေပါဒဖြင့် သီလမြေထက် ကြံ့ကြံ့ဘက်၍ ယက်မြက်သဒ္ဓါ လက် မဟာဖြင့် ကမ္မက္ခယိန် ဉာဏ်ပုဆိန်ကို ရွယ်ချိန်မိုးကာ သံသရာ၏ ပုညာပုည အာနဉ္ဇဟု သုံးဝစနက် ကန့်အကွက်ကို ပယ်ဖျက်တတ်ရှောင်း ဤအကြောင်း ကြောင့်လည်း။ ဝါ၊ ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ပူဇော် အထူး ဆွတ်ခူးသိမ်းပိုက် ခံယူသိုက်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ- လူရော နတ်ရော ဗြဟ္မာပေါ်ပေါင် သောသောအုတ်ကျက် လက်စုံယှက်၍ နေ့ရက် မစဲ ပူဇော်ပွဲကို အမြဲသိမ်းပိုက် ခံယူထိုက်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ မိမိကိုယ်ပင် ကဝိထင်သည့် မျှော်ဖြင့်အနှ လူ့ဗာလတို့ ပါပညစ်ဆိုး အပြစ်မျိုးကို ပုန်းလျှိုးကွယ်ကာ ပြုသည့်တာသို့ တစ်ခါ-င်ရုံပြု ရည်ကြံလည်း

ရည်သန်စိတ်ဝယ် ပုန်းအောင်းလွယ်ဖို့ ကွယ်ရာတစ်စိ မရှိဘိတောင်း ဤအကြောင်းကြောင့်လည်း။ အရဟံ၊ မည်တော်မူ၏။

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

သောဘဂဝါ။ပ။ (ရှေ့အတိုင်း) ပတ္တာ၊ မူ၍။ သဗ္ဗဓမ္မေ၊ အဘိညေယျ, ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗဟုဆိုအပ်ကုန်သော အလုံးစုံကုန်သော စတုသစ္စ သင်္ခတ အသင်္ခတ တရားတို့ကို။ သမ္မာ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ သာမဉ္စ သာမံဧဝ၊ ကိုယ်တော်တိုင်သာလျှင်။ ယသ္မာ၊ ကြောင့်။ ဗုဇ္ဈိ၊ သိတော်မူပြီ။ ဣတိတသ္မာ သမ္မာသမ္ဗုဒ္ဓတ္တာပိ၊ ထိုသို့ အဘိညေယျ, ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗဟု ဆိုအပ်ကုန်သော အလုံးစုံသော စတုသစ္စ သင်္ခတ အသင်္ခတ တရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင်သာလျှင် သိတော်မူပြီးသည်၏ အဖြစ်တည်း ဟူသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သမ္မာသမ္ဗုဒ္ဓေါ၊ မည်၏။

ကပ္ပသတသဟဿာဓိကာနိ၊ကုန်သော ။ပ။ သောဘဂဝါ၊သည်။ သံဝိဇ္ဇတိ၊ မူပါပေ၏။ သောဘဂဝါ၊ သည်။ ဣတိ ဣမိနာ ကာရဏေန၊ မဖောက်မပြန် ဉေယျဓံကို အမှန်ကိုယ်တိုင် သိစွမ်းနိုင်ရှောင်း ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ မူ၏။ ဝါ-သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာ ကာရဏေန၊ အဘိညေယျာ, ပရိညာနှင့် ပဟာတဗ္ဗ, သစ္ဆိကဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမဆို အလိုလိုလျှင် ဟိတ်ဖိုလ်နိုင်းထောက် မဖောက်မပြန် အမှန်ပေါ်ထင် သိမြင်ဘိတောင်း ဤအကြောင်းကြောင့်လည်း။ သမ္မာ သမ္ဗုဒ္ဓေါ၊ မူ၏။ ဝါ-သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာ ကာရဏေန၊ သစ္စာဉေယျ မမှဥဿုံ အလုံးစုံကို စုပုံခန်းခန်း ဝေခွဲခြမ်းလျက် စဉ်တန်းရွေးကောက် လိုသလောက်လျှင် မဖောက်မပြန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ပစ္စေကဗုဒ္ဓ သာဝကတို့ သမ္မမဖန် သယံမဖက် ဉာဏ်မသက်သို့ သိချက်မတူ သယမ္ဘူဖြင့် ဘယ်သူတစ်ယောက် ကူမထောက်ဘဲ မဖောက်မပြန် အမှန်ပေါ်ထင် သိမြင်ဘိတောင်း ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ မူ၏။ ဝါ-သော ဘဂဝါ၊ သည်။ ဣတိပိ ဣမိနာ ကာရဏေန၊ သစ္စာလေးစု ဝါးခုနက်သံ ဉေယျဓံကို သယမ္ဘူဉာဏ်စွမ်း ခွဲခြမ်းမိမိ ကိုယ်တော်တိုင်သိရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ရွှေကြာပဒုံ နေအရုဏ်သင့် လွှာစုံပွင့်သို့ နိုင်းချင့်ပုံစံ မဂ်ဉာဏ်ရောင်ပြ သမန္တစက္ခု သဗ္ဗညုတန်ဆောင် ဂုဏ်ရောင်ပဝင်း ပေါက်ရောက်ခြင်းဖြင့် ပွင့်လင်းတော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ နေအရုဏ်သင့် လွှာစုံဆင့်၍ ပွင့်သည့်ရွှေကြာ ပဒုမ္မာသို့ တူစွာနိုင်းယှဉ် လုံးစုံမြင်သည့် သဗ္ဗညုဉာဏ်

ပွင့်တန်ချိန်သင့် ငုံအာရင့်၍ သစ္စာလေးဆင့် တွားတွားမြင့်လျက် ကားကား စွင့်စွင့် ပွင့်တော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ သဝါသနာ မောဟသာလျှင် ပြင်းစွာပျော်မှိန်း တစ်ဘိန်းဘိန်းမှ စက်ကျိန်းမပျော် အဖော် မကူ ဆယမ္ဘူဖြင့် နိုးတော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ သမ္မာ သမ္ဗုဒ္ဓေါ၊ မူ၏။

## ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်

သောဘဂဝါ ။ပ။ ရှေ့အတိုင်း။ ပတ္တာ၊ မူ၍။ ဝိဇ္ဇာဟိစ၊ သုံးပါးဝိဇ္ဇာ ရှစ်ပါးသောဝိဇ္ဇာတို့နှင့်လည်းကောင်း။ စရဏေနစ၊ စရဏတစ်ဆယ့်ငါးပါး နှင့် လည်းကောင်း။ ယသ္မာ၊ ကြောင့်။ သမန္နာဂတော၊ ပြည့်စုံတော်မူ၏။ ဣတိတသ္မာ ဝိဇ္ဇာစရဏ သမ္ပန္နတ္တာပိ၊ ထိုသို့ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့် ငါးပါးနှင့်ပြည့်စုံတော်မူတတ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့် လည်း။ သောဘဂဝါ၊ သည်။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ မူ၏။

သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာ ရှစ်ပါး စရဏတရား တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်တည်း ဟူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ မူ၏။

တစ်နည်း။ ။သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သုံးပါး ဝိဇ္ဇာ ပုဒိအာနှင့် ဝိမာဓေဒိ အာ ပု ဣတွင် ဒိဟုတစ်ကြိမ် ရှစ်ပါးချိန်လျက် သိ ဣ တော ဇာ သဒ္ဓမ္မာခွန် ရူပါဈာန်ဟု ငါးတန်စွန်းကယ် ဆယ်စရဏ မြတ်ဓမ္မနှင့် တကွဥဿုံ ပြည့်စုံတတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ မူ၏။

## သုဂတဂုဏ်တော်

ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ ပါရမီယော ပူရေတွာ ဗောဓိမဏ္ဍေ ဗောဓိရုက္ခမူလေ မာရဗလံ သင်္ခါတေ အပ္ပရာဇိတပလ္လင်္ကေ ပဉ္စ မာရေ ဘဉ္ဇိတွာ သမ္မာသမ္ဗောဓိံ၊ သို့။ သမ္ပတ္တဿ၊ ကောင်းစွာရောက်တော် မူပြီးသော။ ယဿ ဘဂဝတော၊ အား။ သောဘဏံ၊ ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သည်ဖြစ်၍ အပြစ်မရှိတင့်တယ်သော။ ဂတံ၊ နိဗ္ဗာန်ရောက် ကြောင်း အရိယာမဂ်တည်းဟူသော တရားကောင်းသည်၊ ယသ္မာ၊ ကြောင့်။ အတ္ထိ၊ ရှိတော်မူ၏။ ဣတိ တသ္မာ သောဘဏဂမနတ္တာပိ၊ ထိုသို့ထက်ဝန်း ကျင်မှ သန့်ရှင်းစင်ကြယ်သည်ဖြစ်၍ အပြစ်မရှိတင့်တယ်သော နိဗ္ဗာန်ရောက် ကြောင်း အရိယာမဂ်တည်းဟူသော တရားကောင်း ရှိတော်မူသည်၏ အဖြစ် တည်းဟူသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သုဂတော၊ သုဂတ မည်တော်မူ၏။

တစ်နည်း။ ။သောဘဂ ဝါ၊ သည်။ ကပ္ပသတသဟဿာဓိကာနိ ။ပ။ ပတွာ၊ မူ၍။ သုန္ဒရံ၊ သေခြင်းကင်းရာ ကောင်းမွန်စွာသော၊ ဌာနံ၊ နိဗ္ဗာန် တည်းဟူသောအရပ်သို့။ ယသ္မာ၊ ကြောင့်။ ဂတော၊ ကြွသွားတော်မူတတ်၏။ ဣတိတသ္မာ သုန္ဒရဂတတ္တာပိ၊ ထိုသို့သေခြင်းကင်းရာ ကောင်းမွန်စွာသော နိဗ္ဗာန်တည်းဟူသော အရပ်သို့ ကြွသွားတော် မူတတ်သည်၏ အဖြစ်တည်း ဟူသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သုဂတော၊ မည်၏။

တစ်နည်း။ ။သောဘဂဝါ၊ သည်။ ။ပ။ ပတွာ၊ မူ၍။ သမ္မာ၊ မဂ်ထိုထို ဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို မိမိသန္တာန်သို့ တစ်ဖန် မပြန်လာ စေသော အားဖြင့် ကောင်းမွန်စွာ။ ယသ္မာ၊ ကြောင့်။ ဂတော၊ ကြွသွား တော်မူတတ်၏။ ဣတိတသ္မာ သမ္မာဂတတ္တာပိ၊ ထိုသို့ မဂ်ထိုထိုဖြင့် ပယ်အပ် ကုန်ပြီးသော ကိလေသာတို့ကို မိမိသန္တာန်သို့ တစ်ဖန်မပြန်လာစေသောအားဖြင့် ကောင်းမွန်စွာ ကြွသွားတော်မူတတ်သည်၏ အဖြစ်တည်းဟူသောအကြောင်း ကြောင့်လည်း။ သောဘဂဝါ၊ သည်။ သုဂတော၊ မည်၏။

တစ်နည်း။ ။သော ဘဂဝါ၊ သည် ။ပ။ ပတွာ၊ မူ၍။ သမ္မာ၊ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှစ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် အမျှ သုံးဆယ်သောပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည့်အတွက် မဖောက် မပြန် ဟုတ်မှန်ကောင်းမွန်သောအကျင့်ဖြင့် အလုံးစုံသောသတ္တဝါတို့၏ စီးပွား ချမ်းသာကိုသာ ပြုတော်မူလျက် အယုတ်တရားနှစ်ပါးတို့သို့ မကပ်ရောက်ဘဲ ကောင်းမွန်စွာ။ ယသ္မာ၊ ကြောင့်။ အာဂတော၊ ကြွလာတော်မူတတ်၏။ ဣတိတသ္မာ သမ္မာဂတတ္တာပိ၊ ထိုသို့ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှ စ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် အမျှသုံးဆယ်သောပါရမီတော်တို့ကို ဖြည့်ကျင့် တော်မူပြီးသည့်အတွက် မဖောက်မပြန် ဟုတ်မှန်ကောင်းမွန်သော အကျင့်ဖြင့် အလုံးစုံသောသတ္တဝါတို့၏ စီးပွားချမ်းသာကိုသာ ပြုတော်မူလျက် အယုတ် တရားနှစ်ပါးတို့သို့ မကပ်ရောက်ဘဲ ကောင်းစွာကြွလာတော်မူတတ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သုဂတော၊ မည်၏။

တစ်နည်း။ ။သောဘဂဝါ ။ပ။ ပတွာ၊ မူ၍။ ယုတ္တဋ္ဌာနေ၊ သင့်သော အရာဌာနၥ၌။ ယုတ္တမေဝ၊ သင့်သည်သာလျှင်ဖြစ်သော။ ဝါစံ၊ ကို။ သမ္မာ၊ ကောင်းစွာ။ ယသ္မာ၊ ကြောင့်။ ဂဒတိ ဘာသတိ၊ ပြောဆိုတော်မူတတ်၏။ ဣတိတသ္မာ သမ္မာဂဒတ္တာပိ၊ သင့်သောအရာဌာန၌ သင့်သောစကားကိုသာ ကောင်းစွာ ပြောဆိုတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ထိုအကြောင်း ကြောင့်လည်း။ သောဘဂဝါ၊ သည်။ သုဂတော၊ မည်၏။

တစ်နည်း။ ။သော ဘဂဝါ၊ သည် ။ပ။ ပတွာ၊ မူ၍။ အဘူတံ အတစ္ဆံ အနတ္ထသံဟိတံ ... 

ပိယဉ္စ၊ မဟုတ်မမှန်သည်ဖြစ်၍ အကျိုးမဲ့နှင့်စပ်ယှဉ် အများမချစ်ခင်အပ်သော

စကားလည်းကောင်း။ အပ္ပိယဘူတာနုတ္တဥ္စ၊ အများမချစ်ခင်အပ်သည်ဖြစ်၍ ဟုတ်မှန်လျက် အကျိုးမဲ့နှင့်စပ်လျဉ်းသော စကားလည်းကောင်း။ ဘူတတ္ထာပိယဥ္စ၊ ဟုတ်မှန်လျက်အကျိုးနှင့် စပ်လျဉ်းသော်လည်း အများမချစ်ခင်အပ်သော စကား လည်း ကောင်း။ မနာပါဘူတာနုတ္တဥ္စ၊ သတ္တဝါအများတို့၏ စိတ်နှလုံးကို တိုးပွားစေတတ်သော်လည်း မဟုတ်မမှန်သည်ဖြစ်၍ အကျိုးမဲ့နှင့် စပ်လျဉ်းသောစကားလည်းကောင်း။ ဘူတာနုတ္တမနာပဥ္စ၊ ဟုတ်မှန်သည်ဖြစ်၍ အကျိုးမဲ့နှင့်စပ်လျဉ်းသော်လည်း သတ္တဝါအများတို့၏ စိတ်နှလုံးကို တိုးပွားစေတတ်သောစကားလည်းကောင်း။ ဘူတတ္ထပိယဥ္စ၊ ဟုတ်မှန်ကျိုးပေ ချစ်ခင်အပ်သောစကားလည်းကောင်း။ ဣတိ၊ သို့။ ဆသု၊ ခြောက်ခွန်းကုန်သော။ ဣမာသု ဝါစာသု၊ ဤစကားတို့တွင်။ စတဿော၊ ကုန်သော။ ဝါစာယော၊ တို့ကို။ ပဟာယ၊ ပယ်လှတ်၍။ ကာလံ၊ ပြောသင့်သောအချိန်ကာလကို။ ဉတွာ၊ ထောက်ချင့်သိမြော်တော်မူ၍။ ဒွေ့ယဝ၊ နှစ်ခွန်းသောစကားတို့ကို သာလျှင်။ သမ္မာ၊ စွာ။ ဝါ၊ အသင့်အားဖြင့်။ တသ္မာ၊ ကြောင့်။ ဂဒတိ ဘာသတိ၊ ပြောဆိုတော်မူတတ်၏။ ဣတိတသ္မာ ဘမ္မာဂတတ္ထာပိ၊ မမှန်ကျိုးလွှယ် အချင်ပြယ်လျက် ချစ်ဖွယ်ကင်းပ ဘူတကျိုးကင်း မယွင်းကျိုးယှဉ် ချစ်ခင်မဖက် နှစ်သက်ယှင်းဖောက် ကျိုးမရောက်ဘဲ မဖောက်ကျိုးကွာ မနာပါနှင့် မှန်စွာကျိုးကပ် ချစ်ခင်အပ်သား ဤခြောက်ပါးတွင် လေးပါးပယ်လှင့် နှစ် ခွန်း ချင့် ၍ အသင့်ပြောဆိုတော်မူတတ်သည်၏အဖြစ် တည်းဟူသော ထို အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သုဂတော၊ မည်၏။

သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ညစ်ကြေးစင်ကြယ် ဖြစ်မတွယ်ဘဲ တင့်တယ်သာသွင်း အရိယာမဂ်တည်းဟူသောသွားခြင်းရှိတော်မူသည်၏အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဝါ၊ ညစ်ကြေး စင်ကြယ် ဖြစ်ဘေးကွယ်၍ တင့်တယ်ပျော့ပျောင်း အရိယာမဂ်တည်းဟူသော သွားကြောင်းရှိတော်မူသည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့် လည်း။ ဝါ၊ ဒုက္ခမီးစက် ဆူလှုပ်သည့် ဤဘက်ကမ်းမှ စခန်းထ၍ နန်းမ ခေမံ နေရာနန်သို့ ကေန်ဆက်ဆက် ကြွသွားတတ်ရှောင်း ဤအကြောင်း ကြောင့်လည်း။ ဝါ၊ စကားဆိုရန် ခွန်းခြောက်တန်တွင် ဟုတ်မှန်ကျိုးကြောင်း စကားကောင်းကို ဆိုတော်မူတတ် ဤသကတ်ကြောင့်လည်း။ ဝါ၊ မဖြောင့်မရိုး ကျိုးလည်းမနပ် မချစ်အပ်နှင့် ချစ်အပ်သောစကားလည်းနှစ်ခွန်း၊ အဖြောင့် အရိုး ကျိုးကားမနပ် မချစ်အပ်နှင့် ချစ်အပ်သောစကားလည်း နှစ်ခွန်း၊ ဖြောင့်ဖြောင့်ရိုးရိုး အကျိုးလည်းနပ် မချစ်အပ်နှင့် ချစ်အပ်သောစကားလည်း နှစ် ခွန်း၊ ဤသို့ခြောက်ခွန်း နောက် နှစ် ခွန်း ကို ကောက်ညွှန်းဆိုတတ် ဤသကတ်ကြောင့်လည်း။ ဝါ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ပေါင်းဟု လမ်းကောင်းအကျော် လမ်းမတော်ကို ရှင်ပျော်ငြိမ့်ငြိမ့် ပီတိစိမ့်လျက် နှစ်သိမ့်

ကြည်ဖြူ ကြွတော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ဒီပက်ရာ မည်တွင်သာသည့် ထွင်ရှချသေဌ်နှင်း ခြေတော်ရင်းမှ မှန်ကင်းသိရှိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံပြည့်ညီလျက် သုံးလီဘဝ များသတ္တ၏ သုခစီးပွား ကျင့်သောအားဖြင့် မြင့်မားစွာလှ သဿတနှင့် ဥစ္ဆေဒဟူ မိုက်အယူကို ဆံမျှတစ်စိ မကပ်ငြိဘဲ သတိသမ္ပဇဉ် အမြဲယှဉ်လျက် သဗ္ဗညုတဉာဏအကျော် ရကြောင်းမျှော်၍ လာတော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ သုဂတော၊ မူ၏။

## လောကဝိဒူဂုဏ်တော်

သောဘဂဝါ ။ပ။ ပတ္တာ၊ မူ၍။ သင်္ခါရလောကဥ္စ၊ သင်္ခါရလောကလည်းကောင်း။ သတ္တလောကဥ္စ၊ ကောင်း။ ဩကာသလောကဥ္စ၊ ကောင်း။ ဣတိ၊ သို့။ တယော၊ ကုန်သော။ လောကေ၊ တို့ကို။ ယသ္မာ၊ ကြောင့်။ ဝိဒိတိဇာနာတိ၊ သိတော်မူတတ်၏။ ဣတိတသ္မာ သဗ္ဗထာ ဝိဒိတလောကတ္တာပိ၊ သတ္တ သင်္ခါ ဩကာသာနှင့် သုံးဖြာလောက ဟူသမျှကို တစ်စမကျန် ကိုယ်တော့်ဉာဏ်ဖြင့် ဝေဖန်ပိုင်းဖြတ် ကြွင်းမလပ်အောင် သိအပ်ပြီးသော လောကရှိတော်မူသည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ လောကဝိဒူ၊ မည်တော်မူ၏။

သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သတ္တ သင်္ခါရ ဩကာသဟု လောကသုံးဘုံ အလုံးစုံကို အကုန်အစင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ သတ္တောကာသ သင်္ခါရဟု လောကသုံးပုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာလျှင် အာသယာနုသယ စရိတာဓိမုတ် မြတ်ယုတ်နှစ်ခု မုဒုတိက္ခ စသည်တွေတွေ လေရေမြေထု မေရုစက္ကဝါ သီတာပတ်ခြံ တောင်ယံခုနှစ် လှည့်ရစ်နေ့လ ဒီပလေးတန် ခြောက်တန်နတ်ရွာ ဗြဟ္မာနှစ်ဆယ် သွယ်သွယ်များလှ ဝေဖန်ပြလျက် လက္ခဏာ့ရသ ကိစ္စစေ့ငှ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဟု ရုပ်နာမ်ဝေခြား ခပ်သိမ်းအားဖြင့် ထွေပြားဆုံးတိုင် သိစွမ်းနိုင်ရှောင်း ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ မူ၏။

## အနုတ္တရဂုဏ်တော်

ကပ္ပသတသဟဿာဓိကာနိ ။ပ။ ပတ္တဿ၊ မူပြီးသော။ ယဿဘဂဝတော၊ အား။ ဂုဏေဟိ၊ သီလအစရှိသောဂုဏ်တို့ဖြင့်။ အတ္တနော၊ ကိုယ်တော့်ထက်။ ဝိသိဋ္ဌတရော၊ အထူးသဖြင့် ထူးကဲလွန်မြတ်သော။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ယသ္မာ၊ ကြောင့်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ အနုတ္တရတ္တာပိ၊ သီလအစရှိသောဂုဏ်တို့ဖြင့် ကိုယ်တော့်ထက် အထူးသဖြင့် ထူးကဲလွန်မြတ်သော တစ်စုံတစ်ယောက်သောသူ ရှိတော်မမူသည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အနုတ္တရော၊ မူ၏။

သောဘဂ ဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သီလအစရှိသော ဂုဏ်တော်တို့ဖြင့် မိမိထက် ထူးကဲလွန်မြတ်သော တစ်စုံတစ်ယောက်သောသူ ရှိတော်မမူသည်၏အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဝါ၊ သညာကောတ် နာနတ်ထွေလာ အဖြာဖြာလျှင် သတ္တာဝါသ ဘုံကိုးဝ၌ သီလ ခေါင်ထိ သမာဓိနှင့် ဘူရိမေဓာ ပညာမယုတ် ဝိမုတ်မြတ်ဟုန် ကျေးဇူးဂုဏ်ဖြင့် ပုံစံနှိုင်းသောက် တစ်ယောက်မျှ အ,သမဟု မြတ်လှထွဋ်ထိပ် ဤကြောင်း ဟိတ်ကြောင့်လည်း။ အနုတ္တရော၊ မူ၏။

## ပုရိသဒမ္မသာရထိဂုဏ်တော်

သောဘဂဝါ ။ပ။ ပတ္တာ၊ မူပြီး၍။ ဝါ၊ ပြီးသည်ရှိသော်။ ပုရိသဒမ္မေ၊ မယဉ်ကျေးကုန်သေးသည်ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမတော်မူခြင်းငှာ သင့် ကုန်သော တိရစ္ဆာန်ယောကျ်ား လူယောကျ်ား နတ်ယောကျ်ားတို့ကို။ ယသ္မာ၊ ကြောင့်။ သာရေတိ ဒမေတိ ဝိနေတိ၊ ယဉ်ကျေးအောင် ဆုံးမတော် မူတတ်၏။ ဣတိတသ္မာ ပုရိသဒမ္မသာရကတ္တာပိ၊ မယဉ်ကျေးကုန်သေးသည် ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမခြင်းငှာသင့်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ် သည်၏အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ ပုရိသဒမ္မသာရထိ၊ တော်မူ၏။

တနည်း။ ။သောဘဂဝါ ။ပ။ ပတ္တာ၊ မူပြီး၍။ ပုရိသဒမ္မေ၊ ဆုံးမအပ် ကုန်ပြီးသည်ဖြစ်၍ ယဉ်ကျေးပြီးဖြစ်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူ ယောကျ်ား, နတ်ယောကျ်ားတို့ကိုသော်လည်း၊ ယသ္မာ၊ ကြောင့်။ သာရေတိ ဒမေတိ ဝိနေတိ၊ ယဉ်ကျေးသည်ထက် ယဉ်ကျေးအောင် စင်ကြယ်သောသီလ ရှိသူ အစရှိသည်တို့အား ပဌမဈာန် အစရှိသည်တို့ကို သောတာပန်အစရှိသည် တို့အား အထက်မဂ်၏အကြောင်းဖြစ်သော အကျင့်ကို ဟောကြားညွှန်ပြတော် မူလျက် ဆုံးမတော်မူတတ်၏။ ဣတိတသ္မာ ပုရိသ ဒမ္မသာရကတ္တာပိ၊ ဆုံးမ အပ်ကုန်ပြီးသည်ဖြစ်၍ ယဉ်ကျေးပြီးဖြစ်ကုန်သော တိရစ္ဆာန်ယောကျ်ား လူ ယောကျ်ား, နတ်ယောကျ်ားတို့ကိုသော်လည်း ယဉ်ကျေးသည်ထက် ယဉ်ကျေး အောင် စင်ကြယ်သောသီလရှိသူ အစရှိသည်တို့အား ပဌမဈာန် အစရှိသည် တို့ကို သောတာပန် အစရှိသည်တို့အား အထက်မဂ်၏အကြောင်းဖြစ်သော အကျင့်ကို ပြောကြားညွှန်ပြတော်မူလျက် ဆုံးမတော်မူတတ်သည်၏ အဖြစ် တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ ပုရိသ ဒမ္မသာရထိ၊ မူ၏။

သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ မယဉ်ကျေးသေး သည်ဖြစ်၍ ဆုံးမအပ် ဆုံးမသင့် ဆုံးမထိုက်သော တိရစ္ဆာန်ယောကျ်ား, လူ

ယောက်ျား, နတ်ယောက်ျားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ ဝါ၊ ဆုံးမခြင်းငှာ ခလျောက်ပတ်စွာသည့် အပလာဠ မူမသိခေါ စူဠောဒရ မဟောဒရနှင့် ဓနပါလ သစ္စက-က အမ္ဗဋ္ဌတွင် လုလင်မာဏဝ ပေါက္ခရနှင့် သောဏဒဏ္ဍ ကူဋဒန္တ အာဠဝက ခရလောမိ သူစိလောမ ဗြဟ္မာဗက ဤသို့စသည် ရိုင်းပြတုံ့စွာ သတ္တဝါကို သုံးဖြာသရဏဂုံ ငါးစုံသီလ တည်စေမှလျှင် ဖြူစွာတရား တည်ပြီးငြားလည်း ထက်ဖျားဈာန်မဂ် ဖိုလ်သို့တက်အောင် အချက်ကျကျ နည်းစုံပြလျက် ဆုံးမပဲ့ပြင် သွန်သင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ပုရိသ ဒမ္မသာရထိ၊ ပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

## တစ်နည်း-အနုတ္တရပုရိသဒမ္မသာရထိဂုဏ်တော်

သောဘဂဝါ ။ပ။ ပတွာ၊ မူပြီး၍။ အနုတ္တရော၊ သီလအစရှိသော ဂုဏ်ကျေးဇူးတော်တို့ဖြင့် ကိုယ်တော့်ထက် အထူးသဖြင့် ထူးကဲလွန်မြတ်သော တစ်စုံတစ်ယောက်သောသူ ရှိတော်မမူသည်။ ဟုတွာ၊ ၍။ ပုရိသဒမ္မေ၊ မယဉ်ကျေးကုန်သေးသည်ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမသင့်ကုန်သော တိရစ္ဆာန်ယောက်ျား, လူယောက်ျား, နတ်ယောက်ျားတို့ကို။ ယသ္မာ၊ ကြောင့်။ သာရေတိ၊ တင်ပျဉ်တစ်ခွေဘည်းဖြင့်ပင်လျှင် ထိုင်ကုန်လျက် အရပ်ရှစ်မျက်နှာတို့သို့ မကပ်မငြိကုန်ဘဲ ပြေးသွားနိုင်လောက်အောင် ဆုံးမတော်မူတတ်၏။ ဣတိ တသ္မာ အနုတ္တရ ပုရိသ ဒမ္မသာရကတ္တာပိ၊ သီလအစရှိသော ဂုဏ်ကျေးဇူးတော်တို့ဖြင့် ကိုယ်တော့်ထက် အထူးသဖြင့် ထူးကဲလွန်မြတ်သော တစ်စုံတစ်ယောက်သောသူ ရှိတော်မမူသည်ဖြစ်၍ မယဉ်ကျေးကုန်သေးသည်ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမခြင်းငှာ သင့်ကုန်သော တိရစ္ဆာန်ယောက်ျား, လူယောက်ျား, နတ်ယောက်ျားတို့ကို တင်ပျဉ် တစ်ခွေဘည်းဖြင့်ပင်လျှင် ထိုင်ကုန်လျက် အရပ်ရှစ်မျက်နှာတို့သို့ မကပ်မငြိကုန်ဘဲ ပြေးသွားနိုင်လောက်အောင် ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ မူ၏။

တစ်နည်း။ ။သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ တစ်စုံတစ်ယောက် ပြိုင်လောက်သည့်သူ အတူမရ ဘက်မမျှဘဲ အသဒိသ ပုဂ္ဂလ အစစ် ဖြစ်ကြီးဖြစ်၍ အားသစ်လုံ့လ ပုံထုံးပြုလျက် ဆုံးမခြင်းငှာ လျောက်ပတ်စွာသည့် အပလာဠ မူမသိခေါ စူဠောဒရ မဟောဒရနှင့် ဓနပါလ သစ္စက-က အမ္ဗဋ္ဌတွင် လုလင်မာဏဝ ပေါက္ခရနှင့် သောဏဒဏ္ဍ ကူဋဒန္တ အာဠဝက ခရလောမိ သူစိလောမ ဗြဟ္မာဗက ဤသို့စသည် ရိုင်းပြတုံ့စွာ သတ္တဝါကို သုံးဖြာသရဏဂုဏ် ငါးစုံသီလ တည်စေမှလျှင် ဖြူစွာတရား တည်ပြီးငြားလည်း

ထက်ဖျားစျာန်မဂ် ဖိုလ်သို့တက်အောင် အချက်ကျကျ နည်းစုံပြလျက် ဆုံးမ ပဲ့ပြင် သွန်သင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ တိရစ္ဆာန် နတ်လူ မယဉ်သူကို စင်ဖြူမြိုက်ဆေး စရိုက်အေးအောင် တိုက်ကျွေးတော်မူ အတူမဲ့ကင်း ဤကြောင်းရင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ မူ၏။

## သတ္ထာဒေဝမနုဿာနဂုဏ်တော်

သောဘဂဝါ ။ပ။ ပတ္တော၊ မူပြီး၍။ ဒိဋ္ဌဓမ္မိကသမ္ပရာယိက ပရမတ္ထေဟိ၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန် အတ္တဘော၌ဖြစ်သော အကျိုး ကောင်းစွာ ရေးရှုရောက်အပ်လတ္တံ့သော တမလွန်ဘဝ၌ ဖြစ်သောအကျိုး ဒိဋ္ဌဓမ္မသမ္ပရာယိက အကျိုးတို့ထက် ကဲလွန်မွန်မြတ်သော နိဗ္ဗာန်တည်းဟူသော အကျိုးတို့ဖြင့်။ ဝါ၊ အကျိုးတို့ကို။ ယထာရဟံ၊ စွာ။ ဝါ၊ အကြင် အကြင် သူသည် အကြင် အကြင်အကျိုးကိုထိုက်၏ ထိုထိုအကျိုးကိုထိုက်သော ထိုထို သူအားလျော်စွာ။ ဒေဝမနုဿေ၊ နတ် လူတို့ကို။ ယသ္မာ၊ ကြောင့်။ အနု သာသတိ၊ ဆုံးမတော်မူတတ်၏။ ဣတိဘသ္မာ ဒေဝမနုဿာနံ အနုသာသ ကတ္တာပိ၊ ဒိဋ္ဌဓမ္မိကသမ္ပရာယိကအကျိုး ဒိဋ္ဌဓမ္မိကသမ္ပရာယိက အကျိုးတို့ထက် ကဲလွန်မွန်မြတ်သော နိဗ္ဗာန်တည်းဟူသော အကျိုးတို့ဖြင့်။ ဝါ၊ တို့ကို ထိုက် သည် အားလျော်စွာ နတ် လူတို့ကို ဆုံးမတော်မူတတ်သည်၏ အဖြစ်တည်း ဟူသော ထိုအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သတ္ထာ၊ မူ၏။

တစ်နည်း။ ။သောဘဂဝါ ။ပ။ ပတ္တော၊ မူပြီး၍။ ဒေဝမနုဿာနံ၊ လှည်းကုန်သည်တည်းဟူသော နတ် လူတို့၏။ ဝါ၊ လှည်းကုန်သည်နှင့်တူသော နတ် လူတို့၏။ သတ္ထာဝိယ၊ လှည်းကုန်သည်မှူးကဲ့သို့။ ဝါ၊ လှည်းကုန်သည် မှူး စာရထိ၊ ဝါ၊ လှည်းကုန်သည်မှူးသဖွယ်။ ဝါ၊ လှည်းကုန်သည်မှူးနှယ်၊ ဝါ၊ လှည်းကုန်သည်မှူးလို။ ဝါ၊ လှည်းကုန်သည်မှူး တန္တု။ ယသ္မာ၊ ကြောင့်။ ဝတ္တတိ၊ ဖြစ်တော်မူတတ်၏။ ဣတိတသ္မာ ဒေဝမနုဿာနံ သတ္ထာဘာဝတောပိ၊ လှည်းကုန်သည်တည်းဟူသော နတ် လူတို့၏ လှည်းမှူးကဲ့သို့ တရထိသဖွယ် နှယ်လိုတန္တု ပုံစံပြုအပ်သည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့် လည်း။ သောဘဂဝါ၊ သည်။ သတ္ထာ ဒေဝမနုဿာနံ၊ မူ၏။

သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဒိဋ္ဌဓမ္မ သမ္ပရာနှင့် မုချ ဆတ်ဆတ် ပရမတ်ဟူ ထူးမြတ်လွန်သော ကျိုးများစွာဖြင့် ဗြဟ္မာ နတ် လူ သုံးဘုံသူကို လွယ်ကူခဏ စိတ်တိုင်းကျအောင် ဆုံးမပဲ့ပြင် သွန်သင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ လှည်းမှူးပမာ တို့တူသာလျှင် သံသရာဝဲ ညြသထဲ၌ မစဲမပြတ် သွားလာတတ်သည့် လူနတ်ဗြဟ္မာ သတ္တဝါဟူ သုံးဖြာ

ဘုံလည်း ခရီးသည်ကို ရှင်ကြည့်အေးမြ ခေမန္တသို့ ဘယကင်းစင် မဂ်လှည်းယဉ်ဖြင့် ကယ်တင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ သတ္တဝါဟော် လှည်းမှူးကျော်သည် အဖော်နေ့ာက်ပါ လူများစွာကို စောရဝါဠ ကန္တာရ ကြမ်း ခရီးလမ်းမှ ဘေးဘျမ်းမခ လမ်းဌာနသို့ မှန်းဆလွယ်ကူ ထုတ်ကယ်ယူသို့ ထို့တူတရှိ ခက်ခဲဘိသည့် ဇာတိဇရာ မရဏာဟု သံသရာဝဲ ဩဃထဲမှ ထုတ်ဆဲ မြေဝူ ပြည်နိဗ္ဗူသို့ နတ် လူ ဗြဟ္မာ သတ္တဝါကို ဘယာကင်းစင် မဂ်လှည်းယဉ်ဖြင့် ကယ်တင်လူလူ မြန်းတော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ သတ္တာ ဒေဝမနုဿာနံ၊ မူ၏။

ဗုဒ္ဓေါဂုဏ်တော်

ယောဘဂဝါ ။ပ။ ပတ္တာ၊ မူပြီး၍။ သဗ္ဗဓမ္မေ၊ သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန်ပညတ်အားဖြင့် အလုံးစုံသော ဉေယျတရားငါးပါးတို့ကို။ဝိမောက္ခန္တိက ဉာဏေဝသေန၊ ဝိမောက္ခန္တိကဉာဏ်၏ အစွမ်းအားဖြင့်။ ဝါ၊ အရဟတ္တဖိုလ်၏ အနီး၌ဖြစ်သော သဗ္ဗညုတဉာဏ်၏ အစွမ်းအားဖြင့်။ ယသ္မာ၊ ကြောင့်။ ဗုဇ္ဈိ၊ သိတော်မူပြီ။ ဣတိတသ္မာ သဗ္ဗဉေယျ ဗုဒ္ဓတ္တာပိ၊ သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်အားဖြင့် အလုံးစုံသော ဉေယျတရား ငါးပါးတို့ကို ဝိမောက္ခန္တိက ဉာဏ်၏ အစွမ်းအားဖြင့် သိတော်မူပြီးသည်၏ အဖြစ်တည်းဟူသော ထို အကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ ဗုဒ္ဓေါ၊ မူ၏။

တစ်နည်း။ ။ယောဘဂဝါ ။ပ။ ပတ္တာ၊ မူပြီး၍။ စတ္တာရိ၊ ကုန်သော။ သစ္စာနိ၊ တို့ကို။ အရဟတ္တမဂ္ဂဉာဏေန၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ အတ္တနာပိ၊ ကိုယ်တော်တိုင်လည်း။ ယသ္မာ၊ ကြောင့်။ ဗုဇ္ဈိ၊ သိတော်မူပြီ။ အညေ၊ တစ်ပါးကုန်သော။ သတ္တေပိ၊ ဝေနေယျသတ္တဝါတို့ကိုလည်း။ ဒေသနာဉာဏေန၊ ဒေသနာဉာဏ်ဖြင့်။ ယသ္မာ၊ ကြောင့်။ ဗောဓေသိ၊ သိစေတော်မူလေပြီ။ ဣတိ တသ္မာ စတုသစ္စဗုဒ္ဓတ္တာပိ၊ လေးပါးကုန်သော သစ္စာတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ကိုယ်တော်တိုင်လည်းသိ တစ်ပါးသော ဝေနေယျသတ္တဝါတို့ကိုလည်း ဒေသနာဉာဏ်ဖြင့် သိစေတော်မူတတ်သည်၏အဖြစ်တည်းဟူသော ထိုအကြောင်း ကြောင့်လည်း။ သောဘဂဝါ၊ သည်။ ဗုဒ္ဓေါ၊ မူ၏။

ယောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သင်္ခါ, ဝိကာ, လက္ခဏာနှင့် နိဗ္ဗာပညတ် ဤငါးရပ်ဟု သိအပ်ဉေယျ သဘာဝကို မောက္ခအန္တ ဉာဏ်တေဇဖြင့် ကြွင်းရမထင် ထဲလင်းစင်အောင် သိမြင်တတ်ရှောင်း ဤ အကြောင်းကြောင့်လည်း။ ဝါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်လည်းမြင်၍ သုံးခွင်တုံသား ဝေနေအားလည်း ဟောကြားဆွတ်ချွေ ပေးငှဝေလျက် သိစေတတ်ကြောင်း ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ မူ၏။

## ဘဂဝါဂုဏ်တော်

ကပ္ပသတသဟဿာဓိကာနိ ။ပ။ ပတ္တဿ၊ မူပြီးသော။ ယဿဘဂဝတော ၊ အား။ လောကိယ လောကုတ္တရသုခါဘိ နိဗ္ဗတ္တကံ၊ လောကီ လောကုတ္တရာ ချမ်းသာကိုဖြစ်စေတတ်သော။ ဒါန သီလာဒိ၊ ဒါနသီလ အစရှိသော။ ပါရပတ္တံ၊ အဆုံးသို့ရောက်ပြီးသော။ ဝါ၊ ပါရမီ၏အဖြစ်သို့ရောက်ပြီးသော။ ဘဂျံ၊ ကုသိုလ်ကောင်းမှုတော်သည်။ ယသ္မာ၊ ကြောင့်။ အတ္ထိ၊ ရှိတော်မူ၏။ ဣတိ တသ္မာ ဘဂျဝန္တတ္တာပိ၊ လောကီ လောကုတ္တရာ ချမ်းသာကိုဖြစ်စေတတ်သော ဒါန သီလ အစရှိသော ဆုံးခန်းတိုင်ရောက်သော ကုသိုလ်ကောင်းမှုတော် ရှိတော်မူသည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သော ဘဂဝါ၊ သည်။ ဘဂျဝါတိ၊ ဘဂျဝါဟူ၍။ ဝတ္တဗ္ဗေ၊ ဆိုအပ် ဆိုသင့် ဆိုထိုက်ပါလျက်။ နိရုတ္တိနယေန၊ ဝဏ္ဏနာသနိရုတ္တိ ဝဏ္ဏာဂမနိရုတ္တိအားဖြင့်။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

တစ်နည်း။ ။ကပ္ပသတသဟဿာဓိကာနိ ။ပ။ ပတ္တဿ၊ မူပြီးသော။ ယဿ ဘဂဝတော၊ အား။ ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တသင်္ခါတာ၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဟု ဆိုအပ်ကုန်သော။ ဆ၊ ခြောက်ပါးကုန်သော။ ဘဂါ၊ ဘဂတရားတို့သည်။ ဝါ၊ ဘုန်းတော်တို့သည်။ ယသ္မာ၊ ကြောင့်။ အတ္ထိ၊ ရှိကုန်၏။ ဣတိတသ္မာ ဘဂဝန္တတာပိ၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်တည်းဟူသော ထိုအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည် ဘုန်းခြောက်လီနှင့် စုံညီပြည့်တောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ လောဘ ဒေါသ မောဟဝိပရိ အဟိရိက အနောတ္တပ္ပနှင့် ကောဓ ဥပနာ မက္ခ ပဠာသ ဣဿာစသည့် ရေတွက်ကိန်း အသိန်းမက များပြားလှစွာ ကိလေသာကို လေးဖြာမြိုက်မဂ် စိန်သန်လျက် ဖြင့် ချိုးဖျက်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓ မစ္စု ငါးခုဘေးရန် ငါးပါးမာရ်ကို တွန်းလှန် ပယ်ဖြတ် ဖျက်ဆီးတတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ တရား ရတနာ မြတ်ဩဝါဒကို ကောင်းစွာဟောကြား တိုက်ဒုက်ထားလျက် ပိုင်းခြား သတ်မှတ် ဝေဖန်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ဒိဗ္ဗဗြဟ္မာ အရိယာနှင့် ဝိဟာသုံးထွေ သုံးဝိဝေက ဝိမောက္ခတြိ ဥတ္တရိမနုဿ ဓမ္မဟူအပ် တရားမြတ်ကို မပြတ်မစဲ အမှတ်စွဲလျက် မှီဝဲဆည်းကပ် ဤအကြောင်းရပ်ကြောင့် လည်း။ ဝါ၊ ကာမ ရူပ အရူပဟု ဘဝသုံးလီ ယက်ကန်းရှည်သို့ လှည့်လည်

စေတတ် တဏှာဝတ်ကို မဂ်မြတ်ခံတွင်း မကျန်ကြွင်းအောင် လုပ်ကျင်းထွေးအန် ပြည်နိဗ္ဗာန်သို့ ကေန်ဆတ်ဆတ် ကြွသွားတတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ကာမရူပ အရူပဟု ဘဝသုံးမည် ဘုံသုံးလီ၌ ဆုံလည်သည့်နွား ရဟတ်ခြားသို့ ပြေးသွားပုံလုပ် တဏှာယုတ်ကို စက်ဆုပ်ထွေးအန် မဂ်လေးတန်ဖြင့် တွန်းလှန်ပယ်ဖြတ် နိဗ္ဗာန်သို့ကြွတတ်တုံရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ကာမရူပ အရူပဟု ဘဝသုံးခု ဘုံသုံးစု၏ အဆုံးပြုတတ် ဤသကတ်ကြောင့်လည်း။ ဝါ၊ သံပြုဘော်ငွေ မြစ်ငယ်ရေတို့ ထွေထွေစိမ့်စမ်း ရှုမခန်းဘဲ တောတန်းစုံမြိုင် ပန်းနံ့လှိုင်၍ ဂနိုင်ချောင်ကောင်း ရာသီပြောင်းက ရွက်ဟောင်းကျကြွေ ရွက်သစ်ဝေသည့် အောင်မြေရုံ တောရိပ်မြုံကို နိတုံအမြဲ စိတ်ဝယ်စွဲလျက် မှိဝဲတတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ ဘယ်သို့ပြုက ဝေနေယျ၌ ဓမ္မများစွာ တည်ပါမည်နည်း သနားသည်း၍ ထံနီးခစား တပည့်များ၏ စီးပွားဖွံ့ဖြိုး မြတ်ကောင်းကျိုးကို မျှော်ကိုးမပြတ် တောင့်တတတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝါ၊ လောကုတ် လောကီ နှစ်လီချမ်းသာ ကျိုးများစွာကို မှန်စွာဆတ်ဆတ် ဖြစ်စေတတ်သည့် ပါရပတ္တ ဘာဂျအစု ကောင်းမှုရှိတောင်း ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ မည်တော်မူ၏။

## သာရတ္ထနည်း

သောဘဂဝါ၊ ထိုအရဟတာ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ သဒေဝကံ၊ ကာမာဝစရ နတ်ပြည်ငါးထပ်နှင့်တကွဖြစ်သော။ သမာရကံ၊ ဝသဝတ္တိ မာရ်မင်းပြည်နှင့်တကွ ဖြစ်သော။ သဗြဟ္မကံ၊ ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့်တကွ ဖြစ်သော။ လောကံ၊ ဤသြကာသ လောကကိုလည်းကောင်း။ သဿမဏဗြာဟ္မဏိံ၊ သာသနာဒွေဂတ သာသနပစ္စတ္ထိက ဖြစ်ကုန်သော ရဟန်းပုဏ္ဏားတို့နှင့်တကွ ဖြစ်သော။ ဝါ၊ ကိလေသာတို့ကို ငြိမ်းအေးစေတတ်သောကြောင့် သမဏ ကိလေသာတို့ကို ဖျက်ဆီးပယ်ရှားတတ်သောကြောင့် ဗြာဟ္မဏဟူ၍ ရအပ်သောအမည်ရှိသော ရဟန္တာပုဂ္ဂိုလ်တို့နှင့်တကွ ဖြစ်သော။ သဒေဝမနုဿံ၊ သမုတိနတ်တည်းဟူသောမင်း ကြွင်းသောလူတို့နှင့်တကွ ဖြစ်သော။ ပဇံ၊ ဤသတ္တလောကကို လည်းကောင်း။ သယံ၊ ကိုယ်တော်တိုင်။ အဘိညာ အဘိညာယ၊ ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြုတော်မူ၍။ ဒေဝမနုဿေဟိ၊ နတ်လူတို့ကို။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ ပဝေဒေတိ၊ အပြားအားဖြင့် ဟောကြားသိစေတော်မူ၏။ သော ဘဂဝါ၊ သည်။ သတ္တေသု၊ တို့၌။ ကာရုညတံ၊ သနားခြင်းရှိတော်မူသည်၏ အဖြစ်တည်းဟူသော မဟာကရုဏာတော်ကို။ ပဋိစ္စ၊ စွဲ၍။ ' အနုတ္တရံ၊ မိမိ

ထက် လွန်မြတ်သော အထက်တန်းတရားရှိတော့သည်မဟုတ်သော။ ဝိဝေကံ သုခံ၊ ကိလေသာတို့မှ ကင်းဆိတ်သော အရဟတ္တဖိုလ်ချမ်းသာကို။ ဟိတွာ ပိ၊ ပယ်စွန့်၍လည်း။ ဓမ္မံ၊ ကို။ ဒေသေန္တော၊ ဟောတော်မူသည် ရှိသော်။ အာဒိကလျာဏံ၊ မိမိဟုဆိုအပ်သော သာသနဓမ္မ ပရိယတ်တရား၏ အနက်ဖြစ်၍ ဖြစ်သော သီလအားဖြင့် အစ၌ကောင်းသော။ ဝါ၊ ကောင်းသော သီလတည်းဟူသော အစဘရားရှိသော။ မဇ္ဈေကလျာဏံ၊ မိမိဟုဆိုအပ်သော သာသနဓမ္မ ပရိယတ်တရား၏ အနက်ဖြစ်၍ ဖြစ်ကုန်သော သမထဝိပဿနာ မဂ်ဖိုလ်တို့ဖြင့် အလယ်၌ ကောင်းသော။ ဝါ၊ ကောင်းသောသမထ ဝိပဿနာ မဂ်ဖိုလ်တည်းဟူသော အလယ်တရားရှိသော။ ပရိယောသာန ကလျာဏံ၊ မိမိ ဟု ဆိုအပ်သော သာသနဓမ္မ ပရိယတ်တရား၏ အနက်ဖြစ်၍ ဖြစ်သော နိဗ္ဗာန် အားဖြင့် အဆုံး၌ ကောင်းသော။ ဝါ၊ ကောင်းသော နိဗ္ဗာန်တည်းဟူသော အဆုံးတရားရှိသော။ ဓမ္မံ၊ သာသနဓမ္မ ပရိယတ်တရားကို။ ဒေဝမနုဿာနံ၊ တို့အား။ ဒေသေတိ၊ တတ်၏။

တစ်နည်း။ ။သဒေဝကံ၊ သော။ သမာရကံ၊ သော။ သဗြဟ္မကံ၊ သော။ ဋ္ဌမ်လောကံ၊ ကိုလည်းကောင်း။ သဿမဏဗြာဟ္မဏိံ၊ သော။ ဝါ၊ သော။ သဒေဝမနုဿံ၊ သော။ ဋ္ဌမ်ပဇံ၊ ကိုလည်းကောင်း။ သယံ၊ တိုင်။ အဘိညာ အဘိညာယ၊ ၍။ သစ္ဆိကတွာ၊ ၍။ ဒေဝမနုဿေဟိ၊ တို့ကို။ ဓမ္မံ၊ ကို။ပဝေဒေန္တော၊ အပြားအားဖြင့် ဟောကြားသိစေတတ်သော။ သော ဘဂဝါ၊ သည်။ သတ္တေသု၊ တို့၌။ ကာရုညတံ၊ ကို။ ပဋိစ္စ၊ ၍။ အနုတ္တရံ၊ သော။ ဝိဝေကသုခံ၊ ကို။ ဟိတွာပိ၊ လည်း။ အာဒိကလျာဏံ၊ သီလသမာဓိတို့ဖြင့် အစ၌ကောင်းအောင်။ မဇ္ဈေကလျာဏံ၊ ဝိပဿနာမဂ်တို့ဖြင့် အလယ်၌ကောင်း အောင်။ ပရိယောသာန ကလျာဏံ၊ ဖိုလ် နိဗ္ဗာန် တို့ဖြင့် အဆုံး၌ကောင်း အောင်။ ဓမ္မံ၊ ကို။ ဒေဝမနုဿာနံ၊ တို့အား။ ဒေသေတိ၊ တတ်၏။

တစ်နည်း။ ။အာဒိကလျာဏံ၊ မြတ်စွာဘုရား၏ ကောင်းသောအရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ် ရှိတော်မူသည်၏ အဖြစ်ဖြင့် အစ၌ကောင်းသည်ကို။ မဇ္ဈေကလျာဏံ၊ တရားတော်၏ ကောင်းသောတရား၏ အဖြစ်ဖြင့် အလယ်၌ ကောင်းသည်ကို။ ပရိယောသာန ကလျာဏံ၊ သံဃာတော်၏ ကောင်းသော အကျင့်အားဖြင့် အဆုံး၌ ကောင်းသည်ကို။ ကတွာ၊ ၍။ ဒေဝမနုဿာနံ၊ တို့ အား။ ဒေသေတိ၊ တတ်၏။

အာဒိကလျာဏံ၊ သီလကိုပြသောအားဖြင့် အစ၌ကောင်းသော။ မဇ္ဈေ ကလျာဏံ၊ သမာဓိကိုပြသောအားဖြင့် အလယ်၌ကောင်းသော။ ပရိယောသာန ကလျာဏံ၊ ပညာကို ပြသောအားဖြင့် အဆုံး၌ကောင်းသော။ ဓမ္မံ၊ ကို။ ဒေသေန္တော၊ သော။ သောဘဂဝါ၊ သည်။ သာတ္ထံ၊ သတိပဋ္ဌာန်အစရှိသော ဒ. နက်နှင့် ပြည့်စုံသော။ ဝါ၊ အကျဉ်းအားဖြင့် ပြအပ်သော ယက်ာ

သနတ္ထ, ရှေးဦးစွာပြုအပ်သော ပကာသနတ္ထ, ဖွင့်လှစ်အပ်သော ဝိဝရနတ္ထ, အသီးသီးခွဲစိတ်ဝေဖန်အပ်သော ဝိဘဇနတ္ထ, ပေါ်ထင်အောင် ပြုအပ်သော ဥတ္တာနီကရဏတ္ထ, အပြားအားဖြင့် သိအပ်သော (ညတ္တိအတ္ထအားဖြင့် ခြောက်ပါးကုန်သော အနက်တို့ဖြင့် ပြည့်စုံသော။ သဗျဉ္ဇနံ၊ သိထိလ ဓနိတ အစရှိကုန်သော ဆယ်ပါးသောသဒ္ဒါတို့နှင့် ပြည့်စုံသော။ ဝါ၊ အက္ခရ ပဒ ဗျဉ္ဇန အာကာရ နိရုတ္တိ နိဒ္ဒေသအားဖြင့် ခြောက်ပါးကုန်သော သဒ္ဒါတို့နှင့်ပြည့်စုံသော။ ကေဝလပရိပုဏ္ဏံ၊ ထည့်သွင်းအပ် ထည့်သွင်းသင့် ထည့်သွင်းထိုက်သော ဗြဟ္မစရိယ မရှိတော့သည်၏အဖြစ်ကြောင့် အလုံးစုံ ထက်ဝန်းကျင်မှ ပြည့်ဖြိုးလုံလောက်သော။ ပရိသုဒ္ဓံ၊ ပယ်အပ် ပယ်သင့် ပယ်ထိုက်သော တစ်စုံတစ်ခုသော ဗြဟ္မစရိယမရှိတော့သည်၏ အဖြစ်ကြောင့် ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သော။ ဗြဟ္မစရိယံစ၊ သာသနဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယကိုလည်း။ ဝါ၊ မြတ်သောပုဂ္ဂိုလ်တို့သည် ကျင့်အပ်သောတရားကိုလည်း။ ဝါ၊ မြတ်သောပုဂ္ဂိုလ်တို့၏ အကျင့်တရားကိုလည်း။ ပကာသေတိ၊ ထင်ရှားပြတော်မူသည်မည်၏။

ပန၊ စင်စစ်သော်ကား။ သော ဘဝံဂေါတမော၊ သည်။ ယထာရူပေါ၊ အကြွင်းသို့သဘောရှိခဲ့၏။ တထာရူပါနံ၊ ထိုသို့သဘောရှိကုန်သော။ အရဟတံ အရဟန္တာနံ- တို့ကို။ ဒဿနံ၊ ဒဿနမတ္တမ္ပိ၊ ကြည့်ရှုဖူးမြော်ပြီး၍ တရားတော်ကို နာရခြင်းကို မဆိုထားဘိ ချမ်းမြေ့ကြည်လင်သော ပသာဒစက္ခုတို့ကို ဖွင့်လှစ်၍ ကြည့်ရှုဖူးမြော်ရုံမျှသည်လည်း။ သာဓုခေါ သာဓုဝေ၊ စီးပွားချမ်းသာကို ဆောင်နိုင်သည်ဖြစ်၍ ကောင်းသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အဗ္ဘုဂ္ဂတော ခလု၊ သတဲ့။ ဣတိ၊ သို့။ အဿောသိခေါ အဿောသိဝေ၊ ကြားသိရလေသည်သာလျှင်တည်း။

တစ်နည်း။ ။ဝေရဉ္ဇော၊ သော။ ဗြာဟ္မဏော၊ သည်။ အဿောသိခေါ အဿောသိဝေ၊ တည်း။ ကိံ အဿောသိ၊ နည်း။ ဘော၊ တို့။ ဂေါတမော၊ သော။ သကျပုတ္တော၊ သော။ သကျကုလာ၊ မှ။ နိက္ခမိတွာ၊ ၍။ ပဗ္ဗဇိတော၊ သော။ သမဏော၊ သည်၊ ဝေရဉ္ဇာယံ၊ ၌။ နဠေရုပုစိမန္ဒမူလေ၊ ၌၊ မဟတာ၊ သော။ ဘိက္ခုသံဃေန၊ နှင့်။ ပဉ္စမတ္တေဟိ၊ ကုန်သော။ ဘိက္ခုသတေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ တိဋ္ဌန္တေပိ၊ ကောင်း ။ပ။ သယာနေပိ၊ ကောင်း။ ဝိဟရတိ၊၏။ ခေါပန၊ စင်စစ်။ တံဘဝန္တံဂေါတမံ၊ ၏။ ဝိသယေ၊ ၌။ ကလျာဏော၊ သော။ ကိတ္တိသဒ္ဒေါ၊သည်။ ဧဝံ သို့ပုံ။ အဗ္ဘုဂ္ဂတော ခလု၊ သတဲ့။ ကိံ အဗ္ဘုဂ္ဂတော၊ နည်း။ ယောဘဂဝါ၊ သည်။ ကပ္ပသတသဟဿာဓိကာနိ၊ ကုန်သော။ စတ္တာရိ အသင်္ချေယျာနိ၊ ပတ်လုံး။ ပါရမိယော၊ တို့ကို။ ပူရေတွာ၊ ၍။ ဗောဓိမဏ္ဍေ၊ ၌။ ဗောဓိရုက္ခမူလေ၊ ၌။ မာရဿ သင်္ဂါတေ၊ သော။ အပ္ပရာဇိတပလ္လင်္ကေ၊ ၌။ မဋ္ဌ၊ ကုန်သော။ မာရေ၊

တို့ကို။ ဘဉ္စိတ္တာ၊ ၍။ သမ္မာသမ္ဗောဓိံ၊ သို့။ ပတ္တာ၊ ၍။ ယေနကာရဏေန၊ ကြောင့်။ မဂ္ဂေန၊ ဖြင့်။ သဝါသနေ၊ ကုန်သော။ ကိလေသေ၊ တို့ကို။ ဝိဒ္ဓံသေတွာ၊ ၍။ သဗ္ဗကိလေသေဟိ၊ တို့မှ၊ အာရကာ၊ မူ၏။ ဣတိပိ ဣမိနာစ ကာရဏေန၊ အလုံးစုံသော ကိလေသာတို့မှ ဝေးတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အရဟံ၊ မည်၏။

ဣတိပိ ဣမိနာ၊ ကာရဏေန (အနိယတ်အကုန်လိုက်ပါ) အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗဟုဆိုအပ်ကုန်သော အလုံးစုံသော သစ္စာ အသစ်တတရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင်သာလျှင် သိတော်မူပြီးသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သမ္မာသမ္ဗုဒ္ဓေါ၊ မည်၏။

ဣတိပိ ဣမိနာစ ကာရဏေန၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော် မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ၏။

ဣတိပိ ဣမိနာစ ကာရဏေန၊ ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သည်ဖြစ်၍ အပြစ်မရှိ တင့်တယ်သော နိဗ္ဗာန်ရောက်ကြောင်း အရိယာမဂ်တည်းဟူသော တရားကောင်း ရှိတော်မူသည်၏ အဖြစ်တည်း ဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သုဂတော၊ မူ၏။

ဣတိပိ ဣမိနာစ ကာရဏေန၊ သတ္တသင်္ခါရ ဩကာသနှင့် သုံးဖြာလောကဟူသမျှ၏ တစ်စမကျန် ကိုယ်တော့်ဉာဏ်ဖြင့် ဖေဖန်ပိုင်းဖြတ် ကြွင်းမလပ်အောင် သိအပ်ပြီးသော လောကရှိတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ လောကဝိဒူ၊ မည်၏။

ဣတိပိ ဣမိနာစ ကာရဏေန၊ သီလအစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ကိုယ်တော့်ထက် အထူးသဖြင့် ထူးကဲလွန်မြတ်သော တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ် ရှိတော်မမူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ အနုတ္တရော၊ မူ၏။

ဣတိပိ ဣမိနာစ ကာရဏေန၊ မယဉ်ကျေးကုန်သေးသည်ဖြစ်၍ ယဉ်ကျေးအောင် ဆုံးမခြင်းငှာ သင့်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ ပုရိသဒမ္မသာရထိ၊ မူ၏။

ဣတိပိ ဣမိနာစ ကာရဏေန၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်အတ္တဘော၌ ဖြစ်သောအကျိုး ကောင်းစွာရှေးရှု ရောက်အပ်သတ္တံ့သော တမလွန်ဘဝ၌ ဖြစ်သောအကျိုး ထို ဒိဋ္ဌဓမ္မ သမ္ပရာယိက အကျိုးတို့ထက်

ကဲလွန်မွန်မြတ်သော နိဗ္ဗာန်တည်းဟူသော အကျိုးတို့ဖြင့်။ ဝါ၊ တို့ကို ထိုက်သည်အားလျော်စွာ နတ်လူတို့ကိုဆုံးမတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ သတ္ထာဒေဝမနုဿာနံ၊ မူ၏။

ဗုဒ္ဓါတိပိ ဗုဒ္ဓမိနာဝစ ကာရဏေန၊ သိဒ္ဓိ ဝိကာရ လက္ခဏ နိဗ္ဗာန် ပညတ်အားဖြင့် အလုံးစုံသော ဉေယျတရားတို့ကို ဝိမောက္ခန္တိကဉာဏ်၏ အစွမ်းအားဖြင့် သိတော်မူပြီးသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ ဗုဒ္ဓေါ၊ မူ၏။

ဘဂဝါတိပိ ဘဂမိနာဝစ ကာရဏေန၊ လောကီ, လောကုတ္တရာချမ်းသာကို ဖြစ်စေတတ်သော ဒါန,သီလအစရှိသော အဆုံးသို့ရောက်သော ကုသိုလ် ကောင်းမှုတော် ရှိတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ၊ သည်။ ဘဂဝါ၊ မူ၏။

သောဘဂဝါ၊ ထိုဆယ်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ ထိုကိုးပါးသော။ ပ ။ဘုရားသည်။ သဒေဝကံ၊ သော။ သမာရကံ၊ သော။ သဗြဟ္မကံ၊ သော။ ဣမံလောကံ၊ ကိုလည်းကောင်း။ သဿမဏဗြာဟ္မဏိံ၊ သော။ သဒေဝမနုဿံ၊ သော။ ဣမံ ပဇံ၊ ကိုလည်းကောင်း။ သယံ၊ တိုင်။ အဘိညာ အဘိညာယ၊ ၍။ သစ္ဆိကတွာ၊ ၍။ ဒေဝမနုဿေဟိ၊ တို့ကို။ ဓမ္မံ၊ ကို။ ပဝေဒေတိ၊ ၏။

သောဘဂဝါ၊ သည်။ အာဒိကလျာဏံ၊ မိမိဟုဆိုအပ်သော သာသနမမွ ပရိယတ်တရား၏ အနက်ဖြစ်၍ဖြစ်သော သီလအားဖြင့် အစ၌ကောင်းသော။ မဇ္ဈေကလျာဏံ၊ မိမိဟုဆိုအပ်သော။ပ။ဖြစ်ကုန်သော သမထ,ဝိပဿနာ,မဂ်,ဖိုလ်တို့ဖြင့် အလယ်၌ကောင်းသော။ ပရိယောသာနကလျာဏံ၊ မိမိဟု။ ပ ။ ဖြစ်သော နိဗ္ဗာန်အားဖြင့် အဆုံး၌ကောင်းသော။ ဓမ္မံ၊ ကို။ ဒေဝမနုဿာနံ၊ တို့အား။ ဒေသေတိ၊ တတ်၏။

အာဒိကလျာဏံ၊ သော။ မဇ္ဈေကလျာဏံ၊ သော။ ပရိယောသာန-ကလျာဏံ၊ သော။ ဓမ္မံ၊ ကို။ ဒေသေန္တော၊ သော။ သောဘဂဝါ၊ သည်။ သာတ္ထံ၊ သတိပဋ္ဌာန်အစရှိသော အနက်နှင့်ပြည့်စုံသော။ သဗျဉ္ဇနံ၊ သိထိလ,ဓနိတ အစရှိသော ဆယ်ပါးသော သဒ္ဒါတို့နှင့် ပြည့်စုံသော။ ကေဝလပရိပုဏ္ဏံ၊ သော။ ပရိသုဒ္ဓံ၊ သော။ ဗြဟ္မစရိယံစ၊ သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယကိုလည်းကောင်း။ ပကာသေတိ၊ မည်၏။

ဣတိ ဧဝံ၊ သို့။ အဗ္ဘုဂ္ဂတော ခလု၊ သတဲ့။ ဣတိ၊ သို့။ အဿောသိ ခေါ ဧဝ၊ ကြားသိရလေသည်သာလျှင်တည်း။ အထ အသ္မိံကာလေ၊ ကြားသိရလေရာ ထိုအခါ၌။ ခေါ၊ စစ်။ ဝေရဉ္ဇော၊ သော။ ဗြာဟ္မဏော၊ သည်။ ပန၊

စပ်။ သော ဘဝံ ဂေါတမော၊ သည်။ ယထာရူပေါ၊ ၏။ တထာရူပါနံ၊ ကုန်သော။ အရဟတံ အရဟန္တာနံ၊ တို့ကို။ ဒဿနံ ဒဿနမတ္တမှို၊ မျှသည် လည်း။ သာဓု ခေါ သာဓုဝေ၊ စီးပွားချမ်းသာ မင်္ဂလာကို ဆောင်နိုင်သည် ဖြစ်၍ ကောင်းသည်သာလျှင်။ ဝါ၊ အကျိုးကိုဆောင်နိုင်သည်ဖြစ်၍ ကောင်း သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ ဧဝံ အဗ္ဘုဿယံ ကတွာ၊ ဤသို့သော အလိုဆန္ဒကိုပြု၍။ ယေန ယတ္ထ၊ အကြင် အရပ်၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ မူ၏။ တေန တတ္ထ၊ ထိုမြတ်စွာဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ချဉ်း ကပ်လေပြီ။

သာရတ္ထနည်း ပြီး၏။

## ဝိမတိနည်း

တေန ခေါ ပန သမယေန၊ ဉ္။ အညတရော၊ သော။ ဘူတဝေဇ္ဇကော၊ ဘုတ်မန္တရား အတတ်ကိုတတ်သော။ ဝါ၊ ဘုတ်သွင်းဆေးသမားဖြစ်ဖူးသော။ ဘိက္ခု၊ သည်။ ယက္ခံ၊ ကို။ ဇီဝိတာ၊ မှ။ ဝေါရောပေသိ၊ ချလေပြီ။ ဝါ၊ ကျစေလေပြီ။ မ။ အာပတ္တိ ထုလ္လစ္စယဿာတိ။

တေန ခေါ ပန သမယေန၊ ဉ္။ အညတရော၊ သော။ ဘိက္ခု၊ သည်။ အညတရံ၊ သော။ ဘိက္ခုံ၊ ကို။ ဝါဠယက္ခဝိဟာရံ၊ ကြမ်းတမ်းသောဘီလူးရှိသော ကျောင်းသို့။ ပါဟေသိ၊ စေလွှတ်လေပြီ။ တံဘိက္ခုံ၊ ကို။ ယက္ခာ၊ တို့သည်။ ဇီဝိတာ၊ မှ။ ဝေါရောပေသုံ၊ ကုန်ပြီ။ ပ။ အနာပတ္တိ ဘိက္ခု နမရဏာဓိပ္ပာယဿာတိ။ [ကြွင်းနှစ်ဝတ္ထု တူပြီ။]

တေန ခေါ ပန သမယေန၊ ဉ္။ အညတရော၊ သော။ ဘိက္ခု၊ သည်။ အညတရံ၊ သော။ ဘိက္ခုံ၊ ကို။ ဝါဠကန္တာရံ၊ သားရဲရှိသောခရီးခဲသို့။ ပါဟေသိ၊ စေလွှတ်လေပြီ။ တံဘိက္ခုံ၊ ကို။ ဝါဠာ၊ တို့သည်။ ဇီဝိတာ၊ မှ။ ဝေါရောပေသုံ၊ ကုန်ပြီ။ ပ။ အနာပတ္တိ ဘိက္ခု နမရဏာဓိပ္ပာယဿာတိ။
[ကြွင်းနှစ်ဝတ္ထု အနက်သိလွယ်ပြီ။]

တေန ခေါ ပန သမယေန၊ ဉ္။ အညတရော၊ သော။ ဘိက္ခု၊ သည်။ အညတရံ၊ သော။ ဘိက္ခုံ၊ ကို။ စောရကန္တာရံ၊ ခိုးသူရှိသောခရီးခဲသို့။ ပါဟေသိ၊ ပြီ။ တံဘိက္ခုံ၊ ကို။ စောရာ၊ တို့သည်။ ဇီဝိတာ၊ မှ။ ဝေါရောပေသုံ၊ ချကြလေကုန်ပြီ။ ပ။ နမရဏာဓိပ္ပာယဿာတိ။ [ကြွင်းနှစ်ဝတ္ထု အနက်သိလွယ်ပြီ။]

တေန ခေါ ပန သမယေန၊ ဉ္။ အညတရော၊ သော။ ဘိက္ခု၊ သည်။ တံ မညမာနော၊ ထိုရန်သူရဟန်းဟု အောက်မေ့မှတ်ထင်သည်။ ဟုတွာ၊ ၍။ တံဘိက္ခုံ၊ ထိုရန်သူရဟန်းကို။ ဇီဝိတာ၊ မှ။ ဝေါရောပေသိ၊ ချလေပြီ။ တံ မညမာနော၊ သည်။ ဟုတွာ၊ ၍။ အညံ၊ ရန်သူရဟန်းမှတစ်ပါးသောရဟန်းကို။ ဇီဝိတာ၊ မှ။ ဝေါရောပေသိ၊ ပြီ။ အညံမညမာနော၊ ရန်သူရဟန်းမှတစ်ပါးသောရဟန်းဟု အောက်မေ့မှတ်ထင်သည်။ ဟုတွာ၊ ၍။ တံဘိက္ခုံ၊ ထိုရန်သူရဟန်းကို။

ဇီဝိတာ၊ မှ။ ဝေါရောပေသိ၊ ပြီ။ အညံမညာမာနော၊ သည်။ ဟုတွာ၊ ၍။ အညံ၊ ရန်သူရဟန်းမှ တစ်ပါးသောရဟန်းကို။ ဇီဝိတာ၊ မှ။ ဝေါရောပေသိ၊ ပြီ။ပ။ အာပတ္တိံ တွံ ဘိက္ခု၊ အာပန္နော ပါရာဇိကန္တိ။

တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ အမနုဿေန၊ ဘီလူးသည်။ ဂဟိတော၊ ဖမ်းယူပူးဝင်အပ်သည်။ ဟောတိ၊ ၏။ အညတရော၊ သော။ ဘိက္ခု၊ သည်။ တဿဘိက္ခုနော၊ ထိုဘီလူးသည်ဖမ်းယူပူးဝင်အပ်သော ရဟန်းအား။ ပဟာရံ၊ ပုတ်ခတ်ရိုက်နှက်ခြင်းကို။ အဒါသိ၊ ပြီ။ သော ဘိက္ခု၊ သည်။ ကာလမကာသိ၊ ပြီ။ ပ ။ အနာပတ္တိ ဘိက္ခု နမရဏာဓိပ္ပာယဿာတိ။ [ကြွင်းနှစ်ဝတ္ထု အနက်သိလွယ်ပြီ။]

တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ ကလျာဏကမ္မဿ၊ ကုသိုလ်ကောင်းမှုရှိသောသူအား။ သဂ္ဂကထံ၊ နတ်ရွာသုဂတိနှင့် စပ်ယှဉ်သော စကားကို။ ကထေသိ၊ ပြောဟောလေပြီ။ သော သတ္တော၊ သည်။ အဓိမုတ္တော၊ နတ်ပြည်၌ နှလုံးသွင်းသည်။ ဝါ၊ နတ်ပြည်၌ ညွတ်သော စိတ်ရှိသည်။ ဟုတွာ၊ ၍။ ကာလမကာသိ၊ ပြီ။ပ။ အနာပတ္တိ ဘိက္ခု နမရဏာဓိပ္ပာယဿာတိ။ (ကြွင်းနှစ်ဝတ္ထုအနက် သိလွယ်ပြီ။)

တေန ခေါ ပန သမယေန၊ ၌။ နေရယိကဿ၊ ငရဲ၌ဖြစ်လတ္တံ့သော သတ္တဝါအား။ ဝါ၊ ငရဲ၌ ဖြစ်ထိုက်သော သတ္တဝါအား။ နိရယကထံ၊ ကို။ ကထေသိ၊ ပြီ။ သော သတ္တော၊ သည်။ ဥတ္တသိတွာ၊ ထိတ်လန့်၍။ ကာလမကာသိ၊ ပြီ။ ဗ ။ အနာပတ္တိ ဘိက္ခု နမရဏာဓိပ္ပာယဿာတိ။ (ကြွင်းနှစ်ဝတ္ထု အနက်သိလွယ်ပြီ။)

၁၈၉။ တေန ခေါ ပန သမယေန၊ ၌။ အာဠဝကာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ နဝကမ္မံ၊ ကို။ ကရောန္တာ၊ ပြုလုပ်လိုကြကုန်သည်။ ဟုတွာ၊ ကုန်၍။ ရုက္ခံ၊ ကို။ ဆိန္ဒန္တိ၊ ဖြတ်ကြကုန်၏။ အညတရော၊ သော။ ဘိက္ခု၊ သည်။ အညတရံ၊ သော။ ဘိက္ခုံ၊ ကို။ ဝေါဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ အာဝုသော၊ ငါ့ရှင်။ တွံ၊ သည်။ အတြ၊ ဤအရပ်၌။ ဌိတော၊ တည်လျက်။ ရုက္ခံ၊ ကို။ ဆိန္ဒာဟိ၊ ဖြတ်လော့။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ တတြ၊ ၌။ ဌိတံ၊ လျက်။ ရုက္ခံ၊ ကို။ ဆိန္ဒန္တံ၊ ဖြတ်သော။ တံဘိက္ခုံ၊ ကို။ ရုက္ခော၊ သည်။ ဩတ္ထရိတွာ၊ ဖိ၍။ မာရေသိ၊ သတ်လေပြီ။ပ။ အနာပတ္တိ ဘိက္ခု နမရဏာဓိပ္ပာယဿာတိ။ (ကြွင်းနှစ်ဝတ္ထုအနက် သိလွယ်ပြီ။)

၁၉၀။ တေန ခေါ ပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဒါယံ၊ တောကို။ အာဠိမ္မေ့သို၊ မီးတိုက်ကြလေကုန်ပြီ။ ဝါ၊ မီးရှို့ကြလေကုန်ပြီ။ မနုဿာ၊ တို့သည်။ ဧစ္စာ၊ မီးလောင်ကြကုန်သည်။ ဟုတွာ၊ ကုန်၍။ ကာလံ၊ ကို။ အကံသု၊ ကုန်ပြီ။ ပ ။ အနာပတ္တိ ဘိက္ခဝေ နမရဏာဓိပ္ပာယဿာတိ။

တေန ခေါ ပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ မရဏာဓိပ္ပာယာ၊ လူတို့၏သေခြင်းကို အလိုရှိကုန်သည်။ ဟုတွာ၊ ကုန်၍။ ဒါယံ၊ ကို။ အာဠိမ္မေ့သို၊ ကုန်ပြီ။ မနုဿာ၊ တို့သည်။ ဧစ္စာ၊ အပ်ကုန်သည်။ ဟုတွာ၊ ကုန်၍၊ ကာလံ၊ ကို။ အကံသု၊ ကုန်ပြီ။ ပ ။ မနုဿာ၊ တို့သည်။ ဧစ္စာ၊ အပ်ကုန်သည်။ ဟုတွာ၊ ကုန်၍။ ကာလံ၊ ကို။ နအကံသု၊ ကုန်။ ပ။ အာပတ္တိ ထုလ္လစ္စယဿာတိ။

၁၉၁။ တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ အာဃာတနံ၊ လူကိုသတ်ရာအချင်းသို့။ ဂန္တွာ၊ သွား၍။ စောရဃာတံ၊ ခိုးသူသတ် ယောကျ်ားကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ အာဝုသော၊ ဒါယကာ။ တွံ၊ သည်။ ဣမံစောရံ၊ ကို။ မာကိလမေသိ၊ မပင်ပန်းပါစေလင့်။ တွံ၊ သည်။ ဧကေန၊ တစ်ချက်တည်းသော။ ပဟာရေန၊ ပုတ်ခတ်ရိုက်နှက်ခြင်းဖြင့်။ ဇီဝိတာ၊ မှ။ ဝေါရောပေဟိ၊ ကျပါစေလော့။ ဝါ၊ ချပါလော့။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဘန္တေ၊ ဘုရား။ သုဋ္ဌု၊ ကောင်းပါပြီ။ အဟံ၊ သည်။ ဣမံစောရံ၊ ကို။ ဧကေန၊ သော။ ပဟာရေန၊ ခြင်းဖြင့်၊ ဇီဝိတာ၊ မှ။ ဝေါရောပေမိ၊ ချပါအံ့။ ဣတိ၊ သို့။ သမ္ပဋိစ္ဆိတွာ၊ ၍။ ဧကေန၊ သော။ ပဟာရေန၊ ဖြင့်။ ဇီဝိတာ၊ မှ။ ဝေါရောပေသိ၊ ပြီ ။ပ။ အာပတ္တိံ တွံ ဘိက္ခု အာပန္နော ပါရာဇိကန္တိ။

တေန ခေါ ပန သမယေန၊ ၌။ ပ ။ ဝေါရောပေဟိ၊ လော့။ ဣတိ၊ သို့။ ဝုတ္တော၊ သော်။ သော စောရဃာတော၊ ထိုခိုးသူသတ်ယောကျ်ားသည်၊ အဟံ၊ သည်။ တုယှံ၊ အရှင်ဘုရား၏။ ဝစနံ၊ စကားကို။ နကရိဿာမိ၊ လိုက်နာ၍ မပြုလိုပါ။ ဣတိ၊ သို့။ ဝတွာ၊ ၍။ တံစောရံ၊ ကို။ ဇီဝိတာ၊ မှ။ ဝေါရောပေသိ၊ ပြီ။ပ။ အာပတ္တိ ဒုက္ကဋဿာတိ။

၁၉၂။ တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။ ပုရိသော၊ သည်။ ဉာတိဃရေ၊ ဆွေမျိုးတို့၏အိမ်၌။ ဟတ္ထပါဒစ္ဆိန္နော၊ လက်ခြေပြတ်သည်။ ဝါ၊ ပြတ်သော လက်ခြေရှိသည်။ ဟုတွာ၊ ၍။ ဉာတကေဟိ၊ တို့သည်။

သိပရိက်ိဏ္ဏော၊ လက်ဝန်းကျင်မှ ရောပြွမ်းအပ်သည်။ ဟောတိ၊ ၏။ အညတရော၊ သော။ ဘိက္ခု၊ သည်။ တေ မနုဿေ၊ တို့ကို။ တော်ဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ အဘယ်သို့ မေးမြန်းပြောဆိုသနည်း။ အာဝုသော၊ ဒါယကာတို့၊ တုမှေ၊ တို့သည်။ ဣမဿ၊ ဤလက်ခြေပြတ်သောယောကျ်ား၏။ မရဏံ၊ သေခြင်းကို။ ဣစ္ဆထ၊ အလိုရှိကြကုန်သလော။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ ဘန္တေ၊ ဘုရား။ မယံ၊ တို့သည်။ ဣမဿ ပုရိသဿ၊ ၏။ မရဏံ၊ ခြင်းကို။ ဣစ္ဆာမ၊ အဒိမ်း အလိုရှိကြပါကုန်၏။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ တေနဟိ၊ ထိုသို့ လက်ခြေပြတ်သော ယောကျ်ား၏ သေခြင်းကို အလိုရှိကြကုန်ဖြတကား။ တုမှေ၊ တို့သည်။ တက္ကံ၊ ရက်တက်ကို။ ပါယေထ၊ သောက်စေကြကုန်လော့။ ဝါ၊ တိုက်ကြကုန်လော့။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ တေ မနုဿာ၊ တို့သည်။ တံပုရိသံ၊ ကို။ တက္ကံ၊ ကို။ ပါယေသုံ၊ ကုန်ပြီ။ သောပုရိသော၊ သည်။ ကာလမကာသိ၊ ပြီ။ပ။ အာပတ္တိံ တွံ ဘိက္ခု အာပန္နော ပါရာဇိကန္တိ။

တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။ ပုရိသော၊ သည်။ ကုလဃရေ၊ အမျိုးတို့၏အိမ်၌။ ဟတ္ထပါဒစ္ဆိန္နော၊ သည်။ ဟုတ္ဝာ၊ ၍။ ဉာတကေဟိ၊ တို့သည်။ သမ္ပရိကိဏ္ဏော၊ အပ်သည်။ ဟောတိ၊ ၏။ အညတရော၊ သော။ ဘိက္ခုနီ၊ သည်။ တေ မနုဿေ၊ တို့ကို။ တော်ဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ပ။ ဣစ္ဆာမ၊ ပါကုန်၏။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ တေနဟိ၊ ထိုသို့ လက်ခြေပြတ်သော ယောကျ်ား၏သေခြင်းကိုအလိုရှိကြကုန်တပြီးကား။ တုမှေ၊ တို့သည်။ လောဏသောဝီရကံ၊ လောဏသုဝီရက အမည်ရှိသော ဆေးကို။ ဝါ၊ အလုံးစုံသော အရသာတို့ဖြင့် စီရင်အပ်သော တစ်မျိုးတည်းသောဆေးကို။ ပါယေထ၊ ကုန်လော့။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ တေ မနုဿာ၊ တို့သည်။ တံပုရိသံ၊ ကို။ လောဏသောဝီရကံ၊ ကို။ ပါယေသုံ၊ ကုန်ပြီ။ သောပုရိသော၊ သည်။ ကာလမကာသိ၊ ပြီ။ တဿာ ကုက္ကုစ္စံ အဟောသိ။ပ။ အထ၊ ၌။ ခေါ၊ စင်။ သာ ဘိက္ခုနီ၊ သည်။ ဘိက္ခုနီနံ၊ တို့အား။ တမတ္ထံ၊ ကို။ အာရောစေသိ၊ ပြီ။ ဘိက္ခုနိယော၊ တို့သည်။ ဘိက္ခုနံ၊ တို့အား။ တမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်ပြီ။ ဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ အား။ တမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်ပြီ။ ဘိက္ခဝေ၊ တို့။ သာဘိက္ခုနီ၊ သည်။ ပါရာဇိကံ၊ သော။ အာပတ္တိံ၊ သို့။ အာပန္နာ၊ ပြီ။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

ဣတိ၊ ဤသည်လျှင် တတိယပါရာဇိကကိုဆိုရာ စကားတစ်ရပ် အပြီးသတ်သတည်း။

တတိယပါရာဇိကံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ၄။ စတုတ္ထပါရာဇိက သိက္ခာပဒ

၁၉၃။ ယေန သမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ ဂိဟီနံ၊ လူတို့အား။ အညမညဿ၊ အချင်းချင်း၏။ ဝါ၊ တစ်ပါးသည် တစ်ပါး၏။ ဥတ္တရိမနုဿဓမ္မဿ၊ လူတို့ကိုလွန်၍ ထိုက်သည်အားလျော်စွာ ဖြဟ္မာ၏အဖြစ် နိဗ္ဗာန်သို့ရောက်စေတတ်သော ဈာန်မဂ်ဖိုလ်တရား၏။ ဝါ၊ မြတ်သောလူဖြစ်၍ဖြစ်ကုန်သော ဈာယီပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ ဈာန်မဂ်ဖိုလ်တရား၏။ ဝဏ္ဏံ၊ အကျိုးကျေးဇူး ဂုဏ်အထူးကို။ ဘာသိံသု၊ ချီးမွမ်းပြောဆို ကြလေကုန်ပြီ။ (အနိယမ ထည့်သည်။)

တေန သမယေန၊ ထိုရဟန်းတို့၏ လူတို့အား အချင်းချင်း၏ ဥတ္တရိမနုဿဓမ္မ၏ အကျိုးကျေးဇူး ဂုဏ်အထူးကို ချီးမွမ်းပြောဆိုကြလေရာ ထိုအခါ၌။ ဗုဒ္ဓေါ၊ သော။ ဘဂဝါ၊ သည်။ တစ်နည်း။ ။ဘဂဝါ၊ သော။ ဗုဒ္ဓေါ၊ သည်။ ဝေသာလိယံ၊ ဝေသာလီပြည်အနီး၌။ မဟာဝနေ၊ ၌။ ကူဋာဂါရသာလာယံ၊ ၌။ ဝိဟရတိ၊ ၏။ တေန ခေါ ပန သမယေန၊ မြတ်စွာဘုရား၏ ဝေသာလီပြည်၏အနီး မဟာဝုန်တော စုထိုးကျောင်းတော်ဝယ် နေတော်မူရာ ထိုအခါ၌။ သမ္ဗဟုလာ၊ ကုန်သော။ သန္ဒိဋ္ဌာ၊ ကုန်သော။ သမ္ဘတ္တာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဝဂ္ဂုမုဒါယ၊ သော။ နဒိယာ၊ ၏။ တီရေ၊ ကမ်းနား၌။ ဝဿံ၊ ဝါသို့။ ဝါ၊ မိုးလပတ်လုံး နေခြင်းသို့။ ဥပဂစ္ဆိံသု၊ ကပ်ကြလေကုန်ပြီ။

တေန ခေါ ပန သမယေန၊ ထိုသမ္ဗဟုလ ။ပ။ ကပ်ကြကုန်လေရာ ထိုစဉ်အခါ၌။ ဝဇ္ဇီ၊ ဝဇ္ဇီတိုင်းသည်။ ဒုဗ္ဘိက္ခာ၊ သည်။ ဒွီဟိတိကာ၊ သည်။ သေတဋ္ဌိကာ၊ သည်။ သလာကာဝုတ္တာ၊ သည်။ ဟုတွာ၊ ၍။ ဥဉ္ဆေန၊ သော။ ပဂ္ဂဟေန၊ ဖြင့်။ ယာပေတုံ၊ ငှာ။ နသုကရာ၊ သည်။ ဟောတိ၊ ၏။ အထ၊ ၌။ ခေါ၊ စင်။ တေသံဘိက္ခူနံ၊ တို့အား။ ဧတံ သော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။ ကိံ ကော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ နည်း။ တေ ရဟိ၊ ဤယခုအခါ၌။ ခေါ၊ စင်။ ဝဇ္ဇီ၊ သည်။ ဒုဗ္ဘိက္ခာ၊ ခဲ့၏။ ဒွီဟိတိကာ၊ ခဲ့၏။ သေတဋ္ဌိကာ၊ ခဲ့၏။ သလာကာဝုတ္တာ၊ ခဲ့၏။ ဥဉ္ဆေန ပဂ္ဂဟေန၊ သဖြင့်။ ယာပေတုံ၊ ငှာ။ နသုကရာ၊ မလွယ်ခဲ့။ မယံ၊ တို့သည်။ ကေန ဥပါယေန၊ အဘယ်သို့သောအကြောင်း ဥပါယ်ဖြင့်။ ဝါ၊ အဘယ်သို့သော နည်းမျိုးဖြင့်။ သမဂ္ဂါ၊ စိတ်တူကိုယ်မျှ ညီညွတ်ကြကုန်သည်။ သမ္မောဒမာနာ၊ ကောင်းစွာဝမ်းမြောက်ကြကုန်သည်။ အဝိဝဒမာနာ၊ ငြင်းခုံခြင်းမရှိကြကုန်သည်။ ဝါ၊ ဆန့်ကျင်ဘက်စကားကို တစ်ပါးသည် တစ်ပါးအား ပြောဆိုခြင်းမရှိကြကုန်သည်။ ဟုတွာ၊ ကုန်၍။ ဖာသုကံ၊ ချမ်းသာစွာ။ ဝါ၊ ချမ်းချမ်းသာသာ။

ဝဿံ၊ ဝါလပတ်လုံး။ ဝါ၊ မိုးလပတ်လုံး။ ဝသေယျာမနုခေါ၊ နေကြရာပါကုန်အံ့နည်း။ ပိဏ္ဍကေနစ၊ ဆွမ်းကြောင့်လည်း။ ကေနဥပါယေန၊ ဖြင့်။ နကိလမေယျာမနုခေါ၊ မပင်ပန်းကြကုန်ရာပါအံ့နည်း။ ဣတိ ဧတံ ဧသော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။

ဧကစ္စေ၊ အချို့ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဧဝံ၊ သို့။ အာဟံသု၊ တိုင်ပင်ပြောဆို ကြလေကုန်ပြီ။ ကိံ၊ သို့။ အာဟံသု၊ တိုင်ပင်ပြောဆို ကြကုန်သနည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဟန္ဒ၊ ယခု။ မယံ၊ ငါတို့သည်။ ဂိဟီနံ၊ လူတို့၏။ ကမ္မန္တံ၊ လယ်ယာဥယျာဉ် အာရာမ်အစရှိသည်တို့၌ ပြုအပ် ပြုသင့် ပြုထိုက်သော အမှုလုပ်ငန်းကို။ အဓိဋ္ဌေမ၊ ဤသို့ဤပုံ ပြုလုပ်လေ ဤသို့ဤပုံ မပြုလုပ်သေလင့်ဟု ပြောဆိုဆုံးမ စီရင်ကြကုန်အံ့။ ဝါ၊ ကုန်စို့။ ဧဝံ၊ ဤသို့ လူတို့၏အမှုလုပ်ငန်းကို ပြောကြားဆုံးမ စီရင်ရာကုန်သည်ရှိသော်။ တေဂိဟီ၊ ထိုလူတို့သည်။ အမှာကံ၊ ငါတို့အား။ ဒါတုံ၊ ပေးလှူခြင်းငှာ။ မညိဿန္တိ၊ အောက်မေ့ မှတ်ထင် ကြကုန်လိမ့်လတ္တံ့၊ ဝါ၊ သတိရကြကုန်လိမ့်လတ္တံ့။ ဧဝံ၊ ဤသို့ ငါတို့အား ပေးလှူခြင်းငှာ အောက်မေ့မှတ်ထင်ကြကုန်သည်ရှိသော်။ မယံ၊ တို့သည်။ သမဂ္ဂါ၊ ကုန်သည်။ သမ္မောဒမာနာ၊ ကုန်သည်။ အဝိဝဒမာနာ၊ တစ်ယောက်သည် တစ်ယောက်ကို မပြောမဆိုကြရကုန်သည်။ ဟုတွာ၊ ကုန်၍။ ဖာသုကံ၊ စွာ။ ဝဿံဝသိဿာမ၊ ဝါဆိုကြရကုန်လိမ့်အံ့။ ဝါ၊ မိုးလပတ်လုံး နေကြရကုန်လိမ့်အံ့။ ပိဏ္ဍကေနစ၊ ကြောင့်လည်း။ နကိလမိဿာမ၊ မပင်မပန်းကြရကုန်လိမ့်အံ့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။

ဧကစ္စေ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဧဝံ၊ သို့။ အာဟံသု၊ ကုန်ပြီ။ ကိံ အာဟံသု၊ ကုန်သနည်း။ အာဝုသော၊ တို့။ ဂိဟီနံ၊ တို့၏။ ကမ္မန္တံ၊ ကို။ အဓိဋ္ဌာတုံ၊ ခြင်းငှာ။ အလံ၊ မသင့်။ ဂိဟီနံ၊ တို့၏။ ကမ္မန္တံ၊ ကို။ အဓိဋ္ဌိတေန၊ ဤသို့ဤပုံ ပြုလုပ်လေ ဤသို့ဤပုံ မပြုလုပ်လေနှင့်ဟု ပြောကြားဆုံးမ စီရင်ရခြင်းဖြင့်။ ကိံ ပယောဇနံ၊ အဘယ်အကျိုးရှိအံ့နည်း။ အာဝုသော၊ တို့။ ဟန္ဒ၊ ယခု။ မယံ၊ ငါတို့သည်။ ဂိဟီနံ၊ တို့၏။ ဒူတေယျံ၊ သဝဏ်စာရင်း သတင်းစကားကို ဆောင်ယူ၍ ထိုထို ရွာ နိဂုံး ဇနပုဒ်သို့ သွားခြင်းဟူသော တမန်သည်တို့၏ အမှုလုပ်ငန်းကို။ ဟရာမ၊ သယ်ပိုးရွက်ဆောင် ကြပါကုန်အံ့။ ဝါ၊ ပါကုန်စို့။ ဧဝံ၊ သို့ လူတို့၏ သဝဏ်စာရင်း သတင်းစကားကို ဆောင်ယူ၍ ထိုထို ရွာ နိဂုံး ဇနပုဒ်သို့ သွားခြင်းဟူသော တမန်သည်တို့၏ အမှုလုပ်ငန်းကို သယ်ပိုးရွက်ဆောင် ကြရကုန်သည်ရှိသော်။ တေဂိဟီ၊ တို့သည်။ အမှာကံ၊ တို့အား။ ဒါတုံ၊ ခြင်းငှာ။ မညိဿန္တိ၊ ကုန်လိမ့်လတ္တံ့။ ဧဝံ၊ သို့ ငါတို့အား ပေးလှူခြင်းငှာအောက်မေ့မှတ်ထင် ကြကုန်သည်ရှိသော်။ မယံ၊ တို့သည်။

॥ပ॥ ဝသာံဝသိဿာမ၊ ဝါဆိုကြရကုန်လိမ့်အံ့။ ပိဏ္ဍကေနစ၊ ကြောင့်လည်း။ နကိလမိဿာမ၊ ကုန်လိမ့်အံ့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။

ကေစေ့၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဧဝံ၊ သို့။ အာဟံသု၊ ကုန်ပြီ။ ကိံ အာဟံသု၊ ကုန်သနည်း။ အာဝုသော၊ တို့။ ဂိဟီနံ၊ တို့၏။ ကမ္မန္တံ၊ ကို။ အဓိဋ္ဌာတုံ၊ ခြင်းငှာ။ အလံ၊ မသင့်။ ဂိဟီနံ၊ တို့၏။ ဒူတေယျံ၊ ကို။ ဟရိတုံ၊ သယ်ပိုးရွက်ဆောင်ခြင်းငှာ။ အလံ၊ မသင့်။ ဂိဟီနံ၊ တို့၏။ ကမ္မန္တံ၊ ကို။ အဓိဋ္ဌိတေန၊ ရသဖြင့်။ ကိံ ပယောဇနံ၊ နည်း။ ဂိဟီနံ၊ တို့၏။ ဒူတေယျံ၊ ကို။ ဟဋေန၊ သယ်ပိုးရွက်ဆောင်ရသဖြင့်။ ကိံ ပယောဇနံ၊ နည်း။ အာဝုသော၊ တို့။ ဟန္ဒ၊ ယခု။ မယံ၊ တို့သည်။ ဂိဟီနံ၊ တို့၏။ အညမညဿ၊ အချင်းချင်း၏။ ဝါ၊ တစ်ပါးသည် တစ်ပါး၏။ ဥတ္တရိမနုဿဓမ္မဿ၊ ဥတ္တရိမနုဿဓမ္မ၏။ ဝါ၊ လူတို့ကိုလွန်၍ ထိုက်သည်အားလျော်စွာ ဖြဟ္မာ၏အဖြစ် နိဗ္ဗာန်သို့ရောက်စေတတ်သော စျာန်မဂ်ဖိုလ်တရား၏။ ဝါ၊ မြတ်သောလူဖြစ်၍ ဖြစ်ကုန်သော ဈာယီပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ ဈာန်မဂ်ဖိုလ်တရား၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသိဿာမ၊ ပြောကြားကြကုန်အံ့။ ဝါ၊ ကုန်စို့။ ကိံ၊ သို့။ ဘာသိဿာမ၊ ကုန်အံ့နည်း။ အသုကော၊ ဤအမည်ရှိသော။ ဘိက္ခု၊ သည်။ ပဌမဿဈာနဿ၊ ပဌမဈာန်ကို။ လာဘီ၊ ရခြင်းရှိ၏။ အသုကော၊ သော။ ဘိက္ခု၊ သည်။ ဒုတိယဿဈာနဿ၊ ကို။ လာဘီ၊ ရှိ၏။ အသုကော၊ သော။ ဘိက္ခု၊ သည်။ တတိယဿဈာနဿ၊ ကို။ လာဘီ၊ ရှိ၏။ အသုကော၊ သော။ ဘိက္ခု၊ သည်။ စတုတ္ထဿဈာနဿ၊ ကို။ လာဘီ၊ ရှိ၏။ အသုကော၊ သော။ ဘိက္ခု၊ သည်။ သောတာပန္နော၊ သောတာပန်တည်း။ အသုကော၊ သော။ ဘိက္ခု၊ သည်။ သကဒါဂါမီ၊ သကဒါဂါမ်တည်း။ အသုကော၊ သော။ ဘိက္ခု၊ သည်။ အနာဂါမီ၊ အနာဂါမ်တည်း။ အသုကော၊ သော။ ဘိက္ခု၊ သည်။ အရဟာ၊ ရဟန္တာတည်း။ အသုကော၊ သော။ ဘိက္ခု၊ သည်။ တေဝိဇ္ဇော၊ ဝိဇ္ဇာသုံးပါးရှိ၏။ ဝါ၊ ဝိဇ္ဇာသုံးပါးကိုရ၏။ အသုကော၊ သော။ ဘိက္ခု၊ သည်။ ဆဠဘိညော၊ ခြောက်ပါးသော အဘိညာဏ်ရှိ၏။ ဝါ၊ အဘိညာဏ် ခြောက်ပါးကိုရ၏။ ဣတိ၊ သို့။ ဘာသိဿာမ၊ ပြောကြားကြပါကုန်အံ့။ ဧဝံ၊ သို့ ဥတ္တရိမနုဿဓမ္မ၏ ဂုဏ်ကျေးဇူးကို ပြောကြားကြရကုန်သည်ရှိသော်။ တေဂိဟီ၊ တို့သည်။ အမှာကံ၊ တို့အား။ ဒါတုံ၊ ခြင်းငှာ။ မညိဿန္တိ၊ ကုန်လိမ့်အံ့။ ဧဝံ၊ ကုန်သည်ရှိသော်။ မယံ၊ တို့သည် ॥ပ॥ နကိလမိဿာမ၊ ကုန်လိမ့်အံ့။ ဣတိ၊ သို့ အာဟံသု၊ ကုန်ပြီ။

ဣတိ၊ ဤသို့။ ဝုတ္တေ၊ အသီးသီး ပြောကြားအပ်သည်ရှိသော်။ သဗ္ဗေ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဥတ္တရိမနုဿဓမ္မဝဏ္ဏဘာသနေ၊ ဥတ္တရိမနုဿ

မနုဿ၏ ဂုဏ်ကျေးဇူးကို ပြောကြားခြင်းဖြင့်။ ကေဇ္ဇ္ပာသယာ၊ တူပြိုင်ညီမျှသော အလိုရှိကြကုန်သည်။ ဟုတွာ၊ ကုန်၍။ ဥတ္တရိမနုဿဓမ္မဝဏ္ဏဘာသနံ၊ ဥတ္တရိမနုဿဓမ္မ၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းကို။ ဝိနိစ္ဆိံသု၊ ဆုံးဖြတ်ကြလေကုန်ပြီ။ ကိံ ဝိနိစ္ဆိံသု၊ ကုန်သနည်း။ အာဝုသော၊ တို့။ အမှာကံ၊ တို့၏။ အညမညဿ၊ ၏။ ဥတ္တရိမနုဿဓမ္မဿ၊ ၏။ ယော ဝဏ္ဏော၊ အကြင် ဂုဏ်ကျေးဇူး သည်။ ဝါ၊ ကို။ ဂိဟီနံ၊ တို့အား။ ဘာသိတော၊ ပြောကြားအပ်သည်။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ္တံ့။ သော ယော ဝဏ္ဏော၊ ဤလူတို့အား ပြောကြားအပ်လတ္တံ့ဖြစ်သော ဂုဏ်ကျေးဇူးသည်သာလျှင်။ သေယျော၊ ချီးမွမ်းအပ်သည်ထက် ချီးမွမ်းအပ်၏။ ဝါ၊ အထူးသဖြင့် ချီးမွမ်းအပ်၏။ ဝါ၊ ကောင်းသည်ထက်ကောင်း၏။ ဝါ၊ အထူးသဖြင့်ကောင်း၏။ ဣတိ၊ သို့။ ဝိနိစ္ဆိံသု၊ ကုန်လေပြီ။

၁၉၄။ အထ၊ ဌ။ ခေါ၊ စစ်။ တေဘိက္ခူ၊ တို့သည်။ ဂိဟီနံ၊ တို့အား။ အညမညဿ၊ ၏။ ဥတ္တရိမနုဿဓမ္မဿ၊ ၏။ ဝဏ္ဏံ၊ ကို။ အသုကော၊ သော။ ဘိက္ခု၊ သည်။ ပဌမဿဈာနဿ၊ ကို။ လာဘီ၊ ရှိ၏။ပ။ အသုကော၊သော။ ဘိက္ခု၊ သည်။ ဆဠဘိညော၊ ရှိ၏။ ဣတိ၊ သို့။ ဘာသိံသု၊ ကုန်ပြီ။

အထ၊ ဌ။ ခေါ၊ ဇစ်။ တေ မနုဿာ၊ တို့သည်။ ဣမေဘိက္ခူ၊ တို့သည်။ သီလဝန္တော၊ သီလရှိကြကုန်သည်။ ကလျာဏဓမ္မာ၊ ကောင်းသော အကျင့်တရားရှိကြကုန်သည်။ ဟောန္တိယထာ၊ ကုန်သကဲ့သို့။ တထာ၊ တူ။ ဝေရူပါ၊ ဤသို့ သီလရှိကုန်သည်၏ အဖြစ် ကောင်းသောအကျင့်တရား ရှိကုန်သည်၏ အဖြစ်ဟုဆိုအပ်သော သဘောရှိကုန်သော။ ဘိက္ခူ၊ တို့သည်။ ယေသံနော၊ အကြင်ငါတို့၏။ နဂရေ၊ မြို့၌။ ဝဿံ၊ ဝါသို့။ ဝါ၊ မိုးလပတ်လုံးနေခြင်းသို့။ ဝတ၊ စစ်။ ဥပဂတာ၊ ကပ်လာကြပေကုန်၏။ ဣမေဘိက္ခူ၊ တို့သည်။ သီလဝန္တော၊ ရှိကြကုန်သည်။ ကလျာဏဓမ္မာ၊ ရှိကြကုန်သည်။ ဟောန္တိယထာ၊ ကုန်သကဲ့သို့။ ဣတော၊ ဤနှစ်မှ။ ပုဗ္ဗေ၊ ရှေးရှေးသောနှစ်များ၌။ ဝေရူပါ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ယေသံနော၊ တို့၏။ နဂရေ၊ ၌။ ဝဿံ၊ သို့။ ဝတ၊ စင်စစ်။ နဥပဂတာ၊ မကပ်ဖူးကြပေကုန်။ တေသံနော၊ ထိုငါတို့အား။ လာဘာ၊ ရအပ်ရသင့်ရထိုက်သော အကျိုးကျေးဇူး ဂုဏ် အထူးတို့သည်။ ဟောန္တိဝတ၊ ဖြစ်ရပေကုန်စွတကား။ တေသံနော၊ ထိုငါတို့သည်။ မနုဿတ္တံ၊ လူ၏အဖြစ်ကို။ သုလဒ္ဓံဝတ၊ ကောင်းစွာ ရအပ်လေစွတကား။ ဝါ၊ အရ တော်လေစွတကား။ ဣတိ၊ သို့။ အဗ္ဘာနုမောဒိတွာ၊ လွန်စွာဝမ်းမြောက်ကြကုန်၍။ (ဤ၌ တနတာဒိသာနိ အစရှိသော ဝါကျ၌ သော ဟူသော ပါဠ် မရှိသင့် ပါဠ်ပိုဟူ၍မှတ်။) ယာဒိသာနိ၊ အကြင်ကဲ့သို့ ရှုအပ်ကုန်သော။ ဘောဇနာနိ၊ ဘောဇဉ်တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ပေးလှူကြကုန်၏။

တာဒိသာနိ၊ ထိုကဲ့သို့ရှုအပ်ကုန်သော။ ဘောဇနာနိ၊ တို့ကို။ အတ္တနာ၊ မိမိတို့သည်။ နပရိဘုဥ္ဇိတ္ထ၊ မသုံးဆောင်မစားရကုန်ကြကုန်။ ယာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ တာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ အတ္တနော၊ မိမိ၏။ မာတာပိတူနံ၊ မိခင်ဖခင်တို့အား။ နဒေန္တိ၊ မပေးရကုန်ကြကုန်။ ယာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ တာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ အတ္တနော၊ ၏။ ပုတ္တဒါရဿ၊ သားမယားအား၊ နဒေန္တိ၊ ကုန်။ ယာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ တာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ အတ္တနော၊ ၏။ ဒါသကမ္မကရပေါရိသဿ၊ ကျွန်အမှုလုပ် ယောကျ်ားအပေါင်းအားလည်း။ နဒေန္တိ၊ ကုန်။ ယာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ တာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ အတ္တနော၊ ၏။ မိတ္တာမစ္စာနံ၊ အဆွေခင်ပွန်းချစ်ကျွမ်းဝင်ကုန်သော သူတို့အား။ ဝါ၊ ချမ်းသာဆင်းရဲ မကွဲတူမျှ တကွဖြစ်ကြကုန်သော မိတ်ဆွေတို့အား။ နဒေန္တိ၊ ကုန်။ ယာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ တာဒိသာနိ၊ ကုန်သော။ ဘောဇနာနိ၊ တို့ကို။ အတ္တနော၊ ၏။ ဉာတိသာလောဟိတာနံ၊ ဆွေမျိုးသားချင်းတို့အား။ နဒေန္တိ၊ ကုန်။ ယာဒိသာနိ၊ ကုန်သော။ ခါဒနီယာနိ၊ ခဲဖွယ်တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ တာဒိသာနိ၊ ကုန်သော။ ခါဒနီယာနိ၊ တို့ကို။ အတ္တနာ၊ မိမိတို့ကိုယ်တိုင်။ နခါဒိတ္ထ၊ မခဲရကုန်ကြကုန်။ ပ ။ အတ္တနော၊ ၏။ ဉာတိသာလောဟိတာနံ၊ တို့အား။ နဒေန္တိ၊ ကုန်။ ယာဒိသာနိ၊ ကုန်သော။ သာယနီယာနိ၊ လျက်ဖွယ်တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ တာဒိသာနိ၊ ကုန်သော။ သာယနီယာနိ၊ လျက်ဖွယ်တို့ကို။ အတ္တနာ၊ တို့သည်။ နသာယိတ္ထ၊ မလျက်ရကုန်ကြကုန်။ ပ။ အတ္တနော၊ ၏။ ဉာတိသာလောဟိတာနံ၊ တို့အား။ နဒေန္တိ၊ ကုန်။ ယာဒိသာနိ၊ ကုန်သော။ ပါနာနိ၊ အဖျော်တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ တာဒိသာနိ၊ ကုန်သော။ ပါနာနိ၊ တို့ကို။ အတ္တနာ၊ တို့သည်။ နပိဝိတ္ထ၊ မသောက်ရကုန်ကြကုန်။ ပ။ အတ္တနော၊ ၏။ ဉာတိသာလောဟိတာနံ၊ တို့အား။ နဒေန္တိ၊ ကုန်။ အထ၊ ထိုသို့ လူတို့သည် ပေးလှူအပ်သော မွန်မြတ်သော ဘောဇဉ်ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို စားခဲလျက် သောက်ကြကုန်လေရာ ထိုစဉ်အခါ၌။ ခေါ၊ စင်စစ်။ တေဘိက္ခူ၊ တို့သည်။ ဝဏ္ဏဝန္တော၊ အသားစိုစက်စက် လျှောက်ပတ်တင့်တယ်သော အဆင်းရှိကြကုန်သည်။ ပီဏိန္ဒြိယာ၊ ကုန်သည်။ ပသန္နမုခဝဏ္ဏာ၊ ကုန်သည်။ ဝိပ္ပသန္နဆဝိဝဏ္ဏာ၊ ကုန်သည်။ အဟေသုံ၊ ဖြစ်ကြလေကုန်ပြီ။

ပန၊ စင်စစ်သော်ကား။ ဝဿံဝုတ္ထာနံ၊ မိုးလပတ်လုံး နေကြကုန်ပြီးသော။ ဝါ၊ ဝါဆိုခဲ့ကြကုန်ပြီးသော။ ဘိက္ခူနံ၊ တို့၏။ ဘာဂဝန္တံ၊ ကို။ ဒဿနာယ၊ ငှာ။ ယံဥပသက်မိတုံ ယံဥပသက်မန်၊ အကြင်ချဉ်းကပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တော်ဥပသက်မိတုံ တော်ဥပသက်မန်၊ ဤသို့ချဉ်းကပ်ခြင်းသည်။ အာစိဏ္ဏံခေါ အာစိဏ္ဏံဧဝ၊ လုန်မစောက်ကဲ့သို့ မဆုတ်မနစ် အားသစ်လေ့ကျင့်အပ်သောအလေ့ အကျင့်သာလျှင်တည်း။ အထ၊ ၌။ ခေါ၊ စင်။ တေဘိက္ခူ၊ တို့သည်။ ဝဿံ ဝုတ္ထာ၊ မိုးလပတ်လုံး နေကုန်ပြီးသည်။ ဝါ၊ ဝါဆိုကြကုန်ပြီးသည်။ ဝါ၊ ဝါကျွတ်ကြကုန်ပြီးသည်။ ဝါ၊ ဝါမှထကြကုန်ပြီးသည်။ သမာနာ၊ ကုန်သည် ရှိသော်။ တေမာသစ္စယေန၊ ဝါတွင်းသုံးလကို ကျော်လွန်ရာအခါ၌။ သေနာ သနံ၊ ညောင်စောင်းအင်းပျဉ်အစရှိသော အိပ်ရာနေရာကို။ သံသာမေတွာ၊ သိုမှီးသိမ်းဆည်းထားခဲ့ကြကုန်၍။ ပတ္တစီဝရံ၊ ကို။ အာဒါယ၊ ယူခဲ့ကြကုန်၍။ ယေနယတ္ထ၊ ၌။ ဝေသာလီ၊ သည်။ အတ္ထိ၊ ၏။ တေနတတ္ထ၊ သို့။ ဥပသက်မိသု၊ ကုန်ပြီ။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ဝါ၊ တရွေ့ရွေ့အား ဖြင့်။ ယေနယတ္ထ၊ ၌။ ဝေသာလီ၊ သည်။ မဟာဝနံ၊ သည်။ ကူဋာဂါရ သာလာ၊ သည်။ အတ္ထိ၊ ၏။ ယေနယတ္ထ၊ ၌။ ဘာဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေနတတ္ထ၊ ထိုဝေသာလီပြည်မဟာဝုန်တော စုလိုးကျောင်းတော်ဝယ် မြတ်စွာ ဘုရားရှိတော်မူရာအရပ်သို့။ ဥပသက်မိသု၊ ကုန်ပြီ။ ဥပသက်မိတွာ၊ ကုန်ပြီး ၍။ ဘာဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသိဒိံသု၊ ကုန်ပြီ။

တေန ခေါ ပန သမယေန၊ ၌။ ဒိသာသု၊ ဝဂ္ဂုမုဒါ မြစ်ကမ်းနားအရပ်မှ တစ်ပါးကုန်သော အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာတို့၌။ ဝဿံဝုဋ္ဌာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ကိသာ၊ ကြုံလှီပိန်ချုံးသောကိုယ် ရှိကြကုန် သည်။ လူခါ၊ ခေါင်းပါးသော အသွေးအသား ရှိကြကုန်သည်။ ဒုဗ္ဗဏ္ဏာ၊ မကောင်းသောအဆင်း ရှိကြကုန်သည်။ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတာ၊ ဖြစ်သော ဖက် ရွက်လျော်ကဲ့သို့ ဖျော့တော့ကုန်သည်၏အဖြစ် ရှိကြကုန်သည်။ ဝါ၊ ဖက်ရွက် လျော်နှင့်တူသော အဖို့ရှိကြကုန်သည်။ ဓမနိသန္ထတဂတ္တာ၊ အကြောတည်း ဟူသော ကွန်ရက်ဖြင့် ယက်ဝန်းကျင်မှ ဖြန့်ခင်းအပ်သောကိုယ် ရှိကြကုန်သည်။ ဝါ၊ အကြောပြိုင်းရရိုင်းထသောကိုယ် ရှိကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝဂ္ဂုမုဒါတီရိယာ၊ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ ဝါဆိုခဲ့ကြကုန်သော။ ဘိက္ခူ ပန၊ သို့သည်ကား။ ဝါ၊ တို့မှာမူကား။ ဝဏ္ဏဝန္တော၊ ကုန်သည်။ ပီဏိန္ဒြိယာ၊ ပြည့်ဖြိုးသောဣန္ဒြေ ရှိကြကုန်သည်။ ပသန္နမုခဝဏ္ဏာ၊ ကြည်လင်သော မျက်နှာ အဆင်းရှိကြကုန်သည်။ ဝိပ္ပသန္နဆဝိဝဏ္ဏာ၊ အထူးသဖြင့် ကြည်လင်သောအရည် အဆင်းရှိကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဗုဒ္ဓါနံ၊ ကုန်သော။ ဘာဂဝန္တာနံ၊ တို့၏။ အာဂန္တုကေဟိ၊ အာဂန္တုကဖြစ်ကြကုန်သော။ ဝါ၊ ဧည့်သည်ဖြစ်ကြ

ကုန်သော။ ဘိက္ခူဟိ၊ တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ယံပဋိသမ္မောဒိတုံ ယံပဋိသမ္မောဒနံ၊ အကြင်ဝမ်းမြောက်ဝမ်းသာပြောဟောခြင်းသည်၊ အတ္ထိ၊ ရှိတော်မူ၏။ တံပဋိသမ္မောဒိတုံ တံပဋိသမ္မောဒနံ၊ ဤသို့ ဝမ်းမြောက်ဝမ်းသာပြောဟောခြင်းသည်။ အာစိဏ္ဏံခေါ ပနေတံ၊ လုံမစောက်ကဲ့သို့ မဆုတ်မနစ်အားသစ်လေ့ကျက်အပ်သော အလေ့အကျင့်တော်ပေတည်း။

အထ၊ ဉ္ဇ။ ခေါ၊ စင်။ ဘဂဝါ၊ သည်။ ဝဂ္ဂုမုဒါတီရိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ မေးမြန်းပြောဆိုတော်မူလေပြီ။ ကိစ္စိ အဝေါစ၊ နည်း။ ဘိက္ခဝေ၊ တို့။ ကစ္စိ၊ နည်း။ တုမှာကံ၊ တို့၏။ စတုစက္ကံ၊ လေး၂ါးသော ဣရိယာပုတ်တည်းဟူသော စက်ရှိသော။ နဝဒွါရံ၊ ကိုးပါးသောအမာဝဒွါရရှိသော။ ကြဒံသရီရယန္တံ၊ ဤကိုယ်တည်းဟူသောယန္တရားသည်။ ဝါ၊ ယန္တရားနှင့်တူသောဤကိုယ်သည်။ ခမနီယံ၊ အိသာခံ့ကျန်းပါ၏လော။ ဝါ၊ သည်းခံခြင်းငှာ စွမ်းနိုင်ပါ၏လော။ ဝါ၊ တစ်စုံတစ်ခုသော ဆင်းရဲဒုက္ခကိုမဖြစ်စေဘဲ သွားဆောင်ခြင်းငှာ စွမ်းနိုင်ပါ၏လော။ ကစ္စိ၊ နည်း။ တုမှာကံ၊ တို့၏။ စတုစက္ကံ၊ သော။ နဝဒွါရံ၊ ရှိသော။ ကြဒံသရီရယန္တံ၊ သည်။ ယာပနီယံ၊ မျှတညီညွတ်ကြပါ၏လော။ ဝါ၊ တစ်စုံတစ်ခုသောအန္တရာယ်ကို မပြဘဲ သပိတ်ဖုတ်ခြင်းအစရှိသော ကိစ္စဉဿုံအလုံးစုံတို့၌ ဆောင်ရွက်ဖြစ်ထွန်းစေခြင်းငှာ စွမ်းနိုင်ကြပါ၏လော။ ကစ္စိ၊ နည်း။ တုမှေ၊ တို့သည်။ သမဂ္ဂါ၊ ကုန်သည်။ သမ္မောဒမာနာ၊ ကုန်သည်။ အဝိဝဒမာနာ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဖာသုကံ၊ စွာ။ ဝဿံဝသိတ္ထ၊ ဝါဆိုခဲ့ကြရပါကုန်၏လော။ တုမှေ၊ တို့သည်။ ပိဏ္ဍကေန၊ ကြောင့်လည်း။ နကိလမိတ္ထ၊ မပင်ပန်းဘဲ ရှိခဲ့ကြပါကုန်၏လော။ ဣတိ၊ သို့။ အဝေါစ၊ မေးမြန်းတော်မူလေပြီ။

ဣတိ၊ သို့။ ဝုတ္တေ၊ အပ်သော်။ ပ။ ဘဂဝါ၊ ဘုရား။ အမှာကံ၊ တပည့်တော်တို့၏။ စတုစက္ကံ၊ ရှိသော။ နဝဒွါရံ၊ ရှိသော။ ကြဒံသရီရယန္တံ၊ သည်။ ခမနီယံ၊ အိသာခံ့ကျန်းပါ၏။ ဘဂဝါ၊ ဘုရား။ အမှာကံ၊ တို့၏။ စတုစက္ကံ၊ ရှိသော။ နဝဒွါရံ၊ ရှိသော။ ကြဒံသရီရယန္တံ၊ သည်။ ယာပနီယံ၊ မျှတညီညွတ်ခဲ့ပါ၏။ ဘန္တေ၊ ဘုရား။ မယံ၊ တို့သည်။ သမဂ္ဂါစ သမဂ္ဂါဝ၊ ကုန်သည်သာလျှင်။ သမ္မောဒမာနာစေဝ၊ ကုန်သည်သာလျှင်။ အဝိဝဒမာနာစေဝ၊ ကုန်သည်သာလျှင်။ ဟုတွာ၊ ကုန်၍။ ဖာသုကံ၊ စွာ။ ဝဿံဝသိမှာ၊ မိုးလပတ်လုံးနေခဲ့ကြရပါကုန်၏။ ဝါ၊ ဝါဆိုခဲ့ကြရပါကုန်၏။ ပိဏ္ဍကေန၊ ကြောင့်လည်း။ နကိလမိမှ၊ မပင်ပန်းခဲ့ကြရပါကုန်။ ဣတိ၊ သို့၊ အဝေါစုံ၊ ကုန်ပြီ။

တထာဂတာ၊ တို့သည်။ ဇာနန္တာပိ၊ သိတော်မူကုန်လျက်လည်း။ ပုစ္ဆန္တိ၊ မေးမြန်းစုံစမ်းတော် မူကြကုန်၏။ ဇာနန္တာပိ၊ လည်း။ နပုစ္ဆန္တိ၊ မေးမြန်း

စုံစမ်းတော်မမူကြကုန် ။ပ။ ဗုဒ္ဓါ၊ ကုန်သော။ ဘဂဝန္တော၊ တို့သည်။ ဘိက္ခူ၊ တို့ကို။ ပဋိပုစ္ဆိတ္တာ၊ မေးမြန်းစုံစမ်းတော် မူကုန်သည်ရှိသော်။ မယံ၊ ငါတို့သည်။ ဓမ္မံ၊ ကို။ ဒေသိဿာမ၊ ဟောတော်မူရပေကုန်တော့အံ့။ ဣတိ၊ ဣတိဣမိနာ အာကာရေနဝါ၊ ဤသို့သောအကြောင်းကြောင့် လည်းကောင်း။ သာဝကာနံ၊ တို့အား။ သိက္ခာပဒံ၊ ကို။ ပညပေဿာမ၊ ပေကုန်တော့အံ့။ ဝါ၊ အံ့။ ဣတိ ဣမိနာ အာကာရေနဝါ၊ ကြောင့်လည်းကောင်း။ ဣတိ၊ သို့။ ဒွိဟိ၊ ကုန်သော။ အာကာရေဟိ၊ အကြောင်းတို့ကြောင့်။ ပဋိပုစ္ဆန္တိ၊ ကုန်၏။ အထ၊ ဦး။ ခေါ၊ စစ်။ ဘဂဝါ၊ သည်။ ဝတ္ထုမုဒ္ဒါတိရိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ဘိက္ခဝေ၊ တို့။ ယထာကထံပန၊ အဘယ်သို့လျှင်။ တုမှေ၊ တို့သည်။ သမဂ္ဂါ၊ ကုန်သည်။ သမ္မောဒမာနာ၊ ကုန်သည်။ အဝိဝဒမာနာ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဖာသုကံ၊ စွာ။ ဝဿံဝသိတ္ထ၊ မိုးလပတ်လုံး နေခဲ့ကြရကုန်သနည်း။ ယထာကထံပန၊ သို့လျှင်။ တုမှေ၊ တို့သည်။ ပိဏ္ဍကေနစ၊ ကြောင့်လည်း။ နကိလမိတ္ထ၊ မပင်ပန်းဘဲ ရှိခဲ့ကြရကုန်သနည်း။ တစ်နည်း။ ။ကထံကေန အာကာရေန၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ တုမှေ၊ တို့သည်။ သမဂ္ဂါ၊ ကုန်သည်။ သမ္မောဒမာနာ၊ ကုန်သည်။ အဝိဝဒမာနာ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဖာသုကံ၊ စွာ။ ဝဿံဝသိတ္ထ၊ ကုန်သနည်း။ ကထံ ကေန အာကာရေန၊ ဖြင့်။ တုမှေ၊ တို့သည်။ ပိဏ္ဍကေနစ၊ ကြောင့်လည်း။ နကိလမိတ္ထ၊ ကုန်သနည်း။ ယထာ ယေန အာကာရေန၊ ဖြင့်။ တုမှေ၊ တို့သည်။ သမဂ္ဂါ၊ ကုန်သည်။ သမ္မောဒမာနာ၊ ကုန်သည်။ အဝိဝဒမာနာ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဖာသုကံ၊ စွာ။ ဝဿံဝသိတ္ထ၊ ဝါဆိုခဲ့ကြရကုန်၏။ တထာ တံ အာကာရဉ္စ၊ ထိုသမဂ္ဂ သမ္မောဒမာန အဝိဝဒမာနဖြစ်ကုန်၍ ချမ်းသာစွာ ဝါဆိုခဲ့ကြရပုံ ဝါဆိုခဲ့ကြရဟန် အခြင်းအရာကို လည်းကောင်း။ ယထာ ယေန အာကာရေန၊ ဖြင့်။ တုမှေ၊ တို့သည်။ ပိဏ္ဍကေန၊ ကြောင့်။ နကိလမိတ္ထ၊ မပင်ပန်းဘဲ ရှိကြရကုန်၏။ တထာ တံ အာကာရဉ္စ၊ ထိုသင်တို့၏ ဆွမ်းကြောင့်မပင်ပန်းခဲ့ကြရပုံ မပင်ပန်းခဲ့ကြရဟန် အခြင်းအရာကို လည်းကောင်း။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ ဝဒထ၊ လျှောက်ထားကုန်လော့။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

အထ၊ ဦး။ ခေါ၊ စစ်။ တေဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်ပြီ။ ဘိက္ခဝေ၊ တို့။ ကစ္စိ၊ အသို့နည်း။ ဝေါ၊ သင်တို့အား။ ဥတ္တရိမနုဿဓမ္မဇာတံ၊ လူတို့အား ပြောကြားအပ်သော ဥတ္တရိမနုဿဓမ္မ တရားသဘောသည်။ ဘူတံ၊ ဟုတ်မှန်သလော။ ဝါ၊ မိမိတို့ သန္တာန်၌ ထင်ရှားရှိသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူလေပြီ။

ဘဂဝါ၊ ဘုရား။ နော၊ အကျွန်ုပ်တို့အား။ ဥတ္တရိမနုဿဓမ္မဇာတံ၊ သည်။ အဘူတံ၊ မဟုတ်မမှန်ပါ။ ဝါ၊ အကျွန်ုပ်တို့၏ သန္တာန်၌ ထင်ရှားမရှိပါ။ ဣတိ၊ သို့။ အဝေါစုံ၊ လျှောက်ထားကြလေကုန်ပြီ။

တစ်နည်း။ ။ဘိက္ခဝေ၊ တို့။ ကစ္စိ၊ နည်း။ ဝေါ၊ သင်တို့၏။ ဂိဟီနံ၊ တို့အား။ အညမညဿ၊ ၏။ ဘူတံ၊ ဟုတ်မှန်ထင်ရှားသော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဘာသထ၊ ပြောဆိုခဲ့ကြကုန်သလော။ ဣတိ၊ သို့။ ပုစ္ဆိ၊ ပြီ။

ဘဂဝါ၊ ဘုရား။ နော၊ တို့သည်။ ဂိဟီနံ၊ တို့အား။ အညမညဿ၊ ၏။ အဘူတံ၊ မဟုတ်မမှန်သော။ ဝါ၊ မိမိသန္တာန်၌ ထင်ရှားမရှိသော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဘာသိမှ၊ ပြောဆိုခဲ့ကြပါကုန်၏။ ဣတိ၊ သို့။ အဝေါစုံ၊ ပြီ။

တစ်နည်း။ ။ဘိက္ခဝေ၊ တို့။ ကစ္စိ၊ နည်း။ ဝေါ၊ တို့၏။ ဝစနံ၊ လူတို့အား ပြောကြားအပ်သောစကားသည်။ ဘူတံပန၊ ဟုတ်မှန်သလော။ ဣတိ၊ သို့။ ပုစ္ဆိ၊ ပြီ။

ဘဂဝါ၊ ဘုရား။ နော၊ တို့၏။ ဝစနံ၊ သည်။ အဘူတံ၊ မဟုတ်မမှန်ပါ။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။

ဗုဒ္ဓေါ၊ သော။ ဘဂဝါ၊ သည်။ ယသ္မာ၊ ကြောင့်။ ဂရဟိတဗ္ဗဉ္စ၊ ကိုလည်း။ ဂရဟတိဝေ၊ သည်သာလျှင်တည်း။ ပသံသိတဗ္ဗဉ္စ၊ ကိုလည်း။ ပသံသတိဝေ၊ သည်သာလျှင်တည်း။ ဣမေဘိက္ခူ၊ ဤဝဂ္ဂုမုဒါမြစ်ကမ်းနားခြံ ဝါဆိုခဲ့ကြကုန်သော ရဟန်းတို့ကို။ ဂရဟိတဗ္ဗာ၊ အပ်, အင့်,ထိုက်ကုန်၏။ တသ္မာ၊ ကြောင့်။ ဂရဟိတဗ္ဗေ၊ အပ်ကုန်သော။ တေဘိက္ခူ၊ တို့ကို။ ဝိဂရဟိ၊ ပြီ။ ကိံ ဝိဂရဟိ၊ နည်း။ မောဃပုရိသာ၊ တို့။ တုမှာကံ၊ တို့၏။ ဇော် အဘူတ ဥတ္တရိမနုဿဓမ္မုလ္လပနံ၊ ဤမိမိတို့၏ သန္တာန်၌ ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို လူတို့အား ဝါကြွားပလွှားလှည့်စား၍ ပြောဆိုခြင်းသည်။ အနနုစ္ဆဝိကံ၊ ခဲ့။ အနနုလောမိကံ၊ ခဲ့။ အပ္ပတိရူပံ၊ ခဲ့။ အဿာမဏကံ၊ ခဲ့။ အကပ္ပိယံ၊ ခဲ့။ အကရဏီယံ၊ မပြုမကျင့်အပ်။ မောဃပုရိသာ၊ တို့။ ကထံဟိ ကေနကာရဏေန၊ ကြောင့်။ တုမှေ၊ တို့သည်။ ဥဒရဿ၊ ဝမ်း၏။ ကာရဏာ၊ ကြောင့်။ တစ်နည်း။ ။ဥဒရဿကာရဏာ၊ ဝမ်းဟူသောအကြောင်းကြောင့်။ ဂိဟီနံ၊ တို့အား။ အညမညဿ၊ ၏။ ဥတ္တရိ မနုဿ ဓမ္မဿ၊ ၏။ ဝဏ္ဏံ၊ ကို။ ဘာသိဿထနာမ၊ ပြောကြားကြရကုန်တုံဘိသနည်း။ မောဃပုရိသာ၊ တို့။ တုမှေဟိ၊ တို့သည်။ တိဏှေန၊ ထက်လှစွာသော။ ဂေါဝိကန္တနေန၊ နွား၏ ဝမ်းဗိုက်ကို ဖောက်ခွဲဖြတ်လှီးကြောင်းဖြစ်သော သားလှီးဓားဖြင့်။ ကုစ္ဆိပရိကန္တော၊ ဝမ်းဗိုက်ကို ဖောက်ခွဲဖြတ်လှီးရခြင်းသည်။ ဝရံ၊ မြတ်သည်။

ဘာဝေယျ၊ ဖြစ်ရာ၏။ ဥဒရဿ၊ ၏။ ကာရဏာ၊ ကြောင့်။ ဂိဟီနံ၊ တို့အား။
အညမညဿ၊ ၏။ ဥတ္တရိမနုဿဓမ္မဿ၊ ၏။ ယော ဝဏ္ဏော၊ အကြင်ဂုဏ်ကျေးဇူး
ကို။ ဘာသိတော၊ ပြောကြားအပ်၏။ သော ဝဏ္ဏော၊ ထိုလူတို့အားပြောကြား
အပ်သော ဂုဏ်ကျေးဇူးသည်။ နတွေဝ နတုဝေဝရံ၊ မမြတ်သည်သာလျှင်
တည်း။ ဝါ၊ မကောင်းသည်သာလျှင်တည်း။ တစ်နည်း။ ။ဥဒရဿ
ကာရဏာ၊ ကြောင့်။ ဂိဟီနံ၊ တို့အား။ အညမညဿ၊ ၏။ ဥတ္တရိမနုဿ
ဓမ္မဿ၊ ၏။ ဝဏ္ဏော၊ ကို။ ယံဘာသိတော၊ အကြင်ပြောဆိုအပ်၏။ တံ အည
မည ဥတ္တရိမနုဿဓမ္မဝဏ္ဏဘာသနံ၊ ထိုအချင်းချင်း၏ ဥတ္တရိမနုဿဓမ္မ၏
ဂုဏ်ကျေးဇူးကို လူတို့အားပြောကြားခြင်းသည်။ နတွေဝ နတုဝေဝရံ၊ သည်
သာလျှင်တည်း။ ဝါ၊ တည်း။ ဝရန္တိ၊ ဝရံဟူ၍။ ဝါ၊ ထက်လှစွာသော
သားလှီးဓားဖြင့် ဝမ်းဗိုက်ကိုလှီးဖြတ်ရခြင်းသည် မြတ်သေး၏ဟူ၍။ ယံဝစနံ၊
ကို။ မယာ၊ ငါဘုရားသည်။ ဝုတ္တံ၊ ပြီ။ တံဝစနံ၊ ကို။ ကိံအဟေတု၊
အဘယ်အကြောင်းကြောင့်။ မယာ၊ သည်။ ဝုတ္တံ၊ အပ်ခဲ့သနည်း။ ဣတိ၊ သို့။
စေပုစ္ဆေယျ၊ ခဲ့ငြားအံ့။ ဧဝံသတိ၊ သော်။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သော
နည်းဖြင့်။ ဝိသဇ္ဇေယျ၊ ရာ၏။ ကိံ ဝိသဇ္ဇေယျ၊ နည်း။ မောဃပုရိသာ၊ တို့။
ဟိယသ္မာ၊ ကြောင့်။ တတောနိဒါနံ၊ ထိုထက်လှစွာသော သားလှီးဓားဖြင့်
ဝမ်းဗိုက်ကို လှီးဖြတ်ခြင်းတည်းဟူသော အကြောင်းကြောင့်။ ဝေါဝိကန္တ
နေန၊ နွား၏ဝမ်းဗိုက်ကို ဖြတ်လှီးကြောင်းဖြစ်သော သားလှီးဓားဖြင့်။ ကုစ္ဆိံ၊
ဝမ်းကို။ ပရိကန္တေန္တော၊ ဖြတ်လှီးသော။ ဘိက္ခု၊ သည်။ မရဏံဝါ၊ သို့သော်
လည်း။ နိဂစ္ဆေယျ၊ ရောက်ရာ၏။ မရဏမတ္တံ၊ မသေသော်လည်း သေလောက်
ရုံအတိုင်းအရှည်ရှိသော။ ဒုက္ခံဝါ၊ သို့သော်လည်း။ နိဂစ္ဆေယျ၊ ရာ၏။
တပ္ပစ္စယာ၊ ထိုထက်လှစွာသော သားလှီးဓားဖြင့် ဝမ်းဗိုက်ကိုလှီးခြင်းဟူသော
အကြောင်းကြောင့်။ ကာယဿ၊ ၏။ ဘေဒါ၊ ခြင်းကြောင့်။ ဝါ၊ သော။
မရဏာ၊ မှ။ ပရံ၊ ၌။ အပါယံ၊ သော။ ဒုဂ္ဂတိံ၊ သော။ ဝိနိပါတံ၊ ပျက်စီး
သော လက်ခြေအစရှိသော အင်္ဂါကြီးငယ် ရှိကုန်သည်ဖြစ်၍ ကျရောက်ရာဖြစ်
သော။ ဝါ၊ ကင်းသောအလိုရှိသည်ဖြစ်၍ ကျရောက်ရာဖြစ်သော။ ဝါ၊ မကျ
လိုဘဲလျက် ကျရောက်ရာဖြစ်သော။ နိရယံ၊ သို့။ ဝါ၊ ၌။ နတွေဝ နတုဝေ
ဥပပဇ္ဇေယျ၊ ကပ်၍မရောက်ရာသည်သာလျှင်တည်း။ ဝါ၊ မဖြစ်ရာသည်သာ
လျှင်တည်း။ မောဃပုရိသာ၊ တို့။ စခေါ၊ ဗျတိရိက်မှတစ်ပါး အန္ဝယမှာမူကား။
ဣတောနိဒါနံ၊ ဤဝမ်းအတွက် လူတို့အား အချင်းချင်း၏မိမိသန္တာန်၌ ထင်
ရှားမရှိသော ဥတ္တရိမနုဿဓမ္မ၏ ဂုဏ်ကျေးဇူးကို ဝါကြွားပလွှား၍ပြောခြင်း
တည်းဟူသောအကြောင်းကြောင့်။ အညမညဿ၊ ၏။ အဘူတဿ၊ သော။
ဥတ္တရိမနုဿဓမ္မဿ၊ ၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဥလ္လပန္တော၊ ဝါကြွား
ပလွှား၍ ပြောကြားသော။ ဘိက္ခု၊ သည်။ ကာယဿ၊ ၏။ ဘေဒါ၊

ခြင်းကြောင့်။ မရဏာ၊ မှ။ ဗရံ၊ ၌။ အပါယံ၊ သော။ ဒုဂ္ဂတိံ ၊ သော။ ဝိနိပါတံ၊ သော။ နိရယံ၊ သို့။ ဝါ၊ ၌။ ဥပပဇ္ဇေယျ၊ ကပ်၍ရောက်ရာ၏။ ဝါ၊ ဖြစ်ရာ၏။ တသ္မာ၊ ကြောင့်။ ယံဝစနံ၊ ကို။ မယာ၊ သည်။ ဝုတ္တံ၊ အပ်ပြီ။ တံဝစနံ၊ ကို။ မယာ၊ သည်။ ဝုတ္တံ၊ အပ်၏။ ဣတိ၊ သို့။ ဝိဘာဇေယျ၊ ဖြေဆိုရာ၏။

တစ်နည်း။ ။ကိဿဟေတု၊ အဘယ် အကြောင်းကြောင့်။ တုမှေဟိ၊ တို့သည်။ ပ ။ တံ သော ကုစ္ဆိပရိကန္တော၊ သည်။ ဝရံ၊ သည်။ ဘဝေယျ၊ ရာသနည်း။ ဥဒရဿကာရဏာ၊ အကြောင်းကြောင့်။ပ။ ယောဝဏ္ဏော၊ ကို။ ဘာသိတော၊ အပ်။ တံသောဝဏ္ဏော၊ ထို ပြောကြားအပ်သော ဂုဏ်ကျေးဇူးသည်။ နုတ္တေဝ နတုဝရံ၊ မမြတ်သနည်း။ မောဃပုရိသာ၊ တို့။ ဟိယသ္မာ၊ ကြောင့်။ တတောနိဒါနံ၊ အကြောင်းကြောင့်။ပ။ နိရယံ၊ သို့။ ဝါ၊ ၌။ ဥပပဇ္ဇေယျ၊ ရာ၏။ တသ္မာ၊ ကြောင့်။ တုမှေဟိ၊ တို့သည်။ တိဏှေန၊ သော။ ။ပ။ တံ သော ကုစ္ဆိပရိကန္တော၊ သည်။ ဝရံ၊ သည်။ ဘဝေယျ၊ ရာ၏။ ဥဒရဿကာရဏာ၊ ကြောင့် ။ ပ ။ တံ သော ဝဏ္ဏော၊ သည်။ နုတ္တေဝ နတုဝေဝရံ၊ သည်သာလျှင်တည်း။

မောဃပုရိသာ၊ တို့။ တုမှာကံ၊ တို့၏။ တေသံအဘူတဥတ္တရိမနုဿဓမ္မုလ္လပနံ၊ သည်။ အပ္ပသန္နာနံ၊ တို့ကို။ ဝါ၊ တို့၏။ ပသာဒါယဝါ၊ ကြည်ညိုစေခြင်းငှာလည်းကောင်း။ ဝါ၊ ငှာလည်းကောင်း။ပ။ ဝိဂရဟိတွာ၊ ပြီး၍။ ဓမ္မိံ၊ တရားရှိသော။ ကထံ၊ စကားကို။ ကတွာ၊ ပြောဟောတော်မူပြီး၍။ ဣဒါနိ၊ ဤယခုအခါ၌။ ယသ္မာ၊ ကြောင့်။ တေဟိဘိက္ခူဟိ၊ ထိုဝဂ္ဂုမုဒါမြစ်ကမ်းနားဒ္ ဝါဆိုခဲ့ကြကုန်သော ရဟန်းတို့သည်။ ကတကမ္မံ၊ ပြုအပ်သောအမှုလုပ်ငန်းသည်။ စောရကမ္မံ၊ ခိုးသူတို့၏ အမှုလုပ်ငန်းသည်။ ဝါ၊ ခိုးသူတို့၏အပြုအမူသည်။ ဝါ၊ ခိုးမှုသည်။ ဟောတိ၊ ဖြစ်ခဲ့၏။ တသ္မာ၊ ကြောင့်။ အာယတိံ၊ နောင်အနာဂတ်ကာလ၌။ အညေသမ္ပိ၊ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ ဝါဆိုခဲ့ကြကုန်သော ရဟန်းတို့မှတစ်ပါး တခြားကုန်သော ရဟန်းတို့၏လည်း။ ဝေရူပဿ၊ ဤသို့သဘောရှိသော။ ကမ္မဿ၊ ခိုးမှုကို။ အကရဏတ္ထံ၊ မပြုနိုင်ရန်အကျိုးငှာ။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ ခေါ်တော်မူလေပြီ။ အာမန္တေတွာ၊ ၍။ တေ ဘိက္ခူ၊ တို့ကို။ တေံဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။

၁၉၅၊ ဘိက္ခဝေ၊ တို့။ ဣမေမဟာစောရာ၊ ဤခိုးသူကြီးတို့သည်။ လောကသ္မိံ ၊ သတ္တလောက၌။ သန္တော၊ ထင်ရှားလည်းရှိကုန်၏။ ပဥ္စ၊ ကုန်သော။ ဣမေမဟာစောရာ၊ တို့ကို။ လောကသ္မိံ ၊ ၌။ သံဝိဇ္ဇမာနာ၊ ထင်ရှား

ရှိသည့်အတိုင်း ရလည်းရအပ်ကုန်၏။ ဝါ၊ သိလည်းသိအပ်ကုန်၏။ ပဋ္ဌ၊ ကုန်သော။ ကတမေ မဟာစောရာ၊ အဘယ်ခိုးသူကြီးတို့သည်။ လောကသ္မိံ၊ ၌။ သန္တော၊ ထင်ရှားလည်းရှိကုန်သနည်း။ ပဋ္ဌ၊ ကုန်သော။ ကတမေ မဟာစောရာ၊ တို့ကို။ လောကသ္မိံ၊ ၌။ သံဝိဇ္ဇမာနာ၊ ထင်ရှားရှိသည့်အတိုင်း ရလည်းရအပ်ကုန်သနည်း။ ဝါ၊ သိလည်းသိအပ်ကုန်သနည်း။

ဘိက္ခဝေ၊ တို့။ က္ကမင္လမသ္မိံ လောကေ၊ ဤသတ္တလောက၌။ ဝါ၊ ဤသတ္တဝါ အပေါင်းတွင်။ ဧကစ္စော၊ အချို့သော။ မဟာစောရော၊ ခိုးသူကြီးအား။ ပုဗ္ဗဘာဂေ၊ ရှေ့ နိဂုံး မင်းနေပြည်တို့၌ မလှည့်လည်မီ ရှေ့အဖို့ဖြစ်သော ကာလ၌။ ဧဝံအယံက္ကူဆွာ၊ ဤသို့သောအလိုသည်။ ဟောတိ၊ ၏။ ကာဋ္ဌုစ္ဆွာ၊ အဘယ်သို့သောအလိုသည်။ ဟောတိ၊ နည်း။ အသုံ၊ စင်စစ်။ အဟံ၊ သည်။ ကုဒါနာမ၊ အဘယ်နံ့သောအခါ၌။ ဝါ၊ အဘယ် မည်သောအခါ၌။ ဝါ၊ အဘယ်နံ့ရောအခါ၌။ သတေနဝါ၊ တစ်ရာအတိုင်းအရှည်ရှိသော နောက်လိုက်နောက်ခံ ခြွေရံသောင်းပြောင်း သူရဲကောင်းအပေါင်းသည်မှုလည်းကောင်း။ သဟဿေနဝါ၊ တစ်ထောင်အတိုင်းအရှည်ရှိသော နောက်လိုက်နောက်ခံ ခြွေရံသောင်းပြောင်း သူရဲကောင်း အပေါင်းသည်မှုလည်းကောင်း။ ပရိဝုတော၊ ဝန်းကျင်ပတ်လည် ခြံရံအပ်သည်။ ဟုတွာ၊ ၍။ ဟနန္တော၊ ကိုယ်တိုင်သတ်လျက်။ ဃာတေန္တော၊ သူတစ်ပါးကိုသတ်စေလျက်။ တစ်နည်း။ ။ဟနန္တော၊ ဖွဲ့တုပ်ချည်နှောင်ခြင်း, ရိုက်နှက်ခြင်း အစရှိသည်တို့ဖြင့် ညှဉ်းပန်းနှိပ်စက်လျက်။ ဃာတေန္တော၊ သတ်ဖြတ်လျက်။ ဆိန္ဒန္တော၊ သူတစ်ပါးတို့၏ လက်, ခြေ အစရှိသည်တို့ကို ကိုယ်တိုင်ဖြတ်လျက်။ ဆေဒါပေန္တော၊ တစ်ပါးသော သူတို့၏ လက်, ခြေအစရှိသည်တို့ကို သူတစ်ပါးကိုဖြတ်စေလျက်။ ပစန္တော၊ ဥစ္စာဒဏ်, တုတ်ဒဏ်ဖြင့် ကိုယ်တိုင်နှိပ်ကွပ်လျက်။ ဝါ၊ ကိုယ်တိုင်ခြိမ်းခြောက်ခြောက်လှန့်လျက်။ ဝါ၊ ရွာတို့၌ မီးကိုချခြင်း၏ အစွမ်းအားဖြင့် အိမ်အစရှိသည်တို့ကို မီးရှို့၍ ထိုမီးပုံ၌ ဆိတ်သတ္တဝါ, သိုးသတ္တဝါအစရှိသည်တို့ကို ကိုယ်တိုင် ချက်ပြုတ်ဖုတ်ကင်လျက်။ ပါစေန္တော၊ ဥစ္စာဒဏ်, တုတ်ဒဏ်ဖြင့် သူတစ်ပါးကို နှိပ်ကွပ်စေလျက်။ ဝါ၊ သူတစ်ပါးကို ခြိမ်းခြောက် ခြောက်လှန့်စေလျက်။ ဝါ၊ ရွာတို့၌ မီးကိုချခြင်း၏ အစွမ်းအားဖြင့် အိမ် အစရှိသည်တို့ကို မီးရှို့၍ ထိုမီးပုံ၌ ဆိတ်သတ္တဝါ, သိုးသတ္တဝါအစရှိသည်တို့ကို သူတစ်ပါးကို ချက်ပြုတ် ဖုတ်ကင်စေလျက်။ ဂါမနိဂမရာဇဓာနီသု၊ ရွာနိဂုံးမင်းနေပြည်တို့၌။ အာဟိဏ္ဍိဿာမိ၊ လှည့်လည်ရပါအံ့နည်း။ ဝါ၊ လှည့်လည်နိုင်ပါအံ့နည်း။ ဣတိဧဝံအယံက္ကူဆွာ၊ ဤသို့သော အလိုသည်။ ဟောတိ၊ ၏။ သော မဟာစောရော၊ သည်။ ပုဗ္ဗဘာဂေ၊ ၌။ ဧဝံ၊ ဤသို့ ကုဒါသုနာမ အစရှိသော အခြင်းအရာအားဖြင့်။ စိန္တေတွာ၊ ၍။ အပရေန၊ တစ်ပါးသောအဖို့ဖြစ်သော။ သမယေန၊ အခါ၌။

အနုက္ကမေန၊ အစဉ်အားဖြင့်။ ဖရိယံ၊ ပရိုသတ်ကို။ ဝစ္စုဇန္တော၊ တိုးပွားစေလျက်။ ပန္တဒုဟနကမ္မာဗိန္ဒိ၊ လမ်းခရီး၌ လုယက်တိုက်ဖျက်မှု အစရှိသည့်ဘို့ကို။ ကတွာ၊ ၍။ ဝေပုလ္လပတ္တာပရိသော၊ ပြန့်ပြောသည်၏အဖြစ်သို့ရောက်သောပရိသတ်ရှိသည်။ ဟုတွာ၊ ၍။ သတေနဝါ၊ သည်မှုလည်းကောင်း။ သဟဿေနဝါ၊ သည်မှုလည်းကောင်း။ ပရိဝုတော၊ အပ်သည်။ ဟုတွာ၊ ၍။ ဂါမေပိ၊ ရွာတိုက်မှုလည်း။ အဂါမေ၊ ရွာမဟုတ်သည်တို့ကို။ ဇနပဒေပိ၊ တိုက်မှုလည်း။ အဇနပဒေ၊ ဇနပုဒ် မဟုတ်သည်တို့ကို။ ကတွာ၊ ပြု၍။ ဟနန္တော၊ လျက်။ ဃာတေန္တော၊ လျက်။ ဆိန္ဒန္တော၊ လျက်။ ဆေဒါပေန္တော၊ စေလျက်။ ပစန္တော၊ လျက်။ ပါစေန္တော၊ စေလျက်။ ဂါမနိဂမရာဇဓာနီသု၊ တို့၌။ အာဟိဏ္ဍတိ၊ လှည့်လည်၏။

ဘိက္ခဝေ၊ တို့။ ဧဝမေဝခေါ၊ အတူသာလျှင်။ ဣမေသ္မိံ သာသနေ၊ ဤ ငါဘုရားသာသနာတော်၌။ ကေစ္စဿ၊ သော။ ပါပဘိက္ခုနော၊ ယုတ်မာသောရဟန်းအား။ ပုဗ္ဗာဘာဂေ၊ ရွာ နိဂုံး မင်းနေပြည်တို့၌ ဒေသစာရီမလှည့်လည်မီ ရှေ့အဖို့ဖြစ်သော ကာလ၌။ ဧဝံ အယံ္ကုစ္စာ၊ သည်။ ဟောတိ၊ ၏။ ကာလ္လစ္စာ၊ သည်။ ဟောတိ၊ နည်း။ အဿု၊ စင်စစ်။ အဟံ၊ သည်။ ကုဒါနာမ၊ ၌။ သတေနဝါ၊ တစ်ရာအတိုင်းအရှည်ရှိသော နောက်လိုက်နောက်ခံခြံရံသောင်းဖြောင်း ရဟန်းအပေါင်းသည်မှု လည်းကောင်း။ သဟဿေနဝါ၊ တစ်ထောင်အတိုင်းအရှည် ။ပ။ မှုလည်းကောင်း။ ပရိဝုတော၊ အပ်သည်။ ဟုတွာ၊ ၍။ ဂဟဋ္ဌာနဉ္စေဝ၊ လူတို့သည်လည်းကောင်း။ ပဗ္ဗဇိတာနဉ္စေဝ၊ ရှင် ရဟန်းတို့သည်လည်းကောင်း။ သက္ကတော၊ ကောင်းစွာပြုအပ်သည်။ ဝါ၊ ကောင်းစွာပြုအပ်သည်၏အဖြစ်သို့ရောက်သည်။ ဝါ၊ ကောင်းစွာပြုပြင်စီရင်အပ်ကုန်သော ပစ္စည်းလေးပါးတို့ကို ပေးလှူရာသည်။ ဂရုကတော၊ ကျောက်ထီးတန္တုအလေးအမြတ်ပြုအပ်သည်။ ဝါ၊ ကျောက်ထီးတန္တုအလေးအမြတ်ပြုအပ်သည်၏ အဖြစ်သို့ရောက်သည်။ ဝါ၊ ကျောက်ထီးတန္တု အလေးအမြတ်ပြု၍ ပစ္စည်းလေးပါးတို့ကို ပေးလှူရာသည်။ မာနိတော၊ စိတ်ဖြင့် ချစ်မြတ်နိုးအပ်သည်။ ပူဇိတော၊ ကောင်းစွာပြုခြင်း ကျောက်ထီးတန္တု အလေးအမြတ်ပြုခြင်း စိတ်ဖြင့်ချစ်မြတ်နိုးခြင်းတို့ဖြင့် ပူဇော်အပ်သည်။ ဝါ၊ ပစ္စည်းလေးပါးတို့ကို ရှေးရှုဆောင်၍ ပူဇော်ခြင်းဖြင့် ပူဇော်အပ်သည်။ အပစိတော၊ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အစရှိသည့်တို့၏ အစွမ်းအားဖြင့် အလွန်ဘက် နှိမ့်ချတုပ်ဝပ်သည်၏ အဖြစ်တည်းဟူသော အမှုအရာကိုပြုရာသည်။ ဟုတွာ၊ ၍။ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ရောဂါ၏ ဆန့်ကျင်ဘက်ဖြစ်သော အသက်၏ အရံအတား အဆောက်အဦးဖြစ်သော ဆေးတို့ကို။ လာဘီ၊ ရသည်။ ဝါ၊

ရခြင်းရှိသည်။ ဟုတွာ၊ ၍။ ဂါမနိဂမရာဇဓာနီသု၊ တို့၌။ စာရိကံ၊ ဒေသ စာရီကို။ စရိဿာမိ၊ လှည့်လည်ရပါအံ့နည်း။ ဝါ နိုင်ပါအံ့နည်း။ ဣတိ ဧဝံ အယံကုစ္ဆာ၊ သည်၊ ဟောတိ၊ ၏။

သောပါပဘိက္ခု၊ ထိုယုတ်မာသော ရဟန်းသည်။ ဧဝံ၊ ဤသို့ ကုဒါဿုနာမ အစရှိသော စကားအစဉ်ဖြင့်။ စိန္တေတွာ၊ ကြံစည်၍။ အပရေန၊ နောက်အဖို့ဖြစ်သော။ သမယေန၊ ၌။ အနုက္ကမေန၊ အားဖြင့်။ သိက္ခာယ၊ သိက္ခာသုံးပါး၌။ အတိဗ္ဗဂါရဝေ၊ ထက်သန်သော ရိုသေခြင်း မရှိကြကုန်သော။ ဝါ၊ ထက်သန်သော ဂါရဝမင်္ဂလာ မရှိကြကုန်သော။ ဥဒ္ဓတေ၊ ပျံ့လွင့်တတ်ကုန်သော။ ဝါ၊ မအပ်သောဝတ္ထု၌အပ်သောဝတ္ထုဟုအမှတ်သညာရှိသည်၏အဖြစ်အစရှိသည်ဖြင့် ပျံ့လွင့်တတ်သော သဘောရှိကုန်သော။ ဥန္နဠေ၊ လေလွင့်သဖြင့်အထက်သို့တလွှားလွှားတက်သောကျူရိုးကဲ့သို့ အချည်းနှီးသော မာန်မူခြင်း ရှိကုန်သော။ စပလေ၊ သပိတ်ကို တန်ဆာဆင်ခြင်း အစရှိသည်ဖြင့် လျှပ်ပေါ်လော်လီသည်၏ အဖြစ်နှင့်ယှဉ်ကုန်သော။ မုခရေ၊ ကြမ်းတမ်းသော နှုတ်ရှိကြကုန်သော။ ဝါ၊ ကြမ်းတမ်းသောစကား ရှိကြကုန်သော။ ဝိကိဏ္ဏဝါစေ၊ ဖရိုဖရဲ ပြန့်ကြဲသော စကားရှိကြကုန်သော။ ဝါ၊ စောင့်စည်းအပ်သော နှုတ်မရှိကြကုန်သည်ဖြစ်၍ တစ်နေ့ပတ်လုံးလည်း အနက်ကွာကင်း ဗလာကျင်းသည့် စကားဖျင်းကိုသာ ပြောဆိုလေ့ရှိကြကုန်သော။ မုဋ္ဌဿတီ၊ ကင်းလွတ်ပျောက်ပျက်သော သတိတရား ရှိကြကုန်သော။ ဝါ၊ သတိတရားမှ ကင်းကွာပလပ် ကြကုန်သော။ အသမ္ပဇာနေ၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော သမ္ပဇဉ်ဉာဏ် ပညာမရှိကုန်သော။ ပါကတိန္ဒြိယေ၊ စောင့်စည်းခြင်း သံဝရတရား မရှိသည်၏အဖြစ်ဖြင့် လူဖြစ်စဉ်ကာလတုန်းကကဲ့သို့ ဟင်းလင်းဖွင့်အပ်သည်ဖြစ်၍ အပွင့်အပြင်မရှိ ပကတိသော ဣန္ဒြေရှိကြကုန်သော။ အာစရိယုပဇ္ဈာယေဟိ၊ ဆရာဥပဇ္ဈာယ်တို့သည်။ ပရိစ္စတ္တကေ၊ အာမိသ-နုဂ္ဂဟ ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ခြင်းကင်းသဖြင့် စွန့်လွှတ်ထားအပ်ကုန်သော။ လာဘဂရုကေ၊ လာဘ်လာဘကိုသာ အလေးပြုတတ်ကုန်သော။ ပါပဘိက္ခူ၊ တို့ကို။ သင်္ဂဏှိတွာ၊ သိမ်းကြုံးရုံးစု၍။ ဣရိယာပထသဏ္ဌာပနာဒီနိ၊ ဣရိယာပုတ်ကို ကောင်းစွာထားခြင်း အစရှိကုန်သော။ ဝါ၊ ဣရိယာပုတ်ကိုကောင်းစွာ ပြုပြင်ခြင်း အစရှိကုန်သော။ ကုဟကဝတ္တာနိ၊ ကုဟကဝတ်တို့ကို။ ဝါ၊ လူတို့အား အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောဝတ်အကျင့်တို့ကို။ သိက္ခာပေတွာ၊ သင်ပြ၍။ လောကသမ္မတသေနာသန သံဝဏ္ဏနာဒီဟိ၊ စိတ္တလပဗ္ဗတ အစရှိသော ကျောင်းကြီးများကဲ့သို့ တင့်တယ်ဆန်းပြား ခမ်းနားကြီးကျယ်ပါပေ၏ ဟူ၍ လူတို့သည် သမုတ်အပ်သော ကျောင်းဖြင့် ချီးမွမ်းခြင်း အစရှိကုန်သော။ ဥပါယေဟိ၊ အကြောင်းဥပါယ်တို့ဖြင့်။ လောကံ၊ လူအပေါင်းကို။ ပရိပါစေတုံ

ညွတ်စေခြင်းငှာ။ ပဋိဗလေဟိ၊ စွမ်းနိုင်ကုန်သော။ ဇာတကာဒီသု၊ ဇာတ်အစ ရှိသည်တို့၌။ ကတပရိစယေဟိ၊ ပြုအပ်သော လေ့ကျက်ခြင်းရှိကုန်သော။ သရသမ္ပန္နေဟိ၊ အသံနှင့်ပြည့်စုံကုန်သော။ ပါပဘိက္ခူဟိ၊ တို့သည်။ သံဝဏ္ဏိယ မာနဂုဏော၊ ချီးမွမ်းအပ်သော ဂုဏ်ရှိသည်။ ဟုတ္ဝာ၊ ၍။ သတေနဝါ၊ သည်မူလည်းကောင်း။ သဟဿေနဝါ၊ သည်မူလည်းကောင်း။ ပရိဝုတော၊ အပ်သည်။ ဟုတွာ၊ ၍။ ဂဟဋ္ဌာနုဒ္ဒေဝ၊ တို့သည်လည်းကောင်း။ ပဗ္ဗဇိတာနဥ္စ၊ ထိုသည်လည်းကောင်း။ သက္ကတော၊ အပ်သည်။ ဂရုကတော၊ အပ်သည်။ မာနိတော၊ အပ်သည်။ ပူဇိတော၊ အပ်သည်။ အပစိတော၊ အပ်သည်။ ဟုတွာ၊ ၍။ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရာနံ၊ တို့ကို။ လာဘီ၊ သည်။ ဟုတွာ၊ ၍။ ဂါမနိဂမရာဇဓာနီသု၊ ရွာ နိဂုံး မင်းနေပြည်တို့၌။ စရတိ၊ လှည့်လည်၏။ ဘိက္ခဝေ၊ တို့။ ပဌမော၊ ရှေးဦးစွာ ဖြစ်သော။ ဝါ၊ ပဌမတန်းစားဖြစ်သော။ အယံမဟာစောရော၊ သည်။ လောကသ္မိံ၊ ၌။ သန္တော၊ ထင်ရှားလည်းရှိ၏။ ပဌမော၊ သော။ အယံမဟာစောရော၊ ကို။ သံဝိဇ္ဇမာနော၊ ထင်ရှားရှိသည့်အတိုင်း ရလည်းရအပ်၏။ ဝါ၊ သိလည်း သိအပ်၏။

ဘိက္ခဝေ၊ တို့။ ပုန၊ တစ်ဖန်။ အပရံ၊ တစ်မျိုးသော။ မဟာစောရဥ္စ၊ ခိုးသူကြီးကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဘာသိဿာမိ၊ ဟောပြတော်မူဦးအံ့။ တုမ္ဟေ၊ သင်တို့သည်။ သုဏာထ၊ နာကြကုန်လော့။ ဣဓလောကသ္မိံ သာသနေ၊ ဤငါဘုရားသာသနာတော်၌။ ဧကစ္စော၊ အချို့သော။ ပါပဘိက္ခု၊ ယုတ်မာသောရဟန်းသည်။ တထာဂတပ္ပဝေဒိတံ၊ ငါဘုရားသည် ထိုးထွင်း၍သိအပ်သော။ ဝါ၊ ငါဘုရားသည် မျက်မှောက်ပြုအပ်သော။ ဝါ၊ ငါဘုရားသည် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ကို သိစေတော်မူအပ်သော။ ဓမ္မဝိနယံ၊ သုတ် အဘိဓမ္မာ ဝိနည်းကို။ ပရိယာပုဏိတွာ၊ သင်ယူ၍။ အာစရိယံ၊ ဆရာကို။ အနုဒ္ဒိသိတွာ၊ မညွှန်းမပြမူ၍။ အတ္တနော၊ မိမိအား။ ဝါ၊ မိမိ၌။ ဒဟတိ၊ ထား၏။ ဘိက္ခဝေ၊ တို့။ ဒုတိယော၊ နှစ်ယောက်တို့၏ပြည့်ကြောင်းဖြစ်သော။ ဝါ၊ နှစ်ယောက်မြောက်သော။ မဟာစောရော၊ ခိုးသူကြီးသည်။ ဝါ၊ ကို။ လောကသ္မိံ၊ သတ္တလောက၌။ သန္တော၊ ထင်ရှားလည်းရှိ၏။ သံဝိဇ္ဇမာနော၊ ထင်ရှားရှိသည့်အတိုင်း ရလည်း ရအပ်၏။ ဝါ၊ သိလည်းသိအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန၊ တစ်ဖန်။ မဟာစောရဥ္စ၊ ကိုလည်း။ အဟံ၊ သည်။ ဒေသေဿာမိ၊ ဟောကြားတော်မူဦးအံ့။ တုမ္ဟေ၊ တို့သည်။ သုဏာထ၊ ကုန်လော့။ ဣဓလောကသ္မိံ သာသနေ၊ ၌။ ဧကစ္စော၊ သော။ ပါပဘိက္ခု၊ သည်။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သော။ ပြဟ္မစရိယံ၊ မြတ်သော

အကျင့်ကို။ စရန္တံ၊ ကျင့်သော။ သုဒ္ဓံ၊ ကိလေသာအာသဝေါတို့မှ စင်ကြယ်သော။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ရဟန္တာပုဂ္ဂိုလ်ကို။ အမူလကေန၊ မြင်ခြင်း ကြားခြင်း ရှိရှာခြင်း အလျှင်းမရှိသော။ အဗြဟ္မစရိယေန၊ မမြတ်သောအကျင့်ဟု ဆိုအပ်သော ပါရာဇိကဝတ္ထုဖြင့်။ အနုဒ္ဓံသေတိ၊ စွပ်စွဲနှိပ်စက်ဖျက်ဆီး၏။ ဘိက္ခဝေ၊ တို့။ ဘတိယော၊ သုံးယောက်တို့၏ မြည့်ကြောင်းဖြစ်သော။ အယံမဟာစောရော၊ သည်။ ဝါ၊ ကို။ လောကသ္မိံ၊ ၌။ သန္တော၊ ရှိ၏။ သံဝိဇ္ဇမာနော၊ အပ်၏။

ဘိက္ခဝေ၊ တို့။ ပုန၊ တစ်ဖန်။ အပရံ၊ တစ်မျိုးသော။ မဟာစောရဿ၊ ကိုလည်း။ အပါ၊ သည်။ ဒေသေယာမိ၊ အံ့။ တုမှေ၊ တို့သည်။ သုဏာထ၊ ကုန်လော့။ ဣဓလောကသ္မိံ သာသနေ၊ ၌။ ဧကစ္စော၊ သော။ ပါပဘိက္ခု၊ သည်။ သံဃဿ၊ ၏။ ယာနိတာနိဂရုဘဏ္ဍာနိ၊ အကြင်မစွန့်အပ်,သင့်,ထိုက်သည်၏အဖြစ်ကြောင့် ရအပ်သောအမည်ရှိသော ဂရုဘဏ်တို့သည်။ ယာနိတာနိဂရုပရိက္ခာရာနိ၊ အကြင် မဝေဖန်အပ် မဝေဖန်သင့် မဝေဖန်ထိုက်ကုန်သောလေးသော ပရိက္ခရာတို့သည်။ သန္တိ၊ ကုန်၏။ ဣဒံဣမာနိဂရုဘဏ္ဍာဂရုပရိက္ခာရာနိ၊ ဤ ဂရုဘဏ် ဂရုပရိက္ခရာတို့ဟူကုန်သည်။ သေယျထာ ကတမာနိ၊ အဘယ်သည်တို့နည်း။ အာရာမော၊ အာရာမ်သည်လည်းကောင်း။ အာရာမဝတ္ထု၊ အာရာမ်ရာသည်လည်းကောင်း။ ဝိဟာရော၊ ကျောင်းသည်လည်းကောင်း၊ ဝိဟာရဝတ္ထု၊ ကျောင်းရာသည်လည်းကောင်း။ မဉ္စော၊ ညောင်စောင်းသည်လည်းကောင်း။ ပီဌံ၊ အင်းပျဉ်သည်လည်းကောင်း။ ဘိသိ၊ ဘုံလျှိုသည်လည်းကောင်း။ ဝါ၊ ဖုန် မွေ့ရာ သည်လည်းကောင်း။ ဗိမ္ဗောဟနံ၊ အုံးသည်လည်းကောင်း၊ လောဟကုမ္ဘီ၊ ကြေးသံဖြင့်ပြီးသော အိုးသည်လည်းကောင်း။ လောဟဘာဏကံ၊ ကြေးသံဖြင့်ပြီးသော အိုးစရည်းကြီးသည်လည်းကောင်း။ လောဟဝါရကော၊ ကြေးသံဖြင့်ပြီးသော အင်တုံသည်လည်းကောင်း။ ဝါ၊ ကြေးသံဖြင့်ပြီးသော အင်တုံသည်လည်းကောင်း။ လောဟကဋာဟံ၊ ကြေးသံဖြင့်ပြီးသော ဖျဉ်းအိုးသည်လည်းကောင်း။ ဝါသိ၊ ပဲခွပ်သည်လည်းကောင်း။ ပရသု၊ ပေါက်ဆိန်သည်လည်းကောင်း။ ကုဓာရိ၊ ဓားမသည်လည်းကောင်း၊ ကုဒါလော၊ ပေါက်တူးသည်လည်းကောင်း။ နိခါဒနံ၊ ဆောက်သည်လည်းကောင်း။ ဝလ္လိ၊ နွယ်သည်လည်းကောင်း။ ဝေဠု၊ ဝါးသည်လည်းကောင်း။ မုဉ္ဇံ၊ ဖြူဆံမြက်သည်လည်းကောင်း။ ပဗ္ဗဇံ၊ ပြိန်းမြက်သည်လည်းကောင်း။ တိဏံ၊ ဖြူဆံမြက်ပြိန်းမြက်တို့မှ ကြွင်းသော သက်ငယ်မြက်သည်လည်းကောင်း။ မတ္တိကာ၊ မြေညက်သည်လည်းကောင်း။ ဒါရုဘဏ္ဍံ၊ သစ်ဘဏ္ဍာသည်လည်းကောင်း။ မတ္တိကာဘဏ္ဍံ၊ မြေဘဏ္ဍာသည်လည်းကောင်း။ ဂရုဘဏ္ဍာဂရုပရိက္ခာရာနိ၊ ဂရုဘဏ်ဂရုပရိက္ခရာတို့မည်ကုန်၏။ ဣတိဣမာနိ၊ ဂရုဘဏ် ဂရုပရိက္ခရာတို့ဟူကုန်သည် ဤသည်တို့

ပင်တည်း။ သောပါပဘိက္ခု၊သည်။ တေဟိ ဂရုဘဏ္ဍဂရုပရိက္ခာရေဟိ၊ ထိုဂရုဘဏ် ဂရုပရိက္ခရာတို့ဖြင့်။ ဂိဟိံ၊ လူကို။ သင်္ဂဏှာတိ၊ ချီးမြှောက်တတ်၏။ တစ်နည်း။ ။တေဟိဂရုဘဏ္ဍ ဂရုပရိက္ခာရေဟိ၊တို့ကို။ဒတွာ၊ပေး၍။ဂိဟိံ၊ကို။ သင်္ဂဏှာတိ၊ချီးမြှောက်သင်္ဂြိုဟ်တတ်၏။ဥပလာပေတိ၊ ဖျားယောင်းသွေးဆောင်တတ်၏။ ဘိက္ခဝေ၊ တို့။ စတုတ္ထော၊ လေးယောက်တို့၏ ပြည့်ကြောင်းဖြစ်သော။ အယံမဟာစောရော၊ သည်။ ဝါ၊ ကို။ လောကသ္မိံ၊ ၌။ သန္တော၊ ရှိ၏။ သံဝိဇ္ဇမာနော၊ အပ်၏။

ဘိက္ခဝေ၊ တို့။ ယောပါပဘိက္ခု၊ သည်။ အသန္တံ၊ မိမိသန္တာန်၌ ထင်ရှားမရှိသော။ အဘူတံ၊ မိမိ၌မဖြစ်ဖူးသော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဥလ္လပတိ၊ ဝါ ကြွားပလွား လှည့်စားပြောဆိုတတ်၏။ ဝါ၊ ကျော်စောထင်ရှားသော သီလအသက်ရှိသေးသည်ဖြစ်၍ ပြောဆို၏။ အယံပါပဘိက္ခု၊ ဤ မိမိသန္တာန်၌ ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ဝါကြွားပလွား လှည့်စားပြောဆိုတတ်သောယုတ်မာသောရဟန်းသည်။ သဒေဝကေ၊ အောက်ကာမာဝစရနတ်ပြည် ငါးထပ်နှင့်တကွဖြစ်သော။ သမာရကေ၊ ဝသဝတ္တီမာရ်မင်းပြည်နှင့်တကွဖြစ်သော။သဗြဟ္မကေ၊ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့်တကွဖြစ်သော။ လောကေ၊ဩကာသလောက၌လည်းကောင်း၊ သဿမဏဗြာဟ္မဏိယာ၊ ကိလေသာကို ငြိမ်းစေတတ်သည်၏အဖြစ်ကြောင့် သမဏ, မကောင်းမှုကိုအပပြုတတ်သည်၏အဖြစ်ကြောင့် ဗြာဟ္မဏဟူ၍ရအပ်သောအမည်ရှိကုန်သောရဟန္တာပုဂ္ဂိုလ်တို့နှင့်တကွဖြစ်သော။ ဝါ၊ သာသနဋ္ဌောဂတ သာသနပစ္စတ္ထိကဖြစ်ကုန်သော ရဟန်း ပုဏ္ဏားတို့နှင့် တကွ ဖြစ်ကုန်သော။ ပဇာယ၊ သတ္တလောက၌လည်းကောင်း။ အဂ္ဂေါ၊ လေးယောက်သောခိုးသူကြီးတို့ထက် ကဲလွန်ပိုမောက်သော။ မဟာစောရော၊ ခိုးသူကြီးသည်။ ဟောတိ၊ ၏။ အယံအဂ္ဂေါမဟာစောရော ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံဥလ္လပတီတိ၊ ဟူ၍။ ယံဝစနံ၊ ကို။ မယာ၊ ငါတို့သည်။ အဝေါစုံမှ၊ မိန့်ဆိုတော်မူခဲ့ကုန်၏။ တံဝစနံ၊ ကို။ မယာ၊တို့သည်။ကိံသဟေတု၊အဘယ်အကြောင်းကြောင့်။ အဝေါစုံမှ၊ မိန့်ဆိုတော်မူခဲ့ကုန်သနည်း။ ဣတိ၊ သို့။ ကောစိ၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်။ စေပုစ္ဆေယျ၊ အကယ်၍ မေးခဲ့ငြားအံ့။ ဧဝံသတိ၊ ဤသို့ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကမေးခဲ့သည်ရှိသော်။ ဧဝံ၊ ဤသို့ မိန့်ဆိုတော်မူအပ်လတ္တံ့သောနည်းဖြင့်။ မယာ၊ တို့သည်။ ဝိဿဇ္ဇေယျာမ၊ ဖြေဆိုတော်မူကုန်ရာ၏။ ကိံ ဝိဿဇ္ဇေယျာမ၊ ကုန်ရာသနည်း။

ဘိက္ခဝေ၊ တို့။ ယသ္မာ၊ ကြောင့်။ အသန္တံ၊ သော။ အဘူတံ၊ ဖူးသော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဥလ္လပန္တေန၊ ဝါကြွားပလွား လှည့်စားပြောဆိုသော။ တေနပါပဘိက္ခုနာ၊ သည်။ ထေယျာယ၊ ခိုးဝှက်သဖြင့်။ ဝါ၊ ခိုးတတ်သော သူ၏ အဖြစ်တည်းဟူသောစိတ်ဖြင့်။ ရဋ္ဌပိဏ္ဍော၊ တိုင်းသူပြည်သား လူအများ

တို့၏ဆွမ်းကို။ ဘုတ္တော၊ စားအပ်၏။ တသ္မာ၊ ကြောင့်။ အယံအဂ္ဂေါ မဟာစောရော။ပ။ ဥလ္လပတီတိ၊ဟူ၍။ တံဝစနံ၊ ကို။ မယံ၊ တို့သည်။ အဝေါစုမှ၊ မိန့်ဆိုတော်မူခဲ့ကုန်၏။ ဣတိ၊ သို့။ ဝိသဇ္ဇေယျာမ၊ ဖြေဆိုတော်မူကုန်ရာ၏။

[ငုဒ်းအနက် ယောဇနာနည်းကား အဋ္ဌကထာနည်းတည်း။]

တစ်နည်း။ ။တံ သောပါပဘိက္ခု၊ ထိုမိမိသန္တာန်၌ ထင်ရှား မရှိသော ဥတ္တရိမနုဿဓမ္မကို ဝါကြွားပလွှား လှည့်စားပြောဆိုသော ယုတ်မာသော ရဟန်းသည်။ ကိဿဟေတု၊ ကြောင့်။ အဂ္ဂေါ၊ သော၊ မဟာစောရော၊ သည်။ ဟောတိ၊ ဖြစ်ရလေဘိသနည်း။ ဘိက္ခဝေ၊ တို့။ ဟိယသ္မာ၊ ကြောင့်။ အသန္တံ၊ သော။ အဘူတံ၊ သော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဥလ္လပန္တေန၊ ဝါကြွားပလွှား လှည့်စားပြောဆိုသော။ တေနပါပဘိက္ခုနာ၊ သည်။ ထေယျာယ၊ ဖြင့်။ ဝါ၊ သဖြင့်။ ရဋ္ဌပိဏ္ဍော၊ ကို။ ဘုတ္တော၊ စားအပ်၏။ တသ္မာ၊ ကြောင့်။ တံ သော ပါပဘိက္ခု၊ ထိုမိမိသန္တာန်၌ ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ဝါကြွားပလွှား လှည့်စားပြောဆိုသောရဟန်းသည်။ အဂ္ဂေါ၊ သော။ မဟာစောရော၊ သည်။ ဟောတိ၊ ဖြစ်ရလေ၏၊ ဣတိ၊ သို့။ အဝေါစ၊ မိန့်တော်မူလေပြီ။

ဣတိ၊ သို့။ ဝတွာ၊ ဟောတော်မူပြီး၍။ တမေဝအတ္ထံ၊ ထိုစုဏ္ဏိယဝါကျ၏ အနက်ကိုပင်။ ဝိဘူတတရံ၊ အထူးသဖြင့်ထင်ရှားသည်ကို။ ဝါ၊ အောင်။ ကရောန္တော၊ ပြုတော်မူလိုသည်၏ အဖြစ်ကြောင့်။ ဝါ၊ သော။ ဘဂဝါ၊ သည်။ ဣမာဂါထာယော၊ ဤဂါထာတို့ကို။ အာဟ၊ ဟောတော်မူလေပြီ။ ကိံ အာဟ၊ သနည်း။

## ဂါထာအနက်

ယောပါပဘိက္ခု၊ သည်။ အညထာအညေန အာကာရေန၊ ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သောကိုယ်အကျင့် အစရှိသောအခြင်းအရာမှတစ်ပါးသော ထက်ဝန်းကျင်မှ မသန့်ရှင်း မစင်ကြယ်သော ကိုယ်အကျင့် အစရှိသော အခြင်းအရာအားဖြင့်။ သန္တံ၊ ဖြစ်နေသော။ အတ္တာနံ၊ မိမိကိုယ်ကို။ အညထာ၊ ထက်ဝန်းကျင်မှ မသန့်ရှင်းမစင်ကြယ်သော ကိုယ်အကျင့် အစရှိသော အခြင်းအရာမှ တစ်ပါးသောထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သော ကိုယ်အကျင့် အစရှိသော အခြင်းအရာအားဖြင့်။ ပဝေဒယေ ပဝေဒေယျ၊ ငါသည် အလွန် သန့်ရှင်းစင်ကြယ်၏, ငါ၏ကိုယ်တွင်း၌ လောကုတ္တရာတရားရှိ၏ဟူ၍ တိုင်းသူ ပြည်သား လူအများတို့အား ပြောကြားသိစေငြားအံ့။ ပဝေဒေတွာစ၊ ငါသည် အလွန်ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်၏, ငါ၏ကိုယ်တွင်း၌ လောကုတ္တရာ

တရားရှိ၏ဟူ၍ တိုင်းသူပြည်သား လူအများတို့အား ပြောကြား သိစေပြီး၍လည်း။ တာယပဝေဒနာယ၊ ထိုငါသည် အလွန်ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်၏။ ပ။ ပြောကြားသိစေခြင်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဘောဇနံ၊ ဘောဇဉ်ကို။ ဘုဥ္ဇတိ၊ရဟန္တာမဟုတ်ဘဲလျက် ရဟန္တာကဲ့သို့ သုံးဆောင်ငြားအံ့။ ကိတဝဿ၊ ချုံသစ်ပင်ငယ်မဟုတ်ဘဲလျက် မိမိကိုယ်ကို သစ်ခက်စသည် ဖုံးလွှမ်းသဖြင့် ချုံသစ်ပင်ငယ်ကဲ့သို့ လှည့်ပတ်စဉ်းလဲ ကောက်ကျစ်တတ်သော ငှက်မုဆိုး၏။ နိကစ္စ၊ လှည့်ပတ်စဉ်းလဲကောက်ကျစ်၍။ သကုဏဂ္ဂဟဏံ၊ ချုံအမှတ်သစ်ပင်ငယ်အမှတ်ဖြင့် လာတိုင်းလာတိုင်းကုန်သောငှက်တို့ကိုဖမ်းယူခြင်းသည်။ နိကစ္စ၊ ၍။ ဂဟိတတ္တာ၊ ယူအပ်ကုန်သည်၏အဖြစ်ကြောင့်။ ထေယျေန၊ ခိုးဝှက်သဖြင့်။ ဝါ၊ ခိုးလိုသောစိတ်ဖြင့်။ ဂဟဏံနာမ၊ ဖမ်းယူခြင်းမည်သည်။ ဟောတိယထာဝ၊ ဖြစ်သကဲ့သို့။ တဿအပိမါပဘိက္ခုနော၊ ထိုလူတို့ကို ကောက်ကျစ်စဉ်းလဲ၍ ရအပ်သောဘောဇဉ်ကို ရဟန္တာကဲ့သို့ သုံးဆောင်သော ယုတ်မာသောရဟန်း၏လည်း။ ဝါ၊ ရဟန်းယုတ်၏လည်း။ တံဘုတ္တံ၊ ထိုလူတို့ကို ကောက်ကျစ်စဉ်းလဲ၍ ရအပ်သော ဘောဇဉ်ကို သုံးဆောင်ခြင်းသည်။ မနုဿေ၊ လူတို့ကို။ ဝဉ္စေတွာ၊ စဉ်းလဲကောက်ကျစ်၍။ လဒ္ဓဿ၊ ရအပ်သော။ ဘောဇနဿ၊ ၏။ ဝါ၊ ကို။ ဘုတ္တတ္တာ၊ စားအပ်သည်၏ အဖြစ်ကြောင့်။ ထေယျေန၊ သဖြင့်။ ဘုတ္တံနာမ၊ သုံးဆောင်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။

ကာသာဝကဏ္ဌာ၊ ဖန်ရည်စွန်းသောအဝတ်ဖြင့် ရစ်ပတ်အပ်သော လည်ရှိကြကုန်သော။ ဝါ၊ ဖန်ရည်စွန်းသောအဝတ်ကို လည်ရောက်ကြကုန်သော။ ဗဟဝေါ၊ များစွာကုန်သော။ ပါပဓမ္မာ၊ ယုတ်မာသောအကျင့်တရား ရှိကြကုန်သော။ အသညတာ၊ ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် မစောင့်စည်းကြကုန်သော။ ဝါ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးခြင်း မရှိကြကုန်သော။ ယေပါပါ၊ အကြင်ယုတ်မာစွာလှ အကံပုဂ္ဂိုလ်တို့သည်။ ဣမံအတ္တဘာဝံ၊ ဤအကြောင်းထူး အကျိုးထူးကို။ အဇာနန္တာ၊ ဤအကြောင်းကြောင့် ဤအကျိုးဖြစ်တတ်သည်ဟု မသိမလိမ္မာကြကုန်သည်။ ဟုတွာ၊ ကုန်၍။ ဧဝံ၊ ဤသို့ ဤပုံ လှည့်ပတ်စဉ်းလဲ၍။ လဒ္ဓဘောဇနံ၊ ရအပ်သောဘောဇဉ်ကို။ ဘုဥ္ဇန္တိ၊ သုံးဆောင်ကြကုန်၏။ တေပါပါ၊ ထိုလှည့်ပတ်စဉ်းလဲ၍ ရအပ်သောဘောဇဉ်ကို သုံးဆောင်ကြကုန်သော ယုတ်မာစွာလှ အကံပုဂ္ဂိုလ်တို့သည်။ ပါပေဟိ၊ ယုတ်မာကုန်သော။ ကမ္မေဟိ၊ ပြုစဉ်ကာလ၌ အပြစ်ကိုမမြင်မူ၍ ပြုအပ်ကုန်သော ပရမတ္ထန အစရှိကုန်သော အကုသိုလ်ကံတို့ကြောင့်။ နိရယံ၊ နိရယ်ဟုဆိုအပ်သော။ ဝါ၊ နိရဲဟုဆိုအပ်သော။ ဝါ၊ နရဲဟုဆိုအပ်သော။ ဝါ၊ ငရဲဟုဆိုအပ်သော။ ဝါ၊ သာယာအပ်သော ချမ်းသာမှကင်းသော။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝ၌။ ဥပပဇ္ဇရေ၊ ဖြစ်တတ်ကုန်၏။ ဝါ၊ ဖြစ်ကြကုန်လတ္တံ့။

အသညာတော၊ ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် မစောင့်စည်းသော။ ယော ပါပဘိက္ခု၊ သည်။ ဒုဿီလော၊ သီလကင်းမဲ့သည်။ သမာနော၊ ပါလျက်။ သီလဝါဝိယ၊ သီလရှိသကဲ့သို့။ ယံရဋ္ဌပိဏ္ဍံ၊ ကို။ စေဘုဉ္ဇေယျ၊ အကယ်၍ သုံးဆောင်ငြားအံ့။ ဧဝံသတိ၊ ဤသို့သီလကင်းမဲ့သည်ဖြစ်ပါလျက် သီလရှိသကဲ့သို့ တိုင်းသူပြည်သား လူအများတို့၏ ဆွမ်းကိုစားခဲ့သည်ရှိသော်။ တဿ ပါပဘိက္ခုနော၊ ၏။ သောရဋ္ဌပိဏ္ဍော စ၊ ထိုတိုင်းသူပြည်သား လူအများတို့၏ ဆွမ်းလည်း။ ဧကော၊ တစ်မျိုး။ ယောပါပဘိက္ခု၊ သည်။ တတ္တံ၊ လောလောပူသော။ အဂ္ဂိသိခူပမံ၊ မီးတောက်မီးလျှံလျှင် နှိုင်းယှဉ်ဖွယ်ဥပမာရှိသော။ ဝါ၊ မီးတောက်မီးလျှံနှင့်တူသော။ ယံအယောဂုဠံ၊ အကြွင်းသံတွေခဲကို။ စေဘုဉ္ဇေယျ၊ အကယ်၍ မျိုသုံးငြားအံ့။ ဧဝံသတိ၊ ဤသို့ လောလောပူသည်ဖြစ်၍ မီးတောက်မီးလျှံလျှင် နှိုင်းယှဉ်ဖွယ်ဥပမာရှိသော သံတွေခဲကို မျိုသုံးခဲ့သည်ရှိသော်။ တဿပါပဘိက္ခုနော၊ ၏။ သောအယောဂုဠော စ၊ ထိုသံတွေခဲလည်း။ ဧကော၊ တစ်မျိုး။ ဣတိ၊ သို့။ ဒွိသု၊ နှစ်ပါးကုန်သော။ တေသု ရဋ္ဌပိဏ္ဍအယောဂုဠေသု၊ ထိုတိုင်းသူပြည်သား လူအများတို့၏ ဆွမ်းသံတွေခဲတို့တွင်။ ဘုတ္တော၊ မျိုသုံးအပ်သော။ တတ္တော၊ သော။ အဂ္ဂိသိခူပမော၊ သော။ အယောဂုဠော ဧဝ၊ သံတွေခဲသည်သာလျှင်။ ဝါ၊ သံတွေခဲကသာလျှင်။ သေယျော၊ တိုင်းသူပြည်သား လူအများတို့၏ဆွမ်းထက် အထူးသဖြင့် ကောင်းချေသေးသည်။ ဝါ၊ တိုင်းသူပြည်သား လူအများတို့၏ဆွမ်းထက် အထူးသဖြင့် မွန်မြတ်ချေသေးသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အာဟ၊ ဟောတော်မူလေပြီ။

အထ၊ ဉ်။ ခေါ၊ စစ်။ ဘဂဝါ၊ သည်။ ဝဂ္ဂုမုဒါတီရိယေ၊ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ ဝါဆိုခဲ့ကြကုန်သော။ တေဘိက္ခူ၊ တို့ကို။ အနေကပရိယာယေန၊ ဖြင့်။ ဝိဂရဟိတွာ၊ ပြီး၍။ ဒုဗ္ဘရတာယ၊ ၏လည်းကောင်း။ ဒုပ္ပေါသတာယ၊ ၏လည်းကောင်း ။ပ။ ဘိက္ခဝေ၊ တို့။ ဧဝံပန၊ ဤသို့လျှင်။ ယော ပန ဘိက္ခု အနဘိဇာနံ ။ပ။ အယမ္ပိပါရာဇိကော ဟောတိ အသံဝါသောတိ၊ ဟူ၍။ ဝါ၊ ဟူသော။ ဣမံသိက္ခာပဒံ၊ ဤအကျိုးဆက်ဂုဏ်အင် အာနိသင်ရှိသော သိက္ခာပုဒ်ကို။ တုမှေ၊ တို့သည်။ ဥဒ္ဒိသေယျာထ၊ ကုန်လော့ ။ပ။ ပရေသံ၊ တို့အား။ ဝါစေယျာထ၊ ကုန်လော့။

ယော ပန ဘိက္ခု၊ သည်။ အနဘိဇာနံ အနဘိဇာနန္တော၊ မိမိ၌ ဥတ္တရိမနုဿဓမ္မ ထင်ရှားရှိသည်ကို မသိဘဲလျက်။ အလမရိယဉာဏဒဿနံ၊ ကိလေသာတို့ကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော မြတ်သောဉာဏ်အမြင်ရှိသော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ အတ္တုပနာယိကံ၊ မိမိ၌ ဥတ္တရိမနုဿဓမ္မကို ဆောင်သည်ကို။ ဝါ၊ မိမိကိုယ်ကို ဥတ္တရိမနုဿဓမ္မ၌ ဆောင်သည်ကို။ ဣတိဇာနာမိ၊ ဤသို့သော

အကြောင်းဖြင့် ဝါ သိ၏။ ကတိပဿာမိ၊ ဤသို့သော အကြောင်းဖြင့် ဝါ မြင်၏။ ဣတိ၊ သို့။ သမုဒါစရေယျ၊ ပြောဆိုငြားအံ့။ တထာ သမုဒါစရဏတော၊ ထိုသို့ပြောကြားပြီးသည်မှ။ အပရေန၊ တစ်ပါးသော အဖို့ဖြစ်သော။ သမယေန၊ ၌။ သမနုဂ္ဂါဟိယမာနော ဝါ၊ သူတစ်ပါးတို့မေး စိစစ်အပ်သော်လည်းကောင်း။ အသမနုဂ္ဂါဟိယမာနော ဝါ၊ သူတစ်ပါးတို့မမေး မစိစစ်အပ်သော် လည်းကောင်း။ အာပန္နော၊ အာပတ်သို့ရောက်ပြီးသည်။ ဟုတွာ၊ ၍။ ဝိသုဒ္ဓါပေက္ခော၊ ရောက်အပ်ပြီးသော အာပတ်မှ စင်ကြယ်ခြင်းကို အလိုရှိသည်။ ဟုတွာ၊ ၍။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ပြောဆိုငြားအံ့။ ကိံ၊ သို့။ ဝဒေယျ၊ သနည်း။ အာဝုသော၊ တို့။ အဇာနံ-ဧန္တော၊ ဥတ္တရိမနုဿဓမ္မ ထင်ရှားရှိသည်ကို မသိဘဲလျက်။ အဟံ၊ သည်။ ဇာနာမိ၊ သိ၏။ ဧဝံ၊ သို့။ အဝစံ၊ ပြောဆိုမိချေပြီ။ အပဿံ-ဧန္တော၊ ဥတ္တရိမနုဿဓမ္မကို မမြင်ဘဲလျက်။ အဟံ၊ သည်။ ပဿာမိ၊ မြင်၏။ ဧဝံ၊ ဤသို့။ အဝစံ၊ ချေပြီ။ အဟံ၊ သည်။ တုစ္ဆံ၊ အချည်းနှီးသော။ မုသာ၊ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်သော ဝတ္ထုကို။ ဝိလပိံ၊ ပြောဆိုမိချေပြီ။ ဣတိ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ငြားအံ့။ အယမ္ပိ ဘိက္ခု၊ သည်လည်း။ ပါရာဇိကော၊ သည်။ အသံဝါသော၊ သည်။ ဟောတိ၊ ၏။ ဣတိ ဥဒ္ဒိဋ္ဌသေယျာထ၊ ကုန်လော့ ။ပ။ ဝါစေယျာထ၊ ကုန်လော့။ ဧဝံ၊ သို့။ ဘဂဝတာ၊ သည်။ ဣဒဉ္စသိက္ခာပဒံ၊ သည်လည်း။ ဝါ၊ ကိုလည်း။ ဘိက္ခူနံ၊ တို့အား။ ပညတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ အပရမ္ပိ၊ တစ်ပါးလည်းဖြစ်သော။ အနုပညတ္တာယ၊ အနုပညတ်အကျိုးငှာ။ အဓိမာနဝတ္ထုဉ္စ၊ အဓိမာနဝတ္ထုသည်လည်း။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာပြီ။

၁၉၆။ ။ တေန ခေါပန သမယေန၊ ၌။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ အဒိဋ္ဌေ၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော မျက်စိဖြင့် မြင်အပ်ပြီးသည် မဟုတ်သည်၌။ ဒိဋ္ဌသညိနော၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော မျက်စိဖြင့် မြင်အပ်ပြီးဟု အမှတ်သညာရှိကြကုန်သည်။ အပတ္တေ၊ မိမိသန္တာန်၌ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ရောက်အပ်ပြီးသည် မဟုတ်သည်၌။ ပတ္တသညိနော၊ မိမိသန္တာန်၌ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် ရောက်အပ် ပြီးသည်ဟု အမှတ်သညာရှိကြကုန်သည်။ အနဓိဂတေ၊ မဂ္ဂဘာဝနာဖြင့် သိအပ်ပြီးမဟုတ်သည်၌။ ဝါ၊ မဂ္ဂဘာဝနာဖြင့် ရအပ်ပြီးမဟုတ်သည်၌။ အဓိဂတသညိနော၊ မဂ္ဂဘာဝနာဖြင့် သိအပ်ပြီးဟု အမှတ်သညာရှိကြကုန်သည်။ ဝါ၊ ကုန်သည်။ အသစ္ဆိကတေ၊ ထိုးထွင်း၍ သိအပ်ပြီးမဟုတ်သည်၌။ ဝါ၊ ပစ္စဝေက္ခဏာ၏ အစွမ်းအားဖြင့် မျက်မှောက်ပြုအပ်ပြီး မဟုတ်သည်၌။ သစ္ဆိကတသညိနော၊ ထိုးထွင်း၍ သိအပ်ပြီးဟု အမှတ်သညာ ရှိကြကုန်သည်။ ဝါ၊ ပစ္စဝေက္ခဏာ၏ အစွမ်းအားဖြင့် မျက်မှောက်ပြုအပ်ပြီးဟု အမှတ်သညာရှိကြကုန်သည်။ ဟုတွာ၊

၄၅၃။ အာသနံ၊ သည်။ ပဋိစ္ဆန္နံ၊ တိုက်နံရံ စသည်တို့ဖြင့် ဖုံးကွယ်အပ် သည်။ န ဟော ခေါ ပန ဟောတိ၊ မဖြစ်သည်သာလျှင်တည်း။ အလံ ကမ္မနိယံ၊ စွမ်းနိုင်သော ။ပ။ တိုက်နံရံ စသည်ရှိသည်။ န ဟော ခေါ ပန ဟောတိ၊တည်း။ စ ခေါ၊ ယင်းသို့ပင် ပဋိစ္ဆန္န အာသန မဖြစ်ပါသော်လည်း။ မာတုဂါမံ၊ ကို။ ဒုဋ္ဌုလ္လာဟိ၊ ရုန့်ရင်း ကြမ်းတမ်းကုန်သော။ ဝါစာဟိ၊ ဝစ္စမဂ် ပဿာဝ မဂ်တို့နှင့် စပ်ယှဉ်သော စကားတို့ဖြင့်။ သြဘာသိတုံ၊ ပရယ်ဆိုခြင်းငှာ။ အလံ ဟောတိ၊ စွမ်းနိုင်၏။ ယော ပန ဘိက္ခု၊ သည်။ တထာရူပေ၊ ထိုသို့သဘော ရှိသော။ အာသနေ၊ ၌။ ဧကော၊ သော။ မာတုဂါမေန၊ နှင့်။ ဧကော၊ တစ်ပါးတည်း။ ရဟော၊ ၌။ နိသဇ္ဇံ၊ ခြင်းကို။ ကပ္ပေယျ၊ ပြုအံ့။ တမေနံ တံ ဧနံ ဘိက္ခုံ၊ ကို။ သဒ္ဓေယျဝစသာ၊ သော။ ဥပါသိကာ၊ သည်။ ဒိသွာ၊ သော်။ သံဃာဒိသေသေန၊ သော။ ဓမ္မေနဝါ၊ အာပတ်ဖြင့်လည်းကောင်း။ ပါစိတ္တိ ယေန၊ သော။ ဓမ္မေနဝါ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွိန္နံ၊ ကုန် သော။ ဓမ္မာနံ၊ တို့တွင်။ အညတရေန၊ သော။ ဓမ္မေန၊ ဖြင့်။ ဝဒေယျ၊ ပြောအံ့။ နိသဇ္ဇံ၊ ကို။ ပဋိဇာနမာနော၊ သော။ ဘိက္ခု၊ ကို။ သံဃာဒိသေ သေန၊ သော။ ဓမ္မေနဝါ၊ လည်းကောင်း ။ပ။ အညတရေန၊ သော။ ဓမ္မေန၊ ဖြင့်။ ကာရေတဗ္ဗော၊ အပ်၏။ သဒ္ဓေယျဝစသာ၊ သော။ ဥပါသိကာ၊ သည်။ ယေနဝါ အာကာရေန၊ အကြင် ထိုင်ခြင်းအစရှိသော အခြင်းအရာတို့တွင် တစ်ပါးပါးသော အခြင်းအရာနှင့်မူလည်း။ သဒ္ဓိံ၊ ကွ။ ကာယ သံသဂ္ဂါဒီနိ၊ ကိုယ်လက်နှီးနှောခြင်း အစရှိသည်တို့သို့။ အာရောပေတွာ၊ ၍။ ဝဒေယျ၊ ပြောအံ့၊ တေန အာကာရေန၊ ထို သဒ္ဓေယျဝစသာ ဖြစ်သော အရိယာသာ ဝိကာမ၏ ကိုယ်လက်နှီးနှောခြင်း အစရှိသည်တို့သို့ တင်ကြောင်းဖြစ်သော အခြင်းအရာတို့တွင် တစ်ပါးပါးသော အခြင်းအရာဖြင့်။ ပဋိဇာနမာနော၊ သော။ သော ဘိက္ခု၊ ကို။ ကာရေတဗ္ဗော၊ အပ်၏။ အယံ ဓမ္မော၊ ဤ အာ ပတ်သည်။ အနိယတော၊ သံဃာဒိသိသ် အာပတ်ဟူ၍လည်း မြဲသည်မဟုတ်၊ ပါစိတ်အာပတ်ဟူ၍လည်း မြဲသည်မဟုတ်သော။ ဓမ္မော၊ အာပတ်တည်း။

၄၅၄။ န ဟော ခေါ ပန ပဋိစ္ဆန္နံ အာသနံ ဟောတိ ဟို ဝိဘင်္ဂတဗ္ဗပဒါနံ၊ တို့၏။ ဝိဘင်္ဂန ပဒဘူတာနိ၊ ဝိဘင်္ဂနပုဒ်ဖြစ်၍ ဖြစ်ကုန်သော။ ပဒါနိ၊ တို့ ကို။ ဇေ၊ ဖြင့်။ ဝေဒိတဗ္ဗာနိ၊ အပ်ကုန်၏။ ကုဋ္ဋေနဝါ၊ အည်လည်းကောင်း။

ကဝါဋေန ဝါ၊ သည်လည်းကောင်း။ ကိလဉ္ဇေန ဝါ၊ သည်လည်းကောင်း။ သာဏိပါကာရေန ဝါ၊ သည်လည်းကောင်း။ ရုက္ခေန ဝါ၊ သည်လည်းကောင်း။ ထမ္ဘေန ဝါ၊ သည်လည်းကောင်း။ ကောတ္ထဠိယာ ဝါ၊ သည်လည်းကောင်း။ အပ္ပဋိစ္ဆန္နံ၊ မဖုံးကွယ် မပိတ်ကာအပ်သည်။ ယောတိ၊ ၏။ ယေန ကေနစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်။ အပ္ပဋိစ္ဆန္နံ၊ အပ်သည်။ ယောတိ၊ ၏။ တစ်နည်း။ ။ကုဋ္ဋေန ဝါ၊ ဖြင့်မူလည်းကောင်း။ပ။ ကောတ္ထဠိယာ ဝါ၊ ဖြင့်မူလည်းကောင်း။ အပ္ပဋိစ္ဆန္နံ၊ အပ်သော။ အာသနံ၊ သည်။ ယောတိ၊ ၏။ ယေန ကေနစိ၊ သော။ ဝတ္ထုနာ၊ ဖြင့်။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူသည်။ အပ္ပဋိစ္ဆန္နံ၊ အပ်သည်။ ယောတိ၊ ၏။

နာလံ ကမ္မနိယာတိ ဝိဘဇိတဗ္ဗပဒဿ၊ ၏။ ဝိဘင်္ဂေါ၊ ကို။ ဓေ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ အပ်၏။ ယသ္မိံ အာသနေ၊ ၌။ နိသိန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ မေထုနံ ဓမ္မံ၊ ကို။ ပဋိသေဝိတုံ၊ ခြင်းငှာ။ န သက္ကာ၊ သည်။ ယောတိ၊ ၏။ ၎အလဒ္ဓ ခေါ ယောတိ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသိတုံတိ ဝိဘဇိတဗ္ဗပဒါနံ၊ တို့၏။ ဝိဘင်္ဂနပဒဘာဇနာနိ၊ ကုန်သော။ ပဒါနိ၊ တို့ကို။ ဓေ၊ ဖြင့်။ ဝေဒိတဗ္ဗာနိ၊ အပ်ကုန်၏။ ယသ္မိံ အာသနေ၊ ၌။ နိသိန္နေန၊ သော။ ဘိက္ခုနာ၊ သည်။ မာတုဂါမံ၊ ကို။ ဒုဋ္ဌုလ္လာဟိ၊ ရုန့်ရင်းကြမ်းတမ်းကုန်သော။ ဝါစာဟိ၊ ဝစ္စမဂ် ပဿာဝမဂ်တို့နှင့် စပ်ယှဉ်ကုန်သော စကားတို့ဖြင့်။ ဩဘာသိတုံ၊ ပြောဆိုခြင်းငှာ။ သက္ကာ၊ တတ်ကောင်းသည်။ ယောတိ၊ ၏။

ယော ပနာတိ၊ ကား။ပ။ အယံ ပုဂ္ဂလော၊ ကို။ ဣမသ္မိံ အတ္ထေ၊ ၌ ဒုတိယ အနိယတ သိက္ခာပုဒ်အရာ၌။ ဘိက္ခူတိ၊ ဟူ၍။ အဓိပ္ပေတော၊ အပ်၏။

တထာရူပေ အာသနေတိ၊ ကား။ ဧဝရူပေ၊ သော။ အာသနေ၊ ၌။ နိသဇ္ဇံ၊ ကို။ ကပ္ပေယျ၊ ပြုအံ့။

န ယက္ခီ၊ ဘီလူးမလည်း မဟုတ်ဘဲ။ န ပေတီ၊ မဟုတ်ဘဲ။ န တိရစ္ဆာနဂတာ၊ ဘဲ။ သုဘာသိတ ဒုဗ္ဘာသိတံ၊ ကောင်းစွာ ဆိုအပ်သော စကား, မကောင်းသဖြင့် ဆိုအပ်သော စကားကိုလည်းကောင်း။ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လံ၊ ရုန့်ရင်းကြမ်းတမ်းသော စကား, မရုန့်ရင်း မကြမ်းတမ်းသော စကားကိုလည်းကောင်း။ အာဇာနိတုံ၊ သိခြင်းငှာ။ ပဋိဗလာ၊ စွမ်းနိုင်သည်။ ဟုတွာ၊ ၍။ ဝိညူ၊ သိကြားလိမ္မာသော။ မနုဿိတ္ထီ၊ လူမိန်းမသည်။ မာတုဂါမော နာမ၊ မည်၏။ တစ်နည်း။ ။ယာ မနုဿိတ္ထီ၊ သည်။ န ယက္ခီ၊ ဘီလူးမသည်း မဟုတ်ဘဲ။ န ပေတီ၊ ဘဲ။ န တိရစ္ဆာနဂတာ၊ ဘဲ။ သုဘာသိတ ဒုဗ္ဘာသိတံ၊ ကိုလည်းကောင်း။ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လံ၊ ကိုလည်းကောင်း။ အာဇာနိတုံ၊ သိခြင်းငှာ။ ပဋိဗလာ၊ သည်။ ဟုတွာ၊ ၍။ ဝိညူ၊ သည်။ ယောတိ၊ ၏။ သာ

မနုဿိတ္ထီ၊ ထို လူမိန်းမသည်။ မာတုဂါမော နာမ၊ မည်၏။ တစ်နည်း။ ။ မာတုဂါမော နာမ၊ မည်သည်။ န ယက္ခီ၊ ဘီလူးမလည်း မဟုတ်သည်၏။ ဟုတ္វာ ဘာဝတော စ၊ ဖြစ်ခြင်းကြောင့်လည်းကောင်း။ န ပေတီ၊ ၏။ ဟုတွာ ဘာဝတော စ၊ ကြောင့်လည်းကောင်း။ န တိရစ္ဆာနဂတာ၊ ၏။ ဟုတွာ ဘာဝတော စ၊ ကြောင့်လည်းကောင်း။ သုဘာသိတ ဒုဗ္ဘာသိတံ၊ ကိုလည်းကောင်း။ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လံ၊ ကိုလည်းကောင်း။ အာဇာနိတုံ၊ ခြင်းငှာ။ ပဋိဗလာ၊ သော။ ဝိညူ၊ သိကြားလိမ္မာသော မိန်းမသည်။ မနုဿိတ္ထီ၊ လူမိန်းမ မေတည်း။

သဒ္ဓိံ၊ ကား။ ဧကတော၊ တကွနက် အတူတူ။ နိသဇ္ဇံ၊ ကို။ ကပ္ပေယျ၊ ပြုအံ့။ ဧကော ဧကာယာတိ၊ ကား။ ဘိက္ခု စေဝ၊ သည်လည်းကောင်း။ မာတုဂါမော စ၊ သည်လည်းကောင်း။ ဟောတိ၊ ၏။

ဝက္ခုဿ၊ ၏။ ရဟော၊ သည်လည်းကောင်း။ သောတဿ၊ ၏။ ရဟော၊ သည်လည်းကောင်း။ ရဟော နာမ၊ မည်၏။ ယတ္ထ ယသ္မိံ ပဒေသေ၊ ၌။ ဘိက္ခု မှိဝါ၊ သည်မှုလည်းကောင်း။ မာတုဂါမေဝါ၊ သည်မှုလည်းကောင်း။ အက္ခိံ၊ ကို။ နိခဏီယမာနေဝါ၊ မှိတ်လိုက်သော်လည်းကောင်း။ ဘမုကံ၊ ကို။ ဥက္ခိပီယမာနေဝါ၊ သော်လည်းကောင်း။ သီသံ၊ ကို။ ဥက္ခိပီယမာနေဝါ၊ သော်လည်းကောင်း။ အညမညဿ၊ ၏။ တံ ကိရိယံ၊ ကို။ ပဿိတုံ၊ ငှာ။ နသက္ကာ၊ သည်။ ဟောတိ၊ ၏။ သော ဩကာသော၊ သည်။ ဝက္ခုဿ ရဟော နာမ၊ ရဟ မည်၏။ ဝါ၊ မျက်စိ၏ ဆိတ်ကွယ်ရာ အရပ်မည်၏။ တစ်နည်း။ ။ ယတ္ထ ယသ္မိံ ပဒေသေ၊ ၌။ ဌတွာ၊ တည်ကုန်၍။ အက္ခိံ၊ ကို။ နိခဏီယမာနေဝါ၊ မှိတ်သောသူတို့ကို လည်းကောင်း။ ဘမုကံ၊ ကို။ ဥက္ခိပီယမာနေဝါ၊ ချီသောသူတို့ကိုလည်းကောင်း။ သီသံ၊ ကို။ ဥက္ခိပီယမာနေဝါ၊ ညိတ်သော သူတို့ကိုလည်းကောင်း။ ပဿိတုံ၊ ခြင်းငှာ။ နသက္ကာ၊ သည်။ ဟောတိ၊ ၏။ သောပဒေသော၊ ထို မျက်စိမှိတ်သူ, မျက်စပစ်သူ, ဦးခေါင်းညိတ်သူတို့ကို မြင်ခြင်းငှာ မတတ်ကောင်းရာဖြစ်သော အရပ်သည်။ ဝက္ခုဿ ရဟော နာမ၊ ရဟ မည်၏။ ယတ္ထ ယသ္မိံ ပဒေသေ၊ ၌။ ပကတိကထာ၊ သည်။ ပ။ နသက္ကာ၊ သည်။ ဟောတိ၊ ၏။ သော ပဒေသော။ သည်။ သောတဿ ရဟော နာမ၊ ရဟ မည်၏။

နိသဇ္ဇံ ကပ္ပေယျာတိ၊ ကား။ မာတုဂါမေ၊ သည်။ နိသိန္နေ၊ သော်။ ဘိက္ခု၊ သည်။ ဥပနိသိန္နောဝါ၊ မာတုဂါမသို့ ကပ်၍ နေသည်မှုလည်းကောင်း။ ဝါ၊ မာတုဂါမ၏အနီး၌ နေသည်မှုလည်းကောင်း။ ဥပနိပန္နောဝါ၊ မာတုဂါမသို့

ကပ်၍ အိပ်သည့်မှုလည်းကောင်း။ ဝါ၊ မာတုဂါမ၏ အနီး၌ အိပ်သည့်မှုလည်းကောင်း။ ဟောတိ၊ အံ့။ ဘိက္ခု၊ သည်။ နိသိန္နေ၊ သော်။ တစ်နည်း။ ။ ဘိက္ခု-ဘိက္ခုမှီ၊ သည်။ မာတုဂါမော၊ သည်။ ဥပနိသိန္နော ဝါ၊ ရဟန်းသို့ ကပ်၍နေသည့်မှုလည်း။ ဝါ၊ ရဟန်း၏အနီး၌ နေသည့်မှုလည်း။ ဟောတိ၊ အံ့။ ဥပနိပန္နော ဝါ၊ သည့်မှုလည်း။ ဟောတိ၊ အံ့။ ဥဘော ဝါ၊ နှစ်ဦးသော မာတုဂါမနှင့် ရဟန်းတို့သည်လည်း။ နိသိန္နာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်အံ့။ ဥဘော ဝါ၊ တို့သည်လည်း။ နိပန္နာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်အံ့။

ယာ ဥပါသိကာ၊ သည်။ အာဂတဖလာ၊ လာပြီးသော သောတာပတ္တိဖိုလ်ရှိသည်။ ဝါ၊ ရောက်အပ်ပြီးသော သောတာပတ္တိဖိုလ်ရှိသည်။ ဝါ၊ သောတာပတ္တိဖိုလ်သို့ရောက်ပြီးသည်။ အဘိသမေတာဝိနီ၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိအပ်ပြီးသည်။ ဝါ၊ ထိုးထွင်း၍ သိအပ်ပြီးသော သစ္စာလေးပါး တရားရှိသည်။ ဝိညာတ သာသနာ၊ သိအပ်ပြီးသော သိက္ခာသုံးပါးအပေါင်း ဟူဆိုအပ်သော သာသနာရှိသည်။ ဝါ၊ သိက္ခာတို့၏ သုံးပါးတို့၏အပေါင်းဖြင့် ရေတွက်အပ်သော သာသနာကို သိပြီးသည်။ ဟောတိ၊ ၏။ သာ ဥပါသိကာ၊ ထို လာပြီးသော သောတာပတ္တိဖိုလ်ရှိသည်ဖြစ်၍ သစ္စာလေးပါး တရားကို ထိုးထွင်း၍သိအပ်ပြီးသော သာသနာရှိသော ဥပါသိကာမသည်။ သဒ္ဓေယျဝစသာ နာမ၊ မည်၏။

ယာကုတ္တိ၊ သည်။ ဗုဒ္ဓံ၊ ကို။ သရဏံ၊ ဟူ၍။ ဂတာ၊ သိတတ်၏။ ဝါ၊ ဆည်းကပ်တတ်၏။ ဓမ္မံ၊ ကို။ သရဏံ၊ ဟူ၍။ ဂတာ၊ တတ်၏။ သံဃံ၊ ကို။ သရဏံ၊ ဟူ၍။ ဂတာ၊ ၏။ သာကုတ္တိ၊ ထို ဘုရား, တရား, သံဃာကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ သိတတ် ဆည်းကပ်တတ်သော မိန်းမသည်။ ဥပါသိကာနာမ၊ မည်၏။

ဒိသွာတိ၊ ကား။ ပဿိတွာ၊ ၍။ ဝဒေယျ၊ ပြောအံ့။ ဒိသွာတိ၊ ကား။ သဒ္ဓေယျဝစသာ၊ သော။ ဥပါသိကာ၊ သည်။ ပဿိတွာ၊ ၍။ ဝါ၊ ခြင်းကြောင့်။ ဝါ၊ သော်။ သံဃာဒိသေသေန၊ သော။ ဓမ္မေန ဝါ၊ အာပတ်ဖြင့်လည်းကောင်း။ ပါစိတ္တိယေန၊ သော။ ဓမ္မေန ဝါ၊ လည်းကောင်း။ ဣတိ၊ သို့။ ဒွိန္နံ၊ ကုန်သော။ ဓမ္မာနံ၊ တို့တွင်။ အညတရေန၊ သော။ ဓမ္မေန၊ ဖြင့်။ ဝဒေယျ၊ ပြောအံ့။ နိသဇ္ဇံ၊ ကို။ ပဋိဇာနမာနော၊ သော။ ဘိက္ခု၊ ကို။ သံဃာဒိသေသေန၊ သော။ ဓမ္မေန ဝါ၊ လည်းကောင်း။ ပ။ ကာရေတဗ္ဗော၊ အပ်၏။ သဒ္ဓေယျဝစသာ၊ သော။ ဥပါသိကာ၊ သည်။ ပ။ ဝဒေယျ၊ ပြောအံ့။ ပ။ တေန အာကာရေန၊ ဖြင့်။ သော ဘိက္ခု၊ ကို။ ကာရေတဗ္ဗော၊ အပ်၏။

၄၅၅။ သာဥပါသိကာ၊ ထိုရတနာသုံးပါးကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်တတ် သိတတ်သော ဥပါသိကာမသည်။ အယျော၊ ကို။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ကာယသံသဂ္ဂံ၊ သို့။ သမာပဇ္ဇန္တော၊ လျက်။ နိသိန္နော၊ ထိုင်နေသည်ကို။ မယာ၊ တပည့်တော်မသည်။ ဒိဋ္ဌော၊ မြင်အပ်ပါ၏။ ဣတိဝေ၊ သို့။ စေဝဒေယျ၊ ပြောအံ့။ ဝံသတိစ၊ သော်လည်းကောင်း။ သောဘိက္ခု၊ သည်။ တံနိသိန္နံ၊ ကို။ စေပဋိဇာနာတိ၊ အံ့။ ဝံ ပဋိဇာနန္တေစ၊ သော်လည်းကောင်း။ သောဘိက္ခု၊ ကို။ အာပတ္တိယာ၊ သံဃာဒိသိသ်အာပတ်ဖြင့်။ ကာရေတဗ္ဗော၊ အပ်၏။ သာဥပါသိကာ၊ သည်။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ကာယသံသဂ္ဂံ၊ သို့။ သမာပဇ္ဇန္တော၊ လျက်။ နိသိန္နော၊ သော။ အယျော၊ ကို။ မယာ၊ သည်။ ဒိဋ္ဌော၊ အပ်၏။ ဣတိဝေ၊ သို့။ စေဝဒေယျ၊ ပြောအံ့။ ဝံသတိ၊ သော်။ သောဘိက္ခု၊ သည်။ အဟံ၊ သည်။ သစ္စံနိသိန္နော၊ ၏။ ဝခေါ၊ သော်လည်း။ ကာယသံသဂ္ဂံ၊ သို့။ နသမာပဇ္ဇိံ၊ မရောက်ပါ။ ဣတိဝေ၊ သို့။ စေဝဒေယျ၊ ပြောအံ့။ ဝံသတိ၊ သော်။ သောဘိက္ခု၊ ကို။ နိသဇ္ဇာယ၊ ဖြင့်။ ကာရေတဗ္ဗော၊ အပ်၏။ (ကြွင်းဝါရများတူပြီ၊ အထူးအနည်းငယ်ကို ရေးသားအံ့) ။ပ။

သာဥပါသိကာ၊ သည်။ မာတုဂါမံ၊ ကို။ ဒုဋ္ဌုလ္လာဟိ၊ ကုန်သော။ ဝါစာဟိ၊ တို့ဖြင့်။ ဩဘာသန္တံ၊ ပရယ်ဆိုလျက်။ နိသိန္နံ၊ ထိုင်နေသော။ အယျံ၊ အရှင်ဘုရား၏။ စနံ၊ ကို။ မယာ၊ သည်။ သုတံ၊ အပ်ပါ၏။ ဣတိဝေ၊ သို့။ စေဝဒေယျ၊ ပြောအံ့။ ဝံသတိစ၊ သော်လည်းကောင်း။ သောဘိက္ခု၊ သည်။ တံနိသဇ္ဇံ၊ ကို။ စေပဋိဇာနာတိ၊ အံ့။ ဝံပဋိဇာနန္တေစ၊ သော်လည်းကောင်း။ သောဘိက္ခု၊ ကို။ အာပတ္တိယာ၊ ဖြင့်။ ကာရေတဗ္ဗော၊ အပ်၏။ပ။ သာဥပါသိကာ၊ သည်။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဧကော ဧကာယ၊ တစ်ယောက်သည် တစ်ယောက်ချင်း။ တစ်နည်း။ ။ ဧကာယ၊ သော။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ရဟော၊ ၌။ နိသိန္နော၊ သော။ ဧကော၊ တစ်ပါးတည်းသော။ အယျော၊ ကို။ မယာ၊ သည်။ ဒိဋ္ဌော၊ အပ်ပါ၏။ ဝံသတိစ၊ သော်လည်းကောင်း။ သောဘိက္ခု၊ သည်။ တံနိသဇ္ဇံ၊ ကို။ စေပဋိဇာနာတိ၊ အံ့။ ဝံ ပဋိဇာနန္တေစ၊ သော်လည်းကောင်း။ သောဘိက္ခု၊ ကို။ နိသဇ္ဇာယ၊ ဖြင့်။ ကာရေတဗ္ဗော၊ အပ်၏။

(အကြွင်းတူပြီ)

ပုရိမ်၊ ရှေး၌ဖြစ်သော။ ပဌမ အနိယတ ခမ္မံ၊ ပထမ အနိယတ အာပတ်ကို။ ဝါ၊ ပထမ အနိယတ သိက္ခာပုဒ်ကို။ ဥပါဒါယ၊ ဉာဏ်ပညာဖြင့် စွဲမှတ်ကပ်ယူ၍။ ဝါ၊ အကြောင်းပြု၍။ ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်

သော။ အနိယတ ဓမ္မော၊ အနိယတ အာပတ်ကို။ ဝ ါ၊ အနိယတသိက္ခာပုဒ်ကို။ အယမ္ပိတိ၊ အယမ္ပိ ဟူ၍။ ဆာမ္ပိထွန္နတ္တေန၊ ပေါင်းခြင်း အနက်ရှိသော။ အပိသဒ္ဒေန၊ အပိသဒ္ဒါဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အနိယတောတိ၊ ကား။ သံဃာဒိသေသော ဝ ါ၊ ဟူ၍လည်းကောင်း။ ပါစိတ္တိယံ ဝ ါ၊ ဟူ၍လည်းကောင်း။ နနိယတော၊ သော။ ဓမ္မော၊ တည်း။ တစ်နည်း။ နဲ့ ။အနိယတောတိ ဝိတ္ထာရိတဗ္ဗပဒဿ၊ ၏။ ဝိတာဂ်ေါ၊ ကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ အပ်၏။ အယံ ဓမ္မော၊ သည်။ သံဃာဒိသေသော ဝ ါ၊ ဟူ၍သော်လည်းကောင်း။ ပါစိတ္တိယံ ဝ ါ၊ ဟူ၍သော်လည်းကောင်း။ နနိယတော၊ မမြဲ။ တစ်နည်း။ ။ အယံ ဓမ္မော၊ သည်။ နိယတော၊ မြဲသည်။ နု၊ မဟုတ်။ သံဃာဒိသေသော ဝ ါ၊ သံဃာဒိသိသ် အာပတ်သည့်မှုလည်း။ ဘဝေယျ၊ ဖြစ်တန်ရာ၏။ ပါစိတ္တိယံ ဝ ါ၊ သည့်မှုလည်း။ ဘဝေယျ၊ ရာ၏။ တစ်နည်း။ ။ ယသ္မာ၊ ကြောင့်။ အယံ ဓမ္မော၊ သည်။ သံဃာဒိသေသော ဝ ါ၊ သည့်မှုလည်း။ ဘဝေယျ၊ ရာ၏။ ပါစိတ္တိယံ ဝ ါ၊ သည့်မှုလည်း။ ဘဝေယျ၊ ရာ၏။ တသ္မာ၊ ကြောင့်။ နိယတော၊ မြဲသည်။ နု၊ မဟုတ်။

၄၅၇။ ယောဘိက္ခု၊ သည်။ ဝမနံ၊ ကို။ ပဋိဇာနာတိ၊ အံ့။ နိသဇ္ဇံ၊ ကို။ ပဋိဇာနာတိ၊ အံ့။ အာပတ္တိံ၊ ကို။ ပဋိဇာနာတိ၊ အံ့။ သောဘိက္ခု၊ ကို။ အာပတ္တိယာ၊ ဖြင့်။ ကာရေတဗ္ဗော၊ အပ်၏။ပ။ ဣတိ၊ သို့။ အဝေါစ၊ ဟောတော်မူလေပြီ။ ဣတိဣဒံ ပရိသမာပနံ၊ ဤသို့သော ဒုတိယ အနိယတ သိက္ခာပုဒ်၏ ပြီးဆုံးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ အပ်၏။

ဒုတိယော၊ သော။ အနိယတော၊ သည်။ နိဋ္ဌိတော၊ ပြီ။

၄၅၈။ အာယသ္မန္တော၊ တို့။ ဒွေ၊ ကုန်သော။ အနိယတာ၊ ပါရာဇိက ဟူ၍လည်း မြဲသည်မဟုတ်၊ သံဃာဒိသိသ်ဟူ၍လည်း မြဲသည်မဟုတ်၊ ပါစိတ် ဟူ၍လည်း မြဲသည်မဟုတ်ကုန်သော။ ဓမ္မာ၊ တို့ကို။ ဥဒ္ဒိဋ္ဌာ ခေါ ဧဝ၊ အပ် ကုန်သည်သာလျှင်တည်း။ တတ္ထ တေသု ဒွိသု အနိယတ ဓမ္မေသု၊ တို့၌။ အာယသ္မန္တေ၊ တို့ကို။ အဟံ၊ သည်။ ပုစ္ဆာမိ၊ ၏။ ကစ္စိ ပုစ္ဆာမိ၊ နည်း။ ကစ္စိ၊ နည်း။ တုမှေ၊ တို့သည်။ ပရိသုဒ္ဓါ၊ ကုန်သည်။ အတ္ထ၊ ကုန်၏လော။ပ။ ဒုတိယမ္ပိ၊ လည်း။ အာယသ္မန္တေ၊ တို့ကို။ အဟံ၊ သည်။ ပုစ္ဆာမိ၊ ၏။ ကစ္စိ ပုစ္ဆာမိ၊ နည်း။ ကစ္စိ၊ နည်း။ တုမှေ၊ တို့သည်။ ပရိသုဒ္ဓါ၊ ကုန်သည်။ အတ္ထ၊ ကုန်၏ လော။ ဣတိ၊ သို့။ ပုစ္ဆာမိ၊ ၏။ အာယသ္မန္တော၊ တို့သည်။ ယသ္မာ၊ ကြောင့်။ တေသု တေသု ဒွိသု အနိယတ ဓမ္မေသု၊ တို့၌။ ပရိသုဒ္ဓါ၊ အာပတ်မှစင်ကြယ်ကြ

ကုန်၏။ တသ္မာ၊ ကြောင့်။ တုဏှီ၊ ရှိသည်။ ဘဝိဘဗ္ဗံ၊ ဆုဏ်။ ဇဝံ ဣမိနာ တုဏှီဘာဝေန၊ ဖြင့်။ ပ။ ဓာရယာမိ၊ ၏။ ဣတိဣဒံ ပရိသမာပနံ၊ ဤသို့သော ပထမ အနိယတ သိက္ခာပုဒ်၊ ဒုတိယ အနိယတသိက္ခာပုဒ်တို့၏ ပြီးဆုံးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ အပ်၏။

## ဥဒါန်းဂါထာ

ဣဒံ၊ ဤ ဆိုအပ်လတ္တံ့သည်ကား။ တဿ အနိယတဿ၊ ၏။ ဥဒါန်း၊ တည်း။ အလံကမ္မနိယဥ္စေဝ၊ အလံကမ္မနိယ သိက္ခာပုဒ်လည်းကောင်း။ ဝါ၊ အလံကမ္မနိယ သဒ္ဒါဖြင့် မှတ်အပ်သော ပထမ အနိယတ သိက္ခာပုဒ်လည်းကောင်း။ တထေဝ၊ ထိုမှတစ်ပါးသော်လည်း။ နဟေဝခေါ၊ နဟေဝခေါသဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယ အနိယတ သိက္ခာပုဒ်လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အနိယတာ၊ အနိယတ အာပတ်တို့ကို။ တာဒိနာ၊ လာဘ အလာဘ အစရှိကုန်သော လောကဓံတို့၌ လို ဝိပဿီ အစရှိကုန်သော ရှေးနှောင်းတော်ဘုရားတို့ကဲ့သို့ ရှုအပ်တော်မူသော။ ဝါ၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ထို ဝိပဿီအစရှိကုန်သော ရှေးနှောင်းတော်ဘုရားတို့ကဲ့သို့ ရှုအပ်တော်မူသော။ ဗုဒ္ဓသေဋ္ဌေန၊ ချီးမွမ်းအပ်မြတ်တော်မူသော မြတ်စွာဘုရားသည်။ သုပညတ္တာ၊ ကောင်းစွာပညတ်တော်မူအပ်ကုန်ပြီ။ ဣတိဣဒံ၊ သည်ကား။ တဿအနိယတဿ၊ ၏။ ဥဒါန်း၊ တည်း။

အနိယတကဏ္ဍံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

# နိဿဂ္ဂိယကဏ္ဍ

## စီဝရဝဂ်

### ပထမ ကထိန သိက္ခာပုဒ်

အာယသ္မန္တော၊ တို့။ တိံသ၊ သုံးဆယ်အတိုင်းအရှည် ရှိကုန်သော။ နိဿဂ္ဂိယာ၊ စွန့်ခြင်း ဝိနည်းကံ ရှေ့ရှိကုန်သော။ ပါစိတ္တိယာ၊ ပါစိတ် အမည်ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ ဤအာပတ်တို့သည်။ ဝါ၊ သိက္ခာပုဒ်တို့သည်။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ရွတ်ဆိုအပ်သည်၏ အဖြစ်သို့။ အာဂစ္ဆန္တိ၊ ကုန်၏။

၄၅၉။ ယေန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ အတိရေကစီဝရံ၊ အတိရေက သင်္ကန်းကို။ ဝါ၊ အဓိဋ္ဌာန် ဝိကပ္ပနာ ပြုအပ်သော သင်္ကန်းမှ အပိုအလွန်ဖြစ်သော သင်္ကန်းကို။ ဓာရေန္တိ၊ ဆောင်ကြကုန်၏။ တေန သမယေန၊ ၌။ ဘဂဝါ၊ သော။ ဗုဒ္ဓေါ၊ သည်။ ဝေသာလိယံ၊ အနီး၌။ ဂေါတမကေ၊ ဂေါတမက အမည်ရှိသော ဘီလူးသည် စောင့်ရှောက်အပ်သည်၏အဖြစ်ကြောင့် ဂေါတမကအမည်ရှိသော။ စေတိယေ၊ ဝေသာလီပြည်သား လူအများတို့သည် ရှိသေလေးမြတ် ပူဇော်အပ်သည်၏ အဖြစ်ကြောင့် စေတိယ ဟူ၍ ရအပ်သော အမည်ရှိသော နတ်စင် နတ်နန်း တည်ရာဝယ် ဆောက်လုပ်အပ်သောကျောင်း၌။ ဝိဟရတိ၊ ၏။ တေန ခေါ ပန သမယေန၊ ၌။ ဘဂဝတာ၊ သည်။ ဘိက္ခူနံ၊ တို့အား။ တိစီဝရံ၊ တိစီဝရိက်ကို။ ဝါ၊ သုံးထည်သော သင်္ကန်းကို။ ပရိဘုဉ္ဇိတုံ၊ ဝတ်ရုံ သုံးဆောင်ခြင်းငှာ။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်သည်။ ဟောတိ၊ ၏။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝတာ၊ သည်။ တိစီဝရံ၊ ကို။ အနုညာတံ၊ အပ်ပြီ။ ဣတိ၊ သို့။ စီဝရလေသံ၊ သင်္ကန်း၌ အမြွက်ကို။ ဥဒ္ဒေတွာ၊ ထောင်ကြကုန်၍။ အညေနေဝ၊ အာရာမ်တွင်း၌နေကြောင်း တိစီဝရိက်ဖြင့် ရေချိုးဆိပ်သို့ သက်ဆင်းကြောင်း ဖြစ်သော တိစီဝရိက်မှ တစ်မျိုးတခြားသာလျှင် ဖြစ်သော။ တိစီဝရေန၊ တိစီဝရိက်ဖြင့်။ ဝါ၊ သုံးထည်သောသင်္ကန်းဖြင့်။ ဂါမံ၊ ရွာတွင်းသို့။ ပဝိသန္တိ၊ ဝင်ကြကုန်၏။ အညေနဧဝ၊ ရွာတွင်းသို့ဝင်ကြောင်း ရေချိုးဆိပ်သို့ သက်ဆင်းကြောင်း ဖြစ်သော တိစီဝရိက်မှ တစ်မျိုးတခြားသာလျှင် ဖြစ်သော။ တိစီဝရေန၊ ဖြင့်။ အာရာမေ၊ အာရာမ်တွင်း၌။ အစ္ဆန္တိ၊ နေကြကုန်၏။ အညေန ဧဝ၊ ရွာတွင်းသို့ဝင်ကြောင်း အာရာမ်တွင်း၌နေကြောင်း ဖြစ်သော တိစီဝရိက်မှ တစ်မျိုးတခြားသာလျှင် ဖြစ်သော။ တိစီဝရေန၊ ဖြင့်။ နဟာနံ၊ ရေချိုး

ဆိပ်သို့။ ဩတရန္တိ၊ သက်ဆင်းကြကုန်၏။ ယေ တေဘိက္ခူ၊ တို့သည်။ အပ္ပိစ္ဆာ၊ ကုန်၏။ တေ ဘိက္ခူ၊ တို့သည်။ ကထံဟိ၊ ကြောင့်။ သဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ အတိရေက စီဝရံ၊ ကို။ ဓာရေဿန္တိ နာမ၊ ကုန်တုံဘိ သနည်း။ ဣတိ ဣဒံ ဝစနံ၊ ကို။ ဝတွာ၊ ကုန်၍။ ဥဇ္ဈာယန္တိ ခိယျန္တိ ဝိပါစေန္တိ၊ ကုန်၏ ။ပ။ ဘိက္ခဝေ၊ တို့။ တုမှေ၊ တို့သည်။ အတိရေက စီဝရံ၊ ကို။ ဓာရေထ ကိရ၊ ကုန်သတတ်။ ဣတိ၊ သို့။ သုတံ၊ သည်။ သစ္စံ၊ လော။ ဣတိ၊ သို့။ ပဋိပုစ္ဆိ၊ ပြီ။ ဘဂဝါ၊ ဘုရား။ သုတံ၊ သည်။ သစ္စံ၊ ပါပေ၏။ ဣတိ၊ သို့။ အာဝေါစ၊ ပြီ ။ပ။ ဘိက္ခဝေ၊ တို့။ ဧဝံ ပန၊ သို့လျှင်။ ယော ပန ဘိက္ခု အတိရေက စီဝရံ ဓာရေယျ နိဿဂ္ဂိယံ ပါစိတ္တိယန္တိ၊ ဟူ၍။ ဝါ ။ သော။ ဣမံ သိက္ခာပဒံ၊ ကို။ ဥဒ္ဒိသေယျာထ၊ ကုန်လော့။

၄၆၀။ ယော ပန ဘိက္ခု၊ သည်။ အတိရေက စီဝရံ၊ ကို။ ဓာရေယျ၊ ဆောင်အံ့။ အဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ၊ စွန့်အပ်သော ဝိနည်းကံ ရှေးရှိသော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ဧဝံ၊ သို့။ ဘဂဝတာ၊ သည်။ ဘိက္ခူနံ၊ တို့အား။ ဣဒဉ္စ သိက္ခာပဒံ၊ ကိုလည်း။ ပညတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ အညံ၊ တစ်မျိုးတခြားသော ဝတ္ထု၊ ၏၊ သည်လည်း။ ဥဒပါဒိ၊ ပြီ။

၄၆၁။ တေန ခေါ ပန သမယေန၊ ၌။ အာယသ္မတော အာနန္ဒဿ၊ အား။ အတိရေက စီဝရံ၊ သည်။ ဥပ္ပန္နံ၊ မမှုပ္ပဇ္ဇာအားဖြင့် ဖြစ်ပေါ်လာသည်။ ဟောတိ၊ ၏။ အာယသ္မာ အာနန္ဒော၊ သည်။ တဉ္စ စီဝရံ၊ ကိုလည်း။ အာယသ္မတော သာရိပုတ္တဿ၊ အား။ ဒါတုကာမော၊ ပေးလှူခြင်းငှာ အလိုရှိသည်။ ဟောတိ၊ ၏။ အာယသ္မာ စ သာရိပုတ္တော၊ သည်လည်း။ သာကေတေ၊ သာကေတပြည်၌၊ ဝိဟရတိ၊ ၏။ အထ၊ ၌။ ခေါ၊ စစ်။ အာယသ္မတော အာနန္ဒဿ၊ အား။ တေဇ ယော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။ ကိံ တော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ နည်း။ ဘဂဝတာ၊ သည်။ အတိရေက စီဝရံ၊ ကို။ န ဓာရေတဗ္ဗံ၊ မဆောင်အပ်။ ဣတိ၊ သို့။ သိက္ခာပဒံ၊ ကို။ ပညတ္တံ၊ အပ်ပြီ။ မေ၊ အား။ ဣဒဉ္စ အတိရေက စီဝရံ၊ သည်လည်း။ ဥပ္ပန္နံ၊ ဖြစ်ခဲ့ပြီ။ အဟဉ္စ၊ သည်လည်း။ ဣမံ စီဝရံ၊ ကို။ အာယသ္မတော သာရိပုတ္တဿ၊ အား။ ဒါတုကာမော၊ သည်။ အမှိ၊ ၏။ အာယသ္မာ စ သာရိပုတ္တော၊ သည်လည်း။ သာကေတေ၊ ၌။ ဝိဟရတိ၊ ခဲ့၏။ ကထံ၊ သို့။ ဝါ၊ ပုံ။ မယာ၊ သည်။ ပဋိပဇ္ဇိတဗ္ဗံ နုခေါ၊ ကျင့်ရပါအံ့နည်း။ ဣတိ တေဇ ယော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။

အထ၊ ၌။ ခေါ၊ စစ်။ အာယသ္မာ အာနန္ဒော၊ သည်။ ။ပ။ အာရောစေသိ၊ ပြီ။ အာနန္ဒ၊ အာနန္ဒာ။ သာရိပုတ္တော၊ သည်။ ကိံဝိစိရံ၊ အဘယ်မျှလောက် ကြာမြင့်သောအခါ၌။ အာဂစ္ဆိဿတိ ပန၊ လာလတ္တံ့နည်း။ ကွတိ၊ သို့။ ပုစ္ဆိ၊ ပြီ။ ဘဂဝါ၊ ဘုရား။ နဝမံဒိဝသံဝါ၊ ကိုးရက်တို့၏ပြည့်ကြောင်း ဖြစ်သောနေ့၌သော် လည်းကောင်း။ ဒသမံ ဒိဝသံဝါ၊ ဆယ်ရက်တို့၏ ပြည့်ကြောင်း ဖြစ်သောနေ့၌သော် လည်းကောင်း။ အာယသ္မာ သာရိပုတ္တော၊ သည်။ အာဂစ္ဆိဿတိ ပန၊ လာပါလိမ့်လတ္တံ့။ ကွတိ၊ သို့။ အဝေါစ၊ ပြီ။

အထ၊ ၌။ ခေါ၊ စစ်။ ဘဂဝါ၊ သည်။ တေသံ့ နိဒါနေ၊ ကြောင့်။ တေသိံ ပကရဏေ၊ ကြောင့်။ ဓမ္မိံ၊ တရားနှင့်စပ်ယှဉ်သော။ ကထံ၊ စကားကို။ ကတွာ၊ ပြောဟောတော်မူ၍။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ ပြီ။ ကိံ အာမန္တေသိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဒသာဟပရမံ၊ ဆယ်ရက်အပိုင်းအခြား ရှိသော ကာလပတ်လုံး။ အတိရေက စီဝရံ၊ ကို။ ဓာရေတုံ၊ ဆောင်ခြင်းငှာ။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ပန၊ သို့လျှင်။ နိဋ္ဌိတစီဝရသ္မိံ ။ပ။ ပါစိတ္တိယန္တိ၊ ဟူ၍။ ဝါ၊ သော။ ဣမံ သိက္ခာပဒံ၊ ကို။ ပါတိမောက္ခုဒ္ဒေသေ၊ ၌။ တုမှေ၊ တို့သည်။ ဥဒ္ဒိသေယျာထ၊ ကုန်လော့။

၄၆၂။ စီဝရသ္မိံ၊ သက်နိုးသည်။ နိဋ္ဌိတေ၊ ပြီးခဲ့သော် လည်းကောင်း။ ကထိနေ၊ ကို။ ဥဗ္ဘတသ္မိံ၊ နုတ်အပ်ခဲ့သော် လည်းကောင်း။ ဘိက္ခုနာ၊ သည်။ ဒသာဟပရမံ၊ လုံး။ အတိရေကစီဝရံ၊ ကို။ ဓာရေတဗ္ဗံ၊ ဆောင်အပ်၏။ တံ၊ ထို အတိရေက သင်္ကန်းကို ဆယ်ရက် အပိုင်းအခြားရှိသော ကာလကို။ အတိက္ကာမယတော၊ လွန်စေသော ရဟန်းအား။ နိဿဂ္ဂိယံ၊ သော။ ပါစိတ္တိယံ၊ ဘည်။ ဟောတိ၊ ၏။

၄၆၃။ နိဋ္ဌိတ စီဝရသ္မိန္တိ မာတိကာ ပဒဿ၊ ၏။ ပဒဘာဇနံ၊ ကို။ ဇော်၊ ဖြင့်။ ဝေဒိတဗ္ဗံ အပ်၏။ ဘိက္ခုနော၊ ၏။ စီဝရံ၊ သည်။ ကတံဝါ၊ ပြု အပ်ပြီးသည်မှုလည်း။ ဝါ၊ ချုပ်ဆိုးအပ်ပြီးသည်မှုလည်း။ ဟောတိ၊ အံ့။ နဋ္ဌံဝါ၊ ခိုးသူဆောင်ယူခြင်း အစရှိသည်တို့ဖြင့် ပျောက်ပျက်သည်မှုလည်း။ ဟောတိ၊ အံ့။ ဝိနဋ္ဌံဝါ၊ ခြကိုက်ခြင်း အစရှိသည်တို့ကြောင့် ပျက်စီးသည်မှုလည်း။ ဟောတိ၊ အံ့။ ဒဍ္ဎံဝါ၊ မီးလောင်အပ်သည်မှုလည်း။ ဟောတိ၊ အံ့။ စီဝရာသာဝါ၊ ရလိမ့်ဦးမည်ဟု သင်္ကန်း၌ဖြစ်သော အလိုအာသာသည်မှုလည်း။ ဥပစ္ဆိန္နာ၊ ပြတ်ပြီးသည်။ ဟောတိ၊ အံ့။

ဥဗ္ဘတသ္မိံ ကထိနေတိ ဥဒ္ဒေသပဒဿ၊ ၏။ နိဒ္ဒေသော၊ ကို။ ဇော်၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ကထိနံ၊ ကို။ အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။ မာတိကာနံ၊ တို့

တွင်။ အညာတကာယ၊ တစ်မျိုးမျိုးသော။ မာတိကာယ၊ ဖြင့်။ ဥဒ္ဓတံ၊ နုတ်အပ်သည်။ ဟောတိ၊ အံ့။ သံဃေနဝါ၊ သည်မူလည်း။ အန္တရာ၊ အကြားနှု။ ဥဒ္ဓတံ၊ နုတ်အပ်သည်။ ဟောတိ၊ အံ့။

ဒသာဟ ပရမန္တိ ဝိဘင်္ဂတဗ္ဗပဒဿ၊ ၏။ ဝိဘင်္ဂေါ၊ ကို။ ဝေံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ အပ်၏။ ဒသာဟပရမတာ- တာယ၊ ဆယ်ရက် အပိုင်းအခြားရှိသော ကာလရှိသည်၏ အဖြစ်ဖြင့်။ ဓာရေတဗ္ဗံ၊ အပ်၏။

အနဓိဋ္ဌိတံ၊ အဓိဋ္ဌာန်ပြုအပ်ပြီးလည်း မဟုတ်သော။ အဝိကပ္ပိတံ၊ ကိုယ့်ဥစ္စာ အဖြစ်မှ ကင်းအောင် ပြုအပ်ပြီးလည်း မဟုတ်သော။ စီဝရံ၊ သည်။ အတိရေက- စီဝရံ နာမ၊ မည်၏။

ဆန္နံ၊ ခြောက်ထည်ကုန်သော။ စီဝရာနံ၊ တို့တွင်။ အညတရံ၊ တစ်ထည်ထည်သော။ ဝိကပ္ပနုပဂံ၊ ဝိကပ္ပနာသို့ ရောက်သော။ ဝါ၊ ကိုယ့်ဥစ္စာ၏ အဖြစ်ကို ပြုအပ်သည်၏အဖြစ်သို့ ရောက်သော။ ဝါ၊ ဝိကပ္ပနာလောက်သော။ ပစ္ဆိမံ၊ အလုံးစုံသော သက်နိုးတို့၏ နောက်ဆုံး၌ဖြစ်သော။ စီဝရံ၊ သင်္ကန်း သည်။ စီဝရံ နာမ၊ မည်၏။

တံ အတိက္ကာမယတော နိဿဂ္ဂိယံ ဟောတီတိ၊ ကား။ ကောဒသေ၊ သင်္ကန်း ရသည်မှနောက် တစ်ဆယ့်တစ်ရက်တို့၏ ပြည့်ကြောင်းဖြစ်သောနေ့၌။ အရုဏုဂ္ဂမနေ၊ အရုဏ်တက်ရာအခါ၌။ ဝါ၊ အရုဏ်၏ တက်ခြင်းကြောင့်။ ဝါ၊ အရုဏ်၏ တက်ခြင်းသည်။ သတိ၊ သော်။ တစ်နည်း။ ။ကောဒသေ၊ သော။ အရုဏုဂ္ဂမနေ၊ အရုဏ်၏ တက်ခြင်းကြောင့်။ ဝါ၊ အရုဏ်တက်ရာအခါ၌။ ဝါ၊ အရုဏ်၏ တက်ခြင်းသည်။ သတိ၊ သော်။ နိဿဂ္ဂိယံ၊ စွန့်အပ်သည်။ ဟောတိ၊ ၏။ သံဃဿ ဝါ၊ အားမူလည်းကောင်း။ ဂဏဿ ဝါ၊ အားမူ လည်းကောင်း။ ပုဂ္ဂလဿ ဝါ၊ အားမူလည်းကောင်း။ နိဿဇ္ဇိတဗ္ဗံ၊ စွန့်အပ် သင့်ထိုက်၏။

ဘိက္ခဝေ၊ တို့။ ဧ ဝံ ပန၊ သင်္ကန်းကို စွန့်သည်ရှိသော်။ ဝေံ၊ သို့။ ဝါ၊ ပုံ။ နိဿဇ္ဇိ တဗ္ဗံ၊ အပ်၏။ ကိံ နိဿဇ္ဇိတဗ္ဗံ၊ အပ်သနည်း။ တေန ဘိက္ခုနာ၊ ထို မိမိ၏ သင်္ကန်းကို ဆယ်ရက်ကို ကျော်လွန်စေသော ရဟန်းသည်။ ဝါ၊ ထိုဒသာဟာ တိက္ကန္တ သင်္ကန်းရှိသော ရဟန်းသည်။ သံဃံ၊ သို့။ ကော်သံ၊ လက်ဝဲတစ်ဖက် ပခုံးထက်ကို။ ဥတ္တရာ သင်္ဂံ၊ တင်အပ်သော အပေါ်ရုံ ကောသိ သင်္ကန်းရှိသည် ကို။ ကရိတွာ၊ ပြု၍။ ဝုဍ္ဎာနံ၊ သီတင်းကြီးဖြစ်ကုန်သော။ ဘိက္ခူနံ၊ တို့၏။ ပါဒေ၊ တို့ကို။ ဝန္ဒိတွာ၊ ၍။ ဥက္ကုဋိကံ၊ အထက်ပိုင်းကိုယ်ကို ချိုးလျက်။ ဝါ၊ သောင့်ကြောင့်။ နိသီဒိတွာ၊ ၍။ အဉ္ဇလိံ၊ ကို။ ပဂ္ဂဟေတွာ၊ ၍။

သံဃော၊ သည်။ ဝါ၊ ကို။ (သံ့သံ-ဟု ထားသည့်ကား ဝန္တိတွာ ဟူသော အပေဒါန ကြိယာကို ငဲ့၍ထားသည်)။ ဧဝံ၊ သို့။ ဝစနီယော၊ အပ်သည်။ အသော၊ ရာ၏။ ကိံ ဝစနီယော၊ သည်။ အသာ၊ နည်း။ ဘန္တေ၊ တို့။ မေ၊ အကျွန်ုပ်၏။ ဣဒံ စီဝရံ၊ သည်။ ဒသာဟာတိက္ကန္တံ၊ ဆယ်ရက်ကို လွန်ခဲ့သည်။ ဟုတွာ၊ ၍။ နိဿဂ္ဂိယံ၊ စွန့်အပ်သင့်တိုက်သော သက်နီးပါတည်း။ အဟံ၊ သည်။ ဣမံ စီဝရံ၊ ဤ နိဿဂ္ဂိယဖြစ်သော သင်္ကန်းကို။ ဝါ၊ ဤ စွန့်အပ်သင့်ထိုက်သော သင်္ကန်းကို။ သံဃဿ၊ အား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။ နိဿဋ္ဌ-စီဝရေန၊ စွန့်အပ်ပြီးသော သင်္ကန်းရှိသော။ ဘိက္ခုနာ၊ သည်။ စီဝရံ၊ ကို။ နိဿဇ္ဇိတွာ၊ စွန့်ပြီး၍။ အာပတ္တိ၊ စွန့်ခြင်း ဝိနည်းကံ ရှေးရှိသော အာပတ်ကို။ ဒေသေတဗ္ဗာ၊ ကြားအပ်၏။ ဗျတ္တေန၊ သော ။ပ။ ပဋိဂ္ဂဟေတဗ္ဗာ၊ ခံအပ်၏။ နိဿဋ္ဌစီဝရံ၊ စွန့်အပ်သော သင်္ကန်းကို။ ဒါတဗ္ဗံ၊ သင်္ကန်းရှင် ရဟန်းအား ပြန်၍ ပေးအပ်၏။ ကိံ ဒါတဗ္ဗံ၊ သနည်း။

၄၆၄။ သုဏာတု မေ ဘန္တေ သံဃော ဣတ္ထန္နာမဿ၊ သော။ ဘိက္ခုနော၊ ၏။ နိဿဂ္ဂိယံ၊ စွန့်ခြင်းငှာ ထိုက်သော။ ဝါ၊ စွန့်အပ်သင့်ထိုက်သော။ ဣဒံ စီဝရံ၊ ကို။ သံဃဿ၊ အား။ နိဿဋ္ဌံ၊ စွန့်အပ်ပါပြီ။ သံဃဿ၊ ၏။ နိဿဋ္ဌ စီဝရဒါနကမ္မံ၊ နိဿဋ္ဌစီဝရဒါန ကံသည်။ ပတ္တကလ္လံ၊ ရှိသည်။ ယဒိ သံဃာ၊ ပြားအံ့။ ဧဝံ သတိ၊ သော်။ သံဃော၊ သည်။ ဣမံ စီဝရံ၊ ကို။ ဣတ္ထန္နာမဿ၊ သော။ ဘိက္ခုနော၊ အား။ ဒဒေယျ၊ ပေးရာပါ၏။ ဉတ္တိ၊ သို့။ ဒါတဗ္ဗံ၊ အပ်၏။

၄၆၅။ တေန ဘိက္ခုနာ၊ သည်။ သမ္ဗဟုလေ၊ ကုန်သော။ ဘိက္ခူ၊ ထိုသို့။ ဥပသင်္ကမိတွာ၊ ၍။ ဧကံသံ-ဧကသို့ အံသော၊ လက်ဝဲတစ်ဖက် ပခုံးထက်၌။ ဥတ္တရာသင်္ဂံ၊ အထက်အရပ်၌ ပိုင်းခြားအပ်သောကိုယ်ဖြင့် ဖြိုကပ်တင်လွှမ်းအပ်သော ဧကသိ သင်္ကန်းကို။ ကရိတွာ၊ တင်၍၊ ဝုဍ္ဍာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့၏။ ပ။ ပဂ္ဂဟေတွာ၊ ဂံ။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဝါ၊ တို့ကို။ ဧဝံ၊ သို့။ ဝစနီယာ၊ အပ်ကုန်သည်။ အသု၊ ကုန်ရာ၏။ ကိံ ဝစနီယာ၊ အပ်ကုန်သည်။ အသု၊ ကုန်ရာလနည်း။ ဘန္တေ၊ တို့။ မေ၊ ၏။ ဣဒံ စီဝရံ၊ သည်။ ဒသာဟာတိက္ကန္တံ၊ ဆယ်ရက်ကို ကျော်လွန်ခဲ့သည်။ ဟုတွာ၊ ၍။ နိဿဂ္ဂိယံ၊ အပ်ပါ၏။ အာယသ္မန္တာနံ၊ တို့အား။ ဣမံ စီဝရံ၊ ကို။ အဟံ၊ သည်။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။ ဉတ္တိ ဧဝံ၊ သို့၊ ဝစနီယာ၊ အပ်ကုန်သည်။ အသု၊ ကုန်ရာ၏။ တေန ဘိက္ခုနာ၊ သည်။ နိဿဂ္ဂိ စီဝရံ၊ ကို။ နိဿဇ္ဇိတွာ၊ များစွာသော ရဟန်းတို့အား စွန့်၍။ အာပတ္တိ၊ စွန့်အပ်သော ဒသာဟာ တိက္ကန္တ သင်္ကန်းရှိသော အာပတ်ကို။ ဒေသေတဗ္ဗာ၊ အပ်၏။ ဗျတ္တေန၊ သော။ပ။ ဒါတဗ္ဗံ၊ မူလဖြစ်သော သင်္ကန်းရှင် ရဟန်းအား ပြန်ပေးအပ်၏။

၄၆၆။ အာယသ္မန္တာ၊ တို့သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏန္တု၊ ကုန်လော့ ၊ပ။ အာယသ္မန္တာနံ၊ တို့အား။ နိဿဋ္ဌစီဝရဒါနကမ္မံ၊ သည်။ ပတ္တကလ္လံ၊ ရှိသည်။ ယဒိ သိယာ၊ ဖြားအံ့။ ဧဝံသတိ၊ သော်။ အာယသ္မန္တာ၊ တို့သည်။ပ။ ဒဒေယျုံ၊ ပြန်ပေးကုန်ရာ၏။ ဣတိ၊ သို့။ ဒါတဗ္ဗံ၊ အပ်၏။

၄၆၇။ တေန ဘိက္ခုနာ၊ သည်။ တေ၊ တစ်ပါးတည်းသော။ ဘိက္ခုံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ကေသံ-ဧကအံသံ၊ တစ်ဖက်သောလက်ရှိသော ပခုံးကို။ ဥတ္တရာသင်္ဂ၊ ကို။ ကရိတွာ၊ ပြု၍။ပ။ ပဂ္ဂဟေတွာ၊ ၍။ ဧကော၊ တစ်ပါးတည်းသော။ဘိက္ခု၊ သည်။ ဧဝံ၊ သို့။ ဝစနီယော၊ အပ်သည်။ အဿ၊ ရာ၏။ ကိံ ဝစနီယော၊ အပ်သည်။ အဿ၊ နည်း။ အာဝုသော၊ ငါ့ရှင်။ မေ၊ ၏။ ဣဒံ စီဝရံ၊ သည်။ပ။ နိဿဂ္ဂိယံ၊ ပါ၏။ အဟံ၊ သည်။ ဣမံ နိဿဂ္ဂိစီဝရံ၊ ကို။ နိဿဇ္ဇာမိ၊ ပါ၏။ ဣတိ ဧဝံ၊ သို့။ ဝစနီယော၊ အပ်သည်။ အဿ၊ ရာ၏။ တေန ဘိက္ခုနာ၊ သည်။ နိဿဂ္ဂိစီဝရံ၊ ကို။ နိဿဇ္ဇိတွာ၊ ၍။ အာပတ္တိ၊ ကို။ ဒေသေတဗ္ဗာ၊ အပ်၏။ တေန ဘိက္ခုနာ၊ ထိုတစ်ပါးတည်းသော ရဟန်းသည်။ အာပတ္တိ၊ ကို။ ပဋိဂ္ဂဟေတဗ္ဗာ၊ ၏။ နိဿဋ္ဌစီဝရံ၊ ကို။ ဒါတဗ္ဗံ၊ အပ်၏။ ကိံ ဒါတဗ္ဗံ၊ အပ်သနည်း။ အာယသ္မတော၊ ငါ့ရှင်အား။ ဣမံ စီဝရံ၊ ဤအကျွန်ုပ်အား ဝိနည်းကံအလျောက် စွန့်အပ်သောသင်္ကန်းကို။ အဟံ၊ သည်။ ဒမ္မိ၊ ပေးပါ၏။ ဣတိ၊ သို့။ ဒါတဗ္ဗံ၊ အပ်၏။

၄၆၈။ ယော ဘိက္ခု၊ သည်။ ဒသာဟာတိက္ကန္တေ၊ ဆယ်ရက်ကို ကျော်လွန်သည်၌။ အတိက္ကန္တသညီ၊ ဆယ်ရက်ကို ကျော်လွန်သည်ဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ ဒသာဟာတိက္ကန္တံ၊ ဆယ်ရက်ကို ကျော်လွန်သော။ စီဝရံ၊ ကို။ ဓာရေတိ၊ ဖြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ၊ စွန့်ခြင်း ဝိနည်းကံရှေးရှိသော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ယော ဘိက္ခု၊ သည်။ ဒသာဟာတိက္ကန္တေ၊ ၌။ အနတိက္ကန္တသညီ၊ ဆယ်ရက်ကို မကျော်လွန်သည်ဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ ဒသာဟာ တိက္ကန္တံ၊ သော၊ စီဝရံ၊ ကို။ ဓာရေတိ၊ ဖြားအံ့။ တဿ ဘိက္ခုနော၊ အား။ ဝါ၊ ၏။ တဉ္စစီဝရံ၊ ထိုသင်္ကန်းကိုလည်း။ နိဿဂ္ဂိယံ၊ စွန့်အပ်၏။ ပါစိတ္တိယဉ္စ၊ ပါစိတ်အာပတ်သည်လည်း။ ဟောတိ၊ ၏။

ယော ဘိက္ခု၊ သည်။ အနဓိဋ္ဌိတေ၊ အဓိဋ္ဌာန်တင်အပ်ပြီး မဟုတ်သောသင်္ကန်း၌။ အဓိဋ္ဌိတသညီ၊ အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ အနဓိဋ္ဌိတံ၊ အဓိဋ္ဌာန်တင်အပ်ပြီး မဟုတ်သော။ စီဝရံ၊ ကို။ ဓာရေတိ၊ ဖြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ယော ဘိက္ခု၊ သည်။ အဝိကပ္ပိတေ၊ ဝိကပ္ပနာပြုအပ်ပြီး မဟုတ်သော သင်္ကန်း၌။ ဝါ၊ ကိုယ့်ဥစ္စာအဖြစ်မှ ကင်းစေအောင် ပြုအပ်ပြီး မဟုတ်သော သင်္ကန်း၌။ ဝိကပ္ပိတသညီ၊ ဝိကပ္ပနာပြုအပ်ပြီးသော သင်္ကန်းဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍ ။ပ။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ယော ဘိက္ခု၊ သည်။ အဝိဿဇ္ဇိတေ၊ စွန့်အပ်ပြီးမဟုတ်သော သင်္ကန်း၌။ ဝိဿဇ္ဇိတသညီ၊ စွန့်အပ်ပြီးသောသင်္ကန်းဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ပ။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ယော ဘိက္ခု၊ သည်။ အနဋ္ဌေ၊ ခိုးသူ ဆောင်ယူခြင်း အစရှိသည်ဖြင့် ပျောက်ပျက်ပြီးမဟုတ်သော သင်္ကန်း၌။ နဋ္ဌသညီ၊ ခိုးသူဆောင်ယူခြင်း အစရှိသည်တို့ဖြင့် ပျောက်ပျက်ပြီးသောသင်္ကန်းဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ပ။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ယော ဘိက္ခု၊ သည်။ အဝိနဋ္ဌေ၊ ခြကိုက်ခြင်း အစရှိသည်တို့ကြောင့် ပျက်စီးပြီး မဟုတ်သော သင်္ကန်း၌။ ဝိနဋ္ဌသညီ၊ ခြကိုက်ခြင်း အစရှိသည်တို့ကြောင့် ပျက်စီးပြီးသောသင်္ကန်းဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ပ။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ယော ဘိက္ခု၊ သည်။ အဒဍ္ဎေ၊ မီးမလောင်အပ်သော သင်္ကန်း၌။ ဒဍ္ဎသညီ၊ မီးလောင်အပ်ပြီးသော သင်္ကန်းဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ပ။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ယော ဘိက္ခု၊ သည်။ အဝိလုတ္တေ၊ ခိုးသူ စသည်တို့ လုယက်ပြီးမဟုတ်သော သင်္ကန်း၌။ ဝိလုတ္တသညီ၊ ခိုးသူ စသည်တို့ လုယက်အပ်ပြီးသော သင်္ကန်းဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ပ။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ယောဘိက္ခု၊ သည်။ နိဿဂ္ဂိယံ၊ စွန့်ခြင်းငှာထိုက်သော။ ဝါ၊ စွန့်အပ်သင့်ထိုက်သော။ စီဝရံ၊ ကို။ အနိဿဇ္ဇိတွာ၊ ၍။ ပရိဘုဉ္ဇတိ၊ ဝတ်ရုံ သုံးဆောင်ငြားအံ့။ တဿဘိက္ခုနော၊ အား။ အာပတ္တိ ဒုက္ကဋဿ။

ယောဘိက္ခု၊ သည်။ ဒသာဟာနတိက္ကန္တေ၊ ဆယ်ရက်ကို မကျော်လွန်သည်၌။ အတိက္ကန္တသညီ၊ ကျော်လွန်၏ဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍ ။ ပ ။ အာပတ္တိ ဒုက္ကဋဿ။

ယောဘိက္ခု၊ သည်။ ဒသာဟာနတိက္ကန္တေ၊ ၌။ ဝေမတိကော၊ ဆယ်ရက်ကို ကျော်လွန်လေသလော မကျော်လွန်လေသလောဟု တွေးတောယုံမှားခြင်း ရှိသည်။ ဟုတွာ၊ ၍။ပ။ အာပတ္တိ ဒုက္ကဋဿ။

ယောဘိက္ခု၊ ယည်။ ဒသာဟာ နတိက္ကန္တေ၊ ၌။ အနတိက္ကန္တသည်၊ ဆယ်ရက်ကို မကျော်လွန်ဟု အမှတ်ရှိသည်။ ဟုဟူ၊ ၍။ပ။ အနာပတ္တိ၊ မသင့်။

၄၆၉။ ယောဘိက္ခု၊ သည်။ စီဝရံ၊ ကို။ အန္တော ဒသာဟံ၊ ဆယ်ရက်အတွင်း၌။ အဓိဋ္ဌေတိ၊ အဓိဋ္ဌာန်တင်အံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ စီဝရံ၊ ကို။ အန္တော ဒသာဟံ၊ ၌။ ဝိကပ္ပေတိ၊ ဝိကပ္ပနာပြုအံ့။ ဝါ၊ ကိုယ့်ဥစ္စာအဖြစ်မှ ကင်းအောင် ပြုပြင်အံ့။ တဿဘိက္ခုနော၊ အား၊ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ စီဝရံ၊ ကို။ အန္တော ဒသာဟံ၊ ၌။ ဝိဿဇ္ဇေတိ၊ စွန့်ပြအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယဿဘိက္ခုနော၊ ၏။ စီဝရံ၊ သည်။ အန္တော ဒသာဟံ၊ ၌။ နဿတိ၊ ခိုးသူဆောင်ယူခြင်း အစရှိသည်တို့ဖြင့် ပျောက်ပျက်ပြအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယဿဘိက္ခုနော၊ ၏။ စီဝရံ၊ သည်။ အန္တော ဒသာဟံ၊ ၌။ ဝိနဿတိ၊ ခြကိုက်ခြင်း အစရှိသည်တို့ကြောင့် ပျက်စီးပြအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယဿဘိက္ခုနော၊ ၏။ စီဝရံ၊ ကို။ အန္တောဒသာဟံ၊ ၌။ အဂ္ဂိ၊ နာ၊ မီးသည်။ ဍယှတိ၊ လောင်အပ်၏။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယဿဘိက္ခုနော၊ ၏။ စီဝရံ၊ ကို။ အန္တောဒသာဟံ၊ ၌။ ဗလဝဂ္ဂါ၊ အားရှိကုန်သော ရန်သူတို့သည်။ အစ္ဆိန္ဒိတွာ၊ လုယက်ကုန်၍။ ဂဏှန္တိ၊ ယူကုန်အံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယဿဘိက္ခုနော၊ ၏။ စီဝရံ၊ ကို။ အန္တော ဒသာဟံ၊ ၌။ ဝိဿာသဂ္ဂါ၊ အကျွမ်းဝင်ခြင်းရှိကုန်သော သူတို့သည်။ ဝိဿာသံ-ဝိဿာသေန၊ အကျွမ်းဝင်သဖြင့်။ ဂဏှန္တိ၊ ကုန်အံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ဥမ္မတ္တကဿ၊ ၍။ အတိရေက စီဝရံ၊ ကို။ ဓာရေန္တဿ၊ ဆောင်သော ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

အာဒိကမ္မိကဿ၊ ၍။ပ။ အနာပတ္တိ၊ မသင့်။ ဣတိ၊ သို့။ အာဝေါစ၊ ပြီ။

၄၇၀။ တေန ခေါ ပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ နိဿဋ္ဌ စီဝရံ၊ ဝိနည်းကံ၏ အစွမ်းဖြင့် စွန့်အပ်သောသင်္ကန်းကို။ န ဒေန္တိ၊ ပြန်၍မပေးကြကုန်။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်ပြီ။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနာ၊ မည်သည်။ နိဿဋ္ဌ စီဝရံ၊ ကို။ န နဒါတဗ္ဗံ၊ ပြန်၍ပေးအပ်သည်သာ။ ယော ဘိက္ခု၊ သည်။ နိဿဋ္ဌ စီဝရံ၊ ကို။ န ဒဒေယျ၊ ပြန်၍ မပေးငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဣတိ၊ သို့။ အာဝေါစ၊ ပြီ။ ဣတိ၊ တည်း။

ပဌမံ၊ သော။ ကထိန သိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## စီဝရဝဂ်

### ဥဒေါသိတ သိက္ခာပဒ

၄၇၁။ ယေန သမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ ဘိက္ခူနံ၊ တို့၏။ ဟတ္ထေ၊ ၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ထားခဲ့ကြကုန်၍။ သန္တရုတ္တရေန၊ သင်းပိုင်နှင့်တကွဖြစ်သော ကိုယ်ဝတ်ဖြင့်။ ဇနပဒ စာရိကံ၊ ဇနပုဒ်ထိုထိုသို့ လှည့်လည်ခြင်းအကျိုးငှာ။ ဝါ၊ ဇနပုဒ်ထိုထို၌ လှည့်လည်ခြင်းငှာ။ ပက္ကမန္တိ၊ ဖဲသွားကြကုန်၏။ တေန သမယေန၊ ၌။ပ။ ဝိဟရတိ၊ ၏။

တေန ခေါ ပန သမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ ဘိက္ခူနံ၊ တို့၏။ ဟတ္ထေ၊ ၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ကုန်၍။ပ။ ပက္ကမန္တိ၊ ကုန်၏။ တာနိ စီဝရာနိ၊ တို့သည်။ စိရံ၊ ကြာမြင့်စွာ။ နိက္ခိတ္တာနိ၊ ထားအပ်ကုန်သည်။ သမာနာနိ၊ သော်။ ကဏ္ဏကိတာနိ၊ ချေးစွတ်ရာအကွက်၌ မှိုတက်ကုန်သည်။ ဝါ၊ ချေးဖြင့် ထိအပ်ရာအရပ်တို့၌ အမည်းဝန်း အဖြူဝန်းရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ တာနိ စီဝရာနိ၊ တို့ကို။ ဘိက္ခူ၊ တို့သည်။ ဩတာပေန္တိ၊ နေလှန်းကြကုန်၏။ အာယသ္မာ အာနန္ဒော၊ သည်။ သေနာသန စာရိကံ၊ ကျောင်းစဉ် ဒေသစာရီ လှည့်လည်ခြင်းအကျိုးငှာ။ အာဟိဏ္ဍန္တော၊ သော်။ တေ ဘိက္ခူ၊ တို့ကို။ တာနိ စီဝရာနိ၊ တို့ကို။ ဩတာပေန္တေ၊ နေလှန်းနေကြသည်တို့ကို။ အဒ္ဒသ ခေါ ဧဝ၊ ဆည်သာလျှင်တည်း။ ဒိသွာန၊ ၍။ပ။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ အာဝုသော၊ တို့။ ကဏ္ဏကိတာနိ၊ ကုန်သော။ ဣမာနိ စီဝရာနိ၊ တို့သည်။ ကဿ၊ အဘယ်ရဟန်း၏။ စီဝရာနိ၊ သင်္ကန်းတို့လေနည်း။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ အထ၊ ၌။ ခေါ၊ စင်။ တေ ဘိက္ခူ၊ တို့သည်။ အာယသ္မတော အာနန္ဒဿ၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်ပြီ။ အာယသ္မာ အာနန္ဒော၊ သည်။ပ။ ပက္ကမိဿန္တိ နာမ၊ ကုန်တံဘိသနည်း။ ဣတိ ဣဒံ ဝစနံ၊ ကို။ ဝတွာ၊ ၍။ ဥဇ္ဈာယတိ ခိယျတိ ဝိပါစေတိ၊ ၏။ပ။

၄၇၂။ ဘိက္ခုနော၊ ၏ (သာမိအနက်-တတိယာ-သက်) စီဝရသ္မိံ၊ သည်။ နိဋ္ဌိတ၊ ပြီးပြီးသော်လည်းကောင်း။ ကထိနေ၊ ကို။ ဥဗ္ဘတသ္မိံ၊ စ၊ အပ်ပြီး သော်လည်းကောင်း။ ဧဝံ ဣမေဟိ စီဝရနိဋ္ဌာန ကထိနုဗ္ဘာရေဟိ၊ ဤသက်န်း ၏ ပြီးဆုံးခြင်း ကထိန်နုတ်ခြင်းတို့ဖြင့်။ သိန္နပလိဗောဓေ၊ ဖြတ်အပ်ပြီးသော ပလိဗောဓ ရှိသော။ ဘိက္ခု၊ သည်။ ဧကရတ္တံပိ၊ နှစ်ညဉ့် သုံးညဉ့်ကို မဆိုထား ဘိ တစ်ညဉ့်မျှသည်း။ တိစီဝရေန၊ သုံးထည်သော သင်္ကန်းနှင့်။ ဝေိပ္ပဝသေ ယျ၊ အကယ်၍ ကင်း၍ နေငြားအံ့။ ဝါ၊ အကယ်၍ ကင်းလျက်နေငြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ တဿ ဘိက္ခုနော၊ အား။ ဝါ၊ ၏။ တဥ္စီဝရံ၊ ကိုလည်း။ နိဿဂ္ဂိယံ၊ စွန့်အပ်၏။ ပါစိတ္တိယဥ္စ၊ ပါစိတ်အာပတ်သည်လည်း။ ဟောတိ၊ ၏။

ဧဝံ၊ သို့။ ဘဂဝတာ၊ သည်။ ဘိက္ခူနံ၊ တို့အား။ ဣဒဥ္စ သိက္ခာပဒံ၊ သည်လည်း။ ဝါ၊ ကိုလည်း။ ပညတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ အပရံ၊ သော။ ဝတ္ထုစ၊ သည်လည်း။ အနုပညတ္တာယ၊ ၄ာ။ ဥဒပါဒိ၊ ပြီ။

၄၇၃။ တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ ကောသမ္ဗိယံ၊ ၌။ ဂိလာနော၊ နာသည်။ ဟောတိ၊ ၏။ တဿဘိက္ခု နော၊ ၏။ ဉာတကာ၊ ဆွေမျိုးတို့သည်။ တဿ ဘိက္ခုနော၊ ၏။ သန္တိကေ၊ သို့။ ဒူတံ၊ ကို။ ပါဟေသုံ၊ ကုန်ပြီ။ ကိံ ဝစနံ၊ ကို။ ဝတွာ၊ ကုန်၍။ ဒူတံ၊ ကို။ ပါဟေသုံ၊ ကုန်သနည်း။ ဘဒ္ဒန္တော၊ အရှင်ကောင်းသည်။ အာဂစ္ဆတု၊ ကြွတော်မူခဲ့ပါလော့။ ဘဒ္ဒန္တ၊ သည်။ အာဂတေ၊ ကြွလာသည်ရှိသော်။ မယံ၊ အကျွန်ုပ်တို့သည်။ ဥပဋ္ဌဟိဿာမ၊ လုပ်ကျွေးမွေးမြူပါကုန်အံ့။ ဣတိ ဣဒံ ဝစနံ၊ ကို။ ဝတွာ၊ ကုန်၍။ ဒူတံ၊ ကို။ ပါဟေသုံ၊ ကုန်ပြီ။ ဘိက္ခူပိ၊ တို့သည်လည်း။ ဧဝံ၊ သို့။ အာဟံသု၊ တိုက်တွန်းပြောဆို ကြလေကုန်ပြီ။ ကိံ အာဟံသု၊ ကုန်သနည်း။ အာဝုသော၊ ရှင်။ တွံ၊ သည်။ ဉာတကာနံ၊ တို့၏။ သန္တိကေ၊ အထံသို့။ ဂစ္ဆ၊ သွားလော့။ တေ၊ ၏။ ဉာတကာ၊ တို့သည်။ တံ၊ ကို။ ဥပဋ္ဌဟိဿန္တိ၊ ကုန်လိမ့်လတ္တံ့။ ဣတိ ဧဝံ၊ သို့။ အာဟံသု၊ ကုန်ပြီ။ သော ဘိက္ခု၊ သည်။ ဧဝံ၊ သို့။ အာဟ၊ ပြန်ပြောလေပြီ။ ကိံ အာဟ၊ နည်း။ အာဝုသော၊ တို့။ ဘဂဝတာစ၊ သည်လည်း။ ဝါ၊ ကလည်း။ တိစီဝရေန၊ သုံးထည်သော သင်္ကန်းနှင့်။ န ဝိပ္ပဝသိတဗ္ဗံ၊ ကင်း၍မနေရာ။ ဣတိ၊ သို့။ သိက္ခာပဒံ၊ ကို။ ပညတ္တံ၊ အပ်ပြီ။ အဟဥ္စ၊ အကျွန်ုပ်သည်လည်း။ ဂိလာနော၊ နာသည်။ အမှိ၊ ၏။ တသ္မာ၊ ကြောင့်။ တိစီဝရံ၊ ကို။ အာဒါယ၊ ယူ၍။ ပက္ကမိတုံ၊ ဖဲသွားခြင်းငှာ။ န သက္ကောမိ၊ မစွမ်းနိုင်။ တသ္မာ၊ ထိုသို့မြတ်စွာ ဘုရားကလည်း သုံးထည်သော သင်္ကန်းနှင့် ကင်း၍ မနေရာဟု သိက္ခာပုဒ်ကို

ပညတ်တော် မူအပ်သည်၏, တပည့်တော်ကလည်း နာသည့်အတွက် သုံးထည် သော သင်္ကန်းကိုယူ၍ ဖဲသွားခြင်းငှာ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ အယံ၊ သည်။ နဂမိယာမိ၊ ဆွေမျိုးတို့၏ အထံသို့ မလိုက်လိုတော့ပြီ ။ပ။

အထ၊ ဉ်။ ခေါ၊ စစ်။ ဘဂဝါ၊ သည် ။ပ။ အာမန္တေသိ၊ ပြီ။ ကိံ အာမန္တေသိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဂိလာနဿ၊ သော။ ဘိက္ခုနော၊ အား။ တိစီဝရေန အဝိပ္ပဝါသ သမ္မုတိံ၊ တိစီဝရ အဝိပ္ပဝါသ သမ္မုတိကို။ တစ်နည်း။ ။တိစီဝရေန၊ သုံးထည်သောသင်္ကန်းနှင့်။ အဝိပ္ပဝါသ သမ္မုတိံ၊ ညဉ့်အခါ၌ ကင်း၍နေခြားသော်လည်း နေခြင်းရှိသည် မမည်လောက်အောင် သဘောသည့် ရဟန်းအား ပေး အပ်သော သမ္မုတိကို။ ဒါတုံ၊ ပေးစိမ့်သောငှာ။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝဥ္စပန၊ သို့လျှင်။ ဒါတဗ္ဗာ၊ အပ်၏။ ကိံ ဒါတဗ္ဗာ၊ အပ်သနည်း။ ဂိလာနေန၊ သော။ တေန ဘိက္ခုနာ၊ သည်။ သံဃံ၊ သို့။ ဝါ၊ သည်။ ဝါ၊ ကို။ ဥပသင်္ကမိတွာ၊ ၍ ။ပ။ ပဂ္ဂဟေတွာ၊ ချီးမြှောက်၍။ ဧဝံ၊ သို့။ ဝစနီယော၊ အပ်သည်။ အသာ၊ ရာ၏။ ကိံ ဝစနီယော၊ သည်။ အသာ၊ နည်း။ ဘန္တေ၊ တို့။ အဟံ၊ သည်။ ဂိလာနော၊သည်။ ဟုတွာ၊ ၍။ တိစီဝရံ၊ ကို။ အာဒါယ၊ ၍။ ပက္ကမိတုံ၊ ငှာ။ န သက္ကောမိ၊ ပါ။ ဘန္တေ၊ တို့။ သောအဟံ၊ ထိုအကျွန်ုပ်သည်။ပ။ ယာစာမိ၊ ၏။ ဒုတိယံ၊ သို့။ ဝစနီယော၊ အပ်သည်။ အသာ၊ ရာ၏ ။ပ။ တတိယမ္ပိ၊ လည်း။ ဘန္တေ၊ တို့။ အဟံ၊ သည်။ ဂိလာနော၊သည်။ ဟုတွာ၊ ၍။ပ။ ယာစာမိ၏။ တတိယံ၊ သို့။ ဝစနီယော၊ အပ်သည်။ အသာ၊ ရာ၏။ ဗျတ္တေန၊ သော။ ပဋိဗလေန၊ သော။ ဘိက္ခုနာ၊ သည်။ သံဃော၊ ကို။ ဉာပေတဗ္ဗော၊ အပ်၏။ ကိံ ဉာပေတဗ္ဗော၊ စေအပ်သနည်း။

၄၇၄။ ဘန္တေ၊ တို့။ပ။ သုဏာတု၊ လော့။ ဣတ္ထန္နာမော၊ သော။ အယံဘိက္ခု၊ သည်။ ဂိလာနော၊သည်။ ဟုတွာ၊ ၍။ တိစီဝရံ၊ကို။ အာဒါယ၊ ၍။ ပက္ကမိတုံ၊ ငှာ။ နသက္ကောတိ၊ ပါ။ သောဘိက္ခု၊ သည်။ သံဃံ၊ ကို။ တိစီဝရေန အဝိပ္ပဝါသ သမ္မုတိံ၊ ကို။ ယာစတိ၊ ၏။ သံဃဿ၊ ၏။ အဝိပ္ပဝါသ သမ္မုတိ ဒါန ကမ္မံ၊ သည်။ ပတ္တကလ္လံ၊ ရှိသည်။ ယဒိသိယာ၊ ငြားအံ့။ ဧဝံသတိ၊ သော်။ သံဃော၊ သည်။ ဣတ္ထန္နာမဿ၊ သော။ ဘိက္ခုနော၊ အား။ တိစီဝရေန အဝိပ္ပဝါသ သမ္မုတိံ၊ ကို။ ဒဒေယျ၊ ပေးရာပါ၏။ ဣတိ၊ သို့။ ဉာပေတဗ္ဗော၊ စေအပ်၏။ သော၊ သည်ကား။ ဉတ္တိ၊ တည်း။ (ကမ္မဝါ သိလောက်ပြီ၊ အထူးမျှရေးသားအံ့)

ယဿ အာယသ္မတော၊ သည်။ ဣတ္ထန္နာမဿ၊ သော။ ဘိက္ခုနော၊ အား။ တိစီဝရေန၊ သုံးထည်သော သင်္ကန်းနှင့်။ အဝိပ္ပဝါသ သမ္မုတိယာ၊ ညဉ့်အခါ၌

ကင်း၍ နေခြားသော်လည်း ။ပ။ သမ္မုတိံ၊ ကို။ ဒါနံ၊ ပေးခြင်းကို။ ခမတိ၊ အပ်၏။ပ။ သော အာယသ္မာ၊ သည်။ ဘာသေယျ၊ ရာ၏။ သံဃေန၊ သည်။ ဣတ္ထန္နာမဿ၊ သော။ ဘိက္ခုနော၊ အား။ တိစီဝရေန အဝိပ္ပဝါသ သမ္မုတိ၊ ကို။ ဒိန္နာ၊ အပ်ပြီ။ပ။ ဧဝံ၊ သည်။ ဓာရယာမိ၊ ပါတော်၏။ ဣတိ၊ သို့။ ဒါတဗ္ဗံ၊ အပ်၏။ ပ ။

၄၇၅။ ဘိက္ခုနော၊ ၏။ စီဝရသ္မိံ၊ သည်။ နိဋ္ဌိတေ၊ သော်သည်းကောင်း။ ကထိနေ၊ ကို။ ဥဗ္ဘတသ္မိံ၊ သော်လည်းကောင်း။ ဧဝံ ဣမေဟိ စီဝရ နိဋ္ဌာန ကထိနုဗ္ဘာရေဟိ၊ တို့ဖြင့်။ ဝါ၊ တို့ကြောင့်။ ဆိန္နပလိဗောဓော၊ ပြတ်ပြီးသော ပလိဗောဓရှိသော။ ယောဘိက္ခု၊ သည်၊ ဘိက္ခုသမ္မုတိယာ၊ ရဟန်းတို့၏ ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် သမုတ်ခြင်းကို။ အညတြ၊ ကြဉ်ထား၍။ ဧကရတ္တံပိ၊ တစ်ညဥ့်ပတ်လုံးလည်း။ တိစီဝရေန၊ နှင့်။ ဝါ၊ သုံးထည်သော သင်္ကန်းတို့တွင် တစ်ထည်ထည်သော သင်္ကန်းနှင့်။ စေ ဝိပ္ပဝသေယျ၊ အကယ်၍ ကင်း၍နေခြားအံ့။ တဿဘိက္ခုနော၊ အား။ ဝါ၊ ၏။ တဥ္စစီဝရံ၊ ကိုသည်း။ နိဿဂ္ဂိယံ၊ အပ်၏။ ပါစိတ္တိယဥ္စ၊ သည်လည်း။ ဟောတိ၊ ၏။

။ပ။ ဧကရတ္တံပိ စေဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျာတိ၊ ကား။ ယော ဘိက္ခု၊ သည်။ သံဃာဋိယာဝါ၊ ဒုကုဋ်နှင့်မူလည်းကောင်း။ ဥတ္တရာသင်္ဂေနဝါ၊ ကိုယ်ဝတ်ကောသီသင်္ကန်းနှင့်မူလည်းကောင်း။ အန္တရဝါသကေနဝါ၊ သင်းပိုင်နှင့်မူလည်းကောင်း။ စေ ဝိပ္ပဝသေယျ၊ ခြားအံ့။

အညတြ ဘိက္ခု သမ္မုတိယာတိ၊ ကား။ ဘိက္ခုသမ္မုတိံ၊ ရဟန်းတို့၏ ဉတ္တိ ဒုတိယကမ္မဝါစာဖြင့်သမုတ်ခြင်းကို။ ဝါ၊ သမ္မုတိ ရသောရဟန်းကို။ ထပေတွာ၊ ထား၍။ စေ ဝိပ္ပဝသေယျ၊ ခြားအံ့။ နိဿဂ္ဂိယံ ဟောတီတိ၊ ကား။ သဟ အရုဏုဂ္ဂမနာ၊ အရုဏ်တက်သည်နှင့် တစ်ပြိုင်နက်။ စီဝရံ၊ သည်။ ဝါ၊ ကို။ နိဿဂ္ဂိယံ၊ အပ်သည်။ ဟောတိ၊ ၏။ စီဝရံ၊ ကို။ သံဃဿဝါ၊ အားမူလည်းကောင်း။ ဂဏဿဝါ၊ အားမူလည်းကောင်း။ ပုဂ္ဂလဿဝါ၊ အားမူလည်းကောင်း။ နိဿဇ္ဇိတဗ္ဗံ၊ အပ်၏။ ဘိက္ခဝေ၊ တို့။ စပန၊ သော်။ ဧဝံ၊ သို့။ နိဿဇ္ဇိတဗ္ဗံ၊ အပ်၏။ ကိံ နိဿဇ္ဇိတဗ္ဗံ၊ အပ်သနည်း ။ပ။ ဘန္တေ၊ တို့။ မေ၊ ၏။ ဣဒံစီဝရံ၊ သည်။ ဘိက္ခုသမ္မုတိယာ၊ ကို။ အညတြ၊ ၍။ ရတ္တိံ၊ ညဥ့်၌။ ဝိပ္ပဝုတ္ထံ၊ ကင်း၍နေခြင်းရှိသည်။ ဟုတွာ၊ ၍။ နိဿဂ္ဂိယံ၊ စွန့်ခြင်းငှာထိုက်သောသင်္ကန်းပါတည်း။ အဟံ၊ သည်။ ဣမံစီဝရံ၊ ကို၊ သံဃဿ၊ အား။ နိဿဇ္ဇာမိ၊ ပါ၏။ ဣတိ၊ သို့။ နိဿဇ္ဇိတဗ္ဗံ၊ အပ်၏။ ။ပ။ ဒဒေယျ၊ ရာ၏။ပ။ ဣတိ၊ သို့။ ဒါတဗ္ဗံ၊ အပ်၏။ပ။ ဒဒေယျုံ၊ ကုန်ရာ၏။ပ။ ဣတိ၊ သို့။ ဒါတဗ္ဗံ၊ အပ်၏။ပ။ အာယသ္မတော၊ အား။ ဒမ္မိ၊ ၏။ ဣတိ၊ သို့။ ဒါတဗ္ဗံ၊ အပ်၏။

၄၇၇။ ကောပစာရော၊ တစ်ခုတည်းသော ဥပစာရှိသော။ ဝါ၊ တူသော ဥပစာရှိသော။ နာနူပစာရော၊ အထူးထူးသော ဥပစာရှိသော။ ဂါမော၊ ရွာသည်။ အတ္ထိ၊ ၏။ပ။ နိဝေသနံ၊ အိမ်သည်။ အတ္ထိ၊ ၏။ပ။ ဥဒေါသိတော၊ ဥစ္စာထားရာဘဏ္ဍာတိုက်သည်။ အတ္ထိ၊ ၏။ပ။ အဋ္ဋော၊ မြှအိုးသည်။ အတ္ထိ၊ ၏။ပ။ မာဠော၊ တန်ဆောင်းဝန်းသည်။ အတ္ထိ၊ ၏။ ပ ။ ပါသာဒေါ၊ ပြာသာဒ်ရှည်သည်။ အတ္ထိ၊ ၏။ပ။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်းသည်။ အတ္ထိ၊ ၏။ပ။ နာဝါ၊ လှေသည်။ အတ္ထိ၊ ၏။ပ။ သတ္ထော၊ ခြေကုန်သည်, လှည်းကုန်သည်တို့၏ နေရာအရပ်သည်။ အတ္ထိ၊ ၏။ပ။ ခေတ္တံ၊ လယ်သည်။ အတ္ထိ၊ ၏။ ။ပ။ ဓညကရဏံ၊ ကောက်နယ်တလင်းသည်။ အတ္ထိ၊ ၏။ ပ ။ အာရာမော၊ သည်။ အတ္ထိ၊ ၏။ပ။ ဝိဟာရော၊ သည်။ အတ္ထိ၊ ၏။ပ။ ရုက္ခမူလံ၊ သစ်ပင်ရင်းသည်။ ဝါ၊ သစ်ပင်၏အနီးသည်။ အတ္ထိ၊ ၏။ ကောပစာရော၊ သော။ နာနူပစာရော၊ သော။ အဇ္ဈောကာသော၊ လွင်တီးခေါင်သည်။ အတ္ထိ၊ ၏။ ကောပစာရော၊ သော။ ဂါမောနာမ၊ မည်သည်။ ကေကုလဿ၊ တစ်ဦးတည်းသောအမျိုး၏, တစ်ဦးတည်းသောမင်း၏။ ဂါမော၊ ရွာသည်။ ဟောတိ၊ အံ့။ ပရိက္ခိတ္တော စ၊ တံတိုင်းစသည်ဖြင့် ဝန်းကျင်ပတ်လည် ကာရံအပ်သည်လည်း။ ဟောတိ၊ အံ့။ တစ်နည်း။ ယော ဂါမော၊ သည်။ ကေကုလဿ၊ ၏။ ဂါမော စ၊ ရွာသည်လည်း။ ဟောတိ၊ အံ့။ ပရိက္ခိတ္တော စ၊ အပ်သည်လည်း။ ဟောတိ၊ အံ့။ သော ဂါမော၊ ထို တံတိုင်း စသည်ဖြင့် ဝန်းကျင်ပတ်လည် ကာရံအပ်သော ရွာသည်လည်း။ ကောပစာရော၊ သော။ ဂါမောနာမ၊ မည်၏။

၄၇၈။ တသ္မိံ ကောပစာရ ပရိက္ခိတ္တဂါမေ၊ ထိုတူသော ဥပစာရှိသော တံတိုင်း စသည်ဖြင့် ဝန်းကျင်ပတ်လည် ကာရံအပ်သော ရွာ၌။ ဝသန္တေန၊ နေသော။ ဘိက္ခုနာ၊ သည်။ အန္တောဂါမေ၊ ရွာတွင်း၌။ စီဝရံ၊ ကို။ နိက္ခိပိတဗ္ဗံ၊ ၍။ အန္တောဂါမေ၊ ရွာတွင်း၌။ ဝတ္ထဗ္ဗံ၊ နေရာ၏။ ဝါ၊ နေနိုင်၏။ သော ကောပစာရဂါမော၊ ထိုတူသော ဥပစာရှိသော ရွာသည်။ အပရိက္ခိတ္တော၊ တံတိုင်းစသည်ဖြင့် ဝန်းကျင်ပတ်လည် မကာရံအပ်သည်။ ဟောတိ၊ အံ့။ တသ္မိံ အပရိက္ခိတ္တ ကောပစာရဂါမေ၊ ထိုတံတိုင်း စသည် ဝန်းကျင်ပတ်လည် မကာရံအပ်သော တူသောဥပစာရှိသော ရွာ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ယသ္မိံ ဃရေ၊ အကြင်အိမ်၌။ စီဝရံ၊ သည်။ ဝါ၊ ကို။ နိက္ခိတ္တံ၊ ထားအပ်သည်။ ဟောတိ၊ ၏။ တသ္မိံ ဃရေ၊ ထိုသင်္ကန်းကို ထားရာဖြစ်သောအိမ်၌။ ဝတ္ထဗ္ဗံ၊ နေရာ၏။ ဟတ္ထပါသာ၊ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ။ ဥဒ္ဓံဝါ၊ အထက်၌မူလည်း။ စီဝရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ မစွန့်အပ်။

၄၇၉။ ယော ဂါမော၊ သည်။ နာနာ ကုလဿ၊ ၏။ ဂါမော စ၊ သည်လည်း။ ဟောတိ၊ အံ့။ ပရိက္ခိတ္တော စ၊ သည်လည်း။ ဟောတိ၊ အံ့။ တသ္မိံ

ပရိက္ခိတ္တ နာနာကုလဂါမေ၊ ထိုတံတိုင်းစသည်ဖြင့် ဝန်းကျင်ပတ်လည် ကာရံအပ်သော အထူးထူးသောအမျိုး့အထူးထူးသော မင်းရှိသောရွာ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ယသ္မိံ ဃရေ၊ ၌။ စီဝရံ၊ သည်။ ဝါ၊ ကို။ နိက္ခိတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ တသ္မိံ ဃရေ၊ ထိုသက်န်းထားရာဖြစ်သော အိမ်၌။ ဝတ္ထဗ္ဗံ၊ နေရာ၏။ သဘာယေဝါ၊ သဘင်၌မူလည်းကောင်း။ ဒွါရမူလေဝါ၊ တံခါး၏ အနီး၌မူလည်းကောင်း။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဒံဝါ၊ ၌မူလည်း။ စီဝရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ မစွန့်အပ်။ သဘာယံ၊ သို့။ ဂစ္ဆန္တေန၊ သွားသော။ ဘိက္ခုနာ၊ သည်။ ဟတ္ထပါသေ၊ ၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ သဘာယေဝါ၊ ၌မူလည်းကောင်း။ ဒွါရမူလေဝါ၊ ၌မူလည်းကောင်း။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဒံဝါ၊ မူလည်း။ န ဝိဇဟိတဗ္ဗံ၊ အပ်။ သဘာယေ၊ ၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ သဘာယေဝါ၊ ၌မူလည်းကောင်း။ ဒွါရမူလေဝါ၊ ၌မူလည်းကောင်း။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဒံဝါ၊ ၌မူလည်း။ န ဝိဇဟိတဗ္ဗံ၊ အပ်။ ယောဂါမော၊ သည်။ နာနာကုလဿ၊ ၏။ ဂါမောစ၊ သည်လည်း။ ဟောတိ၊ ဒုံ။ အပရိက္ခိတ္တောစ၊ အပ်သည်လည်း။ ဟောတိ၊ ဒုံ။ တသ္မိံ အပရိက္ခိတ္တ နာနာ ကုလဂါမေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ယသ္မိံ ဃရေ၊ ၌။ စီဝရံ၊ သည်။ ဝါ၊ ကို။ နိက္ခိတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ တသ္မိံ ဃရေ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဒံဝါ၊ ၌မူလည်း။ န ဝိဇဟိတဗ္ဗံ၊ အပ်။

၄၇၀။ ယံ နိဝေသနံ၊ သည်။ ဧကကုလဿ၊ ၏။ နိဝေသနံစ၊ သည်လည်း။ ဟောတိ၊ ဒုံ။ ပရိက္ခိတ္တဉ္စ၊ အပ်သည်လည်း။ ဟောတိ၊ ဒုံ။ နာနာဂဗ္ဘာ၊ အထူးထူးသော တိုက်ခန်းတို့သည်။ သန္တိ၊ ကုန်၏။ အန္တောနိဝေသနေ၊ အိမ်တွင်း၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ အန္တောနိဝေသနေ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏။ ယံ နိဝေသနံ၊ သည်။ ဧကကုလဿ၊ ၏။ နိဝေသနံ၊ သည်။ ဟောတိ၊ ၏။ အပရိက္ခိတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ တသ္မိံ အပရိက္ခိတ္တ ဧကကုလ နိဝေသနေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ယသ္မိံ ဂဗ္ဘေ၊ အကြင် တိုက်ခန်း၌။ စီဝရံ၊ သည်။ ဝါ၊ ကို။ နိက္ခိတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ တသ္မိံ ဂဗ္ဘေ၊ ထိုသက်န်းထားရာ တိုက်ခန်း၌။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဒံဝါ၊ ၌မူလည်း။ နဝိဇဟိတဗ္ဗံ၊ အပ်။

၄၇၁။ ယံ နိဝေသနံ၊ သည်။ နာနာကုလဿ၊ ၏။ နိဝေသနဉ္စ၊ အိမ်သည်လည်း။ ဟောတိ၊ ဒုံ။ ပရိက္ခိတ္တဉ္စ၊ သည်လည်း။ ဟောတိ၊ ဒုံ။ တသ္မိံ နာနာ ကုလနိဝေသနေ၊ ၌။ နာနာဂဗ္ဘာ၊ အထူးထူးသော တိုက်ခန်းကြီးတို့သည်။ နာနာဩဝရကာ၊ အထူးထူးသော တိုက်ခန်းငယ်တို့သည်။ သန္တိ၊ ကုန်

၏။ တေသု၊ ထိုအထူးထူးသော တိုက်ခန်းကြီး တိုက်ခန်းငယ်တို့တွင်။ ယသ္မိံ ဂဗ္ဘေ၊ ၌။ စီဝရံ၊ သည်။ နိက္ခိတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ တသ္မိံ ဂဗ္ဘေ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဝါ၊ နေနိုင်၏။ ဒွါရမူလေဝါ၊ ၌လည်း။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဓံဝါ၊ ၌လည်း။ စီဝရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ အပ်။ ယံ နိဝေသနံ၊ သည်။ နာနာကုလဿ၊ ၏။ နိဝေသနဉ္စ၊ သည်လည်း။ ဟောတိ၊ အံ့။ အပရိက္ခိတ္တဉ္စ၊ သည်လည်း။ ဟောတိ၊ အံ့။ တသ္မိံ အပရိက္ခိတ္တေ နာနာကုလနိဝေသနေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ယသ္မိံ ဂဗ္ဘေ၊ ၌။ စီဝရံ၊ သည်။ ဝါ၊ ကို။ နိက္ခိတ္တံ၊ အပ်သည်။ ဟောတိ၊ အံ့။ တသ္မိံ ဂဗ္ဘေ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဓံဝါ၊ ၌မူလည်း။ စီဝရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ အပ်။

၄၇၂။ ယော ဥဒေါသိတော၊ သည်။ ဧကကုလဿ၊ ၏။ ဥဒေါသိတော စ၊ ဘဏ္ဍာတိုက်သည်လည်း။ ဟောတိ၊ အံ့။ ပရိက္ခိတ္တော စ၊ အပ်သည်လည်း။ ဟောတိ၊ အံ့။ တသ္မိံ နာနာကုလ ဥဒေါသိတေ၊ ၌။ နာနာဂဗ္ဘာ၊ တို့သည်။ နာနာဩဝရကာ၊ တို့သည်။ သန္တိ၊ ကုန်၏ ။ပ။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဓံဝါ၊ ၌မူလည်း။ စီဝရံ၊ ကို။ နဝိဇဟိတဗ္ဗံ၊ အပ် ။ပ။

၄၇၄။ ယော အဋ္ဋော၊ အကြင်ပြအိုးသည်။ ဧကကုလဿ၊ ၏။ အဋ္ဋော၊ ပြအိုးသည်။ ဟောတိ၊ အံ့။ တသ္မိံ ဧကကုလ အဋ္ဋေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ အန္တော အဋ္ဋေ၊ ပြအိုး၏အတွင်း၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ အန္တောအဋ္ဋေ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏ ။ပ။ နဝိဇဟိတဗ္ဗံ၊ အပ်။

၄၇၅။ ယော မာဠော၊ အကြင်တန်ဆောင်းဝန်းသည်။ ဧကကုလဿ၊ ၏။ မာဠော၊ တန်ဆောင်းဝန်းသည်။ ဟောတိ၊ အံ့။ တသ္မိံ ဧကကုလမာဠေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ အန္တောမာဠေ၊ ၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ အန္တောမာဠေ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏ ။ပ။ နဝိဇဟိတဗ္ဗံ၊ အပ်။

၄၇၆။ ယော ပါသာဒေါ၊ အကြင် ပြာသာဒ်ရှည်သည်။ ဧကကုလဿ၊ ၏။ ပါသာဒေါ၊ သည်။ ဟောတိ၊ အံ့။ တသ္မိံ ဧကကုလပါသာဒေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ အန္တော ပါသာဒေ၊ ၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ အန္တောပါသာဒေ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏ ။ပ။ နဝိဇဟိတဗ္ဗံ၊ အပ်။

၄၇၇။ ယံ ဟမ္မိယံ၊ အကြင်ပြာသာဒ်ဦးပြည်းသည်။ ဧကကုလဿ၊ ၏။ ဟမ္မိယံ၊ သည်။ ဟောတိ၊ အံ့။ တသ္မိံ ဧကကုလဟမ္မိယေ၊ ၌။ ဝသန္တေန၊ သော။

ဘိက္ခုနော၊ သည်။ အဓန္တောသဟာမွိယံ၊ ၌။ စိဝရံ၊ ကို။ နိက္ခိပိတ္ဗာ၊ ၍။ အန္တော ဟာမွိဓယေ၊ ၌။ ဝတ္ထုဗ္ဗံ၊ ရာ၏ ။ပ။ နဝိဇဟိတဗ္ဗံ၊ အပ်။

၄၈၀။ ယာနာဝါ၊ သည်။ ကောကုလသာ၊ ၏။ နာဝါ၊ သည်။ ဟောတိ၊ အံ့။ တဿံနာဝါယံ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနော၊ သည်။ အန္တော နာဝါယ၊ လှေ၏အတွင်း၌။ စိဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ အန္တောနာဝါယ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏။ ယာနာဝါ၊ သည်။ နာနာကုလသာ၊ ၏။ နာဝါ၊ သည်။ ဟောတိ၊ အံ့။ တဿံနာဝါယံ၊ ၌။ နာနာဂဗ္ဘာ၊ တို့သည်။ နာနာဩဝရကာ၊ တို့သည်။ သန္တိ၊ ကုန်၏။ တဿံနာနာကုလနာဝါယံ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ယသ္မိံဩဝရကေ၊ အကြင်တိုက်ခန်းငယ်၌။ စိဝရံ၊ သည်။ ဟောတိ၊ ၏။ တသ္မိံဩဝရကေ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဒံဝါ၊ ၌မူလည်း။ ဩဝရကံ၊ တိုက်ခန်းငယ်ကို။ နဝိဇဟိတဗ္ဗံ၊ အပ်။

၄၈၉။ ယော သတ္ထော၊ အကြင် ခြေကုန်သည် လှည်းကုန်သည်တို့၏ နေရာအရပ်သည်။ ကောကုလသာ၊ ၏။ သတ္ထော၊ သည်။ ဟောတိ၊ အံ့။ သတ္ထေ၊ ၌။ စိဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ ပုရတော ဝါ၊ ၌မူလည်းကောင်း။ ဝါ၊ က မူလည်းကောင်း။ ပစ္ဆတော ဝါ၊ နောက်မှမူလည်းကောင်း။ ဝါ၊ က မူလည်းကောင်း။ သတ္တဗ္ဘန္တရာ၊ ခုနစ်အဗ္ဘန္တရတို့ကို။ ဝါ၊ တစ်ဆုကိုးဆယ့် ခြောက်တောင်တို့ကို။ န ဝိဇဟိတဗ္ဗာ၊ အပ်ကုန်။ ပဿတော၊ နံပါးမှ။ အဗ္ဘန္တရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ အပ်။ ယော သတ္ထော၊ သည်။ နာနာကုလသာ၊ ၏။ သတ္ထော၊ သည်။ ဟောတိ၊ အံ့။ တသ္မိံ နာနာကုလသတ္ထေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနော၊ သည်။ သတ္ထေ၊ ၌။ န ဝိဇဟိတဗ္ဗံ၊ အပ်။

၄၉၀။ ယံ ခေတ္တံ၊ အကြင်လယ်သည်။ ကောကုလသာ၊ ၏။ ခေတ္တဉ္စ၊ သည်လည်း။ ဟောတိ၊ အံ့။ ပရိက္ခိတ္တဥ္စ၊ စည်းစောင်းရမ်း စသည်တို့ဖြင့် ကာရံ အပ်သည်လည်း။ ဟောတိ၊ အံ့။ တသ္မိံ ကောကုလခေတ္တေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနော၊ သည်။ အန္တောခေတ္တေ၊ ၌။ပ။ ဝတ္ထဗ္ဗံ၊ အပ်၏။ပ။ တသ္မိံ အပရိက္ခိတ္တနာနာ ကုလခေတ္တေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနော၊ သည်။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဒံ၊ ၌။ စိဝရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ အပ်။

၄၉၁။ ယံ ဓညကရဏံ၊ အကြင် ကောက်နယ်တလင်းသည်။ ကောကုလသာ၊ ၏။ ဓညကရဏဉ္စ၊ ကောက်နယ် တလင်းသည်လည်း။ ဟောတိ၊ အံ့။ ပရိက္ခိတ္တဥ္စ၊ စည်းစောင်းရမ်း အစရှိသည်တို့ဖြင့် ဝန်းကျင်ပတ်လည် ကာရံအပ် သည်လည်း။ ဟောတိ၊ အံ့။ တသ္မိံ အပရိက္ခိတ္တနာနာကုလဓညကရဏေ၊ ၌။

ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဓံ၊ ၌။ စီဝရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ အပ်။

၄၉၂။ ယော အာရာမော၊ သည်။ ကောကုလဿ၊ ၏။ အာရာမော စ၊ သည်လည်း။ ဟောတိ၊ အံ့။ ပရိက္ခိတ္တော စ၊ တံတိုင်း အစရှိသည်တို့ဖြင့် ဝန်းကျင်ပတ်လည် ကာရံအပ်သည်လည်း။ ဟောတိ၊ အံ့။ ပ။ တသ္မိံ အပရိက္ခိတ္တ နာနာကုလအာရာမေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဓံ၊ ၌။ စီဝရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ အပ်။ (ဝိဟာရ တူ၏)

၄၉၃။ ယံ ဌာနံ၊ သည်။ မဇ္ဈန္ဟိကေကာလေ၊ မွန်းတည့်သောအခါ၌။ သမန္တာ၊ ဝန်းကျင်ပတ်လည်အရပ်၌။ ဆာယာ၊ အရိပ်သည်။ ဖရတိ၊ ပျံ့နှံ့၏။ တစ်နည်း။ ။သမန္တာ၊ ထက်ဝန်းကျင်မှ။ သဗ္ဗဒိသာသု၊ အလုံးစုံသောအရပ်တို့၌။ ဆာယာ၊ သည်။ ဖရတိ၊ ၏။ တံ ဌာနံ၊ သည်။ ကောကုလဿ၊ ၏။ ရုက္ခမူလံ၊ သစ်ပင်၏ အနီးအရပ်သည်။ ဟောတိ၊ ၏။ တသ္မိံ ကောကုလရုက္ခမူလေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ အန္တော ဆာယာယ၊ အရိပ်၏အတွင်း၌။ စီဝရံ၊ ကို။ နိက္ခိပိတွာ၊ ၍။ အန္တော ဆာယာယ၊ ၌။ ဝတ္ထဗ္ဗံ၊ ရာ၏။ ယံ ရုက္ခမူလံ၊ သည်။ နာနာကုလဿ၊ ၏။ ရုက္ခမူလံ၊ သည်။ ဟောတိ၊ အံ့။ တသ္မိံ နာနာကုလရုက္ခမူလေ၊ ၌။ ဝသန္တေန၊ သော။ ဘိက္ခုနာ၊ သည်။ ဟတ္ထပါသာ၊ မှ။ ဥဒ္ဓံ၊ ၌။ စီဝရံ၊ ကို။ န ဝိဇဟိတဗ္ဗံ၊ အပ်။

ကောပစာရော၊ သော။ အဇ္ဈောကာသော နာမ၊ မည်သည်ကို။ ဝေ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ အပ်၏။ အဂါမကေ၊ ရွာမရှိသော။ အရညေ၊ တော၌။ သမန္တာ၊ ဝန်းကျင်ပတ်လည် အရပ်၌။ သတ္တဗ္ဘန္တရာ၊ ခုနစ်အဗ္ဘန္တရ တို့သည်။ ကောပစာရော၊ မည်၏။ ဝါ၊ တူသော ဥပစာရှိသော လွင်တီးခေါင် မည်၏။ တတော၊ ထို ခုနစ်အဗ္ဘန္တရထက်။ ပရံ၊ အလွန်ဖြစ်သော အရပ်သည်။ နာနူပစာရော၊ နာနူပစာရ မည်၏။ ဝါ၊ အထူးထူးသောဥပစာရှိသော လွင်တီးခေါင် မည်၏။

၄၉၅။ ယော ဘိက္ခု၊ သည်။ ဘိက္ခုသမ္မုတိယာ၊ ရဟန်းတို့၏ ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်ခြင်းကို။ အညတြ၊ ကြဉ်ထား၍။ ဝိပ္ပဝုတ္ထော၊ ညဉ့်အခါ၌ သင်္ကန်းနှင့်ကင်း၍နေသည်၍။ ဝိပ္ပဝုတ္ထသညီ၊ ညဉ့်အခါ၌။ပ။ ကင်း၍နေ၏ဟု အမှတ်ရှိသည်။ ဟောတိ၊ အံ့။ တဿဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ ယော ဘိက္ခု၊ သည်။ ဘိက္ခုသမ္မုတိယာ၊ ကို။ အညတြ၊ ၍။ ဝိပ္ပဝုတ္ထော၊ ၌။ ဝေမတိကော၊ ရှိ

သည်။ ဟောတိ၊ အံ့။ တဿာဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ။ပ။ ယောဘိက္ခု၊ သည်။ပ။ဝိပ္ပဝုတ္ထေ၊ ၌။ အဝိပ္ပဝုတ္ထသညီ၊ ညဉ့်အခါ၌ သင်္ကန်းနှင့်ကင်း၍မနေဟု အမှတ်ရှိသည်။ ဟောတိ၊ အံ့။ပ။ ယောဘိက္ခု၊ သည်။ အပစ္စုဒ္ဓဋေ၊ ပစ္စုဒ္ဓိုရ်ပြုအပ်ပြီးမဟုတ်သော သင်္ကန်း၌။ ပစ္စုဒ္ဓဋသညီ၊ ရှိသည်။ ဟောတိ၊ အံ့။ပ။ အဝိဿဇ္ဇိတေ၊ စွန့်အပ်ပြီးမဟုတ်သော သင်္ကန်း၌။ ဝိဿဇ္ဇိတသညီ၊ ရှိသည်။ ဟောတိ၊ အံ့။ပ။ အနဋ္ဌေ၊ ခိုးသူဆောင်ယူခြင်း အစရှိသည်တို့ဖြင့် ပျောက်ပျက်ပြီး မဟုတ်သောသင်္ကန်း၌။ နဋ္ဌသညီ၊ ရှိသည်။ ဟောတိ၊ အံ့။ပ။ အဝိနဋ္ဌေ၊ ခြကိုက်ခြင်း အစရှိသည်တို့ကြောင့် ပျက်စီးပြီးမဟုတ်သော သင်္ကန်း၌။ ဝိနဋ္ဌသညီ၊ ရှိသည်။ ဟောတိ၊ အံ့။ပ။ အဒဍ္ဎေ၊ မီးမလောင်အပ်သည်၌။ ဒဍ္ဎသညီ၊ ရှိသည်။ ဟောတိ၊ အံ့။ ယောဘိက္ခု၊ သည်။ ဘိက္ခုသမ္မုတိယာ၊ ကို။ အညတြ၊ ၍။ အဝိလုတ္တေ၊ ခိုးသူအစရှိသူတို့သည် မလုယက်အပ်သောသင်္ကန်း၌။ ဝိလုတ္တသညီ၊ ရှိသည်။ ဟောတိ၊ အံ့။ တဿဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ယောဘိက္ခု၊ သည်။ နိဿဂ္ဂိယ စီဝရံ၊ စွန့်ခြင်းငှာထိုက်သော သင်္ကန်းကို။ အနိဿဇ္ဇိတွာ၊ ၍။ ပရိဘုဉ္ဇတိ၊ အံ့။ တဿာဘိက္ခုနော၊ အား။ အာပတ္တိ ဒုက္ကဋဿ။

ယောဘိက္ခု၊ သည်။ အဝိပ္ပဝုတ္ထေ၊ ညဉ့်အခါ၌ သင်္ကန်းနှင့်ကင်း၍မနေသည်၌။ ဝိပ္ပဝုတ္ထသညီ၊ ရှိသည်။ ဟောတိ၊ အံ့။ပ။ ယောဘိက္ခု၊ သည်။ အဝိပ္ပဝုတ္ထေ၊၌။ အဝိပ္ပဝုတ္ထသညီ၊ ညဉ့်အခါ၌ သင်္ကန်းနှင့်ကင်း၍မနေဟုအမှတ်ရှိသည်။ ဟောတိ၊ အံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

၄၉၆။ ယောဘိက္ခု၊ သည်။ အန္တောအရုဏေ၊ အရုဏ်၏ အတွင်း၌။ စီဝရံ၊ ကို။ ပစ္စုဒ္ဓရတိ၊ ပစ္စုဒ္ဓိုရ်ပြုငြားအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။ ဝိဿဇ္ဇေတိ၊ စွန့်ငြားအံ့။ (ပါဠိသဿ ရှေ့နည်းအတိုင်းထည့်)။

ယဿဘိက္ခုနော၊ ၏။ စီဝရံ၊ သည်။ အန္တော အရုဏေ၊ ၌။ နဿတိ၊ အံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

တဿဘိက္ခုနော၊ ၏။ စီဝရံ၊ ကို။ အန္တော အရုဏေ၊ ၌။ ဒယှတိ၊ မီးလောင်အပ်၏။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယဿဘိက္ခုနော၊ ၏။ စီဝရံ၊ ကို။ စောရာဒယော၊ ခိုးသူ အစရှိသောသူတို့သည်။ အစ္ဆိန္ဒိတွာ၊ လုန်၍။ ဂဏှန္တိ၊ လုန်အံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယသာဘိက္ခုနော၊ ၏။ စီဝရံ၊ ကို။ အစ္ဆေဒ အရှေ့ဓော၊ ၌။ ဝိဿာသိကာ၊ တို့သည်။ ဝိဿာသံ-သေန၊ ဆဖြင့်။ ဂဏှန္တိ၊ ကုန်အံ့။ တဿာဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ဘိက္ခု သမ္မုတိယာ၊ ရဟန်းတို့၏ ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်ခြင်းကြောင့်။ ဝိပ္ပဝသန္တဿ၊ သင်္ကန်းနှင့်ကင်း၍နေသော။ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ဥမ္မတ္တကဿ၊ ၍။ ဝိပ္ပဝသန္တဿ၊ သော။ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

အာဒိကမ္မိကဿ၊ ၍။ ဝိပ္ပဝသန္တဿ၊ သော။ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ တည်း။

ဒုတိယံ၊ သော။ ဥဒေါသိတ သိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

---

## စီဝရဝဂ္ဂ

## တတိယ ကထိန သိက္ခာပဒ

၄၉၇။ ယေန သမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ အကာလ စီဝရံ၊ ကို။ ပဋိဂ္ဂဟေတွာ၊ ခံယူကြကုန်၍။ အတိရေက မာသံ၊ တစ်လထက်အလွန်။ နိက္ခိပန္တိ၊ ထားကြကုန်၏။

တေန သမယေန၊ ၌။ ဗုဒ္ဓေါ၊ သော။ ဘဂဝါ၊ သည်။ပ။ ဝိဟရတိ၊ ၏။ တေန ခေါပန သမယေန၊ ၌။ အညတရဿ၊ သော။ ဘိက္ခုနော၊ ၏။ အကာလ စီဝရံ၊ အကာလ သင်္ကန်းသည်။ ဝါ၊ သင်္ကန်းကာလမှ အပဖြစ်သော ကာလ၌ လှူဒါန်းအပ်သော သင်္ကန်းသည်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသည်။ ဝါ၊ ရသည်။ ဟောတိ၊ ၏။ တဿ ဘိက္ခုနော၊ ထိုအညတြရဟန်း၏။ ဝါ၊ သည်။ တံ စီဝရံ၊ ထို အထက်သို့စိုက်ထောင် မြှောက်ပင့်အပ်သောသင်္ကန်းသည်။ ဝါ၊ ကို။ ကယိရမာနံ၊ ချုပ်လုပ်အပ်သည်ရှိသော်။ နပ္ပဟောတိ၊ အဓိဋ္ဌာန်ဝင် သင်္ကန်းမလောက်ခဲ့။ အထ၊ ၌။ ခေါ၊ စစ်။ သောဘိက္ခု၊ သည်။ တံစီဝရံ၊ ကို။ ဥဿာပေတွာ၊ အထက်သို့စိုက်ထောင် မြှောက်ပင့်၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝိမဇ္ဇတိ၊ ကျောက်ကုန်း၌ ပွတ်သပ်၏။ ဘဂဝါ၊ သည်။ သေနာသန စာရိကံ၊ ကျောင်းစဉ် ဒေသစာရီကို။ အာဟိဏ္ဍန္တော၊ လှည့်လည်တော်မူသည်ရှိသော်။ တံဘိက္ခုံ၊ ကို။ပ။ ဝိမဇ္ဇန္တံ၊ ကို။ တစ်နည်း၊ ။ သေနာသန

စာရိကံ၊ ထိုထိုကျောင်းသို့ လှည့်လည်တော်မူရန်အကျိုးငှာ။ အာဟိဏ္ဍန္တော၊ ကြွသွားတော်မူသည်ရှိသော်။ တံစီဝရံ၊ ကို။ ဥဿာပေတွာ၊ ၍။ ပုနပ္ပုနံ၊ လဲ။ ဝိမဒ္ဒန္တံ၊ ကျောက်ကုန်း၌ ပွတ်သပ်နေသော။ တံဘိက္ခုံ၊ ကို။ အဒ္ဒသခေါ ဧဝ၊ သည်သာလျှင်တည်း။

ဒိသွာန၊ ၍။ ယေနယတ္ထ၊ ၌။ သောဘိက္ခု၊ သည်။ အတ္ထိ၊ ၏။ပ။ တံဘိက္ခုံ၊ ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ ဘိက္ခု၊ ရဟန်း။ တွံ၊ သည်။ ကိဿ၊ ကြောင့်။ ဣမံစီဝရံ၊ ကို။ ဥဿာပေတွာ၊ ၍။ ပုနပ္ပုနံ၊ လဲ။ ဝိမဇ္ဇသိ၊ နည်း။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ ဘန္တေ၊ ဘုရား။ မေ၊ အား။ ဝ၊ ၏။ပ။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသော။ ဝါ၊ ရအပ်သော။ ဣဒံအကာလစီဝရံ၊ သည်။ ဝါ၊ ကို။ နပ္ပဟောတိ၊ အဓိဋ္ဌာန်ဝင် သင်္ကန်းမလောက်ပါ။ တေန၊ ထိုသို့ မလောက်ခြင်းကြောင့်။ အဟံ၊ သည်။ ဣမံ စီဝရံ၊ ကို။ပ။ ဝိမဇ္ဇာမိ၊ ပါ၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တော၊ သော်။ ဘိက္ခု၊ ရဟန်း။ တေ၊ အား။ စီဝရပစ္စာသာ၊ သင်္ကန်းရနိုးခြင်းသည်။ ဝါ၊ သင်္ကန်းရလိမ့်ဦးမည်ဟု သင်္ကန်းကိုစွဲ၍ဖြစ်သော အလိုအာသာသည်။ အတ္ထိပန၊ ရှိသလော။ ဣတိ၊ သို့။ ပုစ္ဆိ၊ ပြီ။ ဣတိ၊ သို့။ ပုစ္ဆိတော၊ သော်။ ဘဂဝါ၊ ဘုရား။ မေ၊ အား။ စီဝရပစ္စာသာ၊ သည်။ အတ္ထိ၊ ပါ၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ အထ၊ ၌။ ခေါ၊ စင်စစ်။ ဘဂဝါ၊ သည်။ပ။ ဓမ္မိံ၊ တရားနှင့်စပ်ယှဉ်သော။ ကထံ၊ စကားကို။ ကတွာ၊ ပြောဟောတော်မူ၍။ အာမန္တေသိ၊ ပြီ။ ကိံ အာမန္တေသိ၊ နည်း။ ဘိက္ခဝေ၊ တို့။ အကာလစီဝရံ၊ ကို။ ပဋိဂ္ဂဟေတွာ၊ ခံယူ၍။ စီဝရ ပစ္စာသာ-ပစ္စာသာယ၊ သင်္ကန်းရနိုးခြင်းသည်။ သတိယာ၊ ရှိခဲ့သော်။ နိက္ခိပိတုံ၊ ထားစိမ့်သောငှာ။ အနုဇာနာမိ၊ ၏။ ဣတိ၊ သို့။ အာမန္တေသိ၊ ပြီ။

၄၉၇။ တေန ခေါပန သမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ ဘဂဝတာ၊ သည်။ အကာလ စီဝရံ၊ ကို။ ပဋိဂ္ဂဟေတွာ၊ ကုန်၍။ စီဝရပစ္စာသာ-သာယ၊ သည်။ သတိယာ၊ သော်။ စီဝရပစ္စာသာ-သာယ၊ ခြင်းကြောင့်။ နိက္ခိပိတုံ၊ ငှာ။ အနုညာတံ၊ အပ်ပြီ။ ဣတိ မနသိကရိတွာ၊ ကုန်၍။ အကာလ စီဝရာနိ၊ တို့ကို။ ပဋိဂ္ဂဟေတွာ၊ ကုန်၍။ အတိရေကမာသံ၊ အလွန်။ နိက္ခိပန္တိ၊ ကုန်၏။ တာနိစီဝရာနိ၊ တို့သည်။ စီဝရဝံသေ၊ ၌။ ဘဏ္ဍိကာဗဒ္ဓါနိ၊ သင်္ကန်း ဘဏ္ဍာရှိသော အထုပ်ပြုလုပ်၍ ဖွဲ့အပ်ကုန်သည်။ ဟုတွာ၊ ကုန်၍။ တိဋ္ဌန္တိ၊ ကုန်၏။ အာယသ္မာ အာနန္ဒော၊ သည်။ သေနာသန စာရိကံ၊ ကို။ အာဟိဏ္ဍန္တော၊ သော်။ တာနိစီဝရာနိ၊ တို့ကို။ စီဝရဝံသေ၊ ၌။ ဘဏ္ဍိကာ ဗဒ္ဓါနိ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ တိဋ္ဌန္တေ-န္တာနိ၊ တည်သည်တို့ကို။ အဒ္ဒသခေါ ဧဝ၊ သည်

၅၅၂။ ယေန သမယေန၊ ၌။ ဒွေဘာဂ သိက္ခာပဒ ပညတ္တိဟေတု၊ သည်။ ဥဒပါဒိ၊ ပြီ။ပ။ တေန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝတာ၊ သည်။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ သန္တတံ၊ ကို။ ကာရာပေတုံ၊ စေခြင်းငှာ။ ပဋိက္ခိတ္တံ၊ အပ်ပြီ။ ဣတိ မနသိကတ္វာ၊ ကုန်၍။ ထောကံယေဝ၊ အနည်းငယ်သာလျှင် ဖြစ်သော။ ဩဒါတံ၊ ဖြူသောအဆင်းရှိသော သိုးမွေးကို။ အန္တေ၊ အစွန်အဖျား၌။ အာဒိယိတ္វာ၊ ယူကြကုန်၍။ တထေဝ၊ ထိုရှေးအတူသာလျှင်။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ သန္တတံ၊ ကို။ ကာရာပေန္တိ၊ စေကုန်၏။ (ဝင်း စိန္တနာကာရဝါကျ၌ ဆဗ္ဗဂ္ဂိယာဘိက္ခူ ဟူသော ကတ္တားရှိနေပြီးဖြစ်၍ တေ - ဟူသော ကတ္တား တစ်ဖန် ထပ်မံ၍ ထည့်နေဖို့မလို၊ တေ-သဒ္ဒါသည် အပိုဟူ၍မှင် မှတ်၊ ဆရာတော်၏ အယူဝါဒတည်း။) ။ပ။

၅၅၃။ နဝံ၊ သော။ သန္တတံ၊ ကို။ ကာရယမာနေန၊ ပြုလုပ်စေလိုသော။ ဘိက္ခုနာ ပန၊ သည်ကား။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဒွေ ဘာဂါ၊ နှစ်ဖို့ နှစ်စုတို့ကို။ အာဒါတဗ္ဗာ၊ ယူအပ်ကုန်၏။

ဒြိဒါတာနံ၊ ဖြူသောအဆင်းရှိကုန်သော။ ဧဠကလောမာနံ၊ တို့၏။ တတိယံ၊ သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော အဖို့ကို။ ဝါ၊ သုံးခုမြောက်ဖြစ်သော အဖို့ကို။ ဝါ၊ သုံးဖို့ တစ်ဖို့ကို။ အာဒါတဗ္ဗံ၊ အပ်၏။ ဂေါစရိယာနံ၊ ကြောင်ကုန်ကျားကုန်သော။ ဧဠကလောမာနံ၊ တို့၏။ စတုတ္ထံ၊ ကို။ အာဒါတဗ္ဗံ၊ အပ်၏။ ဘိက္ခု၊ သည်။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဒွေဘာဂေ၊ တို့ကို။ ဒြိဒါတာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ တတိယံ၊ ကို။ ဂေါစရိယာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ စတုတ္ထံ၊ ကို။ အနာဒါယ၊ မယူမူ၍။ နဝံ၊ သော။ သန္ထတံ၊ ကို။ ကာရာပေယျ၊ စေငြားအံ့။ ဓဝံသတိ၊ သော်။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၅၅၄။ ကရဏံ၊ ပြုခြင်းကို။ ဥပါဒါယ၊ စွဲယူ၍။ နဝံနာမ၊ နဝမည်၏ဟူ၍။ ဝါ၊ အသစ်မည်၏ဟူ၍။ ဝုစ္စတိ၊ အပ်၏။ပ။ ကာရယမာနေနာတိ၊ ကား။ ဘိက္ခု၊ သည်။ သန္ထတံ၊ ကို။ ကရောန္တော ဝါ၊ ကိုယ်တိုင်ပြုသည်မူလည်း။ ဟောတု၊ စေ၊ ကာရာပေန္တော ဝါ၊ သူတစ်ပါးကိုပြုစေသည်မူလည်း။ ဟောတု၊ စေ။ ဒွေ ဘာဂါ သုဒ္ဓကာဠကာနံ၊ ဧဠကလောမာနံ အာဒါတဗ္ဗာတိ၊ ကား။ ဘိက္ခုနာ၊ သည်။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့ကို။ ဓာရယိတွာ၊ ချိန်၍။ ဝါ၊ ဆောင်၍။ ဒွေ၊ ကုန်သော။ တုလာ၊ ချိန်တို့ကို။ အာဒါတဗ္ဗာ၊ ယူအပ်ကုန်၏။ ။တတိယံ ဒြိဒါတာနန္တိ၊ ကား။ ဒြိဒါတာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ တုလံ၊ တစ်ချိန်ကို။ အာဒါတဗ္ဗံ၊ အပ်၏။ စတုတ္ထံဂေါစရိယာနန္တိ၊ ကား။ ဂေါစရိယာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ တုလံ၊ ကို။ အာဒါတဗ္ဗံ၊ အပ်၏။

အနာဒါစေဘိက္ခူ။ပ။ ဂေါစရိယာနန္တိ၊ ကား။ ယောဘိက္ခု၊ သည်။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဒွေတုလေ၊ တို့ကို။ အနာဒိယိတွာ၊ မယူမူ၍။ ဒြိဒါတာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ တုလံ၊ ကို။ အနာဒိယိတွာ၊ ၍။ ဂေါစရိယာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ တုလံ၊ ကို။ အနာဒိယိတွာ၊ ၍။ နဝံ၊ သော။ သန္ထတံ၊ ကို။ ကရောတိဝါ၊ ငြားအံ့။ ကာရာပေတိဝါ၊ ငြားအံ့။ တဿဘိက္ခုနော၊ အား။ မယောဂေ၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏ ။ပ။ ဘန္တေ၊ တို့။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဒွေတုလေ၊ နှစ်ချိန်တို့ကို။ပ။ ဂေါစရိယာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ တုလံ၊ တစ်ချိန်ကို။ အနာဒိယိတွာ၊ ၍။ ကာရာပိတံ၊ ပြုလုပ်စေအပ်သော။ မေ၊ ၏။ ဣဒံသန္ထတံ၊ သည်။ နိဿဂ္ဂိယံ၊ တည်း။ပ။

၅၅၆။ ယော ဘိက္ခု၊ သည်။ ဩဒါတာနံ၊ ကုန်သော။ ဧဠကလော-မာနံ၊ တို့၏။ တုလံ၊ ကို။ အာဒိယိတွာ၊ ၍။ ဂေါစရိယာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ တုလံ၊ ကို။ အာဒိယိတွာ၊ ၍။ ကာရေတိ၊ ပြုအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ ဩဒါတာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဗဟုတရံ၊ အထူးသဖြင့်များသော သိုးမွေးကို။ အာဒိယိတွာ၊ ၍။ ဂေါစရိ-ယာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဗဟုတရံ၊ ကို။ အာဒိယိတွာ၊ ၍။ ကာရေတိ၊ ပြုအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ ဩဒါတာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ သုဒ္ဓံ၊ တစ်ပါးသော သိုးမွေးတို့နှင့် မရောမယှက် သက်သက်သော အဆင်း ရှိသော သိုးမွေးကို။ အာဒိယိတွာ၊ ၍။ ဂေါစရိယာနံ၊ ကုန်သော။ ဧဠက လောမာနံ၊ တို့၏။ သုဒ္ဓံ၊ ကို။ အာဒိယိတွာ၊ ၍။ ကာရေတိ၊ ပြုအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ ဩဒါတာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဗဟုတရံ၊ အထူးသဖြင့်များသော။ ဝိတာနံ ဝါ၊ ကို မူလည်းကောင်း။ ပ။ ဗိမ္ဗောဟနံ ဝါ၊ ကိုမူလည်းကောင်း။ ကာရေတိ၊ ပြုအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။ ပ။

အာဒိကမ္မိကဿ၊ ၍။ သန္တတံ၊ ကို။ ကာရာပေန္တဿ၊ စေသော။ ဘိက္ခု-နော၊ အား။ အနာပတ္တိ၊ မသင့်။ ဣတိ၊ သို့။ အာပေါစ၊ ပြီ။ ဣတိ၊ တည်း။

တတိယံ၊ သော။ ဒွေဘာဂသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

---

## ကောသိယဝဂ္ဂ

### ဆဗ္ဗဿ သိက္ခာပဒ

၅၅၇။ ယေန သမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ အနုဝဿံ၊ နှစ်တိုင်း နှစ်တိုင်း။ သန္ထတံ၊ ကို။ ကာရာပေန္တိ၊ စေကုန်၏။ တစ်နည်း။ ။ ယေန သမယေန၊ ၌။ ဆဗ္ဗဿ သိက္ခာပဒ ပညတ္တိ ဟောတု၊ သည်။ ဥဒပါဒိ၊ ပြီ။

တေန ခေါ ပန သမယေန၊ ၌။ ဘိက္ခူ၊ တို့သည်။ အနုဝဿံ၊ နှစ်တိုင်း နှစ်တိုင်း။ သန္ထတံ၊ ကို။ ကာရာပေန္တိ၊ စေကုန်၏။ တေဘိက္ခူ၊ တို့သည်။ ယာစန ဗဟုလာ၊ များသောတောင်းခြင်းရှိကြကုန်သည်။ ဝါ၊ တောင်းခြင်း များကြကုန်သည်။ ဝိညတ္တိ ဗဟုလာ၊ များသော သိစေခြင်း ရှိကြကုန်သည်။ ဝါ၊ သိစေခြင်း များကြကုန်သည်။ ဟုတွာ၊ ကုန်၍၊ ဝိဟရန္တိ၊ ကုန်၏။ ကိံ၊ သို့။ ယာစနဗဟုလာ၊ ကုန်သည်။ ဝိညတ္တိဗဟုလာ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဝိဟရန္တိ၊ ကုန်သနည်း။ တုမှေ၊ တို့သည်။ နော၊ တို့အား။ ဧဠကလောမာနိ၊ တို့ကို။ ဒေထ၊ ကုန်လော့၊ အမှာကံ၊တို့အား။ ဧဠကလောမေဟိ၊ တို့ဖြင့်။ အတ္ထော၊ အလိုရှိ၏။ ကထံ၊ သို့။ ယာစနဗဟုလာ၊ ကုန်သည်။ ဝိညတ္တိဗဟုလာ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဝိဟရန္တိ၊ ကုန်၏၊ မနုဿာ၊ တို့သည်။ ကထံဟိ၊ ကြောင့်။ သကျပုတ္တိယာ၊ ကုန်သော၊ သမဏာ၊တို့သည်။ အနုဝဿံ၊ နှစ်စဉ်နှစ်တိုင်း၊ သန္ထတံ၊ အခင်းကို။ ကာရာပေဿန္တိနာမ၊ ပြုလုပ်စေကြကုန်တုံဘိသနည်း။ တုမှေ၊ တို့သည်။ နော၊ တို့အား၊ ဧဠကလောမာနိ၊ တို့ကို။ ဒေထ၊ ကုန်လော့။ အမှာကံ၊ ဟို့အား။ ဧဠကလောမေဟိ၊ တို့ဖြင့်။ အတ္ထော၊ အလိုရှိ၏။ ကထံ၊ သို့။ ယာစနဗဟုလာ၊ ကုန်သည်။ ဝိညတ္တိဗဟုလာ၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ ဝိဟရိဿန္တိနာမ၊ဘိသနည်း။ ယေသံနော၊ အကြင်ငါတို့၏။ သန္ထတာနိ၊ အခင်းတို့ကို။ ဒ္ဒိရကာ၊ ကလေးသူငယ် လူမမယ်တို့သည်။ ဥဒ္ဒဟန္တိပိ၊ ကျင်ကြီးလည်း စွန့်ကြကုန်၏။ ဥမ္မိဟန္တိပိ၊ ကျင်ငယ်လည်းစွန့်ကြကုန်၏။ ဥန္နူဟေယိပိ၊ ကြွက်တို့သည်လည်း။ခဇ္ဇန္တိ၊ ခဲအပ်ကုန်၏။ တေသံ၊ အမှာကံ၊ ထိုကလေးသူငယ် လူမမယ်တို့ ကျင်ကြီးကျင်ငယ် စွန့်အပ်သော အခင်း၊ ကြွက်တို့သည် ကိုက်ခဲအပ်သောအခင်း ရှိကုန်သော ထိုငါတို့၏။ သကိံ၊ တစ်ကြိမ်။ ကတာနိ၊ ပြုလုပ်ထားအပ်ကုန်သော။ သန္ထတာနိ ပန၊ အခင်းတို့သော်မှ။ ပဉ္စ ဝဿာနိ၊ ငါးနှစ်တို့ တိုင်တိုင် လည်းကောင်း။ ဆပိ ဝဿာနိ၊ ခြောက်နှစ်တို့တိုင်တိုင် လည်းကောင်း။ ဟောန္တိ၊ ဖြစ်ပါကုန်သေး၏။ သကျပုတ္တိယာ၊ ကုန်သော။ ဣမေ သမဏာပန၊ တို့သည်ကား။ ကာရာပေဿန္တိနာမ၊ ကုန်တုံဘိသနည်း။ တုမှေ၊ တို့သည်။ နော၊ တို့အား။ ဧဠကလောမာနိ၊ သိုးမွေးတို့ကို။ ဒေထ၊ ကုန်လော့ ။ပ။ ဝိဟရိဿန္တိနာမ၊ ကုန်တုံဘိသနည်း။ ဥဇ္ဈာယန္တိ ခိယ္ယန္တိ ဝိပါစေန္တိ၊ ကုန်၏။ ကထံဟိ နာမ ဝစနံ၊ ကို။ ဝတွာ၊ ကုန်၍။ ဥဇ္ဈာယန္တိ ခိယ္ယန္တိ ဝိပါစေန္တိ၊ ကုန်၏။ပ။

၅၅၀။ ဘိက္ခုနာပန၊ ရဟန်းသည်ကား။ နဝံ၊ သော။ သန္ထတံ၊ ကို။ ကာရာပေတွာ၊ စေ၍။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့တိုင်တိုင်။ ဓာရေတဗ္ဗံ၊ ဆောင်အပ်၏။ ဆန္နံ ဝဿာနံ၊ တို့၏။ ဩရေန၊ အတွင်း၌။ ဝါ၊ အတွင်း အဖို့၌။ သန္ထတံ၊ ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍မူလည်းကောင်း။ အဝိဿဇ္ဇေ-

တွာ၊ မစွန့်၍မူလည်းကောင်း။ ဝါ၊ မစွန့်ဘဲသော်လည်းကောင်း။ အညံ၊ သော။ နဝံ၊ သော။ သန္တတံ၊ ကို။ စေ ကာရာပေယျ၊ အကယ်၍ ပြုလုပ်စေငြားအံ့။ ဝေံသတိ၊ သော်။ တဿဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ဝေံ၊ သို့။ ဘဂဝတာ၊ သည်။ ဘိက္ခူနံ၊ တို့အား။ ဣဒဉ္စ သိက္ခာပဒံ၊ သည်လည်း။ ဝါ၊ ကိုလည်း။ ပညတ္တံ၊ အပ်သည်။ ဟောတိ၊ ၏။ အပရံ၊ သော။ ဝတ္ထုံ၊ သည်လည်း။ အနုပညတ္တာယ၊ ငှာ။ ဥဒပါဒိ၊ ပြီ။

၅၅၉။ တေန ခေါ ပန သမယေန၊ ၌။ အညတရော ဘိက္ခု၊ ရဟန်း တစ်ပါးသည်။ ကောသမ္ဗိယံ၊ မြို့၌။ ဂိလာနော၊ နာသည်။ ဟောတိ၊ ၏။ ဉာတကာ၊ တို့သည်။ တဿ ဘိက္ခုနော၊ ၏။ သန္တိကေ၊ သို့။ ဒူတံ၊ ကို။ ပါဟေသုံ၊ စေလွှတ်ကုန်ပြီ။ ကိံ ဝဒန္တံ၊ ကို။ ဝတွာ၊ ကုန်၍။ ဒူတံ၊ ကို။ ပါဟေသုံ၊ စေလွှတ်ကုန်သနည်း။ ဘဒ္ဒန္တော၊ အရှင်သည်။ အာဂစ္ဆတု၊ ကြွတော်မူပါလော့။ မယံ၊ တို့သည်။ ဥပဋ္ဌဟိဿာမ၊ လုပ်ကျွေးကြပါကုန်အံ့။ ဣတိ၊ သို့။ ဝတွာ။ ကုန်၍။ ဒူတံ၊ ကို။ ပါဟေသုံ၊ ကုန်ပြီ။ ဘိက္ခူပိ၊ တို့သည်လည်း။ ဝေံ၊ သို့။ အာဟံသု၊ ကုန်ပြီ။ ကိံ အာဟံသု၊ ကုန်သနည်း။ အာဝုသော၊ ရှင့်။ တွံ၊ သည်။ ဂစ္ဆ၊ လော့။ တေ၊ ၏။ ဉာတကာ၊ တို့သည်။ တံ၊ ကို။ ဥပဋ္ဌဟိဿန္တိ၊ ကုန်လတ္တံ့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်ပြီ။ သော ဘိက္ခု၊ သည်။ ဝေံ၊ သို့။ အာဟ၊ ပြီ။ အာဝုသော၊ တို့။ ဘဂဝတာ၊ သည်။ ဘိက္ခုနော ပန၊ သည်ကား။ နဝံ၊ သော။ သန္တတံ၊ ကို။ ကာရာပေတွာ၊ စေ၍။ ဆဗ္ဗ-ဿာနိ၊ တိုင်တိုင်။ ဓာရေတဗ္ဗံ၊ အပ်၏။ ဣတိ၊ သို့။ သိက္ခာပဒံ၊ ကို။ ပညတ္တံ၊ အပ်ပြီ။ အဟဉ္စ၊ အကျွန်ုပ်သည်လည်း။ ဂိလာနော၊ သည်။ အမှိ၊ ၏။ သန္တတံ၊ ကို။ အာဒါယ၊ ၍။ ပက္ကမိတုံ၊ ဆွေမျိုးတို့ရှိရာသို့ ဖဲသွားခြင်းငှာ။ န-သက္ကောမိ၊ ပါ။ မယှံ စ၊ အားလည်း။ သန္တတာ၊ ကို။ ဝါ၊ နှင့်။ ဝိနာ၊ ကြဉ်၍။ ဝါ၊ ကင်း၍။ ဖာသု၊ ချမ်းသာသည်။ ယသ္မာ၊ ကြောင့်။ န ဟောတိ၊ မဖြစ်ပါ။ တသ္မာ၊ ကြောင့်။ အဟံ၊ သည်။ န ဂမိဿာမိ၊ ဆွေမျိုးတို့ထံသို့ မသွားတော့အံ့။ ဣတိ၊ သို့။ အာဟ၊ ပြီ။ ဘဂဝတော ဝေတမတ္ထံ အာရောစေသုံ၊ ကုန်ပြီ။ပ။

ဘိက္ခဝေ၊ တို့။ ဂိလာနဿ၊ သော။ ဘိက္ခုနော၊ အား။ သန္တတသမ္မုတိံ၊ ကို။ ဒါတုံ၊ ငှာ။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝဉ္စပန၊ သို့လျှင်။ ဒါတဗ္ဗာ၊ အပ်၏။ ဂိလာနေန၊ သော။ တေနဘိက္ခုနာ၊ သည်။ သံဃံ၊ သည်။ ဝါ၊ ကို။ ဝါ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ပ။ ဝေံ၊ သို့။ ဝစနီယော၊ အပ်သည်။ အဿ၊ ရာ၏။ ကိံ ဝစနီယော၊ အပ်သည်။ အဿ၊ ရာသနည်း။

ဘန္တေ၊ တို့။ အဟံ၊ သည်။ ပ။ နသက္ကောမိ၊ ပါ။ ဘန္တေ၊ တို့။ သောဟံ၊ သည်။ သံဃံ၊ ကို။ သန္ထတသမ္မုတိံ၊ ကို။ ယာစာမိ၊ ၏။ ဣတိဝေ၊ သို့။ ဝစနီယော၊ အပ်သည်။ အဿ၊ ရာ၏။ ဒုတိယမ္ပိ၊ လည်း။ ဂိလာနေန၊ သော။ တေနဘိက္ခုနာ၊ သည်။ ဘိက္ခူ၊ တို့ကို။ ယာစိတဗ္ဗာ၊ အပ်ကုန်၏။ တတိယမ္ပိ၊ လည်း ။ပ။ ယာစိတဗ္ဗာ၊ အပ်ကုန်၏။ ကိံ၊ သို့။ ယာစိ-တဗ္ဗာ၊အပ်ကုန်သနည်း။ ဘန္တေ၊တို့။ သောဟံ၊သည်။သံဃံ၊ကို၊ သန္ထတသမ္မုတိံ၊ကို။ ယာစာမိ၊ ပါ၏။ ဣတိ၊ သို့၊ ယာစိတဗ္ဗာ၊ အပ်ကုန်၏။ ဗျတ္တေန၊ သော။ ပ ။ဉာပေတဗ္ဗော၊ အပ်၏။ ကိံ ဉာပေတဗ္ဗော၊ အပ်သနည်း။

၅၆၀။ သုဏာတု မေ ဘန္တေ သံဃော ဣတ္ထန္နာမော၊ သော။ အယံ ဘိက္ခု၊ သည်။ ဂိလာနော၊ သည်။ ဟုတ္ဝာ၊ ၍။ သန္ထတံ၊ ကို။ အာဒါယ၊ ၍။ ပက္ကမိတုံ၊ ငှာ။ နသက္ကောတိ၊ ပါ။ သောဘိက္ခု၊ သည်။ ပ။ ယာစတိ၊ ပါ၏။ သံဃဿ၊ ၏။ သန္ထတသမ္မုတိဒါနကမ္မံ၊ သည်။ ပတ္တကလ္လံ၊ သည်။ ယဒိသိယာ၊ ငြားအံ့။ ဝေံသတိ၊ သော်။ သံဃော၊ သည်။ ဣတ္ထန္နာမဿ၊ သော။ ဘိက္ခုနော၊ အား။ သန္ထတသမ္မုတိံ၊ ကို။ ဒဒေယျ၊ ရာပါ၏။ ဣတိ၊ သို့။ ဉာပေတဗ္ဗော၊ အပ်၏။ သော၊ သည်ကား။ ဉတ္တိ၊ တည်း။ သု-ဏာတု မေ ဘန္တေ သံဃော၊ ဣတ္ထန္နာမော၊ သော။ အယံဘိက္ခု၊ သည်။ ။ပ။ ဒေတိ၊ ပါ၏။ ယဿာ ယသ္မတော၊ သည်။ ဣတ္ထန္နာမဿ၊ သော။ ဘိက္ခုနော၊ အား။ သန္ထတသမ္မုတိယာ၊ ကို။ ဒါနံ၊ ကို။ ခမတိ၊ အပ်၏။ သော အာယသ္မာ၊သည်။ တုဏှီ၊ ရှိသည်။အဿ၊ ရာ၏။ ယဿာယသ္မတော၊ သည်။ ဣတ္ထန္နာမဿ၊ သော။ ပ ။ဒါနံ၊ ကို။ နက္ခမတိ၊ အပ်။ သော အာ-ယသ္မာ၊ သည်။ ဘာသေယျ၊ ရာ၏။ သံဃေန၊ သည်။ ဣတ္ထန္နာမဿ သော။ ဘိက္ခုနော၊ အား။ သန္ထတသမ္မုတိ၊ ကို။ ဒိန္နာ၊ ပေးအပ်ပါပြီ။ သံဃဿ၊ သည်။ပ။ ဒါနံ၊ ကို။ ယသ္မာ၊ ကြောင့်။ ခမတိ၊ အပ်၏။ တသ္မာ၊ ကြောင့်။ တုဏှီ၊ ရှိသည်။ ဘဝိတဗ္ဗံ၊ ရာ၏။ ဧဝံဣမိနာတုဏှီဘာဝေန၊ ဖြင့်။ပ။ ဓာရ-ယာမိ၊ ပါတော့၏။ ဣတိ၊ သို့။ သန္ထတသမ္မုတိ၊ ကို။ ဒါတဗ္ဗာ၊ အပ်၏။ ။ပ။

၅၆၁။ ဘိက္ခုပန၊ သည်ကား။ နဝံ၊ သော။ သန္ထတံ၊ ကို။ ကာရာ-ပေတွာ၊စေ၍။ပ။ အဝိဿဇ္ဇေတွာ ဝါ၊ ၍မူလည်း။ ဘိက္ခုသမ္မုတိယာ၊ ရဟန်းအား သံဃာသည် သမုတ်ခြင်းကို။ ဝါ၊ ရဟန်းကို သံဃာကသမုတ်ခြင်းကို။ ဆည္တြာ၊ ၍။ အညံ၊ သော။ နဝံ၊ သော။ သန္ထတံ၊ ကို။ ကာရာပေယျ၊ ငြားအံ့။ တဿဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၅၆၂။ ။ပ။ ကာရာပေတွာတိ၊ ကား။ နဝံ၊ သော။ သန္ထတံ၊ ကို။ ကရိ-တွာ ဝါ၊ ၍မူလည်းကောင်း။ကာရာပေတွာ ဝါ၊ ၍မူလည်းကောင်း။ ဆဗ္ဗဿာနိ၊

ပတ်လုံး။ ခေရေတဗ္ဗံ၊ အပ်၏။ ။ဆဗ္ဗဿာနိ ခေရေတဗ္ဗန္တိ၊ ကား။ ဆဗ္ဗ-ဿ ပရမတာ-တာယ၊ ဖြင့်။ ခေရေတဗ္ဗံ၊ အပ်၏။ ဩဓေရန ဧဝ ဆန္နံဝဿာနန္တိ၊ ကား။ ဦနကဆဗ္ဗဿာနံ၊ ခြောက်နှစ်တို့အောက် ယုတ်သောကာလတို့၌။ တံ-သန္တတံ၊ ကို။ ဝိဿဇ္ဇေတွာဝါ၊ ရှိမူလည်းကောင်း။ အဝိဿဇ္ဇေတွာဝါ၊ ရှိမူလည်းကောင်း။ ကာရာပေယျ၊ စေငြားအံ့။ ။ တံသန္တတံ ဝိဿဇ္ဇေတွာ-တိ၊ ကား။ အညေသံ၊ တစ်ပါးသောသူတို့အား။ ဒတွာ၊ ၍။ ကာရာပေယျ၊ စေငြားအံ့။

အတြတိက္ခုသမ္မုတိယာတိ၊ ကား။ ယောဘိက္ခု၊ သည်။ ဘိက္ခုသမ္မုတိံ၊ ရဟန်းကို သံဃာက သမုတ်ခြင်းကို။ လဘေတွာ၊ ၍။ အညံ၊ သော။ နဝံ၊ သော။ သန္တတံ၊ ကို။ ကရောတိဝါ၊ အံ့။ ကာရာပေတိဝါ၊ စေငြားအံ့။ တဿဘိက္ခုနော၊ အား။ ပယောဂေ၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ပ။ ဘဂဝါ၊ တို့။ မေမယော၊ သည်။ ဘိက္ခုသမ္မုတိယာ၊ ကို။ အညတြ၊ ၍။ ဦနကဆဗ္ဗဿာနိ၊ တို့၌။ ကာရာပိတံ၊ စေအပ်သော။ မေ၊ ၏။ ဣဒံ-သန္တတံ၊ ကို။ နိဿဂ္ဂိယံ၊ အပ်ပါ၏ ။ပ။

၅၆၄။ ယော ဘိက္ခု၊ သည်။ ယဒါ၊ ၌။ ဆဗ္ဗဿာနိ၊ တိုင်တိုင်။ ပရိပုဏ္ဏာနိ၊ ပြည့်စုံကုန်သည်။ ဟောန္တိ၊ ကုန်၏။ တဒါ၊ ၌။ သန္တတံ၊ ကို။ ကရောတိ၊ ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယော ဘိက္ခု၊ သည်။ ယဒါ၊ ၌။ အတိရေက ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ ထက်လွန်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တဒါ၊ ၌။ သန္တတံ၊ ကို။ ကရောတိ၊ ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့် ။ပ။

ယော ဘိက္ခု၊ သည်။ နဝံ၊ သော။ ဝိတာနံဝါ၊ ကိုမူလည်းကောင်း။ ဗိမ္ဗောဟနံဝါ၊ ကိုမူလည်းကောင်း။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ဘိက္ခု သမ္မုတိယာ၊ သမ္မုတိရသော ရဟန်းကြောင့်။ ဝါ၊ ရဟန်းအား သံဃာသည် သမုတ်ခြင်းကြောင့်။ နဝံ၊ သော။ သန္တတံ၊ ကို။ ကာရာပေန္တဿ၊ စေသော။ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

။ပ။ အာဒိကမ္မိကဿ၊ ၍။ နဝံ၊ သော။ သန္တတံ၊ ကို။ ကာရာပေန္တဿ၊ စေသော။ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ တည်း။

စတုတ္ထံ၊ သော။ ဆဗ္ဗဿ ဘိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ကောသိယဝဂ်

## နိသီဒနသန္ထတ သိက္ခာပုဒ်

၅၆၅။ ယေန သမယေန၊ ၌။ နိသီဒနသန္ထတ ပညတ္တိဟေတု၊ သည်။ ဥဒပါဒိ၊ ပြီ။

။ပ။ အထ၊ ၌။ ခေါ၊ စင်။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ ပြီ။ ကိံ အာမန္တေသိ၊ နည်း။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ တေမာသံ၊ သုံးလတို့ပတ်လုံး။ ပဋိသလ္လိယိတုံ၊ ကိုယ်တော်တစ်ပါးတည်း ကိန်းစက်တော်မူခြင်းငှာ။ ဣစ္ဆာမိ၊ အလိုရှိတော်မူ၏။ ဧကေန၊ တစ်ယောက်သော။ ပိဏ္ဍပါတနီဟာရကေန၊ ဆွမ်းကို ပို့ဆောင်မည့် ရဟန်းကို။ အညတြ၊ ကြဉ်ထား၍။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ အဟံ၊ ငါဘုရားသည်။ ဝါ၊ သို့။ ဥပသင်္ကမိတဗ္ဗော၊ အပ်သည်။ န အမှို့ ဖြစ်တော်မမူ။ ဣတိ၊ သို့။ အာမန္တေသိ၊ ပြီ။ ဧတေ ဘိက္ခူ၊ တို့သည်။ ဘန္တေ၊ ဘုရား။ ဧဝံ ဘော၊ ကောင်းလှပါပြီ။ ဣတိ ခေါ၊ သို့လျှင်။ ဘဂဝတော၊ ၏။ ဝစနံ၊ ကို။ တစ်နည်း။ ။ဘဂဝတော၊ အား။ ပဋိဿုဏိတွာ၊ ရှေးရှုနားဆောင်ပြီး၍။ ဝါ၊ ရှေးရှုဝန်ခံပြီး၍။ အသု၊ စင်စစ်။ ဣမ ဣမသို့ တေမာသဿန္တရေ၊ ဤ သုံးလ၏အတွင်း၌။ ဧကေန၊ သော။ ပိဏ္ဍပါတနီဟာရကေန၊ ကို။ အညတြ၊ ၍။ ကောစိ၊ သည်။ ဘဂဝန္တံ၊ သို့။ န ဥပသင်္ကမတိ၊ ချဉ်းကပ်တော့သည်မဟုတ်။

တေန ခေါ ပန သမယေန၊ ၌။ သာဝတ္ထိယာ၊ ၌။ သံဃေန၊ သည်။ ကတိကာ၊ ဝတ်ကို။ ဝါ၊ အချိန်းအချက်သည်။ ကတာ၊ အပ်သည်။ ဟောတိ၊ ၏။ ကိံ၊ သို့။ ကတိကာ၊ သည်။ ဝါ၊ ကို။ ကတာ၊ အပ်သည်။ ဟောတိ၊ နည်း။ အာဝုသော၊ တို့။ ဘဂဝါ၊ သည်။ တေမာသံ၊ လုံး။ ပဋိသလ္လိယိတုံ၊ ငှာ။ ယသ္မာ၊ ကြောင့်။ ဣစ္ဆတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဧကေန၊ သော။ ပိဏ္ဍပါတနီဟာရကေန၊ ကို။ အညတြ၊ ၍ ။ပ။ န ဥပသင်္ကမိတဗ္ဗော၊ အပ်။ ယော ဘိက္ခု၊ သည်။ ဘဂဝန္တံ၊ သို့။ ဥပသင်္ကမေယျ၊ ချဉ်းကပ်ငြားအံ့။ သော ဘိက္ခု၊ ကို။ ပါစိတ္တိယံ၊ ကို။ ဒေသာပေတဗ္ဗော၊ ဒေသနာကြားစေအပ်၏။ ဣတိ၊ သို့။ ကတိကာ၊ သည်။ ဝါ၊ ကို။ ကတာ၊ သည်။ ဟောတိ၊ ၏။ အထ၊ ၌။ ခေါ၊ စင်။ ဝင်္ဂန္တော၊ သော။ အာယသ္မာ ဥပသေနော၊ သည်။ သပရိသော၊ ပရိသတ်နှင့်တကွ။ ယေန၊ ၌ ။ပ။ ဘဂဝန္တံ၊ ရှာ။ နိသီဒိ၊ ပြီ။ ပန၊ စင်စစ်။ ဘဂဝန္တာနံ၊ ကုန်သော။ ဗုဒ္ဓါနံ၊ တို့အား။ အာဂန္တုကေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ယံ ပဋိသမ္မောဒိတုံ-ယံ့ပဋိသမ္မော

ဒနံ၊ အကြောင်း နှီးနှောမေးမြန်းတော် မူခြင်းသည်။ အတ္တိ၊ ၏။ တော်ပဋိသမ္မောဒနံ၊ သည်။ ဗုဒ္ဓါနံ၊ ကုန်သော။ ဘဂဝန္တာနံ၊ တို့၏။ အာစိဏ္ဏံ ခေါ် ဝေ၊ လုံ့မစောက်ကဲ့သို့ မဆုတ်မနစ် အားသစ်လုံးပန်းအပ်သော အလေ့အကျက်တော်ပင်တည်း။ ကေမန္တို၊ စွာ။ နိသိန္နောခေါ် ဝေ၊ သော ။ပ။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ ဥပသေန၊ နှ။ ကစ္စိ၊ နည်း။ ဝေါ၊ တို့၏။ စတုစက္ကံ၊ သော။ နဝဒွါရံ၊ သော။ ဣဒံသရီရယန္တံ၊ သည်။ ခမနီယံ၊ ပေါ ၏လော ။ပ။ ဘဂဝါ၊ ဘုရား။ အမှာကံ၊ တို့၏။ စတုစက္ကံ၊ သော။ နဝဒွါရံ၊ သော။ ဣဒံသရီရယန္တံ၊ သည်။ ခမနီယံ၊ အပ်ပေါ၏ ။ပ။ အာဂတာ၊ ကုန်သည်။ အမှ၊ ကုန်၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

တေန ခေါပန သမယေန၊ ၌။ ဝင်္ဂပုတ္တာသာ၊ သော။ အာယသ္မတော ဥပသေနဿ၊ ၏။ သဒ္ဓိဝိဟာရိကော၊ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော။ ဝါ၊ ဥပဇ္ဈာယ်ယူ၍ အတူတကွနေလေ့ရှိသော။ ဘိက္ခု၊ သည်။ ဘဂဝတော၊ ၏။ အဝိဒူရေ၊ အနီး၌။ နိသိန္နော၊ သည်။ ဟောတိ၊ ၏။ အထ၊ ၌။ ခေါ၊ စင် ။ပ။ အဝေါစ၊ ပြီ။ ဘိက္ခု၊ ရဟန်း။ တေ တယာ၊ သည်။ ပံသုကူလာနိ၊ ပံ့သကူသင်္ကန်းတို့ကို။ မနာပါနိ၊ စိတ်နှလုံးကို တိုးပွားစေအပ် ကုန်သလော။ တစ်နည်း။ ။ဘိက္ခု၊ ရဟန်း။ တေ၊ ၏။ ပံသုကူလာနိ၊ တို့သည်။ မနာပါနိ၊ စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏လော။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဘန္တေ၊ ဘုရား။ မေ မယာ၊ သည်။ ပံသုကူလာနိ၊ တို့ကို။ န ခေါ န ဝေ မနာပါနိ၊ စိတ်နှလုံးကို မတိုးပွားစေအပ်ပါကုန်သည်သာလျှင်တည်း။ တစ်နည်း။ ။ဘန္တေ၊ ဘုရား။ မေ၊ ၏။ ပံသုကူလာနိ၊ တို့သည်။ န ခေါ န ဝေ မနာပါနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ ဘိက္ခု၊ ရဟန်း။ တေ၊ ၏။ ပံသုကူလိကော၊ တို့သည်။ တေ၊ ၏။ အမနာပေသု၊ စိတ်နှလုံးကို မတိုးပွား စေတတ်ကုန်သည်ရှိသော်။ ကိဿ၊ အဘယ်အကြောင်းကြောင့်။ တွံ၊ သည်။ ပံသုကူလိကော၊ ပံသုကူလိက ဓုတင်ကိုဆောက်တည်သည်။ ဝါ၊ ဆောင်သည်။ ဝါ၊ သုသာန်မြေမှုန့်တို့ဖြင့် စက်ဆုပ်ရွံရှာအပ်သည်၏ အဖြစ်သို့ရောက်သော သင်္ကန်းကို ဆောင်လေ့ရှိသည်။ အသိ၊ ဖြစ်သလော။ ဣတိ၊ သို့။ ပုစ္ဆိ၊ ပြီ။ ဣတိ၊ သို့။ ပုစ္ဆိတော၊ သော်။ ဘန္တေ၊ ဘုရား။ မေ၊ တပည့်တော်၏။ ဥပဇ္ဈာယော၊ သည်။ ပံသုကူလိကော၊ ပံသုကူလိက ဓုတင်ကို ဆောက်တည်ပါ၏။ ဧဝံ၊ ဤဥပဇ္ဈာယ်ဆရာအတူ။ အဟမ္ပိ၊ သည်လည်း။ ပံသုကူလိကော၊ ပံသုကူလိက ဓုတင်ကို ဆောက်တည်ရပါ၏။ ဝါ၊ ဆောင်ရပါ၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ အထ၊ ၌။ ခေါ၊ စင် ။ပ။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ ဥပသေန၊ နှ။ တေ၊ ၏။ အယံ ပရိသာ၊

သည်။ ပါသာဒိကာ ခေါ်ဝေ၊ ကြည်ညိုဖွယ်ကို ဖြစ်စေတတ်ပါပေသည်သာ လျှင်တည်း။ ဝါ၊ ကြည်ညိုဖွယ်ကို ဆောင်တတ်ပါပေသည်သာ လျှင်တည်း။ ဥပသေန၊ န။ ကထံ၊ ဘယ်သို့လျှင်။ တုံ၊ သည်။ ပရိသံ၊ ကို။ ဝိနေသိ၊ ဆုံးမ ဘိသနည်း။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ သို့။ ဝုတ္တေ၊ သော်။ ဘန္တေ၊ မြတ်စွာဘုရား။ ယော ပုဂ္ဂလော၊ သည်။ မံ၊ တပည့်တော်သို့။ ဥပသမ္ပဒံ၊ မြင့်မြတ်သော အထက်တန်း ရဟန်းပဉ္စင်းအဖြစ်ကို။ ယာစတိ၊ တောင်းအံ့။ တံ ပုဂ္ဂလံ၊ ကို။ အဟံ၊ သည်။ ဧဝံ၊ သို့။ ဝါ၊ ပုံ။ ဝဒါမိ၊ ပြောဆိုဆုံးမပါ၏။ ကိံ၊ သို့။ ဝါ၊ပုံ။ ဝဒါမိ၊ နည်း။ အာဝုသော၊ ငါ့ရှင်။ အဟံ ခေါ၊ ငါ သည်ကား။ အရညိကော၊ အရညကင် ဓုတင်ကို ဆောက်တည်၏။ ဝါ၊ အာရညကင် ဓုတင်ကိုဆောင်၏။ ဝါ၊ တော၌နေခြင်း အလေ့ရှိ၏။ ပိဏ္ဍပါတိကော၊ ပိဏ္ဍပါတိက ဓုတင်ကိုဆောက်တည်၏။ ဝါ၊ ဆောင်၏။ ဝါ၊ သပိတ်၌ကျသော ဆွမ်းကိုသာ စားခြင်းအလေ့ရှိ၏။ ပံသုကူလိကော၊ ပံသုကူလိက ဓုတင်ကိုဆောက်တည်၏။ ဝါ၊ ဆောင်၏။ ဝါ၊ သုသာန်မြေမှုန့် တို့ဖြင့် စက်ဆုပ်ရွံရှာအပ်သည်၏ အဖြစ်သို့ရောက်သော သင်္ကန်းကိုဆောင်လေ့ ရှိ၏။ တွံ ပိ၊ သည်လည်း။ အာရညိကော၊ ငါကဲ့သို့ အာရညိက ဓုတင်ကို ဆောင်နိုင်သည်၊ ပိဏ္ဍပါတိကော၊ ပိဏ္ဍပါတိက ဓုတင်ကိုဆောင်နိုင်သည်။ ပံသု ကူလိကော၊ ငါကဲ့သို့ ပံသုကူလိကဓုတင်ကိုဆောင်နိုင်သည်။ သစေဘဝိဿတိ၊ အကယ်၍ ဖြစ်လတ္တံ့ငြားအံ့။ ဧဝံသတိ၊ ဤသို့ ငါကဲ့သို့ အာရညိကဓုတင်ကို ဆောင်နိုင် ပိဏ္ဍပါတိက ဓုတင်ကိုဆောင်နိုင် ပံသုကူလိက ဓုတင်ကို ဆောင်နိုင် သည် ဖြစ်လတ္တံ့သည်ရှိသော်။ အဟံ၊ သည်။ တံ၊ သင့်ကို။ ဥပသမ္ပာဒေဿာ မိ၊ မြင့်မြတ်သော အထက်တန်း ရဟန်း ပဉ္စင်းအဖြစ်သို့ ရောက်စေအံ့။ ဝါ၊ ပဉ္စင်းခံပေးအံ့။ ဣတိ၊ သို့။ ဝဒါမိ၊ ပါ၏။ သောပုဂ္ဂလော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သစေပဋိဿုဏာတိ၊ အကယ်၍ ဧရှရှုနားထောင်ငြားအံ့။ ဝါ၊ အကယ်၍ ဧရှရှုဝန်ခံငြားအံ့။ ဧဝံသတိ၊ သော်။ အဟံ၊ သည်။ တံ ပုဂ္ဂလံ၊ ကို။ ဥပသမ္ပာဒေမိ၊ ပဉ္စင်းခံပေးပါ၏။ သော ပုဂ္ဂလော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ နော စေ ပဋိဿုဏာတိ၊ အံ့။ ဧဝံသတိ၊ သော်။ တံ ပုဂ္ဂလံ၊ ကို။ အဟံ၊ သည်။ န ဥပသမ္ပာဒေမိ၊ မရောက်စေပါ။ ဝါ၊ ပဉ္စင်း ခံမပေးပါ။ ယော ပုဂ္ဂလော၊ သည်။ မံ၊ ကို။ နိဿယံ၊ နိဿရည်းကို။ ယာ စတိ၊ တောင်းလာငြားအံ့။ တံ ပုဂ္ဂလံ၊ ကို။ အဟံ၊ သည်။ ဧဝံ၊ သို့။ ဝဒါမိ၊ ပါ၏။ ကိံ ဝဒါမိ၊ နည်း။ အာဝုသော၊ ငါ့ရှင်။ ခေါ၊ စင်စစ်။ အဟံ၊ သည်။ အာရညိကော၊ ပါ၏။ ပိဏ္ဍပါတိကော၊ ၏။ ပံသုကူလိကော၊ ၏။ တွံ ပိ၊ သည်လည်း။ အာရညိကော၊ သည်။ ပိဏ္ဍပါတိကော၊ သည်။ ပံသုကူလိကော၊ သည်။ သစေဘဝိဿသိ၊ လတ္တံ့။ ဧဝံသတိ၊ သော်။ အဟံ၊ သည်။ တေ၊ အား။ နိဿယံ၊ ကို။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ သို့။ ဝဒါမိ

၏။ သော ပုဂ္ဂလော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သစေပဋိဿုဏာတိ၊
အံ့။ ဝေဒိသတိ၊ သော်။ တဿ ဘိက္ခုနော၊ အား။ အဟံ၊ သည်။ နိဿယံ၊
ကို။ ဒေမိ၊ ပေးပေ၏။ ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ ခေါ၊ စင်စစ်။
ဧဝံ၊ သို့။ ပရိသံ၊ ကို။ ဝိနေမိ၊ ဆုံးမပေ၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။
ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ တဿ အာယသ္မတော ဥပသေနဿ၊ အား။
သာဓုကာရံ၊ ကောင်းချီးကို။ အဒါသိ၊ ပြီ။ ကိံ အဒါသိ၊ နည်း။

ဥပသေန၊ န။ သာဓုသာဓု၊ ကောင်းပါပေစွ ကောင်းပါပေစွ။ ဥပသေန၊
န။ တွံ၊ သည်။ သာဓုခေါ ဝေ၊ ကောင်းစွာသာလျှင်။ ပရိသံ၊ ကို။ ဝိနေမိ၊ ဆုံးမ
ပေ၏။ ဣတိ၊ သို့။ သာဓုကာရံ၊ ကို။ ဒတွာ၊ ပေးတော်မူပြီး၍။ အာယသ္မန္တံ
ဥပသေနံ၊ ကို။ ပုစ္ဆိ၊ ပြီ။ ကိံ ပုစ္ဆိ၊ နည်း။ ဥပသေန၊ န။ တွံ၊ သည်။ သာ-
ဝတ္ထိယာ၊ ၌။ သံဃဿ၊ ၏။ ကတိကံ၊ ကို။ ဇာနာသိပန၊ သိ၏လော။ ဣတိ၊
သို့။ ပုစ္ဆိ၊ ပြီ။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။
ဘန္တေ၊ ဘုရား။ ခေါ၊ စစ်။ အဟံ၊ သည်။ သာဝတ္ထိယာ၊ ၌။ သံဃဿ၊ ၏။
ကတိကံ၊ ကို။ နဇာနာမိ၊ မသိပါသေး။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။
ဥပသေန၊ န။ ခေါ၊ စစ်။ သာဝတ္ထိယာ၊ ၌။ သံဃေန၊ သည်။ ကတိကာ၊
ကို။ ကတာ၊ ပြုထားအပ်ပြီ။ ကိံ၊ သို့။ ကတိကာ၊ သည်။ ဟောတိ၊ နည်း။
ဘဂဝါ၊ သည်။ပ။ သောဘိက္ခု၊ ကို။ ပါစိတ္တိယံ၊ ကို။ ဒေသာပေတဗ္ဗော၊
အပ်၏။ ဣတိ၊ သို့။ ကတိကာ၊ ကို။ ကတာ၊ အပ်ပြီ။ ဣတိ၊ သို့။ အ-
ဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ ဘန္တေ၊ ဘုရား။ သာဝတ္ထိယာ၌။
သံဃော၊ သည်။ သကာယ၊ မိမိတို့၏ဥစ္စာဖြစ်သော။ ကတိကာယ၊ ကတိကာ
ဝတ်ဖြင့်။ ပညာယိဿတိ၊ ထင်ရှားပါလိမ့်လတ္တံ့။ မယံ၊ တပည့်တော်တို့သည်။
အပညတ္တံ၊ မြတ်စွာဘုရားသည် ပညတ်တော်မမူအပ်သေးသော သိက္ခာပုဒ်ကို။
ဝါ၊ မြတ်စွာဘုရားသည် ပညတ်တော်မူအပ်ပြီး မဟုတ်သော သိက္ခာပုဒ်ကို။
နပညာပေဿာမ၊ မပညတ်ငုံပါကုန်။ ပညတ္တံဝါ၊ မြတ်စွာဘုရားသည် ပညတ်
တော် မူအပ်ပြီးသော သိက္ခာပုဒ်ကိုလည်း။ နသမုစ္ဆိန္ဒိဿာမ၊ မဖြတ်ငုံကြပါကုန်၊
ဝါ၊ မပယ်ထုတ် မရှုပ်သိမ်းငုံကြပါကုန်။ ယထာပညတ္တေသု၊ မြတ်စွာဘုရား
ရှင်သည် ပညတ်တော်မူအပ်တိုင်းသော အပြားရှိကုန်သော။ သိက္ခာပဒေသု။
တို့တွင်။ တံတံသိက္ခာပဒံ၊ ထိုထိုသိက္ခာပုဒ်တော်ကို။ သမာဒါယ၊ ကောင်းစွာ
ယူကုန်၍။ ဝါ၊ ဆောက်တည်ကုန်၍။ ဝတ္တိဿာမ၊ ကျင့်ကြပါကုန်၏။ ဣတိ၊
သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ တဿအာယသ္မတောဥပ-
သေနဿ၊ အား။ သာဓုကာရံ၊ ကို။ အဒါသိ၊ ပြီ။ ကိံ အဒါသိ၊ နည်း။
ဥပသေန၊ န။ သာဓု သာဓု၊ စွာ-စွာ။ ဣတိ၊ သို့။ သာဓုကာရံ၊ ကို။ အ-
ဒါသိ၊ ပေးတော်မူပြန်လေပြီ။ ကိံ အဒါသိ၊ နည်း။ အပညတ္တံ၊ မြတ်စွာဘုရား

သည် ပညတ်တော်မမူအပ်သေးသော သိက္ခာပုဒ်တော်ကို။ နပညာပေတဗ္ဗံ၊
မပညတ်အပ်။ ပညတ္တံဝါ၊ ကိုမူလည်း။ နသမုစ္ဆိန္ဒိတဗ္ဗံ၊ အပ်၊ ယထာပညတ္တေ-
သု၊ အကြင် အကြင်ဘုရားရှင် ပညတ်တော်မူအပ်ကုန်ပြီးသော။ သိက္ခာပဒေ-
သု၊ တို့တွင်။ တံတံသိက္ခာပဒံ၊ ကို။ သမာဒါယ၊ ၍။ ဝတ္တိတဗ္ဗံ၊ ကျင့်အပ်
၏။ ဥပသေနံ၊ န။ ယေ ဘိက္ခူ၊ တို့သည်။ အာရညိကာ၊ ကုန်သည်။
ပိဏ္ဍပါတိကာ၊ ကုန်သည်။ ပံသုကူလိကာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။
တေဘိက္ခူ၊ ထိုအာရညိကဓုတင် ပိဏ္ဍပါတိကဓုတင် ပံသုကူလိကဓုတင် ဆောက်
တည်ကြကုန်သောရဟန်းတို့သည်။ မံ၊ ငါဘုရားကို။ ဒဿနာယ၊ အချိန်
မရွေး ဖူးမြင်ခြင်းငှာ။ ဝါ၊ အခါမရွေး ဖူးမြင်ခြင်းငှာ။ ဥပသင်္ကမန္တု၊
ချဉ်းကပ်နိုင်ကြစေကုန်သတည်း။ ဝါ၊ ချဉ်းကပ်ကြကုန်လော့။ ဣတိ၊ သို့။
အနုဇာနာမိ၊ ၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

၅၆၆။ တေန ခေါ ပန သမယေန၊ ၌။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခူ၊
တို့သည်။ ဗဟိဒ္ဓါရကောဋ္ဌကေ၊ တံခါးမုခ်၏ ပြင်ပဋ္ဌ်းဌိတာ၊ တည်ကုန်သည်။
ဟောန္တိ၊ ကုန်၏။ ကိံ မနသိကတွာ၊ ကုန်၍။ ဌိတာ၊ ကုန်သည်။ ဟောန္တိ၊
ကုန်သနည်း။ မယံ၊ တို့သည်။ ဝဂ္ဂဗုတ္တံ၊ သော။ အာယသ္မန္တံဥပသေနံ၊
ကို။ ပါစိတ္တိယံ၊ ကို။ ဒေသာပေဿာမ၊ ဒေသနာကြားကြစေကုန်အံ့။ ဣတိ
မနသိကတွာ၊ ၍။ ဌိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အထ၊ ၌။ ခေါ၊
စစ်။ပ။ ပက္ကမိ၊ ပြီ။ အထ၊ ၌။ ခေါ၊ စစ်။ တေဘိက္ခူ၊ တို့သည်။ ပ။
အဝေါစုံ၊ ကုန်ပြီ။ ကိံ အဝေါစုံ၊ ကုန်သနည်း။ အာဝုသော ဥပသေန၊ န။
တုံ့၊ သည်။ သာဝတ္တိယာ၊ ၌။ သံဃဿ၊ ၏။ ကတိကံ၊ ကို။ ဇာနာသိ၊
လော့။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ အာဝု-
သော၊ တို့။ ဘဂဝါပိ၊ သင်တို့သာမဟုတ် မြတ်စွာဘုရားကလည်း။ မံ၊
အကျွန်ုပ်ကို။ ဧဝံ၊ သို့။ ဝါ၊ ပုံ။ အာဟ၊ မေးမြန်းတော်မူလိုက်ပြီ။ ဝါ၊ အမိန့်
ရှိတော်မူလိုက်ပြီ။ ကိံ အာဟ၊ နည်း။ ဥပသေန၊ န။ တွံ၊ သည်။ပ။ ဇာ-
နာသိပန၊ သိပါ၏လော။ ဣတိ၊ သို့။ အာဟ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊
သော်။ ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ ။ပ။ နခေါ နဇာနာမိ၊ မသိရသည်
သာလျှင်တည်း။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။
ဥပသေန၊ န။ သာဝတ္တိယံ၊ ၌။ပ။ ဒေသာပေတဗ္ဗော၊ အပ်၏။ ဣတိ၊ သို့။
ကတိကာ၊ ကို။ ကတာ၊ အပ်ပြီ။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။
ဝုတ္တေ၊ သော်။ ဘန္တေ၊ ဘုရား။ သာဝတ္ထိယံ၊ ၌။ သံဃော၊ သည် ။ပ။
ဝတ္တိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊
သော်။ အာဝုသော၊ တို့။ ဘဂဝတာ၊ သည်။ အနုညာတံ၊ ခွင့်ပြုတော်မူ
အပ်ပြီ။ ကိံ အနုညာတံ၊ နည်း။ ယေဘိက္ခူ၊ တို့သည်။ပ။ ဥပသင်္ကမန္တု၊
စေကုန်သတည်း။ ဣတိ၊ သို့။ အနုညာတံ၊ အပ်ပြီ။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

အထ၊ ၌။ ခေါ၊ စစ်။ တေဘိက္ခူ၊ တို့သည်။ အာယသ္မာဥပသေနော၊ သည်။ သဗ္ဗံခေါ ပနေဝ၊ အမှန်ကိုသာလျှင်။ အာဟ၊ ပြောဆိုပေ၏။ ကိံ အာဟ၊ နည်း။ အပညတ္တံ၊ ကို။ နပညာပေတဗ္ဗံ၊ အပ်။ ပ။ ဝတ္တိတဗ္ဗံ၊ ရာ၏။ ဣတိ၊ သို့။ အာဟ၊ ပြီ။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။ ဘိက္ခူ၊ တို့သည်။ ဘဂ- ဝတော၊ သည်။ အနုညာတံ၊ အပ်ပြီ။ ကိံ အနုညာတံ၊ အပ်သနည်း။ ယေ တေ ဘိက္ခူ၊ တို့သည်။ ပ။ ဥပသင်္ကမန္တု၊ ကုန်လော့။ ဣတိ၊ သို့။ အနု- ညာတံ၊ အပ်ပြီ။ ဣတိ၊ သို့။ အဿောသုံခေါ ပနေဝ၊ ကြားသိကြရကုန်သည် သာလျှင်တည်း။ (ဣတိတစ်လုံးကျေသည်) တေဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဒဿနံ၊ ကို။ ပိဟေန္တာ၊ လိုလားတောင့်တကြကုန်သည်။ ဟုတွာ၊ ကုန်၍။ သန္ထတာနိ၊ အခင်းတို့ကို။ ဥဇ္ဈိတွာ၊ စတုတ္ထသင်္ကန်း ဟူသောအမှတ် ဖြင့် စွန့်ပစ်ကြကုန်၍။ အာရညကင်္ဂံ၊ အာရညကင်ကိုလည်းကောင်း။ ဝါ၊ အာရညကင် ဓုတင်ကိုဆောက်တည်သောရဟန်း၏ အင်္ဂါကို လည်းကောင်း။ ပိဏ္ဍပါတိကင်္ဂံ၊ ပိဏ္ဍပါတိကင်ကိုလည်းကောင်း။ ပံသုကူလိကင်္ဂံ၊ ပံသုကူလိ- ကင်ကိုလည်းကောင်း။ သမာဒိယိံသု၊ ကောင်းစွာယူကြလေကုန်ပြီ။

အထ၊ ၌။ ခေါ၊ စစ်။ ဘဂဝါ၊ သည်။ သမ္ဗဟုလေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ သေနာသနစာရိကံ၊ ကို။ အာဟိဏ္ဍန္တော၊ သော်။ တဟံတဟံ၊ ထိုထိုအရပ်၌။ ဥဇ္ဈိတာနိ၊ အမြင်မကောင်း စွန့်ပစ်အပ် ကုန်သော။ သန္ထတာနိ၊ အခင်းတို့ကို။ အဒ္ဒသ၊ မြင်ရလေပြီ။ ပဿိတွာ၊ ၍။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ မေးတော်မူလေပြီ။ ကိံ အာမန္တေသိ၊ နည်း။ ဘိက္ခဝေ၊ တို့။ တဟံတဟံ၊ ၌။ ဥဇ္ဈိတာနိ၊ ကုန်သော။ ဣမာနိ သန္ထတာနိ၊ တို့သည်။ ကဿ၊ ၏။ သန္ထတာနိ၊ တို့လေနည်း။ အထ၊ ၌။ ခေါ၊ စစ်။ တေ ဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်ပြီ။ ပ။ ဘိက္ခဝေ၊ တို့။ တေနဟိ၊ ထိုသို့ ရဟန်းတို့က စတုတ္ထသင်္ကန်း ဟူသော အမှတ်ဖြင့် အခင်းတို့ကို စွန့်ပစ်ကြကုန်ပြီးတကား။ ဘိက္ခူနံ၊ တို့အား။ သံဃသုဋ္ဌတာယ၊ ငှာလည်းကောင်း။ သံဃဖာသုတာယ၊ ငှာလည်းကောင်း။ ပ။ ဝိနယာနုဂ္ဂဟာယ၊ ငှာလည်းကောင်း။ ဒသ၊ ကုန်သော။ အတ္ထဝသေ၊ အကြောင်းထူးတို့ကို။ ပဋိစ္စ၊ စွဲ၍။ အဟံ၊ ငါဘုရားသည်။ သိက္ခာပဒံ၊ ကို။ ပညပေဿာမိ၊ အံ့။ ပ။

၅၆၇။ နိသီဒနသန္ထတံ၊ နိသီဒိုင်အခင်းကို။ ကာရယမာနေန၊ သော။ ဘိက္ခုနာ ပန၊ သည်ကား။ ပုရာဏသန္ထတဿ၊ အဟောင်းဖြစ်သောအခင်း၏။ ဝါ၊ အခင်းဟောင်း၏။ သာမန္တာ၊ အစွန်အဖျား၌။ ဝါ၊ တစ်ဖက်သောနံပါးမှ။ သုဂတဝိဒတ္ထိ၊ မြတ်စွာဘုရား လက်သန်းတော်တစ်ထွာကို။ ဒုဗ္ဗဏ္ဏကရဏာယ၊

အဆင်းပျက်အောင်ပြုခြင်းအကျိုးငှာ။ အာဒါတဗ္ဗာ၊ ယူအပ်၏။ ယောဘိက္ခု၊ သည်။ ပုရာဏသန္ထတဿ၊ ၏။ သာမန္တာ၊ မှ။ သုဂတဝိဒတ္ထိံ၊ ကို။ အနာ-ဒါယ၊ ၍။ နဝံ၊ သော။ နိသီဒနသန္ထတံ၊ ကို။ စေ ကာရာပေယျ၊ ပြုအံ့။ ဧဝံသတိ၊ သော်။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၅၆၀။ သဒသံ၊ အဆာနှင့်တကွဖြစ်သော အခင်းကို။ နိသီဒနံ နာမ၊ နိသီဒန မည်၏ဟူ၍။ ဝါ၊ နိသီဒိုင် မည်၏ဟူ၍။ ဝုစ္စတိ၊ အပ်၏။ ကာရယမာနေနာတိ၊ ကား။ နိသီဒနသန္ထတံ၊ ကို။ ကရောန္တော ဝါ၊ ကိုယ်တိုင် ပြုလုပ်သည်မူလည်း ဖြစ်သော။ ကာရာပေန္တော ဝါ၊ စေသည်မူလည်းဖြစ်သော။ ဘိက္ခုနာ၊ သည်။ သုဂတဝိဒတ္ထိ၊ ကို။ အာဒါတဗ္ဗာ၊ အပ်၏။ တစ်နည်း။ ။ကာရယမာနေနာတိ၊ ကား။ ကရောန္တော ဝါ၊ ကိုယ်တိုင် ပြုလုပ်သော ရဟန်းသည်မူလည်းကောင်း။ ကာရာပေန္တော ဝါ၊ သူတစ်ပါးကို ပြုလုပ်စေသောရဟန်းသည်မူလည်းကောင်း။ ဟောတိ၊ ၏၊ သကိံ၊ တစ်ကြိမ်။ နိဝတ္ထမ္ပိ၊ ထိုင်အပ်ဖူးသော အခင်းသည်မူလည်းကောင်း။ သကိံ၊ တစ်ကြိမ်။ ပါရုတံပိ၊ အိပ်အပ်ဖူးသောအခင်းသည်မူလည်းကောင်း။ ပုရာဏသန္ထတံ နာမ၊ မည်၏။

သာမန္တာ။ပ။ ဒုဗ္ဗဏ္ဏကရဏာယာတိ၊ ကား။ ထိရဘာဝါယ၊ မြဲမြံသည်၏ အဖြစ်ဟူသော အကျိုးငှာ။ ဝဋ္ဋံ ဝါ၊ ဝန်းဝိုင်းသောသဏ္ဌာန်ရှိသော မြတ်စွာ ဘုရား လက်သန်းတော်တစ်ထွာ ပမာဏရှိသော အခင်း၏ အစိတ်အပိုင်းကို လည်းကောင်း။ စတုရဿံ ဝါ၊ လေးထောင့်သဏ္ဌာန်ရှိသော မြတ်စွာဘုရား၏ လက်သန်းတော်တစ်ထွာ ပမာဏရှိသော အခင်းဟောင်း၏ အစိတ်အပိုင်းကို လည်းကောင်း။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဧကဒေသေ ဝါ၊ တစ်စိတ်တစ်ဒေသော အရပ်၌မူလည်းကောင်း။ သန္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ဝိဇဋေတွာ၊ ဖြေရှင်း၍မူ လည်း။ သန္ထရိတဗ္ဗံ၊ ခင်းအပ်၏။

အနာဒါ စေ ဘိက္ခု ပုရာဏသန္ထတဿ၏။ သာမန္တာသုဂတဝိဒတ္ထိန္တိ၊ကား။ ယောဘိက္ခု၊ သည်။ ပုရာဏသန္ထတဿ၊ ၏။ သာမန္တာ၊ မှ။ သုဂတ ဝိဒတ္ထိံ၊ ကို။ အနာဒိယိတွာ၊ ၍။ နဝံ၊ သော။ နိသီဒနသန္ထတံ၊ နိသီဒိုင် အခင်းကို။ ကရောတိ ဝါ၊ ပြုအံ့။ ကာရာပေတိ ဝါ၊ စေပြုအံ့။ တဿ ဘိက္ခုနော၊ အား။ ပယောဂေ၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ပ။ ဘဂဝါ၊ ဘုရား။ မေ၊ သည်။ ပုရာဏသန္ထတဿ၊ ၏။ သာမန္တာ၊ မှ။ သုဂတ ဝိဒတ္ထိံ၊ ကို။ အနာဒိယိတွာ၊ ၍။ ကာရာပိတံ၊ စေအပ်သော။ မေ၊ ၏။ ဣဒံ သန္ထတံ၊ သည်။ ဝါ၊ ကို။ နိဿဂ္ဂိယံ၊ တည်း။ ဝါ၊ အပ်၏။ပ။

၅၆၉။ ယော ဘိက္ခု၊ သည်။ အတ္တနာ၊ သည်။ ဝိပ္ပကတံ၊ ကို။ အတ္တနာ၊ မိမိကိုယ်တိုင်။ ဝါ၊ သည်။ ပရိယောသာပေတိ၊ စေခြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။ပ။

၅၇၀။ ယော ဘိက္ခု၊ သည်။ ပုရာဏသန္ထတဿ၊ ၏။ သာမန္တာ၊ မှ။ သုဂတဝိဒတ္ထိံ၊ ကို။ အာဒိယိတွာ၊ ၍။ ကရောတိ၊ ပြုအံ့။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယော ဘိက္ခု၊ သည်။ ပုရာဏသန္ထတဿ၊ ၏။ သာမန္တာ၊ မှ။ သုဂတ-ဝိဒတ္ထိံ၊ ကို။ အလဘန္တော၊ မရသည်ရှိသော်။ ထောကတရံ၊ အနည်းငယ်သော နိသီဒိုင်အခင်းကို။ အာဒိယိတွာ၊ ၍။ ကရောတိ၊ အံ့။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ။

ယော ဘိက္ခု၊ သည်။ ပုရာဏသန္ထတဿ၊ ၏။ သာမန္တာ၊ မှ။ သုဂတဝိဒတ္ထိံ၊ကို။ အလဘန္တော၊သော်။ အနာဒိယိတွာ၊လုံးလုံးမယူမူ၍။ ကရောတိ၊ အံ့။ တဿ ဘိက္ခုနော အနာပတ္တိ။

ယော ဘိက္ခု၊ သည်။ အညေန၊ တစ်ပါးသော ရဟန်းသည်။ ကတံ၊ ပြုလုပ်အပ်သော နိသီဒိုင်အခင်းကို။ ပဋိလဘိတွာ၊ ၍။ ပရိဘုဉ္ဇတိ၊ အံ့။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယော ဘိက္ခု၊ သည်။ ဝိတာနံ ဝါ၊ ကိုမူလည်းကောင်း။ပ။ ဗိမ္ဗောဟနံ ဝါ၊ ကိုမူလည်းကောင်း။ ကရောတိ၊ အံ့။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ဥမ္မတ္တကဿ၊ ၍။ နိသီဒနသန္ထကံ၊ ကို။ ကာရာပေန္တဿ၊ စေသော။ ဘိက္ခုနော၊ အား။ အနာပတ္တိ။

အာဒိကမ္မိကဿ၊ ၍။ နိသီဒနသန္ထတံ၊ ကို။ပ။ အနာပတ္တိ၊ မသင့်။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ တည်း။

ပဉ္စမံ၊ သော။ နိသီဒနသန္ထတသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

---

## ကောသိယဝဂ္ဂ

### ဧဠကလောမ သိက္ခာပဒ

၅၇၁။ ယေန သမယေန၊ ၌။ ဧဠကလောမ သိက္ခာပဒ ပညတ္တိယောဂ္ဂ၊ သည်။ ဥဒပါဒိ၊ ပြီ။

။ပု။ တေန ခေါ ပန သမယေန၊ ၌။ အညတရဿ၊ သော။ ဘိက္ခုနော၊ သည်။ ကောသလေသု၊ ကောသလမင်းသားတို့၏ နေရာဖြစ်ကုန်သော။ ဇနပဒေ၊ ဇနပုဒ်၌။ သာဝတ္ထိံ၊ သို့။ ဂစ္ဆန္တဿ၊ သွားစဉ်။ တစ်နည်း။ ။ ဂစ္ဆန္တဿ၊ သော။ ဘိက္ခုနော၊ အား။ အန္တရာမဂ္ဂေ၊ လမ်းခရီးအကြား၌။ ဧဠကလောမာနိ၊ တို့သည်။ ဥပ္ပဇ္ဇိံသု၊ ဖြစ်ကုန်ပြီ။ အထ၊ ၌။ ခေါ၊ စစ်။ သောဘိက္ခု၊ သည်။ တာနိ ဧဠကလောမာနိ၊ တို့ကို။ ဥတ္တရာသင်္ဂေန၊ ကိုယ်ဝတ် ကောသိသင်္ကန်းဖြင့်။ ဘဏ္ဍိကံ၊ ဘဏ္ဍာထုပ်ကို။ ဗန္ဓိတွာ၊ ဖွဲ့ထုပ်၍။ အဂမာသိ၊ သွားလေပြီ။ မနုဿာ၊ တို့သည်။ တံဘိက္ခုံ၊ ကို။ ပဿိတွာ၊ ကုန်သော်။ ဥပ္ပဏ္ဍေသုံ၊ ပြက်ရယ်ပြုကြလေကုန်ပြီ။ ဝါ၊ သရော်ကြလေကုန်ပြီ။ ဝါ၊ လှောင်ကြလေကုန်ပြီ။ ကိံ ဝစနံ၊ ကို။ ဝတွာ၊ ကုန်၍။ ဥပ္ပဏ္ဍေသုံ၊ ကုန်သနည်း။ ဘန္တေ၊ ဘုရား။ တေ၊ သည်။ ဣမာနိ ဧဠကလောမာနိ၊ တို့ကို။ ကိတ္တကေန၊ အဘယ်မျှလောက် အတိုင်းအရှည်ရှိသော အတိုးအရင်းအနှီးဖြင့်။ ကီတာနိ၊ ဝယ်အပ်ခဲ့ပါကုန်သနည်း။ ကိတ္တကော၊ အဘယ်မျှလောက်အတိုင်းအရှည်ရှိသော။ ဥဒယော၊ အတိုးအပွား အမြတ်အစွန်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့နည်း။ ဣတိ ဣဒံ ဝစနံ၊ ကို။ ဝတွာ၊ ကုန်၍။ ဥပ္ပဏ္ဍေသုံ၊ ကုန်ပြီ။ သောဘိက္ခု၊ သည်။ တေဟိ မနုဿေဟိ၊ တို့သည်။ ဥပ္ပဏ္ဍိယမာနော၊ ပြက်ရယ်ပြုအပ်သည်ရှိသော်။ ဝါ၊ သရော်ပြောင်လှောင်အပ်သည်ရှိသော်။ မင်္ကု၊ မျက်နှာမလှ အရှက်ရသည်။ အဟောသိ၊ ပြီ။ အထ၊ ၌။ ခေါ၊ စစ်။ သောဘိက္ခု၊ သည်။ သာဝတ္ထိံ၊ သို့။ ဂန္တွာ၊ ၍။ တာနိ ဧဠကလောမာနိ၊ တို့ကို။ ဌိတကောဝ၊ မတ်တတ်ရပ်လျက်ပင်။ အာသုမ္ဘိ၊ လွှတ်ချလိုက်လေပြီ။ ဝါ၊ ကျစေလေပြီ။ ဘိက္ခူ၊ တို့သည်။ တံဘိက္ခုံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်ပြီ။ ကိံ အဝေါစုံ၊ ကုန်သနည်း။ အာဝုသော၊ ရှင်။ တွံ၊ သည်။ ကိဿ၊ ကြောင့်။ ဣမာနိ ဧဠကလောမာနိ၊ တို့ကို။ ဌိတကောဝ၊ မတ်တတ်ရပ်လျက်ပင်။ အာသုမ္ဘသိ၊ ပစ်ချလိုက်သနည်း။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။ အာဝုသော၊ တို့။ ပနယသ္မာ၊ ကြောင့်။ အဟံ၊ ကို။ ဣမေသံ ဧဠကလောမာနံ၊ တို့၏။ ကာရဏာ၊ ကြောင့်။ မနုဿေဟိ၊ တို့သည်။ ဥပ္ပဏ္ဍိတော၊ ပြက်ရယ်ပြုအပ်ပြီ။ တထာဟိတသ္မာ၊ ကြောင့်။ အဟံ၊ သည်။ ဣမာနိဧဠကလောမာနိ၊ တို့ကို။ ဌိတကောဝ၊ လျှင်။ အာသုမ္ဘာမိ၊ ပါ၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ အာဝုသော၊ ရှင်။ တွံ၊ သည်။ ကီဝဒူရတော၊ ဘယ်မျှလောက်ဝေးကွာသောအရပ်မှ။ ဝါ၊ က။ ဣမာနိ ဧဠကလောမာနိ၊ တို့ကို။ အာဟရိ၊ ဆောင်ယူခဲ့ရသနည်း။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ အာဝုသော၊ တို့။ အဟံ၊ သည်။ ဣမာနိ ဧဠကလောမာနိ၊ တို့ကို။ အတိရေက တိယောဇနံ၊ သုံးယူဇနာကျော်ရှိသော ခရီးတိုင်အောင်။ အာဟရိံ၊ ဆောင်ယူခဲ့ပါပြီ။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ပ။

၅၇၂။ ဘိက္ခုနော ပနေဝ၊ သည်သာလျှင်။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ၊ အဓွန့်ရှည်သော ခရီးသို့သွားစဉ်။ တစ်နည်း။ ။ အဒ္ဓါနမဂ္ဂပဋိပန္နဿ၊ သော။ ဘိက္ခုနော ပနေဝ၊ အားသာလျှင်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ငြားအံ့။ အာကင်္ခမာနေန၊ သော။ ဘိက္ခုနာ၊ သည်။ ဧဠကလောမာနိ၊ တို့ကို။ ပဋိဂ္ဂဟေတဗ္ဗာနိ၊ အပ်ကုန်၏။ ဧဠက လောမာနိ၊ တို့ကို၊ ပဋိဂ္ဂဟေတွာ၊ ၍။ ဟာရကော၊ ဆောင်မည့်သူသည်။ အသန္တေ၊ မရှိခဲ့သော်။ တိယောဇနပရမံ၊ သုံး ယူဇနာ အပိုင်းအခြားရှိသောအရပ်တိုင်ရုံ။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ဟာရေတဗ္ဗာနိ၊ ဆောင်စေအပ်ကုန်၏။ ဟာရကေ၊ သည်။ အသန္တေပိ၊ မရှိပင်မရှိပါသော်လည်း။ တတော၊ ထိုသုံးယူဇနာ အတိုင်းအရှည်ထက်။ ဥတ္တရိ၊ အလွန်။ စေ ဟရေယျ၊ ငြားအံ့။ ဝံသတိ၊ သော်။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၅၇၃။ ဘိက္ခုနော ပနေဝ အဒ္ဓါနမဂ္ဂပဋိပန္နဿာတိ၊ ကား။ ပန္ထံ၊ လမ်းခရီးသို့။ ဂစ္ဆန္တဿ၊ သွားစဉ်။ ဧဠကလောမာနိ၊ တို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ကုန်ငြားအံ့။ ဧဠကလောမာနိ ဥပ္ပဇ္ဇေယျုန္တိ၊ ကား။ သံဃတော ဝါ၊ မှုလည်းကောင်း။ ပ။ မိတ္တတော ဝါ၊ မှုလည်းကောင်း။ ဧဠကလောမာနိ၊ တို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ကုန်ငြားအံ့။ ပံသုကူလံ ဝါ၊ သည်မှုလည်း။ ဥပ္ပဇ္ဇေယျ၊ ငြားအံ့။ အတ္တနော၊ ၏။ ဓနေန ဝါ၊ ဥစ္စာဖြင့်မှုလည်း။ ဥပ္ပဇ္ဇေယျုံ၊ ကုန်ငြားအံ့။ အာကင်္ခမာနေနာတိ၊ ကား။ ဟရိတုံ၊ ငှာ။ ဣစ္ဆမာနေန၊ သော။ ဘိက္ခုနာ၊ သည်။ ပဋိဂ္ဂဟေတဗ္ဗာနိ၊ အပ်ကုန်၏။ ပဋိဂ္ဂဟေတွာ။ ပ။ ဟရိတဗ္ဗာနီတိ၊ ကား။ တိယောဇန ပရမတာ-တာယ၊ ဖြင့်။ သဟတ္ထာ၊ ဖြင့်။ ဟရိတဗ္ဗာနိ၊ ဆေ အပ်ကုန်၏။ အသန္တေ ဟာရကေတိ၊ ကား။ အညော၊ မိမိမှတစ်ပါးသော။ ကာစိ၊ သော။ ဟာရိကာ၊ သော။ ဣတ္ထီ ဝါ၊ သည်မှုလည်းကောင်း။ ကောစိ၊ သော။ ဟာရကော၊ သော။ ပုရိသော ဝါ၊ သည်မှုလည်းကောင်း ။ ပ ။ ဂဟဋ္ဌော ဝါ၊ သည်မှုလည်းကောင်း။ ပ။ ပဗ္ဗဇိတော ဝါ၊ သည်မှုလည်းကောင်း။ န ဟောတိ၊ ခဲ့။ တစ်နည်း။ ။ အညော၊ သော။ ကောစိ၊ သော။ ဣတ္ထီ ဝါ၊ သည်မှုလည်းဖြစ်သော။ ပုရိသော ဝါ၊ သော။ ဂဟဋ္ဌော ဝါ၊ သော။ ပဗ္ဗဇိတော ဝါ၊ သော။ ဟာရကော၊ ဆောင်မည့်သူသည်။ န ဟောတိ၊ ရှိသည်မဖြစ်။ တတော ဝေ ဥတ္တရိ ဟရေယျ အသန္တေပိ ဟာရကေတိ၊ ကား။ ယော ဘိက္ခု၊ သည်။ ပဌမံ ပါဒံ၊ ရှေးဦးစွာ ခြေဖဝါးတစ်လှမ်းကို။ အတိက္ကာမေတိ၊ လွန်စေငြားအံ့။ တဿ ဘိက္ခုနော၊ အား။ အာပတ္တိ ဒုက္ကဋဿ။ ယော ဘိက္ခု၊ သည်။ ဒုတိယံ ပါဒံ၊ ကို။ အတိက္ကာမေတိ၊ ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ယော ဘိက္ခု၊ သည်။ အန္တော၊ သုံးယူဇနာ၏အတွင်း၌။ ဌိတော၊ တည်လျက်။ ဗဟိ တိယောဇနံ၊ သုံးယူဇနာ၏ ပြင်ပသို့။ ပါတေတိ၊ ကျစေငြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ယောဘိက္ခု၊ သည်။ အညဿ၊ တစ်ပါးသောသူ၏။ ဂစ္ဆန္တေ၊ သွားဆဲဖြစ်သော။ ယာနေဝါ၊ ယာဉ်၌မူလည်းကောင်း။ ဘဏ္ဍေဝါ၊ ဘဏ္ဍာ၌မူလည်းကောင်း။ သာမိကဿ၊ အရှင်ရှင်ဘဏ္ဍာရှင်သည်။ အဇာနန္တဿ၊ မသိစဉ်။ ဝါ၊ ခိုက်။ ပက္ခိပိတွာ၊ ထည့်ပြီး၍။ တိယောဇနံ၊ ကို။ အတိက္ကာမေတိ၊ အံ့။ တာနိ ဧဠကလောမာနိ၊ တို့သည်။ နိဿဂ္ဂိယာနိ၊ အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တစ်နည်း။ ။အညဿ၊ ၏။ ဂစ္ဆန္တေ၊ သွားဆဲဖြစ်သော။ ယာနေဝါ၊ ၌မူလည်းကောင်း။ ဂစ္ဆန္တဿ၊ သော။ အညဿ၊ ၏။ဘဏ္ဍေဝါ၊ ၌မူလည်းကောင်း။ သာမိကဿ၊ ၏။ အဇာနန္တဿ၊ စဉ်။ ယာနိ ဧဠကလောမာနိ၊ တို့ကို။ ပက္ခိပိတွာ၊ ထည့်လိုက်၍။ တိယောဇနံ၊ ကို။ အတိက္ကာမေတိ၊ စေငြားအံ့။ တဿဘိက္ခုနော၊ ၏။ တာနိဧဠကလောမာနိ၊ တို့သည်။ နိဿဂ္ဂိယာနိ၊ အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ ဘန္တေ၊ ဘုရား။ မေ မယာ၊ သည်။ တိယောဇနံ၊ ကို။ အတိက္ကာမိတာနိ၊ လွန်စေအပ်ကုန်သော။ မေ၊ ၏။ ဣမာနိ ဧဠကလောမာနိ၊ တို့ကို။ ဝါ၊ တို့သည်။ နိဿဂ္ဂိယာနိ၊ အပ်ကုန်၏။ ဝါ၊ ပါတည်း။ပ။

၇၂၄။ ယောဘိက္ခု၊ သည်။ အတိရေကတိယောဇနေ၊ သုံးယူဇနာထက် ကျော်လွန်ရာ၌။ အတိရေကသညီ၊ ရှိသည်။ ဟုတွာ၊ ၍။ အတိက္ကာမေတိ၊ အံ့။ တဿဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။ပ။

ယောဘိက္ခု၊ သည်။ အတိရေကတိယောဇနေ၊ ၌။ ဦနကသညီ၊ သုံးယူဇနာအောက် ယုတ်၏ဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ ဧဠကလောမာနိ၊ တို့ကို။ တိယောဇနံ၊ ကို။အတိက္ကာမေတိ၊ လွန်စေငြားအံ့။ တဿဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ယောဘိက္ခု၊ သည်။ ဦနကတိယောဇနေ၊ သုံးယူဇနာအောက်ယုတ်သော ခရီး၌။ အတိရေကသညီ၊ သုံးယူဇနာထက်လွန်၏ ဟုအမှတ်ရှိသည်။ ဟုတွာ၊ ၍။ ဧဠကလောမာနိ၊ တို့ကို။ ဟရတိ၊ ဆောင်ငြားအံ့။ တဿဘိက္ခုနော၊ အား။ အာပတ္တိ ဒုက္ကဋဿ။ပ။

၇၂၅။ ယောဘိက္ခု၊ သည်။ တိယောဇနံ၊ သုံးယူဇနာတိုင်တိုင်။ ဝါ၊ သုံးယူဇနာတိုင်ရုံ။ ဧဠကလောမာနိ၊ တို့ကို။ ဟရတိ၊ ငြားအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ ဦနကတိယောဇနံ၊ သုံးယူဇနာအောက်ယုတ်သော ခရီးတိုင်တိုင်။ ဧဠကလောမာနိ၊ တို့ကို။ ဟရတိ၊ ငြားအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ တိယောဇနံ၊ တိုင်တိုင်။ ဧဠကလောမာနိ၊ တို့ကို။ ဟရတိပိ၊ အသွားလည်းဆောင်အံ့။ ပစ္စာဟရတိပိ၊ အပြန်လည်းဆောင်အံ့။ ကဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယော ဘိက္ခု၊ သည်။ ဝါသာဓိပ္ပာယော၊ နေခြင်းငှာအလိုရှိသည်။ ဟုတွာ၊ ၍။ တိယောဇနံ၊ သုံးယူဇနာ အတိုင်းအရှည် ရှိသော ခရီးသို့။ ဂန္တွာ၊ ရောက်အောင်သွားပြီး၍။ တတော၊ ထိုသုံးယူဇနာ အတိုင်းအရှည်ရှိသော ခရီးထက်။ ပရံ၊ အလွန်။ ဧဠကလောမာနိ၊ တို့ကို။ ဟရတိ၊ ငြားအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ အစ္ဆိန္နံ၊ ခိုးသူတို့သည် လုယက်အပ်သောသိုးမွေးကို။ ပဋိလဘိတွာ၊ တစ်ဖန်ရပြန်၍။ ဝါ၊ သော်။ တိယောဇနံ၊ တိုင်တိုင်။ ဟရတိ၊ ငြားအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ နိဿဋ္ဌံ၊ စွန့်အပ်သောသိုးမွေးကို။ ပဋိလဘိတွာ၊ ၍။ တိယောဇနံ၊ တိုင်တိုင်။ ဟရတိ၊ ဆောင်ပြန်ငြားအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ ဧဠကလောမာနိ၊ တို့ကို။ အတိရေကတိယောဇနံ၊ သုံးယူဇနာထက်လွန်သောခရီးတိုင်အောင်။ အညံ၊ တစ်ပါးသောသူကို။ ဟရာပေတိ၊ ဆောင်စေငြားအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယောဘိက္ခု၊ သည်။ ကတဘဏ္ဍံ၊ တစ်စုံတစ်ခုဖြင့် ပြုလုပ်အပ်ပြီးသော ဘဏ္ဍာဖြစ်၍ဖြစ်သောသိုးမွေးကို။ ဝါ၊ သိုးမွေးဖြင့်ပြုလုပ်အပ်သောဘဏ္ဍာကို။ အတိရေကတိယောဇနံ၊ တိုင်အောင်။ အညံ၊ တစ်ပါးသောသူကို။ ဟရာပေတိ၊ ဆောင်စေငြားအံ့။ တဿဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ဥမ္မတ္တကဿ၊ ၍။ ဧဠကလောမာနိ၊ တို့ကို။ တိယောဇနံ၊ တိုင်တိုင်။ ဟရာပေန္တဿ၊ ဆောင်စေသော။ ဘိက္ခုနော၊ အား။ အနာပတ္တိ။

အာဒိကမ္မိကဿ၊ ၍ ။ပ။ အနာပတ္တိ၊ မသင့်။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ တည်း။

ဆဋ္ဌံ၊ သော။ ဧဠကလောမသိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

## ကောသိယ ဝဂ္ဂ

## ဌေကလောမ ဓောဝါပန သိက္ခာပဒ

၅၇၆။ ယေန သမယေန၊ ဌိ။ ဌေကလောမ ဓောဝါပန သိက္ခာပဒ ပညတ္တိဟေတု၊ သည်။ ဥဒပါဒိ၊ ပြီ။

တေန သမယေန၊ ဌိ။ ဗုဒ္ဓေါ၊ သော။ ဘဂဝါ၊ သည်။ သက္ကေသု၊ သက္ကတိုင်းတို့၌။ ဝါ၊ သက္ကမင်းသားတို့၏ နေရာဖြစ်ကုန်သော။ ဇနပဒေ၊ ၌။ ကပိလဝတ္ထုသ္မိံ၊ ၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုမ် ကျောင်းတိုက်၌။ ဝိဟရတိ၊ ၏။ တေန ခေါပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခုနိယော၊ တို့သည်။ ဘိက္ခုနီဟိ၊ တို့ကို။ ဌေကလောမာနိ၊ တို့ကို။ ဓောဝါပေန္တိပိ၊ ဖွပ်လည်း ဖွပ်စေကြကုန်၏။ ဝါ၊ အဖွပ်လည်း ခိုင်းကြကုန်၏။ ရဇာပေန္တိပိ၊ ဆိုးလည်းဆိုးစေကြကုန်၏။ ဝါ၊ အဆိုးလည်း ခိုင်းကြကုန်၏။ ဝိဇဋာပေန္တိပိ၊ ဖြေလည်း ဖြေရှင်းစေကြကုန်၏။ ဝါ၊ အဖြေလည်း ခိုင်းကြကုန်၏။ ဘိက္ခုနိယော၊ တို့သည်။ ဌေကလောမာနိ၊ တို့ကို။ ဓောဝန္တိယော၊ ဖွပ်လျှော်စေအပ် ကုန်သည်တို့၏။ ရဇန္တိယော၊ တို့၏။ ဝိဇဋေန္တိယော၊ တို့၏။ ဟုတွာ ဘာဝဝတော၊ ဖြစ်ခြင်းကြောင့်။ ဥဒ္ဒေသံ၊ ပါဠိသင်ခြင်းကို လည်းကောင်း။ ပရိပုစ္ဆံ၊ အဋ္ဌကထာ သင်ခြင်းကိုလည်းကောင်း။ အဓိသီလံ၊ အဓိသီလသိက္ခာကို လည်းကောင်း။ အဓိစိတ္တံ၊ အဓိစိတ္တ သိက္ခာကိုလည်းကောင်း။ အဓိပညံ၊ အဓိပညာ သိက္ခာကိုလည်းကောင်း။ ရိဉ္စန္တိ၊ စွန့်စေကြကုန်၏။ ဝါ၊ အားထုတ်ခြင်းငှာ မစွမ်းနိုင်ကုန်သည်ဖြစ်၍ စွန့်လွှတ်ထားကြရကုန်၏။ အထ၊ ၌။ ခေါ၊ စပ်။ မဟာပဇာပတိ၊ သော။ ဂေါတမီ၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ အတ္ထိ ။ပ။ အဋ္ဌာသိ၊ တည်လေပြီ။ ဧကမန္တံ၊ ၌။ ဌိတံ ခေါ၊ သော။ မဟာပဇာပတိံ၊ သော။ ဂေါတမိံ၊ ကို။ ဘဂဝါ၊ သည်။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ မေးမြန်းတော်မူလေပြီ။ ကိံ အဝေါစ၊ နည်း။ ဂေါတမိ၊ မိထွေးတော် ဂေါတမီ။ ကစ္စိ၊ နည်း။ ဘိက္ခုနိယော၊ တို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့ မပေါ့မတန် ကြကုန်သည်။ အာတာပိနိယော၊ လွန်မင်းပြင်းထန်စွာ ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိကုန်သည်။ ပဟိတတ္တာ၊ ကိုယ်နှင့် အသက်မငဲ့ကွက်ဘဲ ရက်ရက်စက်စက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကြကုန်သည်။ ဟုတွာ၊ ကုန်၍။ ဝိဟရန္တိ၊ နေနိုင်ကြကုန်၏လော။ ကုတော၊ သို့။ အဝေါစ၊ ပြီ။ ကုတော၊ သို့။ ဝုတ္တေ၊ သော်။ ဘန္တေ၊ ဘုရား။ ဘိက္ခုနီနံ၊ တို့အား။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းကို။ ကုတော လဗ္ဘာ၊ အဘယ်မှာ ရအပ်ပါအံ့နည်း။ အယျာဆဗ္ဗဂ္ဂိယာ၊ အရှင်ဆဗ္ဗဂ္ဂီတို့သည်။ ဘိက္ခုနီဟိ၊ တို့ကို ။ပ။ ဝိဇဋာပေန္တိပိ၊ ဖြေလည်း ဖြေရှင်း

စေကြမှ ါကုန်၏။ ဘိက္ခုနိယော၊ တို့သည်။ ဥဒ္ဓကလောမာနိ၊ တို့ကို။ ဓောဝန္တိယော၊ တို့၏။ ရဇန္တိယော၊ တို့၏။ ဝိဇဋေန္တိယော၊ တို့၏။ ဟုတ္တာ ဘာဝတော၊ ဖြစ်ခြင်းကြောင့်။ ဥဒ္ဒေသံ၊ ကိုလည်းကောင်း ။ပ။ အဓိမညံ၊ ကိုလည်းကောင်း။ ရိဉ္စန္တိ၊ စွန့်ကြရပါကုန်၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

။ပ။ဘိက္ခဝေ၊ တို့။ တာ ယောဘိက္ခုနိယော၊တို့သည်။ တုမှာကံ၊ တို့၏။ ဉာတိကာယော၊ လော့။ အညာတိကာယော၊ လော့။ ဣတိ၊ သို့။ ပုစ္ဆိ၊ ပြီ။ ဣတိ၊ သို့။ ပုစ္ဆိတော၊ သော်။ ဘဂဝါ၊ ဘုရား။ တာယော ဘိက္ခုနိယော၊ တို့သည်။ အမှာကံ၊ တို့၏။ အညာတိကာယော၊ ပါကုန်။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။ မောဃပုရိသာ၊ တို့။ အညာတိကာ၊ ဆွေမျိုးမတော်ကုန်သော ယောကျ်ားတို့သည်။ အညာတိကာနံ၊ ဆွေမျိုးမတော်ကုန်သော မိန်းမတို့၏။ ပတိရူပံ ဝါ၊ သင့်တင့်လျောက်ပတ်ကုန်သည်၏ အဖြစ်ကိုလည်းကောင်း ။ပ။ နဇာနန္တိ၊ မသိကြလေကုန်ဘိ။ မောဃပုရိသာ၊ တို့။ တတ္ထ တေတုမှေ၊ တို့သည်။ တစ်နည်း။ ။တုမှေ၊ တို့သည်။ အညာတိကာဟိ၊ ကုန်သော။ တတ္ထတာဟိ ဘိက္ခုနီဟိ၊ တို့သည်။ ဝိဇဋ္ဋာပေဿထ ပိနာမ၊ ဖြေမှုလည်း ဖြေရှင်းကြရကုန်တုံဘိ၏။

၅၇၇။ ယောပန ဘိက္ခု၊ သည်။ အညာတိကာယ၊ သော။ ဘိက္ခုနိယာ၊ ကို။ ဥဒ္ဓကလောမာနိ၊ တို့ကို။ ဓောဝါပေယျဝါ၊ ဖွပ်မှုလည်း ဖွပ်စေငြားအံ့။ ရဇာပေယျဝါ၊ ဆိုးမှုလည်း ဆိုးစေငြားအံ့။ ဝိဇဋ္ဋာပေယျဝါ၊ ဖြေမှုလည်း ဖြေရှင်းစေငြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၅၇၈။ ။ပ။ ယော ဘိက္ခု၊ သည်။ ဘဂိနီ၊ မ။ တုံ၊ သည်။ မေ၊ ၏။ ဣမာနိ ဥဒ္ဓကလောမာနိ၊ တို့ကို။ ဓောဝ၊ လော့။ ဣတိ၊ သို့။ အညာတိကံ၊ သော။ ဘိက္ခုနိံ၊ ကို။ အာဏာပေတိ၊ အံ့။ တဿ ဘိက္ခုနော၊ အား။ အာပတ္တိ ဒုက္ကဋဿ-ဘဂိနီ၊ မ။ တုံ၊ သည်။ မေ၊ ၏။ ဣမာနိ ဥဒ္ဓကလောမာနိ၊ တို့ကို။ ဓောဝ၊ လော့။ ဣတိ၊ သို့။ အာဏတ္တာယ၊ သော။ ဘိက္ခုနိယာ၊ သည်။ ဓောတာနိ၊ အပ်ကုန်သော။ ဥဒ္ဓကလောမာနိ၊ တို့သည်။ နိဿဂ္ဂိယာနိ၊ အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘန္တေ၊ ဘုရား။ မေ မယာ၊ သည်။ အညာတိကာယ၊ သော။ ဘိက္ခုနိယာ၊ ကို။ ဓောဝါပိတာနိ၊ ဖွပ်လျှော်စေအပ်ကုန်သော။ ဣမာနိ ဥဒ္ဓကလောမာနိ၊ တို့ကို။ နိဿဂ္ဂိယာနိ၊ အပ်ပါကုန်၏ ။ပ။

၅၇၉။ ယော ဘိက္ခု၊ သည်။ အညာတိကာယ၊ ဆွေမျိုးမတော်သော ဘိက္ခုနိမဥ္စ။ အညာတိကသညီ၊ ဆွေမျိုးမတော်သော ဘိက္ခုနီမဟု အမှတ်ရှိ

သည်။ ဟုတွာ၊ ၍။ ဘိက္ခုနိယာ၊ ကို။ ဧဠကလောမာနိ၊ တို့ကို။ ဓောဝါပေတိ၊ စေခြင်းအံ့။ ယာ ဘိက္ခုနော၊ အား၊ နိဿဂ္ဂိယံ ပါစိတ္တိယံ ။ပ။

၅၇၁။ ယဿ ဘိက္ခုနော၊ ၏။ ဧဠကလောမာနိ၊ တို့ကို။ ဓောဝန္တိယာ၊ ဖွပ်လျှော်သော။ ဉာတိကာယ၊ ဆွေမျိုးဖြစ်သော ဘိက္ခုနီမ၏။ ဒုတိယာ၊ အဖော်ဖြစ်သော ဘိက္ခုနီမသည်။ အညာတိကာ၊ ဆွေမျိုး မဟုတ်သည်။ ဟောတိ၊ အံ့။ တဿ ဘိက္ခုနော အနာပတ္တိ၊ မသင့်။

ယဿ ဘိက္ခုနော၊ ၏။ ဧဠကလောမာနိ၊ တို့ကို။ အညာတိကာ၊ သော။ ဘိက္ခုနီ၊ သည်။ အဝုတ္တာ၊ ဖွပ်လော့ဟု မပြောမဆိုဘဲလျက်။ ဓောဝတိ၊ ဖွပ်လျှော်ခြင်းအံ့။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ယော ဘိက္ခု၊ သည်။ အပရိဘုတ္တံ၊ မသုံးဆောင်အပ်သေးသော သိုးမွှေး သစ်ကို။ အညာတိကာယ၊ သော။ ဘိက္ခုနိယာပိ၊ ကိုသော်လည်း။ ဓောဝါပေတိ၊ စေခြင်းအံ့။

ယော ဘိက္ခု၊ သည်။ ကတဘဏ္ဍံ၊ ကမ္ဗလာအခင်း ကော်ဇောအခင်း အစရှိသော တစ်စုံတစ်ခုဖြင့် ပြုလုပ်အပ်ပြီးသော ဘဏ္ဍာဖြစ်၍ ဖြစ်သော သိုးမွှေးကို။ ဝါ၊ သိုးမွှေးဖြင့် ပြုလုပ်အပ်သော ကမ္ဗလာကော်ဇောအခင်း အစရှိသော ဘဏ္ဍာကို။ အညာတိကာယ၊ သော။ ဘိက္ခုနိယာ၊ ကို။ ဓောဝါပေတိ၊ စေခြင်းအံ့။ တဿ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။
သိက္ခမာနာယ၊ ကို ။ပ။ သာမဏေရာယ၊ ကို။ ဧဠကလောမာနိ၊ တို့ကို။ ဓောဝါပေန္တဿ၊ စေသော။ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။

ဥမ္မတ္တကဿ၊ ၍ ။ပ။ အာဒိကမ္မိကဿ၊ ၍။ ဧဠကလောမာနိ၊ တို့ကို။ အညာတိကာယ၊ သော။ ဘိက္ခုနိယာ၊ ကို။ ဓောဝါပေန္တဿ၊ စေသော။ ဘိက္ခုနော၊ အား။ အနာပတ္တိ၊ မသင့်။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ တည်း။

သတ္တမံ၊ သော။ ဧဠကလောမ သိက္ခာပဒံ၊ သည်။ နိဋ္ဌိတံ၊ ပြီး။

---

ကောသိယဝဂ္ဂ

ရူပိယ သိက္ခာပဒ

၅၇၂။ ယေန သမယေန၊ ၌။ ရူပိယသိက္ခာပဒ ပညတ္တိဟေတု၊ သည်။ ဥဒပါဒိ၊ ပြီ။

တေနခေါပနသမယေန၊ ၌။ သကျပုတ္တော၊ သော။ အာယသ္မာ ဥပနန္ဒော၊ သည်။ အညတရဿ၊ တစ်ဦးသော။ ကုလဿ၊ အမျိုး၏။ ကုလူပကော၊ အိမ်သို့ကပ်တတ်သော ရဟန်းသည်။ နိစ္စဘတ္တိကော၊ မြဲသောဆွမ်းဝတ်ရှိသည်။ ယောတိ၊ ၏။ တဿ ကုလေ၊ ၌။ ယံခါဒနီယံ ဝါ၊ သည်မှုလည်းကောင်း။ ယံဘောဇနီယံ ဝါ၊ သည်မှုလည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်အံ့။ ဝါ၊ ရအံ့။ တတောခါဒနီယဘောဇနီယတော၊ ထိုအမျိုးအိမ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်မှ။ သကျပုတ္တဿ၊ သော။ အာယသ္မတော ဥပနန္ဒဿ၊ ၏။ ပဋိဝိသော၊ အဖို့အစုကို။ ထပီယတိ၊ ထားအပ်၏။ တေနခေါပနသမယေန၊ ၌။ သာယံ၊ ညနေချမ်းအခါ၌။ တဿ ကုလေ၊ ၌။ မံသံ၊ သည်။ ဥပ္ပန္နံ၊ သည်။ ယောတိ၊ ၏။ တတောမံသတော၊ မှ။ သကျပုတ္တဿ၊ သော။ အာယသ္မတော ဥပနန္ဒဿ၊ ၏။ ပဋိဝိသော၊ သည်။ ဝါ၊ ကို။ ထပိတော၊ အပ်သည်။ ယောတိ၊ ၏။ တဿကုလဿ၊ ၏။ ဒါရကော၊ သည်။ ရတ္တိယာ၊ ၏။ ပစ္စူသသမယံ၊ မိုးသောက်ယံ လင်းအားကြီးအခါ၌။ ပစ္စုဋ္ဌာယ၊ တစ်ဖန်ထ၍။ ဝါ၊ ရောရောထ၍။ ရောဒတိ၊ ငို၏။ ကိံဝစနံ၊ ကို။ ဝတွာ၊ ၍။ ရောဒတိ၊ နည်း။ တုမှေ၊ တို့သည်။ မေ၊ အား။ မံသံ၊ ကို။ ဒေထ၊ ပေးကြကုန်လော့။ ဣတိ၊ သို့။ ဝတွာ၊ ၍။ ရောဒတိ၊ ၏။ အထ၊ ၌။ ခေါ၊ စင်။ သော ပုရိသော၊ သည်။ ပဇာပတိံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ အယျဿ၊ ၏။ ပဋိဝိသံ၊ ကို။ ဒါရကဿ၊ အား။ ဒေ၊ သည်။ ဒေဟိ၊ လော့။ အညံ၊ တစ်ပါးသောဝတ္ထုကို။ စေတာပေတွာ၊ ဝယ်၍။ အယျဿ၊ အား။ ဒဿာမ၊ ပေးလှူကုန်အံ့။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

အထ၊ ၌။ ခေါ၊ စင်။ သကျပုတ္တော၊ သော။ အာယသ္မာ ဥပနန္ဒော၊ သည်။ပ။ နိသီဒိ၊ ပြီ။ အထ၊ ၌။ ခေါ၊ စင်။ သောပုရိသော၊ သည်။ပ။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ အဝေါစ၊ နည်း။ ဘန္တေ၊ ဘုရား။ ခေါ၊ စင်စစ်။ ဟိယျော သာယံ၊ ယမန်နေ့ညနေချမ်းက။ မံသံ၊ သည်။ ဝါ၊ ကို။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဝါ၊ ရအပ်သည်။ အဟောသိ၊ ဖြစ်ခဲ့ပါ၏။ တတောမံသတော၊ မှ။ အယျဿ၊ ၏။ ပဋိဝိသော၊ ကို။ ထပိတော၊ အပ်ပါ၏။ ဘန္တေ၊ ဘုရား။ အယံဒါရကော၊ သည်။ ရတ္တိယာ၊ ၏။ ပစ္စူသ သမယံ၊ ၌။ ပစ္စုဋ္ဌာယ၊ ၍။ မံသံဒေထာတိ၊ ဟူ၍။ ဝါ၊ သင်တို့သည် ငါ့အား အမဲကို ပေးကြကုန်လော့ဟူ၍။ ဝတွာ၊ ၍။ ရောဒတိ၊ ၏။ ရောဒန္တဿ၊ ငိုယိုသော။ ဒါရကဿ၊ ကလေးသူငယ်အား။ အယျဿပဋိဝိသော၊ အရှင်ဘုရား၏ အဖို့အစုကို။ ဒိန္နော၊ ပေးလိုက်ရပါ၏။ ဘန္တေ၊ ဘုရား။ ကဟာပဏေန၊ အသပြာဖြင့်။ ကိံ၊ အဘယ်ဝတ္ထုကို။ အာဟရီယျတု၊ ဆောင်

အပ်စေလိုပါသနည်း။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ အာဝုသော၊ ဒါယကာ။ တုမှေဟိ၊ တို့သည်။ မေ၊ အား။ ကပ္ပိယ-ပဏ္ဏော၊ ကို။ ပရိစ္စတ္တော၊ စွန့်အပ်ပြီလော။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ အမှေဟိ၊ တို့သည်။ တေ၊ အား။ ကပ္ပိယ-ပဏ္ဏော၊ ကို။ အာမ ပရိစ္စတ္တော၊ အိမ်း စွန့်အပ်ပါပြီ။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ အာဝုသော၊ ကာ။ တွံ၊ သည်။ မေ၊ အား။ တဒ္ဓေဝ ကပ္ပိယပဏ္ဏံ၊ ကိုသာလျှင်။ ဒေဟိ၊ ပေးလိုက်လော့။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ယော၊ ၌။ ခေါ၊ စင်။ သောပုရိသော၊ သည်။ သကျပုတ္တာ-သာ၊ သော။ အာယသ္မတော ဥပနန္ဒဿ၊ အား။ ကပ္ပိယပဏ္ဏံ၊ ကို။ ဒတွာ၊ ပေးလှူလိုက်၍။ မယံ၊ တို့သည်။ ရူပိယံ၊ ရွှေငွေကို။ ပဋိဂ္ဂဏှာမ ယထေဝ၊ ယူငင်ကိုင်တွယ်ကုန်ဘိသကဲ့သို့။ ဧဝမေဝ၊ တူ။ သကျပုတ္တိယာ၊ ကုန်သော။ ဣမေသမဏာ၊ တို့သည်။ ရူပိယံ၊ ကို။ ပဋိဂ္ဂဏှန္တိ၊ ယူငင်ကိုင်တွယ်ကြကုန်၏။ ဣတိကြောင်း ဝစနံ၊ ကို။ ဝတွာ၊ ၍။ပ။ ဝိပါစေတိ၊ ၏ ။ပ။

၅၈၃။ ယောပနဘိက္ခု၊ သည်။ ဇာတရူပရဇတံ၊ ရွှေနှင့် ရွှေငွေစသည်တို့ဖြင့်ပြီးသော ပဲပိုက်ဆံကို။ ဥဂ္ဂဏှေယျဝါ၊ ကိုယ်တိုင်မူလည်း ယူငင်ကိုင်တွယ်ငြားအံ့။ ဥဂ္ဂဏှာပေယျဝါ၊ သူတစ်ပါးကိုမူလည်း ယူငင် ကိုင်တွယ်စေငြားအံ့။ ဥပနိက္ခိတ္တံဝါ၊ အနီး၌ထားအပ်သော ရွှေငွေကိုမူလည်း။ သာဒိယေယျ၊ ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၅၈၄။ သတ္ထုဝဏ္ဏော၊ မြတ်စွာဘုရား၏ အဆင်းတော်နှင့် တူသော အဆင်းရှိသော ကြေးအထူးကို။ ဝါ၊ မြတ်စွာဘုရား၏ အဆင်းတော်ကဲ့သို့သော အဆင်းရှိသော ကြေးအထူးကို။ ဇာတရူပံနာမ၊ ပ မည်၏ဟူ၍။ ဝုစ္စတိ၊ အပ်၏။

ကဟာပဏော၊ ရွှေငွေစသော အသပြာလည်းကောင်း။ လောဟမာသ-ကော၊ ကြေးသံဖြင့် ပြုလုပ်အပ်သော ပဲပိုက်ဆံလည်းကောင်း။ ဝါ၊ ကြေးသံဖြင့်ပြီးသော ပဲပိုက်ဆံလည်းကောင်း။ ဒါရုမာသကော၊ သစ်သားနှစ်ဖြင့် ပြုလုပ်အပ်သော ပဲပိုက်ဆံလည်းကောင်း။ ဇတုမာသကော၊ ချိပ်ဖြင့်ပြုလုပ်အပ်သော ပဲပိုက်ဆံလည်းကောင်း။ ဣတိ၊ သို့။ ယေမာသကာ၊ တို့သည်။ ဝေါ-ဟာရံ၊ ထိုထိုဇနပုဒ်၌ ထိုထိုရောင်းဝယ်ဖလှယ်ခြင်းသို့။ ဂစ္ဆန္တိ၊ ကုန်၏။ တေ မာသကာ၊ တို့သည်။ ရဇတံနာမ၊ ငွေမည်၏။ ဝါ၊ မည်သည်။ ဟောန္တိ၊ ကုန်၏။

ဥဂ္ဂဏှေယျာတိ၊ ကား။ ယောဘိက္ခု၊ သည်။ သယံ၊ ကိုယ်တိုင်။ ဂဏှာ-တိ၊ ငြားအံ့။ တဿဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျွာတိ၊ ကား။ ယောဘိက္ခု၊ သည်။ ဣဒံဇာတ
ရူပရဇတံ၊ သည်။ အယျဿ၊ အား။ ဟောတု၊ ပါစေ။ ဣတိ၊ သို့။ ဥပနိက္ခိတ္တံ၊
အနီး၌ ထားအပ်သော ရွှေနှင့် ရွှေငွေ စသည်တို့ဖြင့် ပြီးသော ပဲပိုက်ဆံကို။
သာဒိယတိ၊ ငြားအံ့။ တဿဘိက္ခုနော၊ ၏။ ဇာတရူပရဇတံ၊ သည်၊ နိဿ-
ဂ္ဂိယံ၊ စွန့်အပ်သည်။ ဟောတိ၊ ၏။ တံဇာတရူပရဇတံ၊ ကို။ သံဃမဇ္ဈေ၊ ၌။
နိဿဇ္ဇိတဗ္ဗံ၊ အပ်၏။ပ။ တေနဘိက္ခုနာ၊ ထို ရွှေနှင့် ရွှေငွေစသည်တို့ဖြင့် လဲ
လှယ်အပ်သော ပဲပိုက်ဆံကို ခံယူသောရဟန်းသည်။ သံဃံ၊ သို့။ ဥပသင်္ကမိတွာ၊
၍။ပ။ ဝစနီယော၊ အပ်သည်။ အဿ၊ ရာ၏။ ကိံ ဝစနီယော၊ အပ်သည်။
အဿ၊ ရာသနည်း။ ဘန္တေ၊ တို့။ အဟံ၊ သည်။ ရူပိယံ၊ ရွှေငွေကို။ ပဋိဂ္ဂ-
ဟေသိံ၊ ခံယူမိပါပြီ။ မမယာ၊ သည်။ ဣဒံ ဇာတရူပရဇတံ၊ ကို။ အာယ–
သ္မန္တာနံ၊ တို့အား။ နိဿဂ္ဂိယံ၊ အပ်ပါ၏။ပ။ တတ္ထတသ္မိံ ပဒေသေ၊ ထိုရွှေငွေ
ကို စွန့်ရာအရပ်သို့။ အာရာမိကော ဝါ၊ သည်မူလည်းကောင်း။ ဥပါသကော ဝါ၊
သည်မူလည်းကောင်း။ သစေ အာဂစ္ဆတိ၊ အကယ်၍ လာရောက်ငြားအံ့။
ဧဝံသတိ၊ သော်။ သော၊ ထိုအာရာမ်စောင့် ဥပါသကာကို။ ဝတ္တဗ္ဗော၊ အပ်
၏။ ကိံ ဝတ္တဗ္ဗော၊ အပ်သနည်း။ အာဝုသော၊ ဒါယကာ၊ တို့၊ သည်။ ဣမံ
ဇာတရူပရဇတံ၊ ကို။ ဇာနာဟိ၊ သိလော့။ ဣတိ၊ သို့၊ ဝတ္တဗ္ဗော၊ အပ်၏။
သော၊ ထိုအာရာမ်စောင့် ဥပါသကာသည်။ သစေ ဘဏတိ၊ အံ့။ ကိံ ဘဏတိ၊
နည်း။ ဣမိနာ ဇာတရူပရဇတေန၊ ဖြင့်။ ကိံ၊ ဘယ်ဝတ္ထုကို။ အာဟရိယျတု၊
ဆောင်အပ်စေလိုပါသနည်း။ ဣတိ ဧဝံ၊ သို့။ သစေ ဘဏတိ၊ ငြားအံ့။ ဧဝံ
သတိ၊ သော်။ တွံ၊ သည်။ ဣမံ ဝါ၊ ဤဝတ္ထုကိုလည်း။ အာဟရ၊ ဆောင်ယူ
ခဲ့လော့။ ဣမံ ဝါ၊ ကိုလည်း။ အာဟရ၊ လော့။ ဣတိ၊ သို့။ န ဝတ္တဗ္ဗော၊
မပြောမဆိုအပ်။ ကပ္ပိယံ၊ ရဟန်းတို့အားအပ်သော ဝတ္ထုကိုသာ။ အာစိက္ခိတဗ္ဗံ၊
ပြောကြားအပ်၏။ ကိံ အာစိက္ခိတဗ္ဗံ၊ အပ်သနည်း။ သပ္ပိ ဝါ၊ ထောပတ်ကိုမူ
လည်းကောင်း။ တေလံ ဝါ၊ ကောင်း။ မဓု ဝါ၊ ကောင်း။ ဖာဏိတံ ဝါ၊
ကောင်း။ အာစိက္ခိတဗ္ဗံ၊ အပ်၏။ သော၊ သည်။ တေန ဇာတရူပရဇတေန၊
ဖြင့်။ ပရိဝတ္တေတွာ၊ လဲလှယ်ဖလှယ်၍။ ကပ္ပိယံ၊ ရဟန်းတို့အားအပ်သော
ထောပတ်အစရှိသော ဝတ္ထုကို။ သစေ အာဟရတိ၊ ငြားအံ့။ ဧဝံသတိ၊ သော်။
ရူပိယပဋိဂ္ဂါဟကံ၊ ရွှေငွေကိုဝန်ခံတတ်သောရဟန်းကို။ ဌပေတွာ၊ ၍။ သဗ္ဗေ-
ဟေဝ၊ အလုံးစုံသော ရဟန်းတို့သာလျှင်။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။
ဧဝံ၊ သို့။ ဧတံ၊ ဤကပ္ပိယဖြစ်သော ထောပတ် စသည်ကို ခံယူခြင်းကို။ ဝါ၊
ဤ ကပ္ပိယဖြစ်သော ထောပတ်စသည်ကို ဆောင်မည့်သူကို။ စေ လဘေထ၊
အကယ်၍ ရခဲ့ငြားအံ့။ ဧဝံသတိ၊ သော်။ ဣစ္စေတံ၊ သည်။ ကုသလံ၊ ၏။
ဧတံ၊ ကို။ နော စေ လဘေထ၊ ငြားအံ့။ ဧဝံသတိ၊ သော်။ သော၊ ကို။
အာဝုသော၊ ကာ။ တွံ၊ သည်။ ဣမံ ဇာတရူပရဇတံ၊ ကို။ ဆဍ္ဍေဟိ၊

လော့။ ဣတိ၊ သို့။ ဝတွာမွေ၊ အပ်၏။ သော၊ သည်။ တံ ဇာတရူပရဇတံ၊ ကို။ သစေဆဒ္ဒေတိ၊ အံ့။ ဝေံသတိ၊ သော်။ ဣစ္စေတံ၊ သည်။ ကုသလံ၊ ၏။ တံ ဇာတရူပရဇတံ၊ ကို။ နော စေ ဆဒ္ဒေတိ၊ အံ့။ ဝေံသတိ၊ သော်။ ယော ဘိက္ခု၊ သည်။ ဆန္ဒာဆန္ဒေန၊ ချစ်ခြင်းကြောင့်။ အဂတိံ၊ မလားအပ်သော အဂတိတရားသို့။ ယံနဂစ္ဆေယျ၊ အကြင်မလားရောက်ရာ။ တထာဘိက္ခုနော၊ ၏။ တေနဆန္ဒာဂတိ အာဂမနေန၊ ထိုချစ်ခြင်းကြောင့်မလားအပ်လော အဂတိ တရားသို့ လားရောက်ခြင်းဟူသော အကြောင်းအင်္ဂါလည်းကောင်း။ ယော ဘိက္ခု၊ သည်။ ဒေါသာ ဒေါသေန၊ အမျက်ထွက်ခြင်းကြောင့်။ အဂတိံ၊သို့။ ယံ န ဂစ္ဆေယျ၊ ရာ။ တထာဘိက္ခုနော၊ ၏။ တေန ဒေါသာအဂတိဂမနေန၊ အင်္ဂါလည်းကောင်း။ ယောဘိက္ခု၊ သည်။ မောဟာ မောဟေန၊ မိုက်မဲ တွေဝေခြင်းကြောင့်။ အဂတိံ၊ သို့။ ယံ န ဂစ္ဆေယျ၊ ရာ။ တထာဘိက္ခုနော၊ ၏။ တေန မောဟာဂတိ အာဂမနေန၊ အင်္ဂါလည်းကောင်း။ ယောဘိက္ခု၊ သည်။ ဘယာဘယေန၊ကြောက်ခြင်းကြောင့်။ အဂတိံ၊သို့။ ယံ န ဂစ္ဆေယျ၊ ရာ။ တေနဘယာဂတိ အာဂမနေန၊ အင်္ဂါလည်းကောင်း။ ယောဘိက္ခု၊ သည်။ ဆဋ္ဋိတာ ဆဋ္ဋိတဉ္စ၊ စွန့်အပ်ပြီး မစွန့်အပ်သေးသည် ကိုလည်း။ ယံဇာနေယျ၊ အကြင်သိရာ၏။ တထာဘိက္ခုနော၊ ၏။ တေန ဆဋ္ဋိဘာ ဆဋ္ဋိတဇာနနေန၊ ထို စွန့်အပ်ပြီးသည် မစွန့်အပ်သေးသည်ကို သိသော အကြောင်း အင်္ဂါလည်း ကောင်း။ ဣတိ၊ သို့။ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊တို့နှင့်။ သမန္နာဂတော၊ သော။ ဘိက္ခု၊ ကို။ ရူပိယ ဆဋ္ဋကော၊ ကဟူ၍။ ဝါ၊ ရွှေငွေကို စွန့်တတ်သော ရဟန်းဟူ၍။ သမ္မန္နိတဗ္ဗော၊ သမုတ်အပ်၏။ ကိံ သမ္မန္နိတဗ္ဗော၊ အပ် သနည်း။

